The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 35 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 14 , 2015



# စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများနှင့် ကျွန်တော်

|မြင့်ဦး-ပခုက္ကူ| ၂၀







## ကဖင်းမော်ရုံတောမှာ မမောရလေအောင်



၁၄

## ဟင်္သာတခရိုင်မှာ ကောက်စောစပါးများ စတင်ထွက်ရှိနေပါပြီ

၄

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရဲ့ အသိပေးကြေညာချက်

၁၇

## ပြန်ကြော်ဆီတွေ ဖြန့်ဖြူးရောင်းချနေတဲ့ အရင်းအမြစ်များကို ဖော်ထုတ်သင့်

၂၇


LUCKY BAG & SWALLOW
Plastic Trading Company Limitd
HDPE, LDPE, PE, PP ,OPP ဖြင့်ပြုလုပ်သော ပလပ်စတစ်အိတ်ဆိုဒ်မျိုးစုံနှင့်, ဇွဲအလိပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး၊ ပျိုးအိတ်မဲနှင့်စည်ပင်သာယာသုံးအမှိုက်အိတ်များ၊ လက်အိတ်ပုံးများ
ပိန်အိတ်အတွင်းခံနိုကြွတ်အိတ်ဆိုဒ်မျိုးစုံ၊ ငါးသားပေါက်ထည့်ရေလုံ ပလပ်စတစ်အိတ်ပျော့များကို ပစ္စည်းအရည်အသွေးအဆင့်အတန်းမီစွာ ပြုလုပ်ရောင်းချပေးနေပါသည်။
အိတ်ပျော့ဆိုဒ်စုံ
အမှိုက်အိတ်
PP
လက်အိတ်
ဖောက်ကွင်း
ကပ်ကိုင်း
တံဆိပ်ရိုက်
ပျိုးအိတ်
ကြိုးခွေ
အလိပ်
စက်ရုံ- အမှတ်(၇၂) သုခိတာလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၅၉၂၃၇၁၊ ၅၉၂၃၁၂၊ ၀၉-၇၃၀၇၈၄၅၅
ရုံး- အမှတ်(၂၀) အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(စ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၄၄၁၂၄၊ ၅၅၇၈၀၀၊ ၀၉-၇၃၀၇၃၁၁၄၊ ၀၉၇၃၀၇၈၅၀၀
E-mail : mr.hlawin @ gmail. com


နွေရာသီနဲ့မှားရတဲ့ မွှေးရနံ့
စွတ်စိုထိုင်းမှိုင်းမှုကြောင့် အဝတ်အစားတွေ
အောက်သိုးသိုးရနံ့ ထွက်တတ်တဲ့မိုးရာသီမှာ
" FUJI မှိုနံ့ရှင်းဆပ်ပြာခရင်(မ်) " နဲ့ လျှော်ပြီး
အိမ်ထဲမှာလှန်းလိုက်တော့ ရနံ့လေးကမွှေးလွန်းလို့
ကျေးငှက်ကလေးတွေက နွေရာသီနဲ့မှားခဲ့ရပြီပေါ့။
FUJI ULTRA
အနံ့လေးက မွှေးနေတာပဲ

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် သွင်းကုန်မြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း)နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

သွင်းကုန်မြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှု ဥပဒေ (မူကြမ်း) Safeguard Law (Draft) နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ကုန်သွယ်မှုမူဝါဒအသစ်များ ချမှတ်ခြင်း၊ လိုအပ်သောဥပဒေများ ပြဋ္ဌာန်းခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်ပြီး အဆင်ပြေချောမွေ့စေရေးအတွက် WTO ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေလျှော့မှုများ ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်မှာလည်း ပြည်ပမှဝင်ရောက်လာသည့် သွင်းကုန်ပစ္စည်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ထိခိုက်နစ်နာခြင်းမှ သက်သာစေရန် ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုများဖြစ်သော Safeguard, Antidumping နှင့် Countervailing တို့ဖြင့် အကာအကွယ်ပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ကာလတွင် ပြည်ပမှ လွတ်လပ်စွာ စီးဆင်းဝင်ရောက်လာမည့် ကုန်စည်များကြောင့် ပြည်တွင်းအသေးစားနှင့် အလတ်စား ထုတ်လုပ်သူများ ယှဉ်ပြိုင်မှုအခက်အခဲရှိနေချိန် ထိခိုက်နစ်နာမှုများကို ကာကွယ်နိုင်ရန်အတွက် ဥပဒေရေးဆွဲရန် လိုအပ်လာကြောင်း၊ ပထမအဆင့်အနေဖြင့် သွင်းကုန်မြင့်တက်ခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်သည့် Safeguard ဥပဒေကြမ်းကို ဝန်ကြီးဌာနမှ ရေးဆွဲပြုစုထားပါကြောင်း၊ WTO Trade Remedy Measures များနှင့်အညီ ပြုစုထားသော ဥပဒေကြမ်းတို့ကို နားလည်သိရှိပြီး ဆက်လက်အကောင်အထည်ဖော်ရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆက်စပ်ဌာနများကို ဖိတ်ကြားပြီး ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ESCAP အဖွဲ့မှ Economic Affairs Officer Mr. Rajan Sudesh Ratna က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာထမ်းများ စုစုပေါင်း ၅၄ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Myanmar Trade Development Committee - MTDC) ၏ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။



အဆိုပါအခမ်းအနားသို့ဝန်ကြီးဌာနများမှ မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပထမအကြိမ် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့ပါကြောင်း၊ ဆွေးနွေးပွဲတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးကဏ္ဍများအနက်ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ဦးစားပေးလုပ်ငန်းများကို အကြမ်းဖျဉ်းရွေးချယ်ခဲ့ပြီး ရွေးချယ်သည့် ဦးစားပေးလုပ်ငန်းများ ကိုအတည်ပြုခြင်း၊ နိုင်ငံတော်ဘတ်ဂျက် လျာထားမှု ကိစ္စများအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့ဝင်များနှင့် ဆွေးနွေးခဲ့သလို ကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးကော်မတီများကို ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာအစိုးရ၊ ပုဂ္ဂလိကနှင့် နိုင်ငံခြား အဖွဲ့အစည်းများမှ ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများအနက် အမျိုးသား ပို့ကုန်မဟာဗျူဟာ၏ လုပ်ငန်းစီမံချက်များနှင့် ကိုက်ညီမှုရှိသော လုပ်ငန်းများကို အတွင်းရေးမှူးရုံးအဖွဲ့မှ ရွေးထုတ်ပြုစုပြီး အချက်အလက်ရယူစုဆောင်းခြင်း၊ အွန်လိုင်းစနစ်ဖြင့် Strategy Implementation Management Tool (SIMT) တွင် အချက်အလက်များ ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများထပ်နေခြင်းမရှိဘဲ အမှန်အကောင်အထည်ဖော်သင့်သည့် လုပ်ငန်းများကို ရွေးချယ်ဆွေးနွေးနိုင်မှာဖြစ်သလို အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော် စီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များကို နည်းလမ်းတကျဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ယနေ့ကဏ္ဍအလိုက် ဆွေးနွေးတင်ပြချက်များမှလည်း ထိရောက်ကောင်းမွန်သော ရလဒ်များထွက်ပေါ်လာရန် မျှော်လင့်ပြီး မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အတည်ပြုကာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြအတည်ပြုချက် ရယူသွားမှာဖြစ်ပြီး ကော်မတီ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု၊ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီများ၏ ထိရောက်အောင်မြင်စွာ စွမ်းဆောင်နိုင်မှုတို့ဖြင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် တက်ရောက်လာကြသော ကော်မတီများမှ မိမိတို့လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များအား သက်ဆိုင်ရာကဏ္ဍအလိုက်တင်ပြကြ ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.35 Monday September 14 2015

# ဆန်ကြမ်းအဝင် နည်းနေ၍ လာမည့်ရက်သတ္တပတ်အတွင်း ဆန်ကြမ်းဈေး အနည်းငယ်ဆက်တက်နိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၈၅၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ ၃၇၀၀၀ ကျပ်၊ ထိပ်စ ၃၈၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းဈေးနှုန်း ၄၈၅၀၀ ကျပ်မှ ၅၀၅၀၀ ကျပ်တို့ဖြင့် ဈေးဆက်ငြိမ်နေတာ တွေ့ရပါတယ်။

ဆန်ချောအရောင်းအဝယ်က ဆက်အေးနေလို့ ဈေးဆက်ငြိမ်နေရတာဖြစ်ပြီး ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်က ဈေးအနည်းငယ်ဆက်တက်ခဲ့ကြောင်း၊ ဧည့်မထ လတ်စ တစ်အိတ်ကို ၂၃၀၀၀ ကျပ်၊ ထိပ်စ ၂၅၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့်ဈေးဆက်တက်ခဲ့ပြီး နှွဲဆန်ရှယ်မှာလည်း တစ်အိတ်ကို ၂၂၈၀၀ ကျပ်မှ ၂၄၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးတက်ခဲ့တာ တွေ့ရပါတယ်။ ဆန်ကွဲဈေးကလည်း ကောင်းနေတာမို့ အရက်ချက်စက်ရုံများက ဆန်ကြမ်း အောက်စများကို အဝယ်ရှိနေစဉ် ဆန်ကြမ်းအဝင်နည်းနေလို့ ဆန်ကြမ်း ဆန်ကွဲရော ဆန်ပါ ဈေးဆက်တက်ရတာဖြစ်ကြောင်း၊ ဝါးတန်းဒိုင်သို့ ဆန် အဝင်အနည်းငယ်လျော့နေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ် ၁၀၈ ပေါင်ကို ၂၀၀၀၀ ကျပ်- ၂၀၅၀၀ ကျပ်ခန့် ဈေးနှုန်းဖြစ်ပေါ်ပြီး ယခင်အပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့်ဈေးတက်နေကာ WFP ဆန်သွင်းရန်နှင့် Export အတွက် အဝယ်ရှိနေသော်လည်း ဆန်အဝင်နည်းနေဆဲမို့ ဈေးတက်ရတာဖြစ်ပြီး တရားဝင် Export ပြန်မဖွင့်သေးလို့ မူဆယ်သို့ ဆန်တိုက်ရိုက်တင်ပို့မှုမရှိသေးသော်လည်း Export ပြန်ဖွင့်လျှင် မူဆယ်တရုတ်ဈေးကွက်သို့ အနီးဆုံး၊ အမြန်ဆုံး ပြန်ပို့နိုင်ရန် ဆန်ကြမ်းအချို့ကို ကားခဈေးပြန် မတက်ခင် ယခင်ရက်များကတည်းက မန္တလေးသို့ ကြိုပို့ထားမှုများရှိခဲ့တယ်လို့ ဆန်ဈေးကွက်မှ သိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်မှာ ဈေးနှုန်းများပြောင်းလဲမှုမရှိဘဲ ယခင်ဈေးနှုန်းများဖြစ်တဲ့ ဧည့်မထ ၅ မှတ် တစ်အိတ်ကို ၁၄၂-၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် ၁၃၅-၁၃၈ ယွမ်၊ ဧည့်မထ ၂၅ မှတ် ၁၂၅-၁၃၀ ယွမ်၊ ငစိန် ၅ မှတ် ၁၃၇-၁၃၉ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၂-၁၃၄ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၆-၁၃၀ ယွမ်ဖြစ်ခဲ့ပြီး စက်တင်ဘာလ ၁၁ ရက်နေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်ယွမ်ကို ၂ ကျပ်ခန့် ဈေးတက်ခဲ့ကြောင်း၊ မူဆယ်ဆန်စပါး ကုန်စည်ဒိုင်သို့ တရုတ်ကုန်သည် ၄ ဦး/ ၅ ဦးခန့်သာ လာရောက်တော့ပြီး မူဆယ်ရောက်ပြီးသား ဆန်လက်ကျန်အနည်းငယ်ကိုသာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ မူဆယ်မှာ ဆန်လက်ကျန် အတော်နည်းသွားတာကြောင့် မူဆယ်မြို့မှာ ပြည်တွင်းဆန်ချော၊ ဆန်ကြမ်းဈေးတွေ ယခင် ထက် မြင့်တက်သွားပြီး ယခင်ဆန်ကုန်သည်အချို့သကြား လိုင်းဘက်ရောက်ကုန်တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရှိ ရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၄ ရက်နေ့ထိ တန်ချိန် ၆၇၉၂၂၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော်ဖိုးရရှိနေကာ ယခင်ဘဏ္ဍာနှစ်အလားတူကာလထက် တန်ချိန် ၆၇၄၉၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။

ဆန်ဈေးကွက်ရှေ့အလားအလာအနေဖြင့် ဆန်ကြမ်းအဝင်နည်းချိန် Export ပြန်ဖွင့်မည်ဖြစ်၍ လာမည့်ရက်သတ္တပတ်အတွင်း ဆန်ကြမ်းဈေး အနည်းငယ်ဆက်တက်နိုင်သည့် အခြေအနေရှိပြီး ယခုအခါ ဧရာဝတီတိုင်းဒေသကြီး အချို့နေရာတွင် ကောက်စောစပါး ဧကအနည်းငယ်စတင် ရိတ်သိမ်းနေပြီဖြစ်ကာ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလတို့မှာ အချို့မြို့နယ်များ၌ ကောက်စောစပါး စရိတ်ကြမည်ဖြစ်၍ အာရှနိုင်ငံ FOB ဆန်ဈေးအများစု ငြိမ်နေသော်လည်း လက်ရှိ ပြည်တွင်းဆန်ဈေးနှုန်း ကြီးမြင့်လွန်းနေပြီဖြစ်တဲ့ ဆန်ကြမ်း တွေ ဈေးပြန်အေးသွားနိုင်တယ်လို့ ဆန်ဈေးကွက်မှ ကြားသိရ ပါတယ်။

**သန်းအေး-ဆန်စပါး**

## ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ လက်ကျန်ဆန်များ ဆက်လက်တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ စက်တင်ဘာ ပထမပတ်မှာ ကန်ဒေါ်လာ ၉၉၆၇၅ ဖိုးရှိ ဆန်တန်ချိန် ၂၄၀ ကို တင်ပို့ခဲ့ရာ ရုရှားနိုင်ငံသို့ ဧည့်မထ တန် ၁၅၀ ၊ ဒိန်းမတ်နိုင်ငံသို့ ပေါင်းဆန် တန် ၄၀ နဲ့ ထိုင်းနိုင်ငံသို့ ပေါင်းဆန် တန် ၅၀ အသီးသီး တင်ပို့ခဲ့ပါတယ်။ ဩဂုတ်လ တစ်လလုံးအနေနဲ့ကတော့ ကန်ဒေါ်လာ ၁ ဒသမ ၆၇၂ သန်းဖိုးရှိ ဆန် ၄၂၉၅ တန်ကျော် တင်ပို့ပြီး၊ လိုင်စင်လက်ကျန် ဆန်များကို တင်ပို့ခြင်းဖြစ်ပါတယ်။

ဆန်ကွဲ တင်ပို့မှုအနေနဲ့ကတော့ စက်တင်ဘာပထမပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၂၁၆ သန်းဖိုးရှိ ဆန်ကွဲ ၇၇၅ တန်ကို တရုတ်နိုင်ငံ၊ နယ်သာလန်နဲ့ ဘူလ်ဂေးရီးယားနိုင်ငံတို့ကို တင်ပို့ခဲ့ပါတယ်။ ဩဂုတ်လ တစ်လလုံးအတွင်းမှာတော့ ကန်ဒေါ်လာ ၂ ဒသမ ၆၁၂ သန်းဖိုးရှိ ဆန်ကွဲ ၉၈၂၇ တန်ကျော်ကို တင်ပို့ထားနိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၉-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၆ | ၃၆၈ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၈ | ၃၆၀ | ▽ | ၃၂၅ | ၃၂၀ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၁၅ | ၃၁၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၈ | ၃၄၈ | ▽ | ၃၂၀ | ၃၁၅ | ▽ | ၃၄၀ | ၃၄၀ | □ | ၂၉၀ | ၂၉၀ | □ |
| ပေါင်းဆန် | ၃၅၅ | ၃၅၀ | ▽ | - | - | - | ၃၅၅ | ၃၅၅ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၉-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၃၀ | ၅၃၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၁-၉-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၈၇၆ | □ | ၂၄၀၀၀ | □ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | △ | ၂၄၀၀၀ | △ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၀၀၀ | △ | ၂၁၅၀၀ | △ | ၇၈၀၀ | △ | ၃၄၀၀၀ | □ |
| ရွှေဘို | ၅၃၀၀ | □ | ၂၃၀၀၀ | □ | ၁၃၄၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၈၂၅၀ | △ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၆၀၀၀ | △ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၀၀ | △ | ၂၃၀၀၀ | △ | - | - | ၃၇၀၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၃၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | ▽ | ၂၆၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၀၅၀၀ | □ | ၈၂၀၀ | □ | ၃၅၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၁၀၀၀ | □ |
| ဘားအံ | ၅၂၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။



## ဟသ်ာတခရိုင်မှာ ကောက်စောစပါးများ စတင်ထွက်ရှိနေပါပြီ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဇလွန်မြို့နယ်၊ ဗျင်ညားကျေးရွာအုပ်စုမှ တောင်သူဦးအောင်ကြည် ပိုင်ဆိုင်တဲ့ လယ်မြေဧရိယာ ၁၃ ဧကအနက်၊ ၈ ဧကအား ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ကြောင်းသိရှိရပါတယ်။

တောင်သူဦးအောင်ကြည်အနေဖြင့် ယိုးဒယားစပါးမျိုးကို အစေ့ချစိုက်နည်းစနစ်ဖြင့်စိုက်ပျိုးခဲ့ခြင်းဖြစ်၍ အထွက်နှုန်းအနေဖြင့် တစ်ဧကကို ၆၅ တင်းထွက်ရှိကြောင်း သိရပါတယ်။ အဆိုပါစပါးများအား စိုက်ပျိုးထုတ်လုပ်သူအနေဖြင့် စပါးဈေးကောင်းနေသဖြင့် မျိုးမထားဘဲ ရောင်းချသွားမည်ဖြစ်ကြောင်း ကြားသိရပါတယ်။

**လှိုင်ထွန်း-ဟသ်ာတ**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၁-၉-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၄/၉ | ၁၁/၉ | ပြောင်းလဲမှု | ၄/၉ | ၁၁/၉ | ပြောင်းလဲမှု | ၄/၉ | ၁၁/၉ | ပြောင်းလဲမှု | ၄/၉ | ၁၁/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၃၇၉ | ၂၄၅၆ | ▲ | ၂၄၁၇ | - | - | - | ၂၅၅၀ | - | - | - | - |
| ၂ | ပဲစင်းငုံ | - | - | - | ၂၅၀၀ | ၂၆၆၇ | ▲ | - | ၂၅၅၀ | - | - | - | - - |
| ၃ | ပဲတီစိမ်း | ၂၁၀၀ | ၂၃၁၅ | ▲ | - | ၁၉၅၆ | - | - | ၁၉၄၇ | - | ၁၃၇၀ | ၁၈၄၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၈၆၀ | ၁၉၂၀ | ▲ | - | - | - | - | - | - | ၁၅၁၀ | ၁၅၅၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၂၈၀ | ၁၂၈၀ | ■ | - | ၁၁၆၇ | - | - | - | - | ၁၁၆၀ | ၁၁၆၀ | ■ |
| ၆ | ထောပတ်ပဲ | ၉၂၀ | ၉၂၀ | ■ | ၁၀၁၃ | ၉၇၈ | ▼ | - | - | - | ၇၉၀ | ၇၉၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၁-၉-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၃/၉ | ၁၀/၉ | ပြောင်းလဲမှု | ၃/၉ | ၁၀/၉ | ပြောင်းလဲမှု | ၃/၉ | ၁၀/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၃၀ | ၁၁၅၀ | ▲ | ၁၁၇၈ | ၁၂၀၂ | ▲ | ၁၁၃၃ | ၁၂၀၂ | ▲ |
| ၂ | ပဲစင်းငုံ | ၁၄၀၀ | ၁၄၀၀ | ■ | ၁၄၅၀ | ၁၄၂၇ | ▼ | ၁၄၄၂ | ၁၄၂၇ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၀၀ | ▲ | ၉၆၆ | ၁၀၂၁ | ▲ | ၁၀၅၇ | ၁၀၅၁ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၇၄ | ၇၅၁ | ▼ | ၇၄၀ | ၆၀၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၉.၈.၁၅)ထိ | ယခုတစ်ပတ် (၅.၉.၁၅)ထိ | (၁.၄.၁၅) မှ (၅.၉.၁၅) ထိ |
| မတ်ပဲ | ၉၂၁၀ | ၂၈၀၅ | ၃၅၇၀၂၈ |
| ပဲတီစိမ်း | ၅၂၁၇ | ၉၈၃ | ၉၀၂၀၀ |
| ပဲစင်းငုံ | ၂၁၂၈ | ၃၂၈၆ | ၁၀၉၄၁၅ |
| ကုလားပဲ | ၄၈ | ၂၇ | ၂၃၀၅၄ |
| ပဲလွန်းဖြူ | ၁၈၉ | ၂၄ | ၁၀၆၅၃ |
| မြေထောက်ပဲ | ၄၈ | ၇၅ | ၁၀၅၂၆ |



## ဈေးကွက်လိုအပ်ချက်ကြောင့် မုံရွာသို့ တရုတ်နိုင်ငံမှ စားတော်ပဲ ဝင်ရောက်လာ

မြန်မာနိုင်ငံရဲ့ ပဲဈေးကွက်ဟာ ပြည်ပဝယ်လိုအား ပြည်တွင်းစက်မှုကုန်ကြမ်းဝယ်လိုအား ဒေသတွင်း တန်ဖိုးမြှင့်ထုတ်ကုန် ဝယ်လိုအားနဲ့ ပဲလက်လီဝယ်လိုအားတွေပေါ် မှာ အမှီပြုပြီး ဒေသရဲ့အထွက်နှုန်းနဲ့ယှဉ်ရင် ဈေးနှုန်းအနိမ့်အမြင့် ပြောင်းလဲနေတာမို့ ယခုအခါ မုံရွာကုန်စည်ဒိုင်ရဲ့ စားတော်ပဲဈေးကွက်ကို ပြည်တွင်းပဲတွေပြတ်လပ်ချိန်မှာ အိန္ဒိယဘက်မှ စားတော်ပဲ (ကနေဒါ)တွေ ပုံမှန်အတိုင်းဝင်ရောက်မှုမရှိတာကြောင့် ဈေးကွက်လိုအပ်ချက်ကို ဖြည့်စွက်ဖို့ စားတော်ပဲ (ကနေဒါ)ကို တရုတ်နိုင်ငံမှတစ်ဆင့် စမ်းသပ်ဝင်ရောက်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရ ပါတယ်။

အထူးသဖြင့် စားတော်ပဲကို ပဲလက်လီဈေးကွက်အနေနဲ့သာ ပုံမှန်ရောင်းဝယ်မှုရှိနေရာမှ စက်မှုကုန်ကြမ်း ပဲတွေ တက်ဈေးဖြစ်ကာ ပစ္စည်းရှားပါးလာတာကြောင့် ကြာဆံလုပ်ငန်းနဲ့ ပဲခွဲခြမ်းသမားတွေ အစားထိုးပဲအဖြစ် ဝယ်လိုအားရှိလာတာမို့ အခုလို တရုတ်ဘက်က စားတော်ပဲတွေ လိုအပ်ချက်အရ မှာယူရောင်းချမှုမျိုးရှိလာခဲ့ပြီး ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ဈေးကွက်မှာ တစ်တင်း ၂၇၅၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်ကြားပေါက်ဈေးနဲ့ လက်လီ အရောင်းအဝယ်ဖြစ်နေတယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲတီစိမ်း မျိုးပဲအဝယ်လိုက်လျက်ရှိကာ ဈေးကောင်းရနေ

ပြည်ပဲဈေးကွက်အတွင်း ပဲတီစိမ်းသီးနှံမှာ ဈေးအမြင့်နဲ့ဈေးဆက်ငြိမ်နေပြီး ယခုတစ်ပတ်အတွင်း မန္တလေးဝယ်လက်သမား အနည်းငယ်သာရှိခဲ့တယ်လို့ သိရပါတယ်။ မန္တလေးဝယ်လက် ဝယ်ယူသည့်ဈေးမှာ တစ်တင်း ၃၇၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်း ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ မျိုးပဲအဖြစ် ဝယ်ယူနေကြတဲ့အတွက် ယခုရက်ပိုင်းတွင် တစ်ရက် အိတ် ၇၀၀ ကျော်၊ ၈၀၀ အထိ မျိုးပဲများ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး လက်ကျန်ပဲများ ထုတ်ရောင်းချခဲ့ရကာ မျိုးပဲတစ်တင်း ၄၀၀၀၀ ကျပ်ဖြင့် ဈေးကောင်းရနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင် စက်တင်ဘာ ၁၀ ရက်သတ္တပတ် ပဲဈေးကွက် ကုလားပဲဈေး ဆက်လက်မြင့်လာ

မုံရွာကုန်စည်ဒိုင်စက်တင်ဘာ ၁၀ ရက်ပတ်ပဲဈေးကွက်မှာ ပြည်ပဝယ်လိုအားရှိတဲ့ပဲတွေ လက်ကျန်နည်း လို့ ရောင်းလက်ပါးနေချိန်မှာ ကုလားပဲမျိုးစုံဈေးကွက်ကတော့ ဒေသတွင်း ဝယ်လိုအားပုံမှန်ရှိခဲ့တဲ့အတွက် ဈေးဆက်လက်တက်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်ကုလားပဲမျိုးစုံပေါက်ဈေးအနေနဲ့ ထိုင်ဝမ်တစ်တင်း ၃၀၅၀၀ ကျပ်၊ V2 တစ်တင်း ၃၀၀၀၀ ကျပ် နဲ့ ၉၂၉ ကုလားပဲတစ်တင်း ၃၁၀၀၀ ကျပ်အထိ အသီးသီး အမြင့်ဈေးဖြစ်ခဲ့ပြီး တောင်သူတွေငွေပေါ် အောင်ရောင်းချမှုရှိခဲ့လို့ တစ်ရက်အိတ် ၄၀၀၊ ၅၀၀ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ငုံနီနဲ့မတ်ပဲဈေးကွက်ကတော့ ပြည်ပဝယ်လက် ဝယ်လိုအားရှိပေမယ့် ယခုတစ်ပတ်အတွင်း ငုံနီတစ်တင်း ၅၂၀၀၀ ကျပ်အထိ အမြင့်ဈေးပေးဝယ်လိုပေမယ့် ရောင်းလက်ကပစ္စည်း မရှိလို့ အရောင်းအဝယ်မရှိသလို မတ်ပဲကလည်း တစ်တင်း ၅၀၀၀၀ ကျပ်အထိ တက်ဈေးဖြစ်လာပေမယ့် အရောင်းအဝယ်အဖြစ်နည်းတယ်လို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

ယခုတစ်ပတ်မှာပြည်တွင်းဈေးကွက်သာရှိတဲ့ စွန်တာနီ၊ ကသဲပဲနဲ့ ပဲနီလုံးကြားတို့ ဈေးအနည်းငယ် မာလာခဲ့ပြီး ဒေသတွင်းလုပ်ငန်းသုံးနဲ့ လက်လီအဝယ် တစ်ရက် အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကာ စွန်တာနီတစ်တင်း ၁၇၂၀၀ ကျပ်၊ ကသဲပဲတစ်တင်း ၁၇၅၀၀ ကျပ် နဲ့ ပဲနီလုံးကြားတစ်တင်း ၁၇၇၀၀ ကျပ် အသီးသီးပေါက်ဈေး ဖြစ်ပေါ်ခဲ့ ပါတယ်။

စီပီပြောင်းဖူးစေ့ ဈေးကွက်မှာတော့ ဒေသထွက်ပြောင်းဖူးစေ့တွေ ဈေးကွက်ထဲဝင်ရောက်လာမှုအားနည်း သွားပြီး၊ ရေစကြိုဘက်က ပြောင်းဖူးစေ့အချို့ မုံရွာဒိုင်ကိုပုံမှန်ဝင်လာနေကာ ယခုတစ်ပတ်မှာစီပီပြောင်းဖူးစေ့ အဟောင်းတစ်တင်း ၁၁၅၀၀ ကျပ်နဲ့ အသစ်တစ်တင်း ၁၀၆၀၀ ကျပ်ဈေးတွေနဲ့ တစ်ရက် အိတ် ၄၀၀ မှ ၆၀၀ အကြားအရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်ကလေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲလွန်းဖြူကို လက်လီသမားအချို့ ဈေးအမြင့်နဲ့ အဝယ်ရှိလာ

ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ လက်လီအရောင်းအဝယ်ဖြစ်ခဲ့သော ပဲများအနက် ယခုတစ်ပတ်အတွင်း ပဲလွန်းဖြူသီးနှံဟာ ဈေးနှုန်းမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံမှာ ဇူလိုင်လလယ်မှစ၍ ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ် သလောက်ပါးခဲ့ကာ ယခုစက်တင်ဘာ ဒုတိယပတ်မှာတော့ လက်ကျန်ပဲအနည်းငယ် လက်လီသမားအချို့ ဝယ်ယူကြလို့ ပြန်လည်အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာလည်း တစ်တင်း ၂၆၅၀၀ကျပ်ဖြင့် ဇူလိုင်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သောဈေးထက်လည်း တစ်တင်း ကျပ် ၅၀၀၀ကျော်ခန့် ပိုရလာခဲ့ပါတယ်။

ဇူလိုင်လအတွင်း ပဲလက်ကျန်ပါးချိန် အရောင်းအဝယ်ဖြစ်ခဲ့သော ပဲလွန်းဖြူဈေးနှုန်းမှာ တစ်တင်း ၂၀၀၀၀ ကျပ်သာ ရရှိခဲ့တာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## စစ်ကိုင်းပဲတီစိမ်းကို ဝယ်ယူ၍ ပဲပင်ပေါက်ပြုလုပ်နေ

မုံရွာကုန်စည်ဒိုင်သို့ ပဲတီစိမ်းအသေး (အသစ်)များ ဘုတလင်မြို့နယ်နှင့် အရာတော်မြို့နယ်များမှ ယခု စက်တင်ဘာလဒုတိယပတ်တွင် တစ်ရက်တင်း ၁၀၀/၁၅၀ခန့် ဝင်ရောက်ခဲ့ရာ တစ်တင်းပေါက်ဈေး ၄၁၅၀၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ကြောင်း ကုန်သည်တစ်ဦးက ပြောပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ပဲတီစိမ်းကြီး တစ်တင်းပေါက်ဈေးနှုန်း ၃၇၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၄၁၅၀၀ ကျပ်နှင့် မတ်ပဲ ၄၉၀၀၀ ကျပ်၊ ၅၀၀၀၀ ကျပ်ဈေးရှိလို့ ပဲပင်ပေါက်ဖောက်သူများက ဈေးနိမ့်သော ပဲတီစိမ်းကို ဈေးမြင့်သော မတ်ပဲအစား အသုံးပြုနေကြကြောင်း သိရှိ ရပါတယ်။

ပဲတီစိမ်းသီးနှံကို တရုတ် Export ဝယ်လက်ရှိခြင်းနှင့် တိုင်းတွင်းပုံမှန်အသုံးရှိလို့ မုံရွာကုန်စည်ဒိုင်မှာ ယခုတစ်ပတ်အတွင်း တစ်ရက် တင်း ၅၀၀ နှင့် ၇၀၀ ကြား အရောင်းအဝယ် ဖြစ်ကြောင်းသိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

## မုံရွာပဲကြီးဈေးကွက် လက်ကျန်နည်းလို့ ဈေးမာ

မုံရွာကုန်စည်ဒိုင်မှာ ပဲကြီးအသစ်တွေဝင်ကာစက တစ်တင်း ၁၆၅၀၀ ကျပ်အထိ ကျဈေးဖြစ်ပေါ်ခဲ့တဲ့ ပဲကြီးဟာ ပြီးခဲ့တဲ့ ဆောင်းရာသီက စိုက်ပျိုးထွက်ရှိမှုလျော့နည်းခဲ့ပြီး ဒေသတွင်းလုပ်ငန်းသမားတွေ နေ့စဉ်ဝယ်လိုအား ပုံမှန်ရှိခဲ့တဲ့အတွက် ယခုအခါ မုံရွာဒိုင်မှာ ပဲလက်ကျန်လျော့နည်းလာကာ တင်း ၂၅၀၀၀ ခန့်သာ ကျန်ရှိနိုင်တယ်လို့ ပွဲရုံရပ်ကွက်ကဆိုပါတယ်။

အရောင်းအဝယ်အားဖြင့် ယခင်က တစ်ရက်အိတ် ၃၀၀၊ ၄၀၀ ခန့် ပုံမှန်အရောင်းအဝယ်ရှိခဲ့တဲ့ပဲကြီးဟာ ယခုအပတ်မှာ လက်ကျန်လျော့နည်းလာတာနဲ့အမျှ ပေါက်ဈေးလည်း တစ်ရိပ်ရိပ်တက်လာခဲ့ကာ ပဲကြီး (အပြားကြီး) တစ်တင်း ၃၃၅၀၀ ကျပ်နဲ့ ပဲကြီး (အပြားသေး) တစ်တင်း ၂၈၅၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့သလို တစ်ရက်အိတ် ၁၀၀၊ ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်တော့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ဝယ်လက်အနေနဲ့ Export မရှိဘဲ မုံရွာဒေသခံလုပ်ငန်းရှင်တွေနဲ့ ပခုက္ကူ၊ ရေစကြို၊ ချောက်၊ မန္တလေးစတဲ့ ပြည်တွင်းဈေးကွက်ကိုသာ တင်ပို့ရောင်းချမှုရှိကာ နေ့စဉ်နီးပါး ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# စက်တင်ဘာဒုတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံဈေးဆက်မြင့်ပြီး ကုလားပဲနှင့် ပဲကြီးဈေးငြိမ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်ရှိ စက်တင်ဘာလ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်းများကို လေ့လာရာမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း Export ဝယ်လက်ပဲများဈေးမြင့်ခဲ့ပြီး ပြည်တွင်းဝယ်လက် ကုလားပဲနှင့် ပဲကြီးသီးနှံများဈေး အမြင့်နဲ့ ဆက်လက် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ လက်လီအရောင်းအဝယ်ဖြစ်သော ပဲများလည်း ဈေးငြိမ်နေလျက် အရောင်းအဝယ်အနည်းငယ်အေးနေခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများရှိတဲ့အတွက် ရန်ကုန်ဝယ်လက်ဝယ်ယူနေတာကြောင့် အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်လဆန်းရက်တွင် တစ်တင်း ၄၆၅၀၀ ကျပ်ဖြင့် ဈေးကောင်းနေပြီး ယခုတစ်ပတ်မှာ ဈေးဆက်မြင့်တက်ခဲ့လို့ တစ်တင်း ၄၈၅၀၀ ကျပ်မှ ၄၉၀၀၀ ကျပ်ထိ ဈေးကောင်းနေသော်လည်း ပဲစင်းငုံဈေးကိုတော့ မမီခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံမှာ ယခုတစ်ပတ်မှာ တစ်တင်း ၅၀၀ ကျပ်ဆက်မြင့်လာလို့ ၅၃၅၀၀ ကျပ်ဖြင့် နေ့စဉ်အရောင်းအဝယ်မဖြစ်သော်လည်း ပြည်ပဝယ်လိုအားအပေါ် မူတည်၍ ရန်ကုန်ဝယ်လက်မှ တစ်ခါတစ်ရံဝယ်ယူမှုရှိခဲ့လို့ အရောင်းအဝယ်ဖြစ်သည့်ရက်မှာ အိတ် ၂၀၀ ကျော်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲစင်းငုံမှာ ယခုအချိန်တွင် လက်ကျန်ပဲများသာရှိခဲ့ပြီး ပဲပေါ်ချိန်ရာသီ၌သာ ပဲအဝင်ရှိသလို အရောင်းအဝယ်လည်း နေ့စဉ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ပဲစင်းငုံဈေးမှာ စက်တင်ဘာလအတွင်း မတ်ပဲဈေးထက်ဈေးလျော့နည်းကာ တစ်တင်း ၂၃၂၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး မတ်ပဲဈေးမှာ တစ်တင်း ၂၆၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေရပါတယ်။ ယခုနှစ်မှာတော့ ပဲစင်းငုံဈေးဟာ မတ်ပဲဈေးထက် ဈေးပိုကောင်းခဲ့ပြီး တစ်တင်း ၅၃၅၀၀ ကျပ်ဖြင့် ဈေးကွက်အတွင်းမှာလည်း ဈေးအမြင့်ဆုံးရခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများသာခွဲစက်သမား အဝယ်လိုက်နေလို့ ထုတ်ရောင်းချရပြီး တစ်ရက်အိတ် ၃၅၀ ကျော် ၄၀၀ အထိ အရောင်းအဝယ်သွက်နေခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်သော်လည်း ယခုနှစ်အတွင်း ဈေးကောင်းနေပြီး ယခင်နှစ်များကထက်လည်း ဈေးမှာ နှစ်ဆမြင့်တက်ခဲ့ကာ ပြည်ပဝယ်လက်ပဲများကဲ့သို့ ဈေးကောင်းနေခဲ့ကြောင်း သိရပါတယ်။ ယခုနှစ်ကုလားပဲဈေးမှာ တစ်တင်း ၃၀၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်း ဈေးအမြင့်နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာလည်း လက်ကျန်ပဲများအား ပဲကြော်ဖိုလုပ်ငန်းသမားများ ပုံမှန်ဝယ်ယူနေတာကြောင့် အိတ် ၂၅၀၊ ၃၀၀ နေ့စဉ် အရောင်းအဝယ်ဖြစ်သလို ယခုပတ်အတွင်း မျိုးပဲသမားများလည်း လာရောက်ဝယ်ယူနေတဲ့အတွက် မျိုးပဲ ၁၅အိတ် ၂၀ အိတ်ကျော် ပန်းတောင်းဖက်မှ ဝယ်ယူကြတယ်လို့ သိရပါတယ်။ မျိုးပဲဈေးနှုန်း (ရွှေကျွန်း) တစ်တင်း ၃၉၀၀၀ ကျပ်၊ (ကမ်းနား)တစ်တင်း ၃၅၀၀၀ ကျပ်ဖြင့် ရောင်းချရသလို ပဲကြော်ဖိုသမားများ ဝယ်ယူရောင်းချတဲ့ ဈေးကတော့ ပဲကြီး (ရွှေကျွန်း) တစ်တင်း ၃၅၀၀၀ ကျပ်၊ (ကမ်းနား)တစ်တင်း ၃၃၀၀၀ ကျပ်ဖြင့် စက်တင်ဘာလဆန်းရက်က ဈေးအတိုင်း အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့ သိရပါတယ်။ ပဲကြီးသီးနှံဈေးနှုန်းမှာ ယခင်နှစ် စက်တင်ဘာလက တစ်တင်း ၂၂၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်သာရရှိခဲ့လို့ ဈေးအေးခဲ့ပေမယ့် ယခုနှစ်မှာတော့ ဇူလိုင်လအထိ ယခင်နှစ်ဈေးနှင့်သိပ်မကွာခြားဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြရာမှာ ဩဂုတ်လလယ်မှစ၍ ပဲကြီးဈေးနှုန်းမှာ ကျပ် သုံးသောင်းကျော်မြင့်တက်ခဲ့ပြီး ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲကြော်၊ ပဲလှော်လုပ်ငန်းများမှ ဝယ်ယူလျက်ရှိခဲ့ပါတယ်။

လက်လီ အရောင်းအဝယ်ဖြစ်တဲ့ ပဲများဖြစ်သော ပဲနီပြားသီးနှံဟာလည်း အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ပြီး ပဲဈေးနှုန်းက တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ဩဂုတ်လလယ်မှစ၍ ဈေးမြင့်လာခဲ့တာကို တွေ့ရပါတယ်။ ပဲနီပြားသီးနှံဟာလည်း တစ်နှစ်တာလုံး တစ်တင်း ၁၈၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ရာမှ လက်ကျန်နည်းချိန်မှစ၍ ဈေးမြင့်ခဲ့သော်လည်း လက်လီသမားများသာ ဝယ်ယူခဲ့လို့ အရောင်းအဝယ် ပမာဏလည်း နည်းပါးခဲ့ပါတယ်။

ယခု စက်တင်ဘာလ ဒုတိယပတ်အတွင်း ပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ အိတ် ၂၀၀ ကျော် အရောင်းအဝယ်ပုံမှန်ဖြစ်ပေမယ့် ပြည်တွင်းဝယ်လက်ပဲထဲမှာတော့ ကုလားပဲသီးနှံမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်ပြီး ပဲကြီးသီးနှံကလည်း ဒုတိယအရောင်းအဝယ် သွက်လျက်ရှိပြီး အခြားပဲများကတော့ အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာပဲတီဈေးကွက် စိမ်းသေးဝင်ကာဈေးစွာ

ယခုတစ်ပတ် မုံရွာပဲဈေးကွက်မှာ Export အတွက် ပဲတီစိမ်း တစ်မျိုးတည်း အရောင်းအဝယ်သွက်ခဲ့တာဖြစ်ပြီး Export အကြိုက် စိမ်းကြီးအပြင် ပြည်တွင်းသုံး ဝယ်လိုအားကောင်းတဲ့ စိမ်းသေးလည်း ဒိုင်ကိုဝင်ရောက်လာခဲ့တာ တွေ့ရပါတယ်။

ဘုတလင်၊ ရေဦးစတဲ့ ကျီးတောဘက်က စိမ်းသေးတွေ ဒိုင်ကို ယခုတစ်ပတ်မှာ ဝင်လာခဲ့ပြီး တစ်တင်း ၄၁၅၀၀ ကျပ်၊ အမြင့်ဈေးဖွင့်ခဲ့ကာ မန္တလေးနဲ့ ဒေသခံလုပ်ငန်းရှင်တွေ ဈေးကြီးတဲ့ မတ်ပဲအစား အပင်ဖောက်သုံးဖို့ ဝယ်လိုအားကောင်းခဲ့ပြီး ဒိုင်မှာ ဝင်သမျှ တစ်ရက် အိတ် ၁၀၀ နီးပါး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။

စိမ်းကြီးဈေးကွက် အနေနဲ့ Export ဝယ်လက် ပုံမှန်ဝယ်ယူမှုရှိပြီး၊ ယခုတစ်ပတ်မှာ တစ်တင်း ၃၇၅၀၀ ကျပ်အထိ အမြင့်ဈေးရခဲ့ကာ တရုတ်ပြည်အတွက် မန်းကုန်သည်ဝယ်လက်ကြောင့် တစ်ရက် အိတ် ၄၀၀ မှ ၅၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်ကသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ပြည်ထောပတ်ပဲဈေးငြိမ်နေပြီး လက်လီသာအရောင်းအဝယ်ဖြစ်

ယခုစက်တင်ဘာ ဒုတိယပတ်အတွင်း လက်လီပဲအချို့ ပြည်ပဲဈေးကွက်မှာ ဈေးငြိမ်နေပြီး ထောပတ်ပဲ သီးနှံဟာလည်း ဈေးဆက်ငြိမ်နေကာ တစ်တင်း ၁၈၀၀၀ ကျပ်ဖြင့် လက်ကျန်ပဲအနည်းငယ်အား လက်လီသမားများ ဝယ်ယူတဲ့အတွက် အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ထောပတ်ပဲသီးနှံမှာ ဩဂုတ်လ ဒုတိယပတ်မှစလို့ တစ်တင်း ၁၈၁၁၁ ကျပ်နဲ့ ဈေးအပြောင်းအလဲမဖြစ်ဘဲ ယခုချိန်ထိ ထိုဈေးအတိုင်းသာ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်က ကာလတူစက်တင်ဘာလအတွင်း တစ်တင်း ၂၇၀၀၀ ကျပ်နဲ့ ဈေးကောင်းရခဲ့သော်လည်း ယခုနှစ်မှာတော့ တစ်နှစ်ပတ်လုံး ဈေးအေးခဲ့ပြီး ဩဂုတ်လလယ်မှစကာ ဈေးမြင့်တက်ပေမယ့် ယခင်နှစ်ဈေးကိုမမီဘဲ ဈေးလျော့နည်းနေသေးကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်တွင်းဝယ်လက်သာရှိတဲ့ ပဲများအနက် စားတော်ပဲသီးနှံဈေးကောင်းရ

ပြည်ပဲဈေးမှာ ပြည်ပဝယ်လက်ရှိတဲ့ ဈေးများနဲ့အပြိုင် ဒေသတွင်းသာအဝယ်ရှိတဲ့ စားတော်ပဲသီးနှံဟာလည်း ဈေးကောင်းရလျက်ရှိနေတာကို တွေ့ရပါတယ်။ ပဲတစ်တင်းလျှင် ၃၆၅၀၀ ကျပ်နဲ့ ယခင်တစ်ပတ်ထက်လည်း တစ်တင်း ၁၅၀၀ ကျပ်ပိုရလျက်ရှိပြီး၊ ယခင်နှစ်က စက်တင်ဘာလဈေးထက်လည်း ဈေးပိုရနေခဲ့ပါတယ်။ ယခင်နှစ်ကလည်း စားတော်ပဲသီးနှံဈေးမှာ ပြည်ပဝယ်လိုအားရှိတဲ့ ပဲများထက်ရော၊ ဒေသတွင်းဝယ်လက်သာရှိသော ပဲများထက်ပါ ဈေးပိုရပြီး၊ ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရခဲ့တာကိုတွေ့ရပါတယ်။ ယခုနှစ်မှာတော့ စားတော်ပဲသီးနှံဈေးဟာ ဈေးကောင်းရနေတယ်ဆိုသော်လည်း ပြည်ပဝယ်လက်ရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သီးနှံများထက် ဈေးလျော့နည်းခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# Export ဝယ်လက်ရှိ၍ စစ်ကိုင်းနှမ်း ဈေးကောင်းရ

တရုတ်ဝယ်လက်ရှိ၍ ဝယ်လိုအားများပြီး ရောင်းလိုအားနည်းနေတဲ့ စစ်ကိုင်းနှမ်းများ ဈေးကောင်း ရလျက်ရှိကြောင်း သိရပါတယ်။ တောင်သူလက်ဝယ် လက်ကျန်နှမ်းနည်းနေပြီဖြစ်လို့ မိုးကြိုနွေနှမ်းအဖြစ် စိုက်ပျိုးကာလနောက်ကျခဲ့ပြီး အထွက်နောက်ကျကာ ဈေးကောင်းစောင့်ရောင်းတဲ့ တောင်သူများ၏နှမ်းများ မုံရွာကုန် စည်ဒိုင်သို့ဝင်ရောက်လျက်ရှိရာ တစ်ရက်တင်း ၂၀၀၊ ၃၀၀ခန့်ဝင်ရောက်ကြောင်း ကုန်စည်ဒိုင် သတင်းရပ်ကွက်က သိရပါတယ်။ ၂၀၁၅ခုနှစ် ဩဂုတ်လအတွင်း တစ်တင်းအနိမ့်/အမြင့်ပေါက်ဈေးများမှာ နှမ်းဖြူ ၃၃၀၀၀ ကျပ်-၃၆၀၀၀ ကျပ်၊ နှမ်းညို ၂၈၅၀၀ ကျပ်-၃၁၅၀၀ ကျပ်၊ စက်တင်ဘာလအတွင်း နှမ်းဖြူ ၃၀၀၀၀ ကျပ်-၃၈၀၀၀ ကျပ်၊ နှမ်းညို ၂၉၅၀၀ ကျပ်-၃၂၀၀၀ ကျပ် ဈေးအသီးသီးဖြင့် မုံရွာကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း တစ်ရက် နှမ်းဖြူ၊ နှမ်းညို တင်း ၃၀၀မှ၅၀၀ကြား အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ပြည်ပဲပုပ်ဈေး ငြိမ်နေသလို အရောင်း အဝယ်လည်းအေး

ယခုနှစ်တစ်နှစ်တာလုံး ဈေးကွက်အတွင်းမှာ ဈေးအေးအေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲပုပ်သီးနှံဟာ သီးနှံပေါ်ချိန်ကာလများတွင်သာ အရောင်းအဝယ်သွက်ခဲ့ပေမယ့် အခြားကာလများမှာတော့ ဒေသတွင်းသာ လက်လီသမားများ၊ ပဲပြားလုပ်ငန်းသမားများမှသာ ဝယ်ယူခဲ့လို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ်ကလည်း ဈေးအေးခဲ့ပေမယ့် ဇူလိုင်၊ ဩဂုတ်လများမှာတော့ ဈေးမြင့်လာလို့ တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် ဈေးဆက်ငြိမ်ပြီး စက်တင်ဘာလကုန်ပတ်မှသာ ဈေးပြန်လျော့သွားလို့ တစ်တင်း ၁၉၅၀၀ ကျပ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခုနှစ်မှာတော့ ဩဂုတ်လအတွင်း တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့ ရာမှ လကုန်ပတ်မှာ တစ်တင်း ၁၇၅၀၀ ကျပ်သို့ ဈေးမြင့်တက်လာပြီး ယခုစက်တင်ဘာလအထိ ၎င်းဈေးအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း

### ဩဂုတ်လအတွင်း ချင်းတန်ချိန် ဂ၀ ကျော်တင်ပို့

စက်တင်ဘာပထမသီတင်းပတ်အတွင်းမှာ ချင်းတင်ပို့မှု ပျောက်ခဲ့ပါတယ်။ ဩဂုတ်လအတွင်း မလေးရှားနိုင်ငံကို ၄၈ ဒသမ ၁၆ တန်နဲ့ စင်ကာပူကို ၃၆ ဒသမ ၀၃၃၁ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လမှာ ချင်းတင်ပို့မှုကို ကြည့်ရင် တန်ချိန် ၂၄၀ ကျော်ရှိခဲ့တာကြောင့် ဩဂုတ်လတင်ပို့မှုနဲ့ ယှဉ်ရင် ၁၅၅ တန်ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ်လအတွင်း ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၈၉၃၆၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### ဈေးပတ်သမားတွေအဝယ်လိုက်လာတဲ့ ရှမ်းချင်းဈေးကွက်

အောင်ပန်းဈေးကွက်မှာတော့ ချင်းစိုအဝင်ကနည်းသွားပါပြီ၊ ပြည်ပဝယ်လက်ကတော့ လုံးဝမရှိသေးဘဲ ပြည်တွင်းသုံးတွေအတွက်သာ ဝယ်ယူမှုရှိနေပါတယ်။ ရေကျပြီး လမ်းပန်းဆက်သွယ်ရေး အခြေအနေကောင်းလာလို့ ဝယ်နေကျဖြစ်တဲ့ ဈေးပတ်သမားတွေက ပြန်ပြီးဝယ်ယူလာပါတယ်။ မကွေး၊ ပြည်၊ တောင်ငူစတဲ့ မြို့တွေက မှာယူနေပြီး တစ်ပတ်အတွင်း ပိဿာချိန် ခြောက်သောင်းမှ ကိုးသောင်းခန့်ထိ ဝယ်ယူမှုရှိနေတယ်လို့ သိရပါတယ်။ ချင်းသစ်တွေကတော့ ဈေးကွက်ကို သိပ်ပြီး မဝင်လာသေးပါဘူး၊ မိုးများပြီး အပင်သေ၊ အပင်ဝါ၊ ထိပ်ပုပ်တဲ့ချင်းတက်တွေသာ အဝင်ရှိနေပါတယ်။ ချင်းနုတွေဖြစ်တာကြောင့် ကြာကြာလည်း အထားမခံဘဲ၊ နှစ်ရက် သုံးရက်အတွင်း သာရပါတယ်။ မသုံးဖြစ်ရင် ပုပ်သွားနိုင်ပါတယ်။ ဒါကြောင့် ပွဲရုံအတော်များများကလည်း မဝယ်ချင်ကြသေးပါဘူး၊ ချင်းဥမ တွေကလည်း ခြံရှင်တွေဆီမှာသာ ကျန်ပြီး၊ ပွဲရုံတွေမှာလည်း သိပ်မရှိတော့ဘူးလို့ သိရပါတယ်။ ခြံရှင်တွေကလည်း ဈေးကိုင်လာပြီး ကြိုက်ဈေးရမှသာ ရောင်းတော့မယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်းဥမ တစ်ပိဿာ ၈၀၀ ကျပ်-၈၅၀ ကျပ်ဈေးရှိပြီး၊ ချင်းခြောက်က ၂၂၀၀ ကျပ်မှ ၂၅၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းအဝင်နည်းသွားသလို အရောင်းအဝယ်လည်း အေးနေတယ်လို့ သိရပါတယ်။ ဒေသတွင်း ဝယ်လက်တွေဖြစ်တဲ့ ဟဲဟိုးဝယ်လက်တွေသာ ဟိုပုံးနန္ဒင်းကို လာရောက်ဝယ်ယူနေတယ် လို့လည်း သိရပါတယ်။ ဟိုပုံးနန္ဒင်းက တစ်ပိဿာ ၆၀၀ ကျပ်ဈေးရှိပြီး၊ ချင်းခြောက်က တစ်ပိဿာ ၂၅၀၀ ကျပ်ဈေးပေါက်နေတယ်လို့ ဟိုပုံးချင်းပွဲရုံတွေက သိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

### ပြည်ဈေးကွက်သို့ ချင်းတက်အသစ်များ ဝင်ရောက်

ပြည်ချင်းဈေးကွက်ကို ယခုတစ်ပတ်မှာတော့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းတက်အသစ်များ စတင်ဝင်ရောက်လာပြီး စီးဝင်မှုအားဖြင့် အောင်ပန်းဘက်မှ ပိဿာ ၃၀ ဝင် အိတ် ၂၀၀ ခန့်အဝင်ရှိပြီး ချင်းသစ်မှာ အစိုဓာတ်များပြီး အပုပ်မြန်တဲ့အတွက် လက်လီလက်ကားလျှောင်သမားများမှ ဝယ်အားနည်းနေတာကြောင့် ပွဲရုံကို ဝင်ရောက်မှုရဲ့ ထက်ဝက်ခန့်သာ အရောင်းအဝယ်ရှိနေပါတယ်။ ချင်းဥမ အဟောင်းများအနေနဲ့ ချင်းတက်အသစ်နဲ့ယှဉ်လျှင် ရောင်းအားကောင်းနေပြီး၊ ယခင်တစ်ပတ်ကထက် ရောင်းအားကောင်းကြောင်းသိရပါတယ်။ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်အတိုင်းမပြောင်းလဲဘဲ တစ်ပိဿာကို ၁၀၀၀ ကျပ် မှ ၁၂၀၀ကျပ်ထိရှိပြီး ဈေးကွက်အတွင်း တစ်နေ့ပိဿာချိန် ၃၀၀ ခန့် အရောင်းအဝယ်ရှိပြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့ ဈေးကွက်မှတစ်ဆင့်စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ ခန့် တင်ပို့မှုရှိတယ်လို့သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### မူဆယ်နဲ့ စစ်တွေစခန်းတို့မှ ချင်းစို / ချင်းခြောက်များတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ပထမပတ်အတွင်း ကန်ဒေါ်လာ ၃၆၇၅၀ တန်ဖိုးရှိချင်းခြောက် ၂၁ တန်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၇၆၀၀ တန်ဖိုးရှိ ချင်းစို ၁၀ တန်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မောင်တောစခန်းမှသာ ချင်းစို တန် ၅၀ တင်ပို့ခဲ့တာတွေ့ရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှာ လယ်ယာထွက်ပို့ကုန်များတွင်တင်ပို့မှုအများဆုံးနဲ့ အဓိကတင်ပို့တာကတော့ မြန်မာ့ချင်းစိုပဲဖြစ်ပါတယ်။ **မော်မော်အောင်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် ကုန်သွယ်ရေးဇုန်က ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာလ ၄ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၈၇ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၆ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက ယခုသီတင်းပတ်တွင် သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိခဲ့သလို ယခင်သီတင်းပတ်တွင်လည်း တင်ပို့နိုင်ခြင်းမရှိခဲ့ပါ။ **ခင်မြနွယ်**

## နန္ဒင်း

### မလေး၊ စင်ကာပူနဲ့ ဘူလ်ဂေးရီးယားသို့ နန္ဒင်းတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာ ၅ ရက် သီတင်းပတ်အတွင်း နန္ဒင်း ၅၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားကို ၃ တန်၊ စင်ကာပူကို ၁၈ တန်နဲ့ ဘူလ်ဂေးရီးယားကို တန် ၃၀ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်ကနန္ဒင်း ၃၆ တန်ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ၁၄ တန်ကျော်တင်ပို့မှုပိုခဲ့ပါတယ်။ နန္ဒင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၇၀၉၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လ နန္ဒင်းတင်ပို့မှုမှာ တန်ချိန် ၄၅၀၀ ကျော်ရှိခဲ့ပြီး ဩဂုတ်လတင်ပို့မှုမှာ တန်ချိန် ၃၃၀ ကျော်ရှိခဲ့တာကြောင့် ဩဂုတ်လမှာ နန္ဒင်းတင်ပို့မှုတော်တော်လေးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### စခန်းစုံမှ နန္ဒင်းတက်တင်ပို့

စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၅၉၅၈ တန်ဖိုးရှိတဲ့ နန္ဒင်းတက် ၆၂ တန်ခွဲ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၈၀၄ တန်ဖိုးရှိ နန္ဒင်းတက် ၁၂ တန်ခွဲ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၃၂၀၀ တန်ဖိုးရှိ နန္ဒင်းတက် ၂တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်စခန်းတစ်ခုတည်းမှသာ နန္ဒင်းတက် ၆၁ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာတော့စခန်းစုံက ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ နန္ဒင်းတက် တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေး ၇၁၀၆၀၀၀ ကျပ်၊ မြဝတီကုန်စည်ဒိုင်မှာ ၁၄၀၇၆၀၀ ကျပ်နဲ့ စစ်တွေမှာ ၂၀၄၀၀၀၀ ကျပ် အသီးသီးရှိပါတယ်။ **မော်မော်အောင်**

### ဟိုပုံးဈေးကွက်မှာ နန္ဒင်းအဝင်နည်းပေမယ့် အောင်ပန်းနန္ဒင်းထက် အရောင်းသွက်

ရှမ်းနန္ဒင်းဈေးကွက်မှာ အဝင်နည်းနေပါပြီ၊ လက်ကျန်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း တစ်ခုလုံးမှာ ခန့်မှန်းတန်ချိန်တစ်ထောင်ကျော်ခန့် ကျန်ရှိနေတယ်လို့လည်း သိရပါတယ်။ ဈေးကွက်တွေမှာတော့ အဝင်ကမရှိသလောက်ဖြစ်နေပါပြီ။ ခြံရှင်တွေလက်ထဲမှာလည်း မကျန်တော့ဘဲ လှောင်လက်တွေထဲမှာ သာရှိတော့တယ်လို့လည်း သိရပါတယ်။ နန္ဒင်းအသစ်တွေကတော့ တပေါင်းလမှသာ ဈေးကွက်စတင်ဝင်လာမှာဖြစ်ပြီး လက်ရှိ အောင်ပန်းဈေးကွက်မှာတော့ ယခင်နှစ်လက်ကျန် အဟောင်းတွေကိုသာ ရောင်းနေရတယ်လို့လည်း သိရပါတယ်။ လောလောဆယ်ဒေသတွင်းပွဲရုံတွေကတော့ ခြံရှင်တွေဆီက အနည်းငယ်ကျန်တဲ့နန္ဒင်းတွေကို လှောင်ဖို့အတွက် ဝယ်ယူနေတဲ့ ရောင်းဝယ်မှုမျိုးသာရှိနေတယ်လို့လည်း သိရပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း နန္ဒင်းအဝင်မရှိတော့ဘူးလို့ သိရပါတယ်။ ပွဲရုံလက်ကျန်တွေကပဲ ရောင်းနေကြပြီး ဒီတစ်ပတ်မှာလည်း မူဆယ်ဝယ်လက်တွေက အနည်း အကျဉ်းဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်း မူဆယ်ဝယ်လက်တွေက ပိဿာချိန် တစ်သောင်းနှစ်ထောင်ခန့် ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။ ဟိုပုံးနန္ဒင်းကတော့ အောင်ပန်းနန္ဒင်းထက် အရောင်းအဝယ်သွက်နေပေမယ့် ပြည်ပဝယ်လက်တွေကတော့ အဝယ်နှေးနေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် နန္ဒင်းတစ်ပိဿာ ပေါက်ဈေးကတော့ အောင်ပန်းဈေးကွက်မှာ တောင်ပို့လစတွေက အနိမ့်ဆုံး ၁၅၀၀ ကျပ်မှ အမြင့်ဆုံး ၁၆၀၀ ကျပ်-၁၆၅၀ ကျပ်ရှိပြီး ဆင်တောင်နန္ဒင်းက ၂၀၀၀ ကျပ်-၂၁၀၀ ကျပ်ဈေးရှိပြီး ဟိုပုံးနန္ဒင်းက တစ်ပိဿာ ၁၆၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

## မန်ကျည်း

### ဩဂုတ်လအတွင်း မန်ကျည်းတန် ၆၀၀ ကျော်တင်ပို့

ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာ ၅ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မန်ကျည်းတန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် မန်ကျည်းတင်ပို့မှုမှာ တန်ချိန် ၂၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၀ ကျော်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဩဂုတ်လအတွင်းဘင်္ဂလားဒေ့ရှ်နဲ့ စင်ကာပူနိုင်ငံကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ တန်ချိန်မှာ ၆၀၁ ဒသမ ၁၈၅ တန်ဖြစ်ပါတယ်။ ဇူလိုင်လမှာ မန်ကျည်း ၂၈၈ ဒသမ ၁၂၆ တန် တင်ပို့ခဲ့တာကြောင့် ဩဂုတ်လမှာ ၃၁၃ ဒသမ ၀၅၉ တန်တင်ပို့မှုပိုခဲ့ပါတယ်။ ဩဂုတ်လအတွင်း မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၂၁၇၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## ကြက်သွန်နီ

### ကြက်သွန်နီ ဈေးဆက်တက်ဆဲ

စက်တင်ဘာဒုတိယပတ်အတွင်း ပြည်ကြက်သွန်နီပွဲရုံများမှာ ကြက်သွန်နီအိတ်တွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသတွင်း အရောင်းအဝယ်သမားများနှင့် နယ်မှ အဝယ်ရှိနေပြီး ကြက်သွန်နီတွေ အရောင်းအဝယ်ဖြစ်နေတာကြောင့် ဈေးကျဖွယ်မရှိသေးကြောင်းလည်း သိရပါတယ်။

ပွဲရုံဈေး တစ်ပိဿာလျှင် (ကြီး၊ လတ်၊ သေး) ၉၇၅ ကျပ်၊ ၁၁၀၀ ကျပ်နှင့် ၁၂၀၀ ကျပ်တို့ ပေါက်ဈေး အမှန်ဖြစ်နေပြီး လက်လီ တစ်ပိဿာဈေးကတော့ ၁၁၀၀ ကျပ်၊ ၁၃၀၀ ကျပ်၊ ၁၄၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြပါတယ်။ ပြင်ပအဝယ်ကတော့ ရခိုင်သို့ တင်ပို့ရခြင်းဖြစ်ပါတယ်။ ရခိုင်ဝယ်လက်များက တစ်ရက်လျှင် အိတ် ၂၀၀ မှ ၂၅၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှု လျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ပထမပတ်အတွင်း ကန်ဒေါ်လာ ၈၂၅၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၃၀၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၃၅၃၄ တန်ဖိုးရှိ ကြက်သွန်နီ ၇၁ တန်ခွဲ၊ စစ်တွေကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၄၉၂၉၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၀၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ တန် ၅၀ နဲ့ မြဝတီမှ ၈၇၆ တန် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ပြည်ပကို ကြက်သွန်နီ တင်ပို့မှု လျော့နည်းသွားခဲ့ပါတယ်။

တာချီလိတ် ကုန်သွယ်ရေးကတော့ ကန်ဒေါ်လာ ၃၅၇၈၁ တန်ဖိုးရှိတဲ့ ကြက်သွန်ဖြူ တန် ၅၀ ကိုတင်ပို့ခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ယခုတစ်ပတ်ရဲ့ ကြက်သွန်နီ (ဆိပ်ဖြူ/မြင်းခြံ) တစ်ပိဿာကို ကျပ် ၆၀၀ မှ ၁၁၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာကို ကျပ် ၂၅၅၀ မှ ၂၅၇၅ ကျပ် ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**



Vol: 15, No.35 Monday September 14 2015

# တရုတ်နိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|

တရုတ်နိုင်ငံရှိအသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) သည်လွန်ခဲ့သော အနှစ် ၂၀အတွင်း လျင်မြန်ပြီးရေရှည်တည်တံ့မှုရှိသော အောင်မြင်မှုများရရှိခဲ့သည်။ သို့ရာတွင် ပြင်ပဈေးကွက်နှင့် ချိတ်ဆက်မှု အားနည်းခြင်း၊ နည်းပညာဆိုင်ရာ ဆန်းသစ်ဖန်တီးမှုများ အားနည်းခြင်းနှင့် SMEs လုပ်ငန်းများ၏ ငွေရေးကြေးရေး လုပ်ငန်းများသည် အကန့်အသတ်ရှိနေခြင်းတို့ကြောင့် SME ၏ တိုးတက်မှုကို အဟန့်အတား ဖြစ်စေခဲ့သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် ပိုမိုစွမ်းဆောင်ရည်ရှိပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစိုးရဝန်ဆောင်မှုလုပ်ငန်းများ ကို SMEs များအတွက် ဆောင်ရွက်ပေးရန် လိုအပ်မှုပြသလျက်ရှိပါတယ်။

တရုတ်နိုင်ငံတွင် SMEs လုပ်ငန်းများသည် လွန်ခဲ့သော (၁၅) နှစ် ကထွက်ပေါ်လာခဲ့သည်။ တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်ကနဦး ဆောင်ရွက်ခဲ့သော ဈေးကွက်ဦးစားပေးစနစ် ပြန်လည်ထူထောင်မှုများ၏ အစိတ်အပိုင်းအနေနှင့် ၁၉၈၀ နှောင်းပိုင်းတွင် တရုတ်နိုင်ငံ၏ ဈေးကွက်စီးပွားရေး ဖွင့်လှစ်မှုနှင့်အတူ ပုဂ္ဂလိကအသေးစားနှင့် အလတ်စားလုပ်ငန်းများကို နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပေး အသိအမှတ်ပြုခဲ့သည်။ တရုတ်နိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် အဓိကကျသော အစိုးရပိုင်စီးပွားရေးလုပ်ငန်းများအား ၂၀၀၄ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် အစိုးရပိုင်လုပ်ငန်းမဟုတ်သော SMEs အဖြစ် လျင်မြန်စွာပြောင်းလဲပေးခဲ့သည်။ ထိုအချိန်မှစ၍ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍနှင့်ယှဉ်လျက် မြို့ပြနှင့်ကျေးရွာစီးပွားရေးလုပ်ငန်းများကို စုစည်းထားသော မြို့ပြစီးပွားရေးလုပ်ငန်းအစုအဝေးများသည် တရုတ်နိုင်ငံ အနှံ့အပြားတွင် ရှင်သန်လာခဲ့သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် သိသိသာသာအရေးပါလာခဲ့သည်။ ယနေ့ခေတ်တွင် တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်းကျော်ကို SMEs တို့ဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါ SMEs များ၏ ထွက်ကုန်တန်ဖိုးသည် အသားတင်ပြည်တွင်းထုတ်ကုန်၏ အနည်းဆုံး ၆၀ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် တရုတ်နိုင်ငံရှိ အလုပ်အကိုင်အခွင့်အလမ်းများ၏ ၈၂ ရာခိုင်နှုန်းကိုလည်း ဖန်တီးပေးသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ အမျိုးအစားသတ်မှတ်ချက်ကို ၂၀၀၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းတိုးမြှင့်ရေးဥပဒေပေါ်တွင် အခြေခံ၍ ထုတ်ပြန်ခဲ့သည်။ အသေး စားနှင့်အလတ်စားလုပ်ငန်းများ အမျိုးအစားသတ်မှတ်ခြင်းအတွက် လမ်းညွှန်ချက်များကိုလည်း သတ်မှတ်ထားသည်။ ၁၉၈၈ ခုနှစ်တွင် သက်ရောက်မှုရှိခဲ့သော လမ်းညွှန်မှုအဟောင်းများပေါ်တွင် အသစ်ဖြင့် အစားထိုးခဲ့သည်။ အပိုထည့်သွင်းသော ဦးစားပေးအချက်များ ကို ၁၉၉၂ ခုနှစ်တွင် သတ်မှတ်ထားသည်။

၂၀၀၀ ခုနှစ် တရုတ်နိုင်ငံအသေးစားနှင့် အလတ်စားလုပ်ငန်းမြှင့်တင်ရေးဥပဒေပေါ်တွင် အခြေခံ၍တရုတ်နိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို သတ်မှတ်ထားသည်။

**တရုတ်နိုင်ငံတွင် SME များ၏ အဓိပ္ပာယ်သတ်မှတ်ချက်**

| လုပ်ငန်းအရွယ်အစားအမျိုးအစား | လုပ်ငန်းများ | ဝန်ထမ်းအရေအတွက် | စုစုပေါင်းပိုင်ဆိုင်မှုတန်ဖိုး | စီးပွားရေးလုပ်ငန်းဝင်ငွေ |
|---|---|---|---|---|
| အသေးစားလုပ်ငန်း | စက်မှုလုပ်ငန်း | ၃၀၀ အောက် အောက် | ယွမ် ၄၀ သန်း အောက် | ယွမ် ၃၀ သန်း |
| | ဆောက်လုပ်ရေးလုပ်ငန်း | ၆၀၀ အောက် | ယွမ် ၄၀ သန်း အောက် | ယွမ် ၃၀ သန်း အောက် |
| | လက္ကာလုပ်ငန်း | ၁၀၀ အောက် | | ယွမ် ၃၀ သန်း အောက် |
| | လက်လီအရောင်း | ၁၀၀ အောက် | | ယွမ် ၁၀ သန်း အောက် |
| | စာတိုက်လုပ်ငန်း | ၅၀၀ အောက် ၄၀၀ အောက် | | ယွမ် ၃၀ သန်း ယွမ် ၃၀သန်း အောက် |
| | ဟိုတယ်နှင့်စားသောက်ဆိုင် | ၄၀၀ အောက် | | ယွမ် ၃၀ သန်း အောက် |
| အလတ်စားလုပ်ငန်း | စက်မှုလုပ်ငန်း | ၃၀၀ နှင့် ၂၀၀၀ ကြား | ယွမ် ၄၀ သန်း နှင့် ၄၀၀ ကြား | ယွမ် ၃၀ သန်းနှင့် ၃၀၀ သန်းကြား |
| | ဆောက်လုပ်ရေးလုပ်ငန်း | ၆၀၀ နှင့် ၃၀၀၀ ကြား | ယွမ် ၄၀ သန်း နှင့် ၄၀၀ သန်း | ယွမ် ၃၀ သန်းနှင့် ၃၀၀ သန်းကြား |
| | လက္ကာလုပ်ငန်း | ၁၀၀ နှင့် ၂၀၀ ကြား | | ယွမ် ၃၀ သန်း နှင့် ၃၀၀ သန်း |
| | လက်လီအရောင်း | ၁၀၀ နှင့် ၂၀၀ ကြား | | ယွမ် ၁၀ သန်းနှင့် ၁၅၀ သန်းကြား |
| | ပို့ဆောင်ရေး | ၅၀၀ နှင့် ၃၀၀၀ ကြား | | ယွမ် ၃၀ သန်း နှင့် ၃၀၀ သန်းကြား |
| | စာတိုက်လုပ်ငန်း | ၄၀၀ နှင့် ၁၀၀၀ ကြား | | ယွမ် ၃၀ သန်း နှင့် ၃၀၀ သန်းကြား |
| | ဟိုတယ်နှင့်စားသောက်ဆိုင် | ၄၀၀ နှင့် ၈၀၀ ကြား | | ယွမ် ၃၀ သန်း နှင့် ၁၅၀ သန်းကြား |

တရုတ်နိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်း၏ အဓိပ္ပာယ် သတ်မှတ်ချက်သည် ရှုပ်ထွေးလျက်ရှိသည်။ SMEs များတွင် အတန်အသင့်ကြီးမားသော လုပ်ငန်းများပါသည်။ အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး (APEC) အဖွဲ့ဝင်နိုင်ငံများတွင် SMEs ၏အဓိပ္ပာယ်သတ်မှတ်ချက်သည် ယေဘုယျအားဖြင့် ဝန်ထမ်းအရေအတွက်ပေါ်တွင် အခြေခံသည်။ SMEs လုပ်ငန်းများတွင် သာမန်အားဖြင့် ဝန်ထမ်း ၁၀၀ မှ ၅၀၀ ထိရှိသည်။ ကိုယ်ပိုင်လုပ်ငန်းတွင် ဝန်ထမ်း ၅ ဦး (သို့) ၅ ဦးအောက်လည်းရှိသည်။

တရုတ်နိုင်ငံရှိ SMEs ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် လုပ်ငန်းအမျိုး အစားပေါ်တွင် မူတည်သည်။ ယင်းသည်ဝန်ထမ်းအရေအတွက်၊ နှစ်စဉ်ဝင်ငွေနှင့် ကုမ္ပဏီရှိစုစုပေါင်း ပုံသေပိုင်ဆိုင်မှုတန်ဖိုးတို့ပေါ်တွင် အခြေခံ၍သတ်မှတ်သည်။ စက်မှုလုပ်ငန်းဆိုင်ရာ အသေးစားနှင့် အလတ်စားလုပ်ငန်းသည် ဝန်ထမ်း ၂၀၀၀ ထိရှိခြင်းအပေါ် အဓိပ္ပာယ်သတ်မှတ်သည်။ အလတ်တန်းစားအဆင့် စီးပွားရေးလုပ်ငန်းတွင် ဝန်ထမ်း (၃၀၁) ဦးနှင့် (၂၀၀၀) ဦးကြားရှိသည်။ အသေးစားလုပ်ငန်းတွင် ဝန်ထမ်း ၃၀၀ ထက်နည်းသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ SME ၏ အဓိပ္ပာယ်သတ်မှတ်ချက်သည် အခြားနိုင်ငံများရှိလုပ်ငန်းများနှင့်ယှဉ်လျှင် လုပ်သားဦးရေပိုမိုများပြားနိုင်သည်။

**SME များ၏ အခန်းကဏ္ဍ**

တရုတ်နိုင်ငံ၏ စီးပွားရေးတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်းစုစုပေါင်း၏ သုည ဒသမ ၁၉ ရာခိုင်နှုန်းသည် ကုမ္ပဏီကြီးများဖြစ်ပြီး အရေအတွက်အားဖြင့် ၄၄၉၅ ရှိသည်။ အလတ်စားစီးပွားရေးလုပ်ငန်းများ အရေအတွက်မှာ ၄,၂၂၉၁ ရှိသည်။ အသေးစားလုပ်ငန်းများသည် တရုတ် နိုင်ငံ တွင် လုပ်ငန်းဆောင်ရွက်နေသော စုစုပေါင်းကုမ္ပဏီများ ၏ ၉၉ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်း များ၏ စက်မှု လုပ်ငန်းဝင်ငွေသည် ၆၆ ဒသမ ၂၈ ရာခိုင်နှုန်းရှိသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍ အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်မှုမြင့်တက် နေသည်။ အကြီးစားလုပ်ငန်းများသည် စုစုပေါင်းဝန်ထမ်းများ၏ ၁၈ ဒသမ ၁၁ ရာခိုင်နှုန်းကို ခန့်ထားကြသည်။ အလတ်စားလုပ်ငန်းများသည် စုစုပေါင်းဝန်ထမ်းများ၏ ၃၀ ဒသမ ၇၆ ရာခိုင်နှုန်းရှိသည်။ အသေးစား လုပ်ငန်းများသည် စုစုပေါင်းဝန်ထမ်းများ၏ ၅၁ ဒသမ ၁၃ ရာခိုင်နှုန်းကို ခန့်ထားကြသည်။

**SME မူဝါဒများ**

တရုတ်နိုင်ငံတွင် SME လုပ်ငန်းများနှင့် ပတ်သက်၍ စီမံအုပ်ချုပ် ရေးဌာနလေးခုရှိသည်။ ယင်းတို့မှာ အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်း လဲရေးအကော်မရှင်၊ နိုင်ငံခြားတိုင်းပြည်များနှင့် SME ပူးပေါင်း ဆောင်ရွက်ရေးအတွက် တရုတ်နိုင်ငံ၏ ညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာန၊ တရုတ်နိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများအဖွဲ့အစည်း များနှင့် ပြည်နယ်တိုင်းရှိဒေသဆိုင်ရာဌာနများဖြစ်သည်။ SMEs လုပ်ငန်းများ စီမံဆောင်ရွက်သော ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒများနှင့် စီမံချက် များကို ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။

တရုတ်အစိုးရက SME လုပ်ငန်းများကို နည်းလမ်းအမျိုးမျိုးဖြင့် အထောက်အကူပေးလျက်ရှိသည်။ ပထမအချက်မှာ ၂၀၀၃ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော SME မြှင့်တင်ရေးဥပဒေသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ပြည်သူလူထုအထောက်အကူရရှိရေးဆိုင်ရာ အခြေခံ လုပ်ငန်းများကို ချမှတ်ခဲ့သည်။ ယင်းဥပဒေနှင့် အညီအစိုးရသည် ဥပဒေ နှင့်ညီသော SMEs ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုဝင်ငွေများနှင့်ယှဉ်၍ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးသည်။ အစိုးရစီမံအုပ်ချုပ်ရေးဌာနများသည် SME လုပ်ငန်းများ၏ ဥပဒေရေးရာအခွင့်အရေးများကို ကာကွယ်ပေးသည်။ ယင်းအခွင့် အရေးများတွင် မှန်ကန်သော ယှဉ်ပြိုင်မှုနှင့် မှန်ကန်သောကုန်သွယ်မှု ဆိုင်ရာအခွင့်အရေးများ ပါဝင်သည်။ နိုင်ငံတော်အနေဖြင့် နည်းလမ်းအမျိုးမျိုးမှတစ်ဆင့် SME ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးအခန်း ကဏ္ဍများကိုလည်း သတ်မှတ်ပေးသည်။

ဒုတိယအချက်မှာ ၂၀၀၅ ခုနှစ်တွင် အစိုးရသည် "ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အခြား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်း၊ အထောက်အပံ့ပေးခြင်းနှင့် လမ်းညွှန်မှုပြုခြင်းဆိုင်ရာ နိုင်ငံတော်ကောင်စီ" (အစိုးရမဟုတ်သော စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေအပိုဒ် ၃၆ ခုအပါအဝင်) ဟူသည့်ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ခဲ့သည်။

ယင်းသည် အစိုးရမဟုတ်သော စီးပွားရေးလုပ်ငန်းများက ဈေးကွက်ဆက်သွယ်ရာတွင် လွယ်ကူစေခဲ့သဖြင့် ပိုပိုကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်သော SMEs များအဖြစ်ရပ်တည်ခဲ့သည်။ တတိယအချက်အနေဖြင့် အစိုးရသည် ၂၀၀၆ ခုနှစ်တွင် SME တိုးတက်မှုစီမံကိန်းကိုထုတ်ပြန်ခဲ့သည်။ ယင်း၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် မူဝါဒနှင့် စည်းမျဉ်းဆိုင်ရာစနစ်တည်ဆောက်ခြင်းကို မြှင့်တင်ရန်။

၂။ အသေးစားနှင့်အလတ်စားလုပ်ငန်း၏ လူမှုဝန်ဆောင်မှုစနစ်ကို ပျိုးထောင်ပေးရန်။

➲စာမျက်နှာ ၃၂ သို့

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် အဝင်နည်း

ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာလ ၅ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၀၆၉၉၅၉၂ တန်ဖိုးရှိ ဒီဇယ် ၁၂၉ ဒသမ ၂၁၁ တန် နဲ့ ကန်ဒေါ်လာ ၁၅၁၁၈၉၁၂ တန်ဖိုးရှိဓာတ်ဆီ ၂၁၁ ဒသမ ၄၉၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ဓါတ်ဆီ ကို မလေးရှားနဲ့ စင်ကာပူနိုင်ငံတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မှာ ဒီဇယ်အဝင်မှာ တန် ၄၆၆ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၃၀ ကျော် အဝင်လျော့ခဲ့ပြီး ယခင်တစ်ပတ်ဓာတ်ဆီအဝင်မှာ ၅၀၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ချိန် ၂၉၃ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လအတွင်း ဓာတ်ဆီ၊ ဒီဇယ် တင်ပို့မှုမှာ တန်ချိန်၁၉၇၀ ကျော်ရှိခဲ့ပြီး ဩဂုတ်လအတွင်း တင်ပို့မှုမှာ တန်ချိန် ၃၃၇၇ တန်ကျော်ရှိခဲ့တာကြောင့် ဩဂုတ်လမှာ တန်ချိန်၁၄၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ စက်တင်ဘာ ၇ ရက်နေ့မှ ဩဂုတ် ၁၁ရက်နေ့ အတွင်းရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ် ဈေးနှင့်နှိုင်းယှဉ်ကြည့်ရင်ရန်ကုန်မှာ ဓာတ်ဆီဈေးအနည်းငယ်မြင့်ပြီး ဒီဇယ်ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ ဒီဇယ်မှာဈေးငြိမ်နေပြီး အောက်တိန်း(92)နဲ့ အောက်တိန်း(95) မှာဈေးကျလာတယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း (92) ၆၉၀ ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ စက်တင်ဘာလ ၇ ရက်နေ့ ဓာတ်ဆီ ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၇၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာစက်တင်ဘာ၉ ရက်နေ့မှာ ဝယ်ဈေး ဈေးငြိမ်နေသော်လည်း ရောင်းဈေး ၃၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ဒီဇယ်ဈေးမှာ စက်တင်ဘာလ ၇ ရက်မှာ ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး၁၂၆၀၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ အောက်တိန်း၊ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၇၅၅ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာစက်တင်ဘာလ ၇ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၈ ရက်နေကမှ စပြီး ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ကျပ် ဈေးကျအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဓာတ်ဆီဈေးမှာ စက်တင်ဘာလ ၇ ရက်နေ့ ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ဓါတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာဓာတ်ဆီမှာ ဈေးအနည်းငယ်ကျခဲ့ပြီး ဒီဇယ်မှာ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊အောက်တိန်း၊ ဈေးငြိမ်ပြီးဒီဇယ်မှာ ဈေးအနည်းငယ်ကျပြီးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၆၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီ ဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၇၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရှိရပါတယ်။

**MIRT-DOT**

## Energy NYMEX 11-9-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.70 | -0.22 | -0.48 |
| Brent Crude Futr (USD/bbl) | 48.80 | -0.09 | -0.18 |
| Gasoline Rbob Fut (Cent/gal) | 139.02 | -0.34 | -0.24 |
| Natural Gas Futr (USD/MMBtu) | 2.69 | 0.00 | 0.11 |
| Heating Oil Futr (Cent/gal) | 157.38 | -0.09 | -0.06 |

## ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းများ မြင့်တက်မှုကြောင့် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်း များသည် ယခုတစ်ပတ်အတွင်း နေ့စဉ်မြင့်တက်လာမှုကြောင့် ပြည်တွင်းရှိ ငွေလဲကောင်တာများတွင် နေ့စဉ်မြင့်တက် နေရခြင်းဖြစ်ကြောင့်ငွေလဲစင်တာမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ပြီးခဲ့တဲ့တစ်ပတ်ကတည်းက မြင့်တက်နေတာ။ ဒီတစ်ပတ်မှာ ဗဟိုဘဏ်ကလည်း တစ်ပတ်ထဲမှာကို သုံးကြိမ် ပြောင်းတယ်။ ၈ရက်၊ ၉ ရက်၊ ၁၁ ရက် ဆက်တိုက်ပဲ ငွေလဲနှုန်းကို ပြောင်းတာ။ သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းက နေ့စဉ် တက်နေတော့ အပြင်ဈေးတွေမှာလည်း လိုက်တက်နေရတာပဲ။ ဘဏ်တွေက ရောင်းပေးတယ် ဆိုပေမယ့် အကန့်အသတ်နဲ့ပဲ ရောင်းပေးတာဖြစ်တော့ အပြင်ဈေးကွက်ကိုပဲ အားထားနေရတာပဲ။ ဘဏ်တွေမှာ တချို့ဘဏ်တွေ က ဒေါ်လာသုံးရာ၊ တချို့ဘဏ်တွေက ဒေါ်လာငါးရာ အဲဒီလောက်ပဲ ရောင်း ပေးနေပါတယ်။ ဒါကြောင့်လည်းအပြင်ဈေးကွက်မှာ ဒေါ်လာဝယ်လိုအားကပြန်တက်လာတာပါ။ ပို့ကုန်ပိုင်းမှာလည်း နည်းနေတော့ ဒေါ်လာအဝင်က နည်းနေတယ်။ ဆန်ပြန်ပို့ခွင့်ရရင်တော့ ဈေးနည်းနည်းပြန်ကျလာမယ်လို့ထင်ပါတယ်"ဟု အနော်ရထာလမ်းပေါ်ရှိ ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စက်တင်ဘာလ ၇ ရက်နေ့တွင် ရည်ညွှန်းငွေလဲနှုန်းကို ၁၂၇၉ ကျပ်ဟု သတ်မှတ်ခဲ့သော်လည်း စက်တင်ဘာလ ၉ ရက်နေ့တွင် ၁၂၈၂ ကျပ်သို့လည်းကောင်း၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ၁၂၈၀ ကျပ်သို့လည်းကောင်း တိုး မြှင့်သတ်မှတ်ခဲ့သည်။

ပြင်ပငွေဈေးကွက်တွင် စက်တင်ဘာလ ၇ ရက်နေ့က ရောင်းဈေး ၁၂၈၆ ကျပ်၊ ဝယ်ဈေး ၁၂၈၀ ကျပ်ရှိခဲ့ရာမှ စက် တင်ဘာလ ၈ ရက်နေ့တွင် ရောင်းဈေး ၁၂၈၈ ကျပ်၊ ဝယ်ဈေး ၁၂၈၄ကျပ်သို့ လည်းကောင်း၊ စက်တင်ဘာလ ၉ ရက် နေ့တွင် ရောင်းဈေး ၁၂၉၁ကျပ်၊ ဝယ်ဈေး ၁၂၈၇ ကျပ်သို့လည်းကောင်း၊ စက် တင်ဘာလ ၁၁ရက်နေ့တွင် ရောင်းဈေး ၁၂၉၀ ကျပ်၊ ဝယ်ဈေး ၁၂၈၅ကျပ်သို့ လည်းကောင်း အသီးသီး မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေး ကျဆင်းနေသော်လည်း ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေ၍ ပြည်တွင်းရွှေဈေးများ အတက်ဈေးအတိုင်းသာရှိနေ

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးများ ကျဆင်းလျက်ရှိသော်လည်း ပြည်တွင်းတွင် ငွေလဲနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိသဖြင့်ပြည်တွင်းရွှေဈေးများမှာ ကျဆင်းသွားခြင်းမရှိဘဲ အတက်ဈေးဖြင့်သာ ရှိနေကြောင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် ဝယ်လိုအားကျဆင်းနေသဖြင့် ကမ္ဘာ့ရွှေဈေးများ ဆက်တိုက်ကျဆင်းနေပြီး တစ်အောင်စလျှင် ၁၁၀၅ ဒေါ်လာအထိကျဆင်းသွားသော်လည်း မြန်မာ့ရွှေဈေးမှာ လိုက်ပါ ကျဆင်းသွားခြင်းမရှိဘဲ အတက်ဈေးဖြင့်သာ ရှိနေကြောင်း၊ ငွေလဲနှုန်းများ ဆက်လက်မြင့်တက်လာပြီး ပြည်တွင်းငွေတန်ဖိုး ဆက်လက်ကျဆင်းနေသဖြင့် မြန်မာ့ရွှေဈေးများ ဆက်လက်မြင့်တက်နေရခြင်း ဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

"ကမ္ဘာမှာ ရွှေဈေးတွေက တော်တော်လေးကို ကျဆင်းနေတယ်။ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၁၀၀ လောက်အထိ ကျဆင်းသွားပေမယ့်မြန်မာ့ရွှေဈေးကလိုက်ပြီးကျမသွားဘူး။ ပြည်တွင်းက ကျပ်ငွေတန်ဖိုးက တစ်နေ့တခြား ပိုပြီးကျဆင်းလာတယ်။ ဒေါ်လာက အားကောင်းလာတယ်။ ပို့ကုန်တွေက နည်းလာတော့ ဒေါ်လာက အဝင်နည်းနေတယ်လို့ ဆိုရမှာ။ ဒါကြောင့် ဒေါ်လာဈေးက အမြင့်ပိုင်းကို ရောက်နေတယ်။ ဒေါ်လာဈေး တက်လာလေ ရွှေဈေးက ပြန်တက်လေဖြစ်နေတာပဲ။ ရွှေဈေးက တက်နေတော့ ဈေးကွက်ထဲမှာ အရောင်းရော အဝယ်ရော မရှိသလောက်ပဲ။ မရောင်းမဖြစ်ရောင်းတဲ့သူတွေလောက်ပဲရှိတယ်"ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

မြန်မာ့ရွှေဈေးသည် စက်တင်ဘာလ ၇ရက်နေ့တွင် ကျပ် ၇၆၈၀၀၀ ရှိခဲ့ပြီး စက်တင်ဘာလ ၉ရက်နေ့တွင် ကျပ် ၇၆၆၀၀၀ သို့ အနည်းငယ်သာကျဆင်းခဲ့သည်။ စက်တင်ဘာလ ၁၁ ရက်တွင် ၇၆၄၀၀၀ သို့ အနည်းငယ် ဆက်လက်ကျဆင်းခဲ့သည်။ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၇ ရက်တွင် ၁၁၂၁ ဒေါ်လာရှိခဲ့ရာမှ စက်တင်ဘာ ၁၀ရက်တွင် ၁၁၀၅ ဒေါ်လာသို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

September 11, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.42 |
| BDT | Bangladesh Taka | 77.21 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.37 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 66.38 |
| IDR | Indonesia Rupiahs | 14207.02 |
| JPY | Japan Yen | 120.79 |
| MYR | Malaysia | 4.31 |
| PKR | Pakistan Rupees | 104.34 |
| PHP | Philippines Pesos | 46.84 |
| RUB | Russia Rubles | 67.39 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1184.74 |
| LKR | Sri Lanka Rupe | 137.84 |
| THB | Thailand Baht | 36.06 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 22471.91 |

*Source : xe.com*

## World Gold Price

September, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 7 | 1120 | 1120 | 1120 |
| 8 | 1117 | 1118 | 1118 |
| 9 | 1120 | 1120 | 1119 |
| 10 | 1105 | 1105 | 1105 |
| 11 | 1110 | 1110 | 1111 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 7-9- 2015 | 766.50 | 766.50 |
| 8-9- 2015 | 768.00 | 767.50 |
| 9-9- 2015 | 768.00 | 768.10 |
| 10-9- 2015 | 764.00 | 763.30 |
| 11-9- 2015 | 764.00 | 763.40 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 7 | 6 .40 | 36.02 | 77.76 | 66.74 |
| 8 | 6. 37 | 36.18 | 77.78 | 66.63 |
| 9 | 6 38 | 36.05 | 77.70 | 66.32 |
| 10 | 6 .38 | 36.18 | 77.74 | 66.54 |
| 11 | 6.37 | 36.06 | 77.21 | 66.38 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 7-September | 14.61 | 1816.19 | 1617.95 | 5227.71 | 991.00 |
| 8-September | 14.50 | 1785.06 | 1605.63 | 5244.96 | 989.00 |
| 9-September | 14.75 | 1848.00 | 1650.21 | 5505.02 | 1000.00 |
| 10-September | 14.69 | 1841.95 | 1635.42 | 5466.27 | 985.00 |
| 11-September | 14.74 | 1837.92 | 1634.57 | 5486.43 | 984.00 |

Source:kitco.com

## ဘိလပ်မြေ



### ရေကြောင်းလမ်းမှ ဘိလပ်မြေတန်ချိန် ခြောက်သောင်းကျော်ဝင်

ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာ ၅ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၀၄၈၈၂၂ တန်ဖိုးရှိ ဘိလပ်မြေ ၆၀၃၀၅ ဒသမ ၃၃ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၀၈ တန်၊ စင်ကာပူမှ တန် ၇၀၀၀ နဲ့ ထိုင်းနိုင်ငံမှ ၅၃၁၉၇ ဒသမ ၃၃ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းသုံးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၇၂၈၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လအတွင်း ဘိလပ်မြေအဝင်စုစုပေါင်းမှာ တစ်သိန်းနှစ်ထောင်ကျော်ရှိခဲ့ပြီး ဩဂုတ်လအဝင်မှာ တန်ချိန် နှစ်သိန်းတစ်သောင်းနှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဩဂုတ်လမှာ ၉၀ ဒသမ ၁၇၆ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေ ဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာလ ၅ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၀၃၀၅ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ အဝင်မှာ ၄၃၀၂၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန် ၁၇၂၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၄၆၇၄ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၄၆၀၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၅ တန် ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းရော နယ်စပ်လမ်းမှ ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်ပုံမှန်ရှိနေပေမယ့် ဈေးငြိမ်နေတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၆၁၀၀ကျပ်၊ စိန် ၆၀၀၀ ကျပ်၊အပါချီ ၅၅၀၀ ကျပ်၊ကြံ့နှစ်ကောင်(အနီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင် (အစိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ မိုးကာလဆောက်လုပ်ရေးလုပ်ငန်းများ နားနေတာကြောင့် အရောင်းပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်(ထိုင်း) က ၅၀ကျပ်ဈေးကျခဲ့ပြီးကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း) ၅၁၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၀၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဆိုင်မှသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးပေမယ့် ထိုင်းနိုင်ငံမှ ဘိလပ်မြေများဖြစ်တဲ့ စိန်နဲ့ဆင်က ၂၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန် (ယိုးဒယား) ၇၄၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၅၁၀၀ကျပ်၊ ကျားခေါင်း ၄၉၀၀ကျပ်၊နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၉၀၀ ကျပ် ဆင်(ယိုးဒယား) ၇၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### တရုတ်၊ စင်ကာပူ၊ ထိုင်းနဲ့ ဗီယက်နမ်မှ မြေဆီများဝင်

ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာ ၅ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၄၅၄၀၀ တန်ဖိုးရှိ မြေဩဇာ ၆၃၇၅ ဒသမ ၀၀၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၃၉၂၄ ဒသမ ၆၀၃ တန်၊ စင်ကာပူနိုင်ငံမှ ၂၇၉ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၃၀၇ ဒသမ ၄၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၈၆၄ တန် ဝင်လာခဲ့ပါတယ်။ တရုတ်နိုင်ငံမှ အများဆုံးဝင် လာခဲ့ပြီး ထိုင်းနိုင်ငံမှ ဒုတိယအများဆုံးဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ကွန်ပေါင်းနဲ့ အခြားအမျိုးအစားများဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်မြေဩဇာအဝင်မှာ တန်ချိန် ၄၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၃၆၀ ကျော်အဝင်ပိုခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လ မြေဩဇာအဝင်မှာ တန်ချိန်သုံးသောင်းသုံးထောင်ကျော်ရှိခဲ့ပြီး ဩဂုတ်လမှာ တန်ချိန် နှစ်သောင်းနှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဩဂုတ်လမှာ ၄၁၆၇ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်

ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၅ ရက် အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၆၃၇၀ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၀၀၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ တန်ချိန် ၂၃၆၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၉၉၀၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၄၂၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၄၇၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှရော နယ်စပ်လမ်းမှပါ မြေဩဇာအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးဈေးကွက်မှာ ဈေးငြိမ်ကာ မော်လမြိုင်မှာ ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက မိုးသီးနှံ စိုက်ခင်းများကြောင့် ရောင်းအားကောင်းနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ -အသေးက ၈၀၀ ကျပ်၊ ကွန်ပေါင်း၁၅ ပတ်လည်(ပန်းရောင်)က ၁၀၀၀ ကျပ် ဈေးကျပြီး ကွန်ပေါင်း ၁၅ ပတ်လည် (အစိမ်း) က ၃၀၀ ကျပ်၊ ကွန် ပေါင်း ၁၆း၁၆း၈ က ၁၅၀၀ ကျပ်၊ တီစူပါ ၄၆% က ၃၀၀ ကျပ်နဲ့ တီစူပါ ၁၆% က ၅၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေ တဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည်(ထိုင်း) ၃၆၈၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ ပတ်လည်(ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၂၈၀၀ ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ- တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက မိုးသီးနှံအတွက် မြေဆီအသုံး ရှိနေတာကြောင့် အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ တီစူပါ ၁၆%နဲ့ ၁၂% က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၄၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၄၃၀၀ ကျပ်၊ တီစူပါ(GTSP ၄၆%-တရုတ်) ၂၂၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်း ဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** သနပ်ဖက် စိုက်ခင်းအတွက် မြေဩဇာ အဝယ်လိုက်ပေမယ့် ဒီတစ်ပတ်မှာ မြေဆီဈေးတွေ ငြိမ်နေခဲ့တယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၅၅၀၀ ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်)၁၇၀၀၀ကျပ်၊ ဓာတ်ဆား(တရုတ်)၁၆၇၀၀ကျပ်၊ ပိုတက် (တရုတ်) ၂၆၈၀၀ ကျပ်၊ယူရီးယား (ယူအေအီး) ၂၂၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက အရောင်းပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၄၅၀၀ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၁၈၀၀ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၃၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ၃၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

### အိုကေနဲ့ ဒွန်းနှံ့ဆီဝင်

ပြည်တွင်းကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၅၀၄၀၀ တန်ဖိုးရှိနှံ့ဆီ ၂၆၀ ဒသမ ၄၀ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိုကေနှံ့ဆီ ၂၄၈ ဒသမ ၄၀ တန်နဲ့ ဒွန်းနှံ့ဆီ ၁၂တန်ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်နှံ့ဆီအဝင်မှာ ၁၇၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၈၆ တန်ကျော် အဝင်ပိုခဲ့ပါတယ်။

နှံ့မှုန့်က တရုတ်နိုင်ငံမှ သုညဒသမ ၀၅၄ တန်၊ ဩစတြေးလျမှ ၁၈ တန်နဲ့ နယူးဇီလန်မှ ၂၂၇ ဒသမ ၅၂၆ တန်ဝင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ ၉၇ တန်ကျော်သာ ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၄၈ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၉/၈ မှ ၄/၉ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၂/၈ မှ ၂၈/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၈၅.၀၀ | ၂၅၅၁.၅၀ | (-) | ၁၂၆၆.၅၀ |
| ၂။ | လွယ်ဂျယ် | ၃၅၂.၀၀ | ၅၀၆.၀၀ | (-) | ၁၅၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၅၀.၀၀ | - | (+) | ၂၅၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၇၀၂.၀၀ | ၂၄၄၄.၀၀ | (-) | ၇၄၂.၀၀ |
| ၅။ | တာချီလိတ် | ၆၀.၀၀ | ၃၀၀၅.၀၀ | (-) | ၂၉၄၅.၀၀ |
| ၆။ | မြဝတီ | ၁၈၉၀.၂၅ | ၉၄၀.၀၀ | (+) | ၉၅၀.၂၅ |
| ၇။ | ကော့သောင်း | ၆၉၄၀.၀၀ | ၄၉၂၂.၅၀ | (+) | ၂၀၁၇.၅၀ |
| ၈။ | မြိတ် | ၂၁၉၅.၀၀ | ၂၄၀.၀၀ | (+) | ၁၉၅၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၄၆၇၄.၂၅ | ၁၄၆၀၉.၀၀ | (+) | ၆၅.၂၅ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၉/၈ မှ ၄/၉ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၂/၈ မှ ၂၈/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၃၂၁.၇၅၀ | ၁၃၀၂၄.၄၀၀ | (+) | ၄၂၉၇.၃၅၀ |
| ၂။ | လွယ်ဂျယ် | ၁၇၇.၀၀၀ | ၃၁၉.၅၀၀ | (-) | ၁၄၂.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၅၆၆.၀၀၀ | ၁၁၀၀.၀၀၀ | (+) | ၄၆၆.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၄၁၆.၃၀၀ | ၉၀၈.၆၀၅ | (-) | ၄၉၂.၃၀၅ |
| ၆။ | ကော့သောင်း | ၉၆.၅၀၀ | ၇၆.၀၀၀ | (+) | ၂၀.၅၀၀ |
| ၇။ | မြိတ် | ၃၀.၀၀ | - | (+) | ၃၀.၀၀၀ |
| ၈။ | ရိုဒ် | ၃၀၀.၀၀ | - | (+) | ၃၀၀.၀၀၀ |
| | စုစုပေါင်း | ၁၉၉၀၇.၅၅၀ | ၁၅၄၂၈.၅၀၅ | (+) | ၄၄၇၉.၀၄၅ |

တင်တင်ထွန်း MIRT (DCCA)

# နှမ်း/ပဲပုပ်

## ဝယ်လိုအားများလာမှုကြောင့် နှမ်းဈေးများမြင့်တက်

စက်တင်ဘာလ ပထမပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးတို့မှ ကန်ဒေါ်လာ ၃ ဒသမ ၈၆၇ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၃၁၅၀ တန်ကျော်၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ နှမ်းနက် ၂၈ တန်နဲ့ တာချီလိတ် ကုန်သွယ်ရေးမှ နှမ်းဖြူ တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၇၅၀၀၄၉ ကျပ်၊ နှမ်းနက် တစ်တန် ၂၀၄၃၃၀၄ ကျပ်ရှိရာမှာ ယခုတစ်ပတ်တွင် နှမ်းဖြူဈေး ၁၇၇၄၃၃၁ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၇၀၇၆၃ ကျပ်သို့ နှမ်းဈေးများ ပြန်လည်မြင့်တက်လာပါတယ်။ တရုတ်အဝယ်လိုက်လာတာကြောင့် နှမ်းဈေးများမြင့်လာခဲ့ပြီး ယခုတစ်ပတ်အတွင်း နှမ်းဝယ်လိုအား မြင့်တက်နေတယ်လို့ နှမ်းလုပ်ငန်းရှင်များက ပြောပါတယ်။ မန္တလေးနှမ်းဈေးကွက်အတွင်း တရုတ်ဝယ်လိုအားကြောင့် နှမ်းရောင်စုံဈေးတွေမြင့်လာခဲ့ပြီး ၄၅ ပိဿာဝင်နှမ်းတစ်အိတ်ကို ကျပ် ၂၀၀၀ မှ ၇၀၀၀ ထိဈေးမြင့်တက်လာတယ်လို့ သိရပါတယ်။စခန်းအလိုက် တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံ တန်ချိန်တွေ ဖော်ပြပေးလိုက်ပါတယ်-

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ | တာချီလိတ် |
|---|---|---|---|---|
| နှမ်းဖြူ | ၃၅. ၂၅ | ၆၄၁ | - | ၁၀၀ |
| နှမ်းနက် | - | ၂၂၃၀ | ၂၈ | - |
| နှမ်းညို | - | ၁၉၀ | - | - |
| နှမ်းဖြူ(အခွံချွတ်) | ၅၄. ၀၀ | - | - | - |

မော်မော်အောင်

## ပြည်ဈေးကွက် နှမ်းဈေးပြန်မြင့်ပြီး မြေပဲဆန်ဈေးကျလာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးအနည်းငယ်ကျပြီး နှမ်းဈေးပြန်တက်လာတာ တွေ့ရပါတယ်။ နှမ်းကို မြန်အောင်၊ ကြံခင်းဘက်မှ တစ်နေ့ကို အိတ် ၇၀၀ ခန့်ဝင်ရောက်၍ နှမ်းနက်ကို အောင်လံ ဝယ်လက်များက အဝယ်ရှိပြီး နှမ်းနီကို ဆီစက်သမားများက အဝယ်ရှိနေတာ တွေ့ရပါတယ်။ မိုးနှမ်းမှာ အရည်အသွေးမီ၍ဝယ်လက်များအကြိုက်တွေ့သဖြင့် ဈေးပြန်မြင့်လာတာ ဖြစ်ပါတယ်။ မြေပဲဆန်ကို ရွှေတောင်၊ ကျီးသဲ၊ ဝက်ထီးကန်ဘက်မှ တစ်နေ့ကို အိတ် ၁၀၀၀ ခန့် ဝင်ရောက်လာတဲ့အတွက် မြေပဲဝင်ရောက်မှုများလာ၍ ဈေးအနည်းငယ် ကျလာတာ ဖြစ်ပါတယ်။ မြေပဲဆန်ကို မန္တလေးဝယ်လက်များက အဝယ်ရှိပြီး ဆီဆန်ကို ဆီစက်များကအဝယ်ရှိနေတာ တွေ့ရပါတယ်။ မြေပဲဆန်မှာဈေးကွက်တွင် လှိုင်လာသဖြင့် ဈေးအနည်းငယ်ကျလာ တာတွေ့ရပါတယ်။ မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာကို ၂၄၀၀ ကျပ်နဲ့ လုံးဆန် တစ်ပိဿာ ၂၆၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်ဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၃၃၀၀၀ ကျပ်၊ ရိုးရိုးနှမ်းနက် တစ်တင်း ၅၃၀၀၀ ကျပ်နဲ့ စမုံနှမ်းနက် တစ်တင်း ၇၀၀၀၀ ကျပ်ဖြင့် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။

ဝေဝေမင်း-ပြည်

# စားအုန်းဆီ

## ရက်သတ္တခြောက်ပတ်အတွင်း စားအုန်းဆီဈေး အမြင့်ဆုံးနှုန်းသို့ ရောက်ရှိလာ

ရောင်းချထားတဲ့ စားအုန်းဆီရှယ်ယာများကို ပြန်လည်အဝယ်လိုက်လာခြင်းနဲ့ ကုန်ထုတ်လုပ်မှု ကိန်းဂဏန်းများ မထုတ်ပြန်မီ ယခင်ကရှိခဲ့တဲ့ ကိန်းဂဏန်းအခြေအနေများအပေါ် မူတည်တွက်ချက်ပြီး စားအုန်းဆီဝယ်ယူမှုတွေ ပြန်လည်မြင့်တက်လာခဲ့တဲ့အတွက် မလေးရှားစားအုန်းဆီကြို ရောင်းဈေးက ရက်သတ္တပတ် ခြောက်ပတ်အတွင်း အမြင့်ဆုံးကို ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

စက်တင်ဘာ ၁၀ ရက်နေ့ ဈေးပိတ်ချိန်က ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)မှာ နိုဝင်ဘာလအတွက် ချုပ်ဆိုတဲ့ အခြေခံစံထားဈေးနှုန်းက ၁ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်ပြီး တစ်တန်ကို ၂၁၁၄ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၄၈၉ )အထိ ရှိခဲ့ပါတယ်။ စောစောပိုင်း စားအုန်းဆီဈေးက တစ်တန်ကို ၂၁၃၂ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ ဇူလိုင် ၂၉ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။ တစ်လအတွင်း စားအုန်းဆီဈေး မြင့်တက်မှုနှုန်းက ၆ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

စက်တင်ဘာ ၁၀ ရက်နေ့မှာ စားအုန်းဆီရောင်းချမှု ပမာဏက ၂၅ တန်ရှိအတွဲ ၄၉၈၇၆ တွဲရှိခဲ့ရာ တစ်ရက် ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ ရဲ့အထက်မှာရှိနေတာကို တွေ့ရပါတယ်။

ဈေးနှုန်းက စံချိန်သစ်တင်တဲ့အထိ မြင့်တက်လာခဲ့ပါတယ်။ ဈေးကွက်အခြေအနေကို ခန့်မှန်းဝယ်ယူ တာဖြစ်ပြီး ဈေးကွက်ရဲ့ ကိန်းဂဏန်းအခြေအနေတွေကို လေ့လာတွက်ချက်ပြီး ဝယ်ယူလာတဲ့အရေအတွက်က ပိုမိုများပြားကြောင်း ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးကပြောပါတယ်။

စားအုန်းဆီရဲ့အမြင့်ဆုံးဈေးနှုန်းက တစ်တန်ကို ၂၁၁၃ ရင်းဂစ်အထိ ရောက်ရှိနိုင်ကြောင်း။ အဲဒီဈေးကနေ ထပ်ပြီးမြင့်တက်ဦးမယ်ဆိုရင်တော့ တစ်တန်ကို ၂၁၇၁ ရင်းဂစ်နှုန်းအထိ မြင့်တက်သွားနိုင်ကြောင်း ရိုက်တာ သတင်းဌာနမှ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုကပြောပါတယ်။

မလေးရှားရင်းဂစ်တန်ဖိုး နိမ့်ကျလာတဲ့အတွက် ပြည်ပမှ ဝယ်လက်တွေအနေနဲ့ စားအုန်းဆီဈေး သက်သာလာနိုင်တာကြောင့် မကြာသေးမီရက်သတ္တပတ်များအတွင်း စားအုန်းဆီဈေးကွက်ကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

အခြားဟင်းရွက်ဆီ ဈေးကွက်တွေကိုကြည့်ရင် တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ်ဈေးက သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဈေးကွက်မှာ ဒီဇင်ဘာအတွက် ပဲပုပ်ဆီ စာချုပ်ဈေးက သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

ရေနံစိမ်းဈေးနှုန်း အခြေအနေကိုကြည့်ရင် စတော့ဈေးကွက်ခိုင်မာမှုကြောင့် ရေနံစိမ်းဈေးနှုန်းတွေ တည်ငြိမ်လာခဲ့ပေမယ့် ရောင်းလိုအား ပိုမိုမြင့်တက်မှုအတွက် စိုးရိမ်မှုတွေရှိနေဆဲဖြစ်ပါတယ်။ ဟင်းရွက်ဆီတွေကို ပြန်ပြည့်မြဲစွမ်းအင်ထုတ်လုပ်ရာမှာ တိုးတက်အသုံးပြုလာကြတဲ့အတွက် စားအုန်းဆီဈေးကလည်း ရေနံစိမ်းဈေးနှုန်းရဲ့ အလားအလာအခြေအနေပေါ် မူတည်ပြီး အတက်အကျ ဖြစ်နိုင်ပါတယ်။

ဉာဏ်တင်

## ပြည်တွင်းဆီဈေးနှုန်းများ (၄-၉-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၅၀ | △ |
| ရန်ကုန် | ၇၀၀၀ | ၆၅၀၀ | ▽ | ၄၅၀၀ | ၄၅၀၀ | □ | ၁၃၃၀ | ၁၃၆၀ | △ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၂၀ | ၁၄၄၀ | △ |
| ပဲခူး | ၃၆၀၀ | ၃၆၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၂၀ | ၁၄၀၀ | ▽ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၅၀၀ | ▽ |
| မုံရွာ | ၆၀၀၀ | ၆၀၀၀ | □ | ၃၈၀၀ | ၃၉၀၀ | △ | ၁၄၉၀ | ၁၅၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၇-၉-၂၀၁၅ မှ ၁၁-၉-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၇-၉-၂၀၁၅ | ၅၆၀ |
| (၂) | ၈-၉-၂၀၁၅ | ၅၆၀ |
| (၃) | ၉-၉-၂၀၁၅ | ၅၆၅ |
| (၄) | ၁၀-၉-၂၀၁၅ | ၅၇၀ |
| (၅) | ၁၁-၉-၂၀၁၅ | ၅၇၀ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၁-၉-၂၀၁၅ US$/Ton

| အမျိုးအစား | စက်တင်ဘာလပထမပတ် | စက်တင်ဘာလဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၆၂.၀၀ | ၄၈၉.၀၀ | △ |
| RBD P.Olein | ၄၈၄.၅၀ | ၅၀၉.၀၀ | △ |
| RBD P.Strarin | ၃၉၆.၀၀ | ၄၀၀.၀၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၁- ၉ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၁၉၄.၀၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၂.၉၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၅.၉၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၀၈ |
| ဆီကန်သို လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၀.၅၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၂.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၂၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၂၂.၉၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၁-၉-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၅၇၀ဒေါ်လာ၊ FOB ၅၄၅ ဒေါ်လာနှင့် USD ဈေး ၁၂၈၂ ကျပ်) ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၁-၉-၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယား စစ်သည်များအားလစာ ၁၅ ရာခိုင်နှုန်းတိုးပေးမည်

လာမည့် ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက် လျာထားချက်များအား အာဏာရပါတီ (New Frontier Party) နှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနတို့ စက်တင်ဘာလ ၃ ရက်နေ့က ဆွေးနွေးရာတွင် အစိုးရက အကောင်အထည်ဖော်မည့် Peak wage system အား အထောက်အကူပြုသည့်အနေဖြင့် စစ်သည်များ၏ လစာတိုးပေးရန်နှင့် အငြိမ်းစား စစ်သည်များ၏ ပင်စင်အား တိုးမြှင့်ပေးရန် စသည့်ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ သို့သော်ယင်းကဲ့သို့ ဘတ်ဂျက်များ တိုးမြှင့်ချထားပေးခြင်းမှာ လာမည့်နှစ် ရွေးကောက်ပွဲအတွက် အာဏာရပါတီ၏ မဲဆွယ်မှု တစ်ခုသာဖြစ်ကြောင်း အတိုက်အခံ ပါတီမှ လွှတ်တော်အမတ်များက ဝေဖန်ခဲ့သည်။ Peak wage system အတွက် ယခင်လျာထား ဘတ်ဂျတ်သည် ၃၂ ဘီလီယံဝမ်သာ ရှိသော်လည်း ယခုအခါ ၅၂ ဒသမ ၁ ဘီလီယံဝမ်သို့ တိုးမြှင့်သတ်မှတ်ပေးမည်ဖြစ်သည်။

စစ်သည်အဆင့်အတန်းအသီးသီးအတွက် လစာများကိုလည်း ၁၅ ရာခိုင်နှုန်း တိုးပေးမည်ဖြစ်သည်။ Sunshine loan ဟု အမည်ရသည့် ဝင်ငွေနည်းမိသားစုများအတွက် ဘဏ်ချေးငွေ အစီအစဉ်ကို လည်း ၂၀၂၀ ခုနှစ်အထိ တိုးမြှင့်သတ်မှတ်ပြီး၊ ယင်းရန်ပုံငွေအတွက် ၁၇၅ ဘီလီယံဝမ် ထပ်မံထည့်သွင်းသွားမည် ဖြစ်သည်။ စစ်သည်အငြိမ်းစားများ၏ လစဉ်အငြိမ်းစားဆုကြေးကို ယခင် ဝမ် ၂၀,၀၀၀ တိုးမြှင့်ပေးခဲ့သဖြင့် အဆင့်အလိုက် ဝမ် ၂၃၀,၀၀၀ မှ ၂၅၀,၀၀၀ ကြား ရရှိကြမည်ဖြစ်သည်။ ကလေးငယ်များရှိသည့် အငြိမ်းစားစစ်သည်မိသားစုတို့အတွက် သုံးရာခိုင်နှုန်း တိုး၍ ရရှိမည်ဖြစ်သည်။ သို့ရာတွင် အဆိုပါသတ်မှတ်ချက်များကို အမျိုးသားလွှတ်တော်တွင် တင်ပြဆွေးနွေးရဦးမည်ဖြစ်သည်။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည့်လွှတ်တော်အစည်းအဝေးအပြီးတွင် ၂၀၁၆ ခုနှစ်အတွက် အသေးစိတ်ဘတ်ဂျတ် လျာထားချက်များကို ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကိုရီးယား၌ ဝင်ငွေနည်းလုပ်သားများ ပိုမိုများပြားလာ

ကိုရီးယားသမ္မတနိုင်ငံတွင်းရှိ အခြေခံလုပ်သားခုနစ်ဦးတွင် တစ်ဦးမှာ အနိမ့်ဆုံးလုပ်ခ(သို့မဟုတ်) ယင်းထက်နည်းသည့် လုပ်အားခကို ရရှိခံစားနေရသဖြင့် အဆိုပါ လုပ်အားခသည် အိုအီးစီဒီတိုင်းပြည်များကြားတွင် အဆိုးရွားဆုံးသော လုပ်သားများ၏ ဝင်ငွေစံနှုန်းဖြစ်နေပါသည်။ ဖော်ပြပါ Employment Outlook 2015 Report တွင် ကိုရီးယားလုပ်သားများ၏ ၁၄ ဒသမ ၇ရာခိုင်နှုန်းသည် အနိမ့်ဆုံး လုပ်ခ (သို့မဟုတ်) ယင်းထက်နည်းသည့် လုပ်ခကို ခံစားနေကြရပြီး အိုအီးစီဒီ နိုင်ငံ ၂၀ တွင် အမြင့်ဆုံးအချိုးဖြစ်သည်ကို တွေ့နိုင်ပါသည်။ ကိုရီးယား၏ အနိမ့်ဆုံးလုပ်ခအား နောင်နှစ်တွင် ၅,၅၈၀ ဝမ်မှ ၆,၀၃၀ ဝမ်အထိ တိုးမြှင့်ရန် အစိုးရက ထုတ်ပြန်ကြေညာထားသည်လည်း ရှိသည်။

ကိုရီးယားသမ္မတနိုင်ငံရှိ လစာမြင့်သော ကုမ္ပဏီကြီးများမှ ဝန်ထမ်းများ၏ လစာသည် အခြားအိုအီးစီဒီတိုင်းပြည်များမှ အလားတူဝန်ထမ်းများ၏လစာနှင့် ယှဉ်ပါကများစွာနိမ့်ပါးမှု မရှိသော်လည်း အစီရင်ခံစာ၏ ထုတ်ပြန်ချက် ၁၄ ဒသမ ၇ ရာခိုင်နှုန်းသည် အများဆုံးအချိုးအစားဖြစ်နေသည်မှာ နိုင်ငံတွင်းလုပ်ခလစာမြင့်လုပ်သားများနှင့် လစာနိမ့်လုပ်သားများကြားလုပ်အားခ ကွာဟချက်ကြီးမားမှုကို အထင်အရှားတွေ့နိုင်သည်။ ယနေ့အချိန်တွင် အိုအီးစီဒီ တိုင်းပြည်များတွင် ဆင်းရဲချမ်းသာကွာဟချက်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကထက်စာလျှင် များစွာကြီးမားလာနေကြောင်း၊ အိုအီးစီဒီ တိုင်းပြည်များရှိ ၁၀ ရာခိုင်နှုန်းသော လူချမ်းသာများ၏ ဝင်ငွေသည် လူဆင်းရဲ ၁၀ ရာခိုင်နှုန်း၏ ဝင်ငွေထက် ၉ ဒသမ ၅ ဆများနေကြောင်း အဆိုပါ အိုအီးစီဒီ အစီရင်ခံစာက ထပ်မံဖော်ပြထားခဲ့သည်။

အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်ပေးရန် တောင်းဆိုမှုများသည်လည်း ကမ္ဘာတစ်ဝန်းပေါ်ပေါက်နေသည်။ အမေရိကန်ပြည်ထောင်စုတွင် အနိမ့်ဆုံးတစ်နာရီလုပ်ခကို ၇ ဒသမ ၅ ဒေါ်လာမှ ၁၅ ဒေါ်လာထိ တိုးမြှင့်ပေးရန်တောင်းဆိုခဲ့ရာ အချို့သောပြည်နယ်များတွင် တိုးမြှင့်ပေးရန် အစိုးရက သဘောတူခဲ့သည်။ ဂျပန်နိုင်ငံတွင် ယခုဆောင်းဦးရာသီမှစ၍ တစ်နာရီ အနိမ့်ဆုံးလုပ်ခသည် ၇၉၈ယန်းသို့ တိုးမြှင့်ပေးမည်ဖြစ်သည်။ ကိုရီးယား၏ တစ်နာရီ အနိမ့်ဆုံးလုပ်ခသည် ၂၀၁၃ ခုနှစ် က ၄,၈၆၀ ဝမ် ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၅,၂၁၀ ဝမ်ဖြစ်ခဲ့သည်။ ကိုရီးယားလုပ် သားများက တစ်နာရီ အနိမ့်ဆုံးလုပ်ခကို ဝမ် ၁၀,၀၀၀ သို့ တိုးမြှင့်ပေးရန် တောင်း ဆိုခဲ့ကြသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အေတီအမ်စက်များမှ ငွေထုတ်ယူမှုပမာဏကို တောင်ကိုရီးယားတွင်လျှော့ချသတ်မှတ်

အေတီအမ်စက်များမှ ငွေပမာဏများစွာ ထုတ်ယူမည့် ဖောက်သည်များအတွက် စက်တင်ဘာ ၂ ရက်နေ့ကစ၍ အသိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။ ထုတ်ပြန်ချက်အရ ဝမ် ၁၀ သိန်းထက် ပိုမိုသည့် ငွေသားထုတ်ယူလိုသည့် ဘဏ်များ၏ ဖောက်သည်များသည် ငွေထုတ်ယူခြင်းကို အချိန်မိနစ် ၃၀ ကြာစောင့်ဆိုင်းရမည်ဖြစ်သည်။

ယခင်က အေတီအမ်စက်များမှ ငွေအများဆုံးထုတ်ယူနိုင်သည့် ပမာဏမှာ ဝမ်သိန်း ၃၀ သတ်မှတ်ထားရာမှ ဝမ် ၁၀သိန်းသို့ လျှော့ချသတ်မှတ်လိုက်သည်။ ယင်းသတ်မှတ်ချက်သည် ငွေထုတ်ယူခြင်းသာမက အေတီအမ်စက်များမှ ငွေလွှဲပြောင်း ခြင်းများလည်း အကျုံးဝင်မည်ဖြစ်သည်။ အကြောင်းရင်းမှာ ငွေကြေးဆိုင်ရာ အလွဲသုံးစားမှု၊ ရာဇဝတ်မှုများနှင့် အထူးသဖြင့် အသံဖြင့် စာတိုပို့ခြင်းဖြင့် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုကျူးလွန်ခြင်း (voice-phishing) တို့အား ကာကွယ် သွားရန်ဖြစ်ကြောင်း ကိုရီးယားငွေကြေး အာဏာပိုင်က ပြောဆိုခဲ့သည်။ သို့သော် ယင်းကန့်သတ်ချက်သည် ဘဏ်များသို့ ကိုယ်တိုင်သွားရောက်၍ ငွေကြေးထုတ်ယူ၊ လွှဲပြောင်းသူများအတွက် အကျုံးဝင်မည်မဟုတ်ချေ။

**သန့်ဇင် စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံတွင် AMI ကုမ္ပဏီကသတ္တုပြန်လည်သန့်စင်စက်ရုံတည်ဆောက်မည်

သတ္တုပြန်လည်သန့်စင်ရေးလုပ်ငန်းဆိုင်ရာ ကနေဒါကုမ္ပဏီတစ်ခုဖြစ်သော AIM (American Iron & Metal) သည် ၎င်း၏ ပထမဦးဆုံး ဥရောပအခြေစိုက်သတ္တုပြန်လည်သန့်စင်ရေးစက်ရုံအား ဘယ်လ်ဂျီယံနိုင်ငံ Ostend ဆိပ်ကမ်းတွင် တည်ဆောက်မည်ဖြစ်ပါသည်။ ၎င်း၏ ကနဦးမတည်ရင်းနှီးမြှုပ်နှံမှုပမာဏမှ ယူရို ၁၂ သန်းခန့်ဖြစ်ပါသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုစီမံချက်သည် Ostend ဆိပ်ကမ်းနှင့် AIM Recycling Europe တို့အကြား ဖက်စပ်စီမံချက်တစ်ခုဖြစ်ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဒေဝါလီခံရမှုနှုန်းကျဆင်းလာ

၂၀၁၅ ခုနှစ် ဇွန်လတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်း စုစုပေါင်း ၁၀၆၅ ခုဒေဝါလီခံခဲ့ပါသည်။ ထိုသို့စီးပွားရေးလုပ်ငန်းများ ဒေဝါလီခံရမှုကြောင့် အချိန်ပြည့်ဝန်ထမ်း ၁၁၉၈ ဦး၊ အချိန်ပိုင်းဝန်ထမ်း ၆၇၉ ဦး၊ လခစားအလုပ်ရှင် ၃၆၆ ဦးအလုပ်အကိုင်များဆုံးရှုံးခဲ့ပါသည်။

၂၀၁၅ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်းစုစုပေါင်း ၅၅၅၅ ခု ဒေဝါလီခံခဲ့ရပြီး လွန်ခဲ့သောနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက စီးပွားရေးလုပ်ငန်း ဒေဝါလီခံခဲ့ရမှုနှုန်းသည် ၂ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# မလေးရှားနိုင်ငံ ဗဟိုဘဏ်နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့အကြား ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုး

မလေးရှားနိုင်ငံ ဗဟိုဘဏ် (Bank Negara Malaysia) နှင့်ထိုင်းနိုင်ငံဗဟိုဘဏ် (Bank of Thailand) တို့သည် နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများတွင် ၎င်းတို့၏ငွေကြေးများ (ရင်းဂစ်နှင့်ဘတ်)ဖြင့် ပေးချေခြင်း မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကို ဩဂုတ်လ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေပေးချေရန် ပုဂ္ဂလိကကဏ္ဍအနေဖြင့် မလေးရှားရင်းဂစ်နှင့်ထိုင်းဘတ်အသုံးပြုမှု မြှင့်တင်ရန် ဗဟိုဘဏ်များ၏ ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနေပါသည်။ နှစ်နိုင်ငံ ဗဟိုဘဏ်တို့အကြား သဘောတူညီချက်သည် ငွေပေးချေမှုအတွက် အသုံးပြုသော ကမ္ဘာ့ငွေကြေးများ မတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်သော စွန့်စားရမှုများကို လျှော့ပါးစေမည်ဖြစ်ပြီး လုပ်ငန်းများ သို့မဟုတ် အရောင်းအဝယ်များအတွက် စရိတ်ကိုလျှော့ချနိုင်မည်ဖြစ်ပါသည်။

မလေးရှား-ထိုင်းနှစ်နိုင်ငံအကြား ငွေကြေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးမူဘောင် / သဘောတူညီချက်သည် အာဆီယံဒေသတွင်း၌ ပိုမိုကောင်းမွန်သော ငွေကြေးနှင့်စီးပွားရေး ပေါင်းစည်းမှုဖြစ်ပေါ်လာစေရန် လမ်းဖွင့်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါ သဘောတူညီချက်သည် မလေးရှားနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုကို ပိုမိုအားကောင်း လာစေမည်ဖြစ် ကြောင်း မလေးရှားနိုင်ငံဗဟိုဘဏ် ဥက္ကဋ္ဌ Dr.Zeti ကပြောကြားခဲ့ပါသည်။

အလားတူစွာပင် ငွေကြေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်သည် အာဆီယံအသိုက်အဝန်းတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအတွက် ငွေပေးချေရာတွင် ပြည်တွင်းငွေကြေးများ အသုံးပြုမှုမြှင့်တင်မည်ဆိုသော ကတိ(သဘောတူညီချက်) ကို ထောက်ပံ့ပေးသည့် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ၊ ထို့ပြင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေမည်ဖြစ်သည့်အပြင် ဒေသတွင်းစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည်ဟု ယုံကြည်ကြောင်း Mr.Prasarn ကပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား သဘောတူညီမှု(အစီအစဉ်)သည် မလေးရှားနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှု နှင့်ရင်းနှီးမြှုပ်နှံမှု စီးဆင်းခြင်း မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း၊ နားလည်မှုစာချွန်လွှာကို မလေးရှားနိုင်ငံဗဟိုဘဏ် ဥက္ကဋ္ဌ Zeti Akhtar Aziz နှင့်ထိုင်းနိုင်ငံဗဟိုဘဏ် ဥက္ကဋ္ဌ Mr.Prasarn Trairatvorakul တို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၏ ပြည်တွင်းဈေးနှုန်း အခြေအနေများ

## ၂၈–၈–၂၀၁၅

| စဉ် | အမည် | အမျိုးအစား | ရေတွက်ပုံ | ပြည်ပဈေးနှုန်း | |
|---|---|---|---|---|---|
| | | | | ဈေးနှုန်း (ယူရို) | ဈေးနှုန်း (ကျပ်) |
| စားသောက်ကုန်ဈေးနှုန်း | | | | | |
| ၁ | ဆန် | Basmati 1 Kg Bag | ပြည် | ၇.၆၆ | ၁၁၃၆၇.၄၄ |
| | | စပယ်ဆန် (ထိုင်း) 1 Kg Bag | ပြည် | ၁၀.၁၇ | ၁၅၀၉၂.၂၈ |
| | | Basmati (အိန္ဒိယ) 1 Kg Bag | ပြည် | ၃.၆၃ | ၅၃၈၆.၉၂ |
| | | Basmati (အိန္ဒိယ) 20 Kg Bag | ပြည် | ၅.၄၉ | ၈၁၄၇.၁၆ |
| | | Express ဆန် | ပြည် | ၁၂.၇၁ | ၁၈၈၆၁.၆၄ |
| | | ဆန်ကွဲ 1 Kg Bag | ပြည် | ၂.၃၁ | ၃၄၂၈.၀၄ |
| ၂ | ဂျုံမှုန့် | | ပိဿာ | ၁.၆၂ | ၂၄၀၄.၀၈ |
| ၃ | ပေါင်မုန့် | ပေါင်မုန့်ဖြူ | ကီလိုဂရမ် | ၂.၉၈ | ၄၄၂၂.၃၂ |
| ၄ | ဒိန်ခဲ | ပြည်တွင်းထုတ် | ကီလိုဂရမ် | ၁၆.၉ | ၂၅၀၇၉.၆ |
| ၅ | ဆီ | မြေပဲဆီ | ပိဿာ | ၅.၅၅ | ၈၂၃၆.၂ |
| | | ပြောင်းဖူးဆီ | ပိဿာ | ၃.၅၇ | ၅၂၉၇.၈၈ |
| | | နေကြာဆီ | ပိဿာ | ၂.၈၆ | ၄၂၄၄.၂၄ |
| | | ပဲပုတ်ဆီ | ပိဿာ | ၄.၅၈ | ၆၇၉၆.၇၂ |
| | | မြေပဲဆီ | ပိဿာ | ၇.၈၉ | ၁၁၇၀၈.၇၆ |
| | | ပြောင်းဖူးဆီ | ပိဿာ | ၄.၄ | ၆၅၂၉.၆ |
| | | နေကြာဆီ | ပိဿာ | ၄.၇၆ | ၇၀၆၃.၈၄ |
| ၆ | ကြက်သွန်နီ | ရိုးရိုး | ပိဿာ | ၁.၉၆ | ၂၉၀၈.၆၄ |
| | | အထူး | ပိဿာ | ၃.၄၁ | ၅၀၆၀.၄၄ |
| ၇ | ကြက်သွန်ဖြူ | | ပိဿာ | ၁၁.၀၉ | ၁၆၄၅၇.၅၆ |
| ၈ | အာလူး | ရိုးရိုး | ပိဿာ | ၂.၂၅ | ၃၃၃၉ |
| | | အထူး | ပိဿာ | ၃.၂၅ | ၄၈၂၃ |
| | | Bio | ပိဿာ | ၄.၃၉ | ၆၅၁၄.၇၆ |
| ၉ | ဆား | စားပွဲတင်ဆား | ပိဿာ | ၁.၁၉ | ၁၇၆၅.၉၆ |
| | | ရိုးရိုးဆား | ပိဿာ | ၀.၅၇ | ၈၄၅.၈၈ |
| | | အိုင်အိုဒင်းဆား | ပိဿာ | ၁.၆၃ | ၂၄၁၈.၉၂ |
| ၁၀ | သကြား | | ပိဿာ | ၁.၄ | ၂၀၇၇.၆၀ |
| ၁၁ | ကြက်ဥ | ရိုးရိုး | လုံး | ၀.၂၄ | ၃၅၆.၁၆ |
| | | Bio | လုံး | ၀.၄၉ | ၇၂၇.၁၆ |
| ၁၂ | ပြောင်းဖူး | | ဖူး | ၁.၀၀ | ၁၄၈၄.၀၀ |
| ၁၃ | မုန်လာဥနီ | ရိုးရိုး | ထုပ် | ၁.၁၅ | ၁၇၀၆.၆၀ |
| | | Bio | ထုပ် | ၂.၂၅ | ၃၃၃၉.၀၀ |
| ၁၄ | ခရမ်းချဉ်သီး | Roma | ပိဿာ | ၂.၇၆ | ၄၀၉၅.၈၄ |
| | | Grappe Tray | ပိဿာ | ၂.၄၃ | ၃၆၀၆.၁၂ |
| ၁၅ | ဂေါ်ဖီပန်းပွင့် | ရိုးရိုး | ပွင့် | ၁.၃၅ | ၂၀၀၃.၄၀ |
| | | Bio | ပွင့် | ၂.၅၉ | ၃၈၄၃.၅၆ |
| ၁၆ | ဂေါ်ဖီထုပ် | | ထုပ် | ၂.၅၉ | ၃၈၄၃.၅၆ |
| ၁၇ | သံပရာသီး | | ကီလို | ၂.၈၉ | ၄၂၈၈.၇၆ |
| ၁၈ | ခရမ်းသီး | | ပိဿာ | ၄.၀၇ | ၆၀၃၉.၈၈ |
| ၁၉ | ဂျင်း | | ကီလို | ၄.၅၀ | ၆၆၇၈.၀၀ |
| ၂၀ | ဆလပ်ရွက် | | ထုပ် | ၁.၈၉ | ၂၈၀၄.၇၆ |
| ၂၁ | ငှက်ပျော | သီးမွှေး | ဖီး | ၁.၆၉ | ၂၅၀၇.၉၆ |
| ၂၂ | ပန်းသီး | အလတ်စား | ပိဿာ | ၂.၇၁ | ၄၀၂၁.၆၄ |
| ၂၃ | စပျစ်သီး | | ပိဿာ | ၆.၅၀ | ၉၆၄၆.၀၀ |
| ၂၄ | လိမ္မော်သီး | | ပိဿာ | ၂.၇၆ | ၄၀၉၅.၈၄ |
| ၂၅ | ဝက်သား | ရိုးရိုးအသား | ပိဿာ | ၁၆-၇၄ | ၂၄၈၄၂.၁၆ |
| | | Bio | ပိဿာ | ၂၄.၄၁ | ၃၆၂၂၄.၄၄ |
| ၂၆ | အမဲသား | အသား | ပိဿာ | ၂၇.၃၅ | ၄၀၅၈၇.၄၀ |
| | | Bio | ပိဿာ | ၃၃.၄၆ | ၄၉၆၅၄.၆၄ |
| ၂၇ | ကြက်သား | အကောင်လိုက် | ပိဿာ | ၁၁.၅၁ | ၁၇၀၈၀.၈၄ |
| | | Bio | ပိဿာ | ၁၆.၃၁ | ၂၄၂၀၄.၀၄ |
| | | ပေါင်သား | ပိဿာ | ၈.၅၇ | ၁၂၇၁၇.၈၈ |
| ၂၈ | ပုစွန်ဖြူ | | ပိဿာ | ၂၂.၀၅ | ၃၂၇၂၂.၂၀ |
| ၂၉ | ငါးအသားလွှာ | Pangasius | ပိဿာ | ၁၆.၂၅ | ၂၄၁၁၅.၀၀ |
| | | ဆော်လမွန်ငါး | ပိဿာ | ၄၀.၇၄ | ၆၀၄၅၈.၁၆ |
| | | ငါးပြေမရိုးဝင်ငါး | ပိဿာ | ၂၄.၄၁ | ၃၆၂၂၄.၄၄ |
| | | ပင်လယ်ငါးပြား | ပိဿာ | ၂၆.၈၆ | ၃၉၈၆၀.၂၄ |
| | | ပင်လယ်ကကတစ် | ပိဿာ | ၃၅.၈၄ | ၅၃၁၈၆.၅၆ |
| ၃၀ | ဆိတ်သား | ဆိတ်နံရိုး | ပိဿာ | ၃၂.၀၉ | ၄၇၆၂၁.၅၆ |
| | | အသား | ပိဿာ | ၄၈.၉၇ | ၇၂၆၇၁.၄၈ |
| ၃၁ | နွားနို့ | မလိုင်မပါ | ပိဿာ | ၁.၇၆ | ၂၆၁၁.၈၄ |
| | | မလိုင်ပါ | ပိဿာ | ၂.၈၆ | ၄၂၄၄.၂၄ |
| ၃၂ | ရေသန့် | pH 7.5 | | ၀.၃၃ | ၄၈၉.၇၂ |
| | | pH 8 | | ၀.၄၉ | ၇၂၇.၁၆ |
| ဓာတ်အားခနှင့်လောင်စာဆီဈေးနှုန်း | | | | | |
| ၃၃ | လျှပ်စစ်ဓာတ်အားခ | Houehold | ယူနစ်(k Wh) | ၀.၁၆၄၃ | ၂၄၃.၈၂ |
| | | Industry | ယူနစ်(k Wh) | ၀.၁၀၈ | ၁၆၀.၂၇ |
| ၃၄ | ဓာတ်ငွေ့ခ | Houehold | ယူနစ်(k Wh) | ၀.၀၆၅ | ၉၆.၄၆ |
| | | Industry | ယူနစ်(k Wh) | ၀.၀၄ | ၅၉.၃၆ |
| ၃၅ | ဓာတ်ဆီ | Unleaded | လီတာ | ၁.၄၁၂ | ၂၀၉၅.၄၁ |
| ၃၆ | ဒီဇယ်ဆီ | | လီတာ | ၁.၁၈၅ | ၁၇၅၈.၅၄ |
| ၃၇ | LPG | | လီတာ | ၀.၄၁၆ | ၆၁၇.၃၄ |
| ဝန်ဆောင်မှုဈေးနှုန်းများ | | | | | |
| ၃၈ | Taxi ခ | Pick Up (နံနက် ၆ နာရီမှ ည ၁၀ နာရီထိ) | မြို့တွင်း/ မြို့ပြင် | ၂.၄၀ | ၃၅၆၁.၆ |
| | | မြို့တွင်း | ကီလိုမီတာ | ၁.၈၀ | ၂၆၇၁.၂၀ |
| | | မြို့ပြင် | ကီလိုမီတာ | ၂.၇၀ | ၄၀၀၆.၈၀ |
| | | Pick Up (နံနက် ၆ နာရီမှ ည ၁၀ နာရီထိ) | မြို့တွင်း/ မြို့ပြင် | ၄.၄၀ | ၆၅၂၉.၆၀ |
| | Taxi ခ | မြို့တွင်း | ကီလိုမီတာ | ၁.၈၀ | ၂၆၇၁.၂၀ |
| | | မြို့ပြင် | ကီလိုမီတာ | ၂.၇၀ | ၄၀၀၆.၈၀ |
| | | မြို့တွင်း/ မြို့ပြင် | တစ်နာရီ စောင့်ဆိုင်းခ | ၃၀.၀၀ | ၄၄၅၂၀.၀၀ |
| ၃၉ | ဘတ်စ်ကားခ/ ရထားခ/ Tram ကားခ | မြို့တွင်း | တစ်နာရီ (ယာဉ်အမျိုးမျိုးပြောင်းစီးနိုင်) | ၁.၄၀ | ၂၀၇၇.၆၀ |
| | | | | ၂.၁၀ | ၃၁၁၆.၄၀ |
| ၄၀ | ဆံပင်ညှပ်ခ | အမျိုးသား | ခေါင်း | ၂၁.၀၀ | ၃၁၁၆၄.၀၀ |
| | | အမျိုးသမီး | ခေါင်း | ၃၅.၀၀ | ၅၁၉၄၀.၀၀ |
| ၄၁ | တယ်လီဖုန်းခေါ်ဆိုခ | ပြည်တွင်း | တစ်မိနစ် | ၀.၁၃ | ၁၉၂.၉၂ |
| ၄၂ | အင်တာနက်အသုံးပြုခ | | 1 MB | ၀.၂၄ | ၃၅၆.၁၆ |
| | | | | | |

* ငွေလဲနှုန်း ၁ယူရို= ၁၄၈၄ ကျပ်

သစ်သီးဝလံ၏ ပျှမ်းမျှလက်ကားဈေးနှုန်းများ ( ၁၅-၈-၂၀၁၅ ရက်မှ ၂၁ - ၈ - ၂၀၁၅ ရက်အထိ)

| စဉ် | သစ်သီးအမည် | အမျိုးအစား | အလေးချိန် (ကီလိုဂရမ်) | ဈေးနှုန်း(ယူရို) | |
|---|---|---|---|---|---|
| | | | | အနိမ့်ဆုံး | အမြင့်ဆုံး |
| ၁ | ပန်းသီး | New-Zealand Royal Gala | ၁၈ | - | ၂၇ . ၀၀ |
| | | New-Zealand Pink Lady | ၁၈ | ၃၁ . ၀၀ | ၃၃ . ၅၀ |
| | | New-Zealand Pink Lady | ၁၂ . ၅ | - | ၂၅ . ၅၀ |
| | | New-Zealand Braeburn | ၁၈ | ၂၂ . ၀၀ | ၂၄ . ၅၀ |
| | | New-Zealand Fuji | ၁၈ | ၂၂ . ၅၀ | ၂၆ . ၀၀ |
| | | New-Zealand Jazz | ၁၈ | - | ၃၁ . ၅၀ |
| | | Brazilian Fuji | ၁၈ | ၁၃ . ၀၀ | ၁၈ . ၀၀ |
| | | Chilean Royal Gala | ၁၈ | - | ၂၇ . ၀၀ |
| | | Chilean Braeburn | ၁၈ | ၁၅ . ၀၀ | ၁၅ . ၅၀ |
| | | South African Granny Smith | ၁၈ | - | ၂၈ . ၅၀ |
| | | French Royal Gala | ၁၈ | ၂၀ . ၀၀ | ၂၆ . ၀၀ |
| ၂ | သံပုရာသီး | Brazilian Persian/Tahiti | ၄ - ၄ . ၅ | ၆ . ၅၀ | ၈ . ၅၀ |
| | | Maxican Persian | ၄ | ၆ . ၀၀ | ၆ . ၇၅ |
| ၃ | လိမ္မော်သီး | Maroc Late | ၁၅ | ၁၄ . ၀၀ | ၁၄ . ၂၅ |
| | | South - African Navel | ၁၅ - ၁၆ | ၁၂ . ၀၀ | ၁၃ . ၀၀ |
| | | South - African Midknight | ၁၅ | ၁၂ . ၀၀ | ၁၂ . ၅၀ |
| | | South - African Delta | ၁၅ | ၁၃ . ၅၀ | ၁၄ . ၀၀ |
| | | South - African Valencia | ၁၅ | ၁၁ . ၀၀ | ၁၃ . ၀၀ |
| ၄ | စပျစ်သီး | Spanish Superior Seedless | ၄ . ၅ - ၅ | - | ၉ . ၅၀ |
| | | Egyptian Sugraone | ၄ . ၅ - ၅ | - | ၇ . ၅၀ |
| | | Egyptian Red Globe | ၄ . ၅ | - | ၇ . ၅၀ |
| | | Italian Victoria | ၇ | ၈ . ၀၀ | ၁၁ . ၀၀ |
| | | Italian Sugraone | ၄ . ၅ | ၁၀ . ၀၀ | ၁၁ . ၅၀ |
| | | Italian Red Globe | ၇ | ၇ . ၅၀ | ၁၃ . ၅၀ |
| | | Italian Palieri | ၇ | ၈ . ၅၀ | ၁၁ . ၀၀ |
| | | French Lavallee | ၇ | ၁၂ . ၀၀ | ၁၅ . ၀၀ |
| ၅ | နာနတ်သီး | Costa - Rica Extra Sweet | ၁၁ | ၉ . ၅၀ | ၁၂ . ၀၀ |
| | | Panama Extra Sweet | ၁၁ | ၇ . ၀၀ | ၇.၀၀ |
| ၆ | သရက်သီး | Brazilian Tommy Atkins | ၄ | - | ၇.၅၀ |
| | | Brazilian Palmer | ၄ | ၆.၇၅ | ၇.၅၀ |
| | | Senegal Kent | ၄ | ၆.၇၅ | ၇.၅၀ |
| | | Israelian Maya(By air) | ၆ | - | ၂၄.၀၀ |
| | | Israelian Tommy Atkins | ၄ | - | ၅.၅၀ |
| | | Israelian Keitt | ၄ | - | ၇.၅၀ |
| | | Israelian Shelly(by air) | ၆ | - | ၁၁.၂၅ |
| | | Israelian Shelly/Lily | ၄ | ၇.၅၀ | ၈.၀၀ |
| ၇ | ထောပတ်သီး | Kenia Fuerte(by air) | ၄ | - | ၁၀.၂၅ |
| | | South-African Hass | ၄ | - | ၁၁.၅၀ |
| | | Peru Hass(ready to eat) | ၄ | - | ၁၅.၅၀ |
| | | Peru Hass | ၄ | ၁၀.၅၀ | ၁၄.၅၀ |
| ၈ | ဖရဲသီး | Spanish Seedless | ၁ | ၀.၄၅ | ၀.၆၅ |



# ကဖင်းမှော်ရုံတောမှာ မမောရလေအောင်

|တင်မာကြည်|

**ကဖင်း (Caffeine)**

ကဖင်းဆိုတာ လှုံ့ဆော်တတ်တဲ့ ဓာတ်တစ်မျိုးဖြစ်ပါတယ်။ လူသားတွေရဲ့စိတ်ကို တက်ကြွလန်းဆန်း စေတဲ့နည်းနဲ့ အကျိုးပြုနိုင်ပါတယ်။ များများစားမိရင်တော့ ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ ကဖင်းဓာတ်ပါတဲ့ အစားအစာတွေကတော့ လက်ဖက်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေနွေးကြမ်း၊ ကိုကိုး၊ ချောကလက်နဲ့ ကိုကာ ကိုလာတို့လို အချိုရည်အမျိုးမျိုးတို့ ဖြစ်ပါတယ်။ အထူးသဖြင့် အားဖြည့်အချိုရည်လို့ခေါ်တဲ့ Energy Drink တွေမှာ ပါပါတယ်။

**ကဖင်းနဲ့ကော်ဖီ**

ကဖင်းရဲ့ ကောင်းကျိုး/ဆိုးပြစ်တွေကို ပြောတဲ့အခါ ကော်ဖီနဲ့ယှဉ်တွဲပြီး ပြောပြပါမယ်။ ကဖင်းပါတဲ့ အစားအစာတွေ အများကြီးရှိပေမယ့် ကော်ဖီနဲ့ပဲ ယှဉ်တွဲပြောပြလိုတာက ကော်ဖီမှာ ကဖင်းဓာတ်ပါတယ်ဆိုတာ အများစုက သိပြီးဖြစ်တဲ့အပြင် ကြီးငယ်ရွယ်လတ်မရွေး၊ လူတန်းစားစုံက ကော်ဖီကို နှစ်သက်လက်ခံပြီး နေ့စဉ် စားသုံးတဲ့ အစားအစာအဖြစ် သတ်မှတ်စားသုံးနေကြလို့ပါ။ နောက်တစ်ခုက လက်ရှိပြည်တွင်းစားသောက်ကုန် ဈေးကွက်မှာ ကော်ဖီဈေးကွက်ဟာ စားသုံးမှုအများဆုံး စားသောက်ကုန်အမျိုးအစားထဲမှာ ပါဝင်နေသလို ဆက်လက်ကြီးထွားဆဲ ဈေးကွက် (Growth Market) လည်းဖြစ်နေလို့ပါ။ အထူးသဖြင့် Instant Coffee Mix ဈေးကွက်က ပမာဏကြီးမားသလို အပြိုင်အဆိုင်လည်းများပြီး ရုပ်သံ၊ ရေဒီယို၊ ဘီလ်ဘုတ်စတဲ့ ကြော်ငြာလို့ရတဲ့နေရာတိုင်းမှာ ကော်ဖီကြော်ငြာတွေက နေရာယူထားကြပါတယ်။ ဒါကြောင့် အစဉ်အမြဲ ရှင်သန်လှုပ်ရှားနေတဲ့ဈေးကွက်လို့လည်း ပြောနိုင်ပါတယ်။ ကော်ဖီက ဒီကနေ့ လူသုံးအများဆုံး စားသောက်တဲ့ အစားအသောက်တစ်မျိုး ဖြစ်တဲ့အပြင် လူတန်းစားမျိုးစုံ လက်ခံသုံးစွဲနေပြီး အိမ်တိုင်း၊ ဆိုင်တိုင်း၊ ရုံးတိုင်းလိုလိုမှာ အမြဲဆောင်ထားလေ့ရှိတဲ့ စားသောက်ကုန်တစ်ခု ဖြစ်နေပါတယ်။ လမ်းဘေးကွမ်းယာဆိုင်ကအစ ဟိုက်ပါမားကက်ကြီးတွေအထိ ကော်ဖီမစ်ကို အလွယ်တကူ ဝယ်ယူရရှိနိုင်လို့ သောက်သုံးမှုလည်းများပါတယ်။ ကော်ဖီသောက်သုံးမှုများသလို ကဖင်းရဲ့ ကောင်းကျိုး/ဆိုးပြစ်တွေကိုလည်း ကော်ဖီမှတစ်ဆင့် ရရှိခံစားပြီး ကဖင်းမှော်ရုံတောထဲမှာ မျက်စိလည်၊ လမ်းမှားတာတွေလည်း ရှိနိုင်ပါတယ်။ မှော်ရုံတောဆိုတာ ဝင်ပြီးရင် ထွက်ဖို့မလွယ်ဘူး။ မျက်စိလည် လမ်းမှားပြီး တဝဲလည်လည်ဖြစ်တတ်တယ်။ ထွက်ပေါက်ရှာရတာ တော်တော့်ကို ပင်ပန်းတယ် (မောပန်းတယ်)လို့ ကြားဖူးပါတယ်။ ကဖင်းမှော်ရုံတောထဲဝင်မိရင် (ကဖင်းကို စွဲစွဲမြဲမြဲစားသုံးမိရင်) ဖြစ်တတ်တဲ့လက္ခဏာတွေ၊ ကဖင်းစွဲလမ်းမှု ဝေဒနာတွေအကြောင်းနဲ့ ဒီဆိုးကျိုးတွေက လွတ်မြောက်လိုရင် ဘယ်လိုချင့်ချိန်စားသုံးရမယ်ဆိုတာတွေကို ဆက်လက်ပြောပြသွားပါမယ်။

**ကဖင်းငတ်မွတ်တောင့်တခြင်း (ကဖင်းစွဲလမ်းခြင်း)ဝေဒနာ**

ကဖင်းပါတဲ့ အစားအစာ၊ ဥပမာ-ကော်ဖီကို နေ့စဉ်စွဲစွဲမြဲမြဲနဲ့ များများသောက်သုံးသူတွေမှာ ဖြစ်ပွားတတ်ပါတယ်။ ဒီဝေဒနာဟာ ကဖင်းပါတဲ့ အစာရေစာတွေကို စားသုံးပြီး ၁၂ နာရီအကြာမှာ စတင်ဖြစ်ပွားတတ်ပါတယ်။ ၂၄ နာရီကြာပါက အမြင့်ဆုံးရောက်ရှိမှာဖြစ်ပါတယ်။ ဖြစ်တတ်တဲ့ လက္ခဏာတွေက (၁) ထိုင်းမှိုင်းလေးလံခြင်း၊ ခေါင်းကိုက်ခြင်း၊ (၂) အကြောတက်ခြင်း၊ ငိုက်မြည်းသမ်းဝေခြင်း၊ (၃)စိတ်ဓာတ်ကျ နေမိခြင်း၊ စိတ်ထဲမကျေနပ်စရာအဖြစ် တွေးနေမိခြင်း၊ (၄)အာရုံစူးစိုက်၍မရခြင်း၊ (၅)ဖျားနာချင်သလိုဖြစ်ခြင်း၊ ကြွက်သားကိုက်ခဲခြင်း၊ ပျို့ချင်၊ အန်ချင်ဖြစ်ခြင်းတို့ဖြစ်ပေါ်တတ်ပါတယ်။ ကဖင်းငတ်မွတ်ခြင်းဝေဒနာ ခံစားနေရသူတွေဟာ ကော်ဖီကို သောက်နေကျ နှုန်းထားအတိုင်း မသောက်မိဘဲ များစွာလျှော့သောက်မိရင် ဒါမှမဟုတ် လုံးဝမသောက်မိရင် ဒီဝေဒနာငါးမျိုးထဲက အနည်းဆုံးသုံးမျိုးကို ခံစားရမှာပါ။ ဒီလို ခံစားရတာဟာ ကဖင်းကြောင့်ဖြစ်တဲ့ဝေဒနာဆိုတာ သိနိုင်တဲ့ ဗဟုသုတရှိရင် ကော်ဖီကို ပုံမှန်အတိုင်း သောက်လိုက်တာနဲ့ ဖြစ်နေတဲ့ဝေဒနာတွေ ပျောက်သွားနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကဖင်းငတ်မွတ်တဲ့ဝေဒနာ ဖြစ်နေပြီဆိုတာကိုလည်း သတိရှိရပါမယ်။ ဒါမှသာ ကဖင်း ငတ်မွတ်တဲ့ဝေဒနာ (သို့မဟုတ်) စွဲလမ်းတဲ့ဝေဒနာကနေ လွတ်မြောက်အောင် ဆင်ခြင်နိုင်ပါမယ်။

**ကဖင်းအဆိပ်တက်ခြင်း**

ကဖင်းအဆိပ်တက်ခြင်းဝေဒနာလက္ခဏာ ၁၂ မျိုးလောက်ရှိပါတယ်။ ကဖင်းအဆိပ်တက်နေပြီဆိုရင် အနည်းဆုံးငါးမျိုးတော့ ကြုံရတတ်ပါတယ်။ ဒီလက္ခဏာတွေကတော့ ဂနာမငြိမ်ဖြစ်ခြင်း၊ မျက်နှာအန်းခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ညဘက် အိပ်မပျော်ခြင်း၊ အကြောဆွဲခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အတွေးများယောက်ယက်ခတ်နေခြင်း၊ စကားပြောဆိုရာမှာ တောင်ရောက်၊ မြောက်ရောက်ပြောဆိုနေမိခြင်း စတဲ့လက္ခဏာတွေဖြစ်ပါတယ်။

ကဖင်းဆိုတာ လူသားတွေကို အဆိပ်အတောက်ဖြစ်စေနိုင်ပေမယ့် ကဖင်းဓာတ်ပါတဲ့ အစားအစာတွေကို စားသုံးနေနိုင် တာဟာ အသည်းက တာဝန်ယူဖြေရှင်းပေးနေလို့ပါ။ မျိုးရိုးဗီဇအရ အသည်းအင်ဇိုင်းက ကဖင်းကို ဖြေရှင်းပေးနိုင်တဲ့နှုန်းကတော့ ကွာခြားမှုရှိပါတယ်။ ခန္ဓာကိုယ်ဇီဝကမ္မဖြစ်စဉ် (Metabolism) နှုန်း အနှေးအမြန်ကွာခြားတာကြောင့်ပါ။ တချို့က ကဖင်းကို ခန္ဓာကိုယ်မှ စွန့်ပစ်ချိန်ဟာ ၈ နာရီကျော်ကြာမြင့်ပြီး တချို့က ၂နာရီခန့်သာကြာတတ်ပါတယ်။ ကဖင်းကို ဖယ်ထုတ်နိုင်တဲ့ နှုန်းမြင့်မားသူတွေကို ကဖင်းက အန္တရာယ်မဖြစ်စေနိုင်ပါဘူး။ ဖယ်ရှားနှုန်းနှေးသူတွေကိုသာ အန္တရာယ်ပေးနိုင်တာပါ။ ကဖင်းပါတဲ့ စားသောက်စရာတွေကို နေ့စဉ်စားသောက်နေပေမယ့် ကဖင်းကြောင့်ဖြစ်တဲ့ ဝေဒနာတွေမဖြစ်ပေါ်ရင် အလွန်အကျွံမဖြစ်ဘူးလို့ ယူဆရပါမယ်။ အလုပ်ရှုပ်တိုင်း၊ စိတ်မငြိမ်တိုင်း၊ ပျင်းရိတိုင်း၊ ကော်ဖီ (သို့မဟုတ်) လက်ဖက်ရည်ကို သောက်မယ်ဆိုရင် နှလုံးအခုန်မြန်ခြင်း၊ ရင်တုန်ခြင်း၊ ကတုန်ကရင်ဖြစ်ခြင်း၊ အိပ်မပျော်ခြင်းတို့ ဖြစ်နိုင်ပါတယ်။ ဒီလိုဖြစ်တာ အချိန်ကြာလာရင် သွေးတိုးရောဂါရဖို့ အလားအလာလည်းများလာပါတယ်။

**ကဖင်းကိုစွဲလမ်းရတဲ့အကြောင်းရင်း**

ဖော်ပြပါ ဆိုးကျိုးတွေရှိနေပေမယ့် ကဖင်းကိုစွဲလမ်းရတာက လူသားတွေရဲ့ စိတ်ကို တက်ကြွလန်းဆန်း စေပြီး အလုပ်တွေကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်တယ်။ စိတ်ကူးစိတ်သန်းကောင်းတွေ ရနိုင်ပြီး ဉာဏ်ရည်ဉာဏ်သွေးလည်း ထက်မြက်စေနိုင်လို့ပါ။ ကဖင်းပါတဲ့ အစားအစာတွေဟာ အနံ့အရသာနဲ့ပြည့်စုံပြီး ကျေနပ်နှစ်သက်မှုကိုလည်း ပေးစွမ်းနိုင်ပါတယ်။ ဒါကြောင့်လည်း အလှူပွဲအမျိုးမျိုးနဲ့ အခမ်းအနားတိုင်းမှာ လက်ဖက်၊ လက်ဖက်ရည်နဲ့ ကော်ဖီတို့ကို အချိုပွဲအနေနဲ့ တည်ခင်းကြတာပါ။ ထမင်း(သို့မဟုတ်) မုန့်စားပြီးတဲ့အချိန်မှာ လက်ဖက် စားလိုက်ရမှ (သို့မဟုတ်) လက်ဖက်ရည်/ကော်ဖီ သောက်သုံးလိုက်ရမှ လက်ရှိစားသောက်မှုအပေါ်မှာ ပြီးပြည့်စုံတဲ့ ကျေနပ်မှုကို ခံစားရတာပါ။

**ကဖင်း၏သားကောင်များ**

ကော်ဖီ(သို့မဟုတ်) စွမ်းအားပြည့် အချိုရည်သောက်ပြီး စာကျက်လေ့ရှိတဲ့ ကျောင်းသား/ကျောင်းသူတွေ၊ ထမင်းထက် ကော်ဖီကို ပိုမို နှစ်သက်တဲ့ ITပညာရှင်တွေ၊ ကော်ဖီသောက်ပြီး ညဉ့်နက်ချိန်ထိ စာရေး/စာဖတ်လေ့ရှိတဲ့ စာရေး ဆရာတွေ၊ ကဗျာဆရာတွေဟာ ကဖင်းရဲ့ သားကောင်တွေ ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် အလုပ်တာဝန်အလွန်များသူတွေ၊ စိတ်ဖိစီးမှုများသူတွေဟာ အလုပ်ရှုပ်တိုင်း၊ စိတ်မကြည်လင်တိုင်း၊ လက်ဖက်ရည် (သို့မဟုတ်) ကော်ဖီကို တစ်ခွက်ပြီး တစ်ခွက် သောက်လေ့ရှိပါတယ်။ ဒီလိုသောက်ပါများရင် ကော်ဖီမသောက်ရပါက အလုပ်တွင်ကျယ်အောင် မလုပ်နိုင်တဲ့ အထိ ဖြစ်သွားနိုင်ပါတယ်။ ကဖင်းမှော်ရုံတောမှာ တဝဲလည်လည်နဲ့ ရုန်းမထွက်နိုင်တဲ့ အဆင့်ကို ရောက်သွားပြီး ကဖင်းရဲ့ သားကောင်ဖြစ်သွားတာပါ။ ဒီအခြေအနေမရောက်အောင် ဆင်ခြင်သောက်သုံးရပါမယ်။

**ဆင်ခြင်ရမယ့်နည်းလမ်းများ**

ကဖင်းငတ်မွတ်တောင့်တခြင်း (သို့မဟုတ်) ကဖင်းအဆိပ်တက်ခြင်းဖြစ်နေပြီလို့ သံသယရှိလာရင် ကော်ဖီသောက်ခြင်းကို တဖြည်းဖြည်းလျှော့ချပြီးမှ အပြီးဖြတ်ရပါမယ်။ ရုတ်တရက် လုံးဝမသောက်ဘဲ ဖြတ်ပစ်တာမျိုး မလုပ်ရပါဘူး။ ကဖင်းကို လုံးလုံးလျားလျား မစွန့်လွှတ်ချင်ဘဲနဲ့ ကဖင်းကို မှီခိုနေရတဲ့ဘဝက လွတ်လိုရင်တော့ ကော်ဖီ (သို့မဟုတ်) လက်ဖက်ရည်ကို အချိန်မှန်မှန်သောက်သုံးတာကနေ ရှောင်ရပါမယ်။ တစ်နေ့တာအတွက် ကော်ဖီ (သို့မဟုတ်) လက်ဖက်ရည်ကို နှစ်ခွက်သောက်ပြီးလို့နောက်တစ်ခွက် ထပ်သောက်ချင်သေးတယ်ဆိုရင် တခြားကဖင်းပါတဲ့ အစားအစာ ဘာစားမိသေးလဲဆိုတာ ပြန်စဉ်းစားရပါမယ်။ နေ့လည်ခင်းမှာ လက်ဖက်သုပ်စားမိသလား၊ ဒါမှမဟုတ် ချောကလက်ပါတဲ့မုန့်စားသေးလား၊ ကဖင်းပါတဲ့ အချိုရည်တစ်မျိုးမျိုးသောက်မိသေးလားဆိုတာ ပြန်သုံးသပ်ရပါမယ်။ တစ်နေ့ကို ကဖင်း ၁၀၀ မီလီဂရမ် ထက်ပိုပြီး မစားမိအောင် သတိထားရပါမယ်။ ဒီလို သတိထားရင် ကျန်းမာရေးမထိခိုက်နိုင်ပါဘူး။ ကဖင်းပါတဲ့ အစားအစာကို အချိန်အဆမရှိဘဲ စားမိလို့ ကိုယ်ခန္ဓာအတွင်း ရောက်ရှိတဲ့ ကဖင်းဓာတ်ဟာ ၂၅၀ မီလီဂရမ်ကျော် သွားရင် ကဖင်းအဆိပ်တက်နိုင်ပါတယ်။

Johns Hopkins University School of Medicine မှ ပါမောက္ခ ရိုလန်းဂရစ်ဖ်ရဲ့ အဆိုအရ ကဖင်းကို လိုအပ်မှသုံးစွဲရင် ကဖင်းကို မှီခိုနေရတဲ့ အဆင့်ကို မရောက်တာကြောင့် ကဖင်းငတ်မွတ်တောင့်တခြင်းလည်း ကင်းနိုင်တယ်လို့ဆိုပါတယ်။ လိုအပ်တဲ့အချိန်မှ ကဖင်းကို မှီဝဲရင် ပိုအစွမ်းပြနိုင်ပါတယ်။ အလုပ်များတဲ့အချိန် (သို့မဟုတ်) အချိန်အတိုင်းအတာတစ်ခုအတွင်း အပြီးဆောင်ရွက်ရမယ့် ကိစ္စတွေရှိလာတဲ့ အချိန်တွေမှာပဲ ကော်ဖီသောက် ပြီး အလုပ်လုပ်မယ်ဆိုရင် အလုပ်ကို ပိုတွင်ကျယ်အောင်လုပ်နိုင်ပြီး အကြံကောင်း၊ ဉာဏ်ကောင်းတွေလည်း ရနိုင်ပါတယ်။

ယနေ့အချိန်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ အစားအစာများကို စားသုံးနိုင်ရန်၊ အစားအစာလုံခြုံရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် သက်ဆိုင်ရာ မိတ်ဖက်ဌာနများနဲ့ ပူးပေါင်းပြီး အရှိန် အဟုန်တိုးမြှင့် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကတော့ ပြည်သူများ စားသုံးလိုက်တဲ့ အစားအစာများရဲ့ ဘေးထွက်ဆိုးကျိုးများအကြောင်း သိရှိနားလည်စေရန်၊ ဘေးအန္တရာယ်ကင်းသော အစားအစာများကို ရွေးချယ်ဝယ်ယူစားသုံးတတ်ရန်၊ အစားအစာထုတ်လုပ်သူများအနေနဲ့လည်း ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအစာများအဖြစ် ပြုပြင်ထုတ်လုပ်ရောင်း/ဝယ်ကြရန်၊ နောင်လာမယ့် အနာဂတ်မျိုးဆက်သစ်များရဲ့ ရေရှည်ဘဝကျန်းမာရေး၊ ပညာရေး ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးပြီး လူတိုင်းသက်တန်းစေ့ အသက်ရှင်နေထိုင်ရေးနဲ့ ရောဂါဘယကင်းရှင်းရေးကို သိရှိလာစေရန် ရည်ရွယ်ချက်တွေနဲ့ဟောပြောပွဲတွေ၊ သင်တန်းတွေ၊ ပြုလုပ်နေပါတယ်။ အနာဂတ်လူငယ်များ စုဝေးရာ ကျောင်းများ၊ ပြည်သူအများစု နေ့စဉ် ရောင်း/ဝယ်နေတဲ့ ဈေးများကို ကွင်းဆင်းပြီး ရောင်းချနေတဲ့ အစားအသောက်များကို စစ်ဆေးခြင်း၊ ပညာပေးခြင်း၊ ကောမတ်စ်ဂျာနယ်တွင် ပညာပေးဆောင်းပါးများ ရေးသားခြင်းတို့ကိုလည်း ဆောင်ရွက်နေပါတယ်။

သို့ပါ၍ ကဖင်းပါသော အစားအစာများကို ကြိုက်နှစ်သက်သူများအနေနဲ့ ကဖင်းရဲ့ကောင်းကျိုး/ဆိုးပြစ် တွေကို သိရှိနားလည်ပြီး ကဖင်းမှော်ရုံတောမှာ မမောပန်းဘဲနဲ့ ကဖင်းရဲ့ကောင်းကျိုးတွေကိုသာ ရယူခံစားနိုင်ရန်အတွက် ဖတ်မှတ်၊ လေ့လာထားသမျှကို မျှဝေပေးလိုက်ပါတယ်။

**Source:** (၁) ဒေါက်တာမြင့်မြင့်ခင်ရေးသော "သက်ရှည်ကျန်းမာ မြန်မာ့အစာ"စာအုပ်

(၂) ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလထုတ် MYANMAR INDUSTRIAL DIGEST VOL:13, No.3 တွင် လင်းဥမ္မာ ရေးသားသော "ကော်ဖီစွဲလမ်းခြင်းဝေဒနာ"ဆောင်းပါး

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၃/၂၀၁၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာလ ၁၀ ရက်နေ့ နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) တွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ၃/၂၀၁၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့် (ကိုယ်စား) စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ချိုက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၂/၂၀၁၅) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုံခြုံစိတ်ချရမှုမရှိသည့် ထုတ်ကုန်များနှင့် စားသုံးသူများမှ တိုင်ကြားလာသည့် တိုင်ကြားစာများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးရန်အခြေအနေ၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေသည့် အစားအသောက်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်ထုတ်ပြန်ကြေညာထားသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို စားသုံးသူများက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၏ အခြေအနေ၊ ထုတ်လုပ်ရောင်းချသူစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်တွင် မှန်ကန်ရှင်းလင်း သည့်သတင်းအချက်အလက်များ ပြည့်စုံစွာဖော်ပြပေးရန် အခြေအနေ၊ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုကြောင့် မဟုတ်ကြောင်း ဥပဒေနှင့်အညီ သက်သေပြနိုင်ပါက နာမည်ကောင်းပြန်လည်ရရှိရန် ဆောင်ရွက်နိုင်သည့်အခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်က စားသုံး သူ အကာအကွယ်ပေးရေးဥပဒေပုဒ်မ (၇)၊ ပုဒ်မခွဲ (ခ) တွင် ပါရှိ သည့် တာဝန်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ခြင်းနှင့် ပုဒ်မ (၈) တွင် ဖော်ပြထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အရေးယူပိုင်ခွင့်ရှိသည့်အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိ ပါ သည်။ **ခင်သီ (စားသုံးသူ)ရန်ကုန်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ပီလောပီနံစနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရန် နည်းပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်

ဧရာဝတီတိုင်းဒေသကြီးရဲ့ ပြည်ပပို့ကုန်အနက် တစ်ခုအပါအဝင်ဖြစ်တဲ့ ပီလောပီနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သာပေါင်းမြို့နယ် ခွေးကုတ်ကျေးရွာအုပ်စု၊ တောင်တက်ကြီးကျေးရွာတွင် စက်တင်ဘာလ ၅ ရက်နေ့က တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဦးစီးအရာရှိများ၊ မြို့နယ်တာဝန်ခံ၊ တိုင်းပီလောပီနံ စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးကျော်သူရ (ကျုံပျော်) တို့သည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံ ပီလောပီနံ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူဦးရေ ၁၀၀ ခန့်နှင့် တွေ့ဆုံပြီး နည်းပညာပေးဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။

ထိုနည်းပညာပေးဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဦးစိုးအောင်က တောင်တက်ကြီးကျေးရွာမူလတန်းကျောင်း၌ ပြုလုပ်သော ပီလောပီနံစိုက်ပျိုးထုတ်လုပ်သူ ဒေသခံတောင်သူများအား ယခုလိုနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် ပြည်ပနိုင်ငံများဖြစ်သော ဂျပန်၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံတို့မှ ပညာရှင်များဖိတ်ခေါ်ပြီး ပီလောပီနံ စိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်ပျိုးနည်းစနစ် သွင်းအားစုအသုံးပြုပုံ၊ ရင်းနှီးမြှုပ်နှံမှု ငွေကြေးအရင်းအနှီးများရယူလျက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရန် မိမိတို့ဌာနမှ ချိတ်ဆက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ပြည်ပဈေးကွက် ဝယ်လိုအားရှိသော ပီလောပီနံ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်ကာ မိမိတို့ဒေသရှိတောင်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာစေရန်၊ ခေတ်မီစိုက်ပျိုးရေးအဖြစ် ပြောင်းလဲလျက် စီးပွားရေးဖွံ့ဖြိုးသော ဒေသကြီးတစ်ခုဖြစ်လာစေရန်၊ ၎င်းအပြင် ကျုံပျော်ဒေသရှိ ပြောင်းလဲလာသော ပီလောပီနံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေမှု



နှင့် နိုင်ငံခြားသားများမှ စိုက်ခင်းများပြုလုပ်နေမှုတို့ကို လာရောက် လေ့လာနေမှုနှင့် သင်တန်းများ ပို့ချပေးနေမှုကို Projector ဖြင့် ရှင်းလင်းပြသပေးခဲ့ကြောင်း သိရပါတယ်။

တိုင်းဒေသကြီး ပီလောပီနံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးကျော်သူရ (ကျုံပျော်) က ပီလောပီနံ စတင်စိုက်ပျိုးခဲ့သည့်သမိုင်းကြောင်းများ၊ နိုင်ငံတကာမှ ပီလောပီနံအမျိုးအမည်များနှင့် ပီလောပီနံဖြင့် ထုတ်လုပ်သော အချိုမှုန့်၊ ဂလူးကို့စ်၊ သာကူစေ့၊ ပီလောပီနံမှုန့်၊ ခေါက်ဆွဲ၊ အရက်ချက်လုပ်ခြင်း၊ ရိုးရာအစားအစာ၊ အက်စစ် ပြုလုပ်ခြင်းအပြင် အခွံနှင့်အရွက်ကို တိရစ္ဆာန်အစားအစာနှင့် မြေဩဇာများပြုလုပ်ခြင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ပီလောပီနံမှာ ပြည်ပဈေးကွက်လိုအပ်ချက် အရ တန်ချိန် ၄၂ သန်းရှိသော်လည်း ထုတ်လုပ်နိုင်မှုပမာဏမှာ တန်ချိန် ၃၆ သန်းမျှသာရှိ၍ ဈေးကွက်နှင့် ထုတ်ကုန်တန်ဖိုး ခိုင်မာနေမှာဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် တိုးချဲ့စိုက်ပျိုးမှုနည်းပါးသဖြင့် မိမိတို့နိုင်ငံတွင် ထပ်မံတိုးချဲ့စိုက်ပျိုးဖို့လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသို့ ဧည့်သည်ပညာရှင်များလာရောက်ပြီး အကူအညီ များပေးရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလျက်ရှိပြီး ကလောစိုက်ပျိုးထုတ်လုပ်မှုအတွက် ဩစတြေးလျနိုင်ငံက အမေရိကန်ဒေါ်လာနှစ်သန်း အကူအညီပေးရန် ခွင့်ပြုထားကြောင်း၊ ပြည်ပနိုင်ငံပညာရှင်များက ကျုံပျော်ဒေသရှိ ကလောစိုက်တောင်သူများကိုအထွက် ကောင်းမျိုးများ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးနည်းစနစ်သင်တန်းများ ပို့ချပေးခြင်း၊ ယခုနှစ်မှာ ထိုင်း နိုင်ငံမှ တင်သွင်းလာသော ပီလောပီနံမျိုးသစ်များ စိုက်ပျိုးထားရှိပုံ၊ စိုက်နည်းစနစ်၊ သွင်းအားစုအသုံးပြုပုံ၊ အထွက်နှုန်းများကို Projector ဖြင့်ရှင်းလင်းပြသပေးပြီး တောင်ကြီးတက်ကျေးရွာကို ပီလောပီနံစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပညာပေးဆွေးနွေး ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်၍ သာပေါင်းမြို့နယ် တောင်ကြီးတက်ကျေးရွာမှ ဒေသခံကလောစိုက်တောင်သူ ဦးသက်ပိုင်ဖြိုး က ၎င်းကျေးရွာတွင် ၂၀၁၃ ခုနှစ်မှ စတင်၍ မိသားစုဝင် ၇၀ ဦးက စိုက်ဧက ၁၀၀ ခန့်ဖြင့် ကလောကို စတင်စိုက်ပျိုးခဲ့ ကြောင်း၊ မျိုး၊ သွင်းအားစု၊ နည်းပညာများအားနည်း၍ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ပြီး အကျိုးအမြတ်ရရှိမှုမှာ နည်းပါးကြောင်း၊ ယခုလိုနည်းပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးသည့်အတွက် မိမိတို့မှာ အသိပညာဗဟုသုတများစွာရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံမည့်သူများကို ဖိတ်ခေါ်ပြီး မိမိတို့လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုကြောင်း၊ မိမိတို့ဒေသမှာစိုက်ပျိုးနိုင်သည့် မြေလွတ်များစွာ ကျန်ရှိနေပြီး၊ မိမိတို့အနေဖြင့် စတင်စိုက်ပျိုးထုတ်လုပ်ရောင်းချသည့် စွန့်ဦးတီထွင်သူများဖြစ်၍ လိုအပ်သောနည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို အကူအညီပေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ထို့အပြင် ဆောင်ဘုံကျေးရွာနေ ဦးထွန်းလင်းကျော်နှင့် တောင်ကြီးတက်ကျေးရွာနေ ဦးဝင်းခိုင်တို့က သိလိုသည်များကို မေးမြန်းခဲ့ရာ ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဥက္ကဋ္ဌ ဦးကျော်သူရတို့က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းမှတ်က မိမိကျေးရွာအုပ်စု ပီလောပီနံတိုးချဲ့စိုက်ပျိုးရန် မြေလွတ်များစွာရှိနေသေးကြောင်း၊ တောင်သူများ ဝင်ငွေတိုးပွားလာစေရန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် အသိပညာဗဟုသုတများ လာရောက်ပေးသည်ဟု ထင်မြင်မိပါကြောင်း၊ နောင်တစ်ချိန်မှာ မိမိတို့ဒေသကို နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အကူအညီများပေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

**မင်းမင်းဦး-ပုသိမ်**

Commodity Exchange News
Vol: 15, No.35 Monday September 14 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၄–၉–၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ အိန္ဒိယရဲ့ ဝယ်လိုအားများမှုကြောင့် မတ်ပဲဈေးကောင်းရ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယရဲ့ ဝယ်လိုအား များလာတာကြောင့် ဈေးသိသာစွာ မြင့်လာပြီး တစ်တန်ကို ၁၅၂၈၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ပစ္စည်းလက်ကျန်တန်ချိန် သောင်းဂဏန်းဝန်းကျင်သာရှိတော့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို အိန္ဒိယဘက် မှလည်း ဈေးဖွင့်အဝယ်မရှိတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်အေးနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များနှင့် သိုလှောင်မည့်ကုန်သည်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၅၆၃ ကျပ် (တစ်တန်ကို ၉၅၇၁၆၅ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၇၉ ကျပ် (တစ်တန်ကို ၉၆၆၉၆၃ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်း(သစ်) အဝင်နည်း

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်း(သစ်)ဝင်ရောက်လာပေမယ့် အဝင်နည်းနေသေးကြောင်း အဖွင့်ဈေးက ၅၀ ကီလိုတစ်အိတ်ကို ၁၀၅ ယွမ် ဈေးပေါက်ကြောင်း သိရပါတယ်။ လက်ကျန်ပြောင်းတွေကတော့ တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူ ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၃ ယွမ်မှ အမြင့်ဆုံး ၁၀၃ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံအရောင်းအဝယ် ပုံမှန်ထက် အနည်းငယ်လျော့

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကို ပဲခွဲစက်တွေက ဝယ်လိုအား ပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး(ထိပ်စ) ကိုတော့ တရုတ်ဝယ်လက်က ဝယ်လိုအားအနည်းငယ်လျော့သွားပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၃၈ ကျပ် (တစ်တန်ကို ၁၁၈၆၈၁၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်နှင့် ကြာဆံစက်များက ဝယ်လိုအားနည်းသွားတာကြောင့် အရောင်းအဝယ်ပါပါးသွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၁၅၇၂ ကျပ်(တစ်တန်ကို ၉၆၂၆၇၇ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၆၄ ကျပ် (တစ်တန်ကို ၉၅၇၇၇၇ ကျပ်) နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၅၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ မိုးပဲတီစိမ်း(သစ်) ဝင်ရောက်လာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံက မိုးပဲတီစိမ်း(သစ်)တွေ ဝင်ရောက်လာပေမယ့် အရည်အသွေးလိုတာကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပဲတီစိမ်းကြီး (ထိပ်စ) တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)၊ ပဲတီစိမ်း(ပုံမှန်စ)တစ်ပိဿာ ၁၅၇၉ ကျပ်(တစ်တန်ကို ၉၆၆၉၆၃ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုတော့ မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနှင့် သိပ္ပံနှမ်း နေ့စဉ်အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၆၅၀ ကျပ်(တစ်တန်ကို ၁၀၁၀၄၄၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေး-ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၇၇၈ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းရောင်စုံ ပုံမှန်အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းမျိုးစုံကို ရန်ကုန်၊ မန္တလေးဝယ်လက်နှင့် ဆီစက်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ တစ်ပိဿာ ၂၆၀၀ ကျပ်၊ နှမ်းနီတစ်ပိဿာ ၂၄၄၄ ကျပ်၊ နှမ်းနက်တစ်ပိဿာ ၃၄၄၄ ကျပ်နှင့် သိပ္ပံနှမ်းနက်တစ်ပိဿာ ၄၆၆၇ ကျပ် ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၁၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲလက်ကျန်နည်း၊

ဒီတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ပုံမှန်ဈေးသာဈေးဖွင့်အဝယ်ရှိတာကြောင့် အရောင်းအဝယ် ပါးခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်း(သစ်)ဝင်ရောက်ပေမယ့် အစိုဓာတ်ကြောင့် အရောင်းအဝယ်နည်း

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်း (သစ်) တွေ စတင်ဝင်ရောက်ပေမယ့် မိုးကြောင့် အစိုဓာတ်ရှိတဲ့အတွက် Export ဝယ်လက်တွေ အဝယ်ပါးနေကြောင်း၊ လက်ကျန် ပြောင်းကလည်း မရှိသလောက်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၅၇၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## လားရှိုးဈေးကွက်မှာ ပြောင်းလက်ကျန်နည်းပေမယ့် တရုတ်ဝယ်လိုအား ပုံမှန်ရှိနေ

ဒီတစ်ပတ် လားရှိုးဈေးကွက်မှာရောင်းသူ ကုန်သည်တွေထံမှာ ပြောင်းလက်ကျန်နည်းနေပေမယ့် တရုတ်ဘက်ကတော့ ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၅၈၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၂ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည် များကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်း သိရပါတယ်။အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၅၇၅ ကျပ်(တစ်တန်ကို ၉၆၄၅၁၄ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၃၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲ ခွဲစက်တွေက ယခင်အပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၇၀ ကျပ် (တစ်တန်ကို ၉၆၁၄၅၂ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မြန်မာ့လက်ဖက်ခြောက် အရောင်းသွက်

စက်တင်ဘာလ ပထမပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၂၃၈၇၉ တန်ဖိုးရှိတဲ့ မြန်မာလက်ဖက်ခြောက် ၆၁ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်ကလည်း ၆၁ တန်တင်ပို့ခဲ့လို့ ထိုင်းနိုင်ငံကို လက်ဖက်ခြောက် ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။

၂၀၁၅ ခုနှစ် ဩဂုတ်လ တစ်လလုံးမှာလည်း တာချီလိတ်စခန်းကနေ လက်ဖက်ခြောက် ၁၅၃ တန် တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် လက်ဖက် ကို ရှမ်းပြည်နယ်မှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေကို တင်ပို့ရောင်းချကြတာလို့ သိရပါတယ်။

မော်မော်အောင်

# ဖျာပုံခရိုင်ရှိ မြို့နယ်များတွင် မိုးစပါးမပေါ်မီ ကာလအတွင်း ဆန်၊ စပါး ပြတ်လပ်မှုမရှိနိုင်

ဒီနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိပြည်နယ်/တိုင်းဒေသကြီးအတော်များများမှာ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေလျှံတက်မှုတွေကြောင့် ရေလွှမ်းမိုးမှုများနဲ့ ရင်ဆိုင်ခဲ့ကြရတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီလိုရေလွှမ်းမှုကြောင့် လယ်ယာမြေစိုက်ဧကများ ပျက်စီးဆုံးရှုံးမှုနဲ့ ကြုံတွေ့ခဲ့ကြရပါတယ်။ ကံအားလျော်စွာ ဖျာပုံခရိုင်အနေနဲ့ ဒီနှစ်ရေလွှမ်းမှုမှ လွတ်ကင်းခဲ့ပြီး မိုးစပါးအောင်မြင်ဖြစ်ထွန်းခဲ့တာကြောင့် ပုံမှန်ကောက်စောစပါးကို အောက်တိုဘာလဆန်းလောက်မှာ စတင်ရိတ်သိမ်းမှာဖြစ်ပြီး နိုဝင်ဘာ လကုန် ဒီဇင်ဘာပထမပတ်က စလို့ မိုးစပါးလှိုင်လှိုင်ထွက်ရှိတော့မှာဖြစ်ကြောင်း TPIS ဝန်ထမ်းများနဲ့ တောင်သူများထံမှသိရပါတယ်။

ယခုလတ်တလော ဈေးကွက်အတွင်း ဖြစ်ပေါ်နေတဲ့ ဆန်၊ ဆန်ကွဲ၊ ဖွဲနုဈေးများကို သိရှိလိုတာကြောင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေတဲ့ ဖျာပုံမြို့ ဒုတိယလမ်းရှိ အာရှနဂါးဆန်ဆိုင်မှ ဆိုင်ရှင်အား တွေ့ဆုံမေးမြန်းရာ . . . .

"ကျွန်တော့်ဆီကို ဆန်လာရောင်းတဲ့ ကျေးရွာတွေကတော့ ဖျာပုံတမံ၊ သဲအိမ်ကျောင်းစု၊ နောင်တော်ကြီး၊ သဲအိမ်တမံ၊ ကိုးအိမ်တန်း၊ ကျုံသွတ်တညီ၊ ဘန့်ဘွေးစု စတဲ့ ကျေးရွာက ပွဲစားကုန်သည်တွေ လာရောင်းကြသလို ဒေးဒရဲဘက်ခြမ်းကလည်း လာရောင်းကြပါတယ်။ ရေဘေးကာလအတွင်းမှာ အသင်းအဖွဲ့တွေ ကျောင်းသား လူငယ်အလှူရှင်တွေ အိတ် ၁၀၀၊ အိတ် ၂၀၀ လာဝယ်ကြပါတယ်။ အဲဒီဇူလိုင်လတစ်လထဲမှာ ပျမ်းမျှအိတ် ၄၅၀၀ လောက်ရောင်းရပါတယ်။ ဧည့်မထအုပ်စုက ရက် ၉၀ ဆန်တစ်အိတ်ကို ၂၃၀၀၀ ကျပ်ဈေးနဲ့ပါ။ တစ်နေ့ကို ပုံမှန်ရောင်းနေရတာကတော့ အိတ် ၄၀ ကနေ ၅၀အိတ်အတွင်း ရောင်းရပါတယ်။ အခြားဆန်လိုဒေသများဖြစ်တဲ့ ပခုက္ကူ၊ မြိတ်၊ ရန်ကုန်စတဲ့မြို့တွေက လာဝယ်ကြပါတယ်။ သူတို့လိုသလောက် ကျွန်တော့်မှာ ပစ္စည်းမရှိသလို တစ်ဝက်ပေးတစ်ဝက်ချန်အနေနဲ့လည်း မရောင်းနိုင်ပါဘူး။ ဒါကြောင့်မရောင်းဖြစ် ပါဘူး။ ဘယ်လိုဆန်မျိုး အရောင်းရဆုံးလည်းဆိုတော့ လူ ၁၀ ဦးမှာ ၄ ဦးက ပေါ်ဆန်းဆန်စားပြီး ၆ ဦးက ဧည့်မထဆန်စားတယ်လို့ ပြောရမှာပဲ။ တချို့ကလည်း အချောနဲ့အကြမ်းရောပြီးစားကြပါတယ်။ အဲဒီတော့ ဧည့်မထဆန်အမျိုးအစားက ပိုရောင်းရတယ်ပေါ့။ ယနေ့စက်တင်ဘာ ဒုတိယပတ်လောက်ထိ ဆန်ပေါက်ဈေးတွေကတော့ ရက် ၉၀ဆန် ထိပ်စ တစ်အိတ်ကို ၂၅၀၀၀ ကျပ်၊ ဧည့်မထ ရိုးရိုး ၂၃၀၀၀ ကျပ်၊ ပေါ်ဆန်း(ထိပ်စ) ၄၀၀၀၀ ကျပ်နဲ့ ရောင်းပါတယ်။ မိုးစပါးမပေါ်မီ မြို့နယ်အတွင်းမှာတော့ ဆန်စပါးပြတ်လပ်မှု မရှိနိုင်ပါဘူး။ လက်ကျန်စပါး မြို့နယ်အနေနဲ့ နည်းချင်နည်းသွားမယ်။ လုပ်ငန်းရှင်တွေရဲ့ လက်ထဲမှာ စပါးလက်ကျန်တွေ ရှိနေပါသေးတယ်"လို့ အာရှနဂါးဆန်ဆိုင်ပိုင်ရှင် ဦးမျိုးမင်းနိုင်က ပြောပါတယ်။

"ကျွန်တော့်ဆီကို လာရောင်းတဲ့ကျေးရွာတွေကတော့ ကြက်ဖမွေးဇောင်း၊ ဂေးဂု၊ ဗျိုင်းကဇီး၊ အလန်း ဖလွတ်၊ သပြေကန်၊ ကျိုက်ကမ္ဘာ၊ ပုလဲ၊ မမိုးစတဲ့ ကျေးရွာများက ကုန်သည်ပွဲစားများ ဟာလာဆန်စက်မှ လာရောက်ရောင်းချတဲ့ ဆန်များကို ဝယ်ယူပါတယ်။ ရေဘေးကာလ ဖြစ်နေတဲ့အချိန်မှာ မြို့ပေါ်နဲ့ ပင်လယ်ပိုင်းကျေးရွာတွေက လာဝယ်တာများပါတယ်။ ရေတွေကြီးနေတဲ့ အသံကြားလို့ စိုးရိမ်ပြီးဝယ်ကြတာပါ။ မစိုးရိမ်ကြဖို့ ကျွန်တော်ပြောပါတယ်။ မရဘူး၊ ဝယ်ကြတာပဲ။ တစ်နေ့ကိုပုံမှန် အိတ် ၃၀ နှင့် ၄၀ အိတ် ရောင်းနေရာက အဲဒီလအတွင်း တစ်နေ့ကို အိတ် ၈၀ ကနေ အိတ် ၁၀၀ အထိ ရောင်းရပါတယ်။ ကျွန်တော်က အခြားဒေသတွေကို တင်ပို့ရောင်းချတာမရှိပါဘူး။ ရေဘေးကာလ ဆန်ရောင်းဈေးတွေကတော့ ဧည့်မထရိုးရိုး တစ်အိတ်ကို(လတ်စ) ၁၉၅၀၀ ကျပ်၊ (ထိပ်စ) ၂၁၀၀၀ကျပ်၊ ပေါ်ဆန်းဟာလာဆန်(ရှယ်) ၃၄၀၀၀ကျပ်မှ ၃၆၀၀၀ကျပ်နဲ့ ရောင်းချခဲ့ပါတယ်။ ဈေးနှုန်းမြှင့်တင်ရောင်းချတာမျိုးမရှိပါဘူး။ ယနေ့ဆန်ပေါက်ဈေးတွေကတော့ ဧည့်မထရိုးရိုး တစ်အိတ်ကို (လတ်စ) ၂၃၀၀၀ ကျပ်၊ ဆင်းသွယ်လတ်(ထိပ်စ) ၂၅၀၀၀ကျပ်၊ ပေါ်ဆန်း ဟာလာဆန်(ရှယ်) (ထိပ်စ) ၃၄၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ် ဈေးနဲ့ ရောင်းချပါတယ်။ ဖွဲနုတစ်ပေါင်ကို ၁၄၇ ကျပ်၊ ဆန်ကွဲ (၁၊ ၂) တစ်အိတ်ကို ၁၆၀၀၀ကျပ်၊ ဆန်ကွဲ(၂၊ ၃၊ ၄) တစ်အိတ် ၁၅၀၀၀ ကျပ်ဈေးဖြစ်ပါတယ်။ မိုးစပါးမပေါ်မီ ကာလအတွင်း မြို့နယ်အနေနဲ့ ဆန်ပြတ်လပ်မှုတော့ မရှိနိုင်ပါဘူး။ ဒါပေမယ့် ဆန်အချောရောအကြမ်းပါ ဆန်ကွဲ (၁၊ ၂) တစ်အိတ်ကို ၁၀၀၀ ကျပ်လောက်တော့ တက်သွားနိုင်ပါတယ်။ ဒီထက်မပိုနိုင်ပါဘူး။ ကောက်စောစပါးပေါ်ချိန်မှာ ဆန်ဈေးနှုန်း သိသိသာသာ ကျမသွားနိုင်ဘူးလားဆိုတော့ မကျသွားနိုင်ပါဘူးလို့ ဖြေရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကောက်စောစပါးထွက်ပေါ်လာတဲ့အချိန်မှာ တောင်သူတွေက နွေစပါးစိုက်ပျိုးဖို့ မျိုးချန်ထားရသလို ဝမ်းစာလည်း ထားရပါတယ်။ ပိုတဲ့စပါးရောင်းရငွေကလည်း နွေစပါး စိုက်ပျိုးဖို့အတွက် အရင်းအနှီးဖြစ်လို့ပါပဲ။ ဒါကြောင့် ဆန်ဈေး သိသိသာသာကျဆင်းမှုမရှိနိုင်ပါဘူး။ လက်ရှိအနေအထားအရ ဒီမြို့နယ်အနေနဲ့ ပေါ်ဆန်းစပါး လက်ကျန်များရှိပြီး ဧည့်မထစပါးကတော့ လက်ကျန်နည်းနေပါတယ်" လို့ ဖျာပုံမြို့နယ် ရွှေနတ်ကူဘုရားလမ်း ဆန်ဆိုင်ဝါရင့်ဆန်အရောင်းအဝယ်လုပ်ငန်းရှင် ဦးအေးအောင်ကပြောပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအခြေခံအခွင့်အရေးကာကွယ်ရေးအဖွဲ့ရဲ့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များကလည်း ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုအပေါ်တွင် ရှင်းလင်းမှန်ကန်သောသတင်းအချက်အလက်များပေးသည့် တာဝန်ကို လိုက်နာဆောင်ရွက်ရန်၊ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှု၏အခြေအနေ၊ အာမခံချက်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရယူခွင့်ရှိခြင်းမှာလည်း စားသုံးသူများ၏ ရွေးချယ်နိုင်သည့်အခွင့်အရေးဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးကွက်များတွင် အမှတ်တံဆိပ်ပေါ်၌ မြေပဲဆီ၊ ပဲဆီဟုဖော်ပြပြီး မြေပဲဆီအမည်ခံဆီများ ရောင်းချနေမှုနှင့်ပတ်သက်၍ ဆီကိုးမျိုးကို အောက်ပါအတိုင်း ကြေညာခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးကွက်များတွင် အမှတ်တံဆိပ်ပေါ်၌ မြေပဲဆီ၊ ပဲဆီဟုဖော်ပြပြီး မြေပဲဆီအမည်ခံဆီများကို ရောင်းချနေကြောင်းသိရှိရသဖြင့် ဈေးကွက်အတွင်းမှ နမူနာများရယူပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များမှာ စားသုံးဆီအရောများနှင့် စားအုံးဆီများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်-

**စားသုံးဆီအရောများ**

| စဉ် | ကုန်အမှတ်တံဆိပ် | ထုတ်လုပ်သည့်လိပ်စာ |
|---|---|---|
| (၁) | ရွှေမိုးမြေပဲဆီ | ဖော်ပြမထားပါ |
| (၂) | Family မြေပဲဆီသန့် | ဖော်ပြမထားပါ |
| (၃) | စံထိပ်တန်းမြေပဲဆီ | ဖော်ပြမထားပါ |
| (၄) | ရွှေစင်အာမခံ မြေပဲဆီ စစ်စစ် | ဖော်ပြမထားပါ |
| (၅) | စိန်သရဖူ မြေပဲဆီသန့် | ချိုသဏ္ဌာကုမ္ပဏီလီမိတက် ၅၂/၅ မေဖလားဝါးလမ်း၊ နဝဒေးအိမ်ယာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |

**စားအုန်းဆီများ**

| စဉ် | ကုန်အမှတ်တံဆိပ် | ထုတ်လုပ်သည့်လိပ်စာ |
|---|---|---|
| (၁) | တော်ဝင်နဒီ (Peanut Oil) | အမှတ်(၉၀၀)၊ ဗိုလ်ချုပ်လမ်းမကြီး၊ အဆင့်မြင့် (၅) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |
| (၂) | Lucky မြေပဲဆီ | ဖော်ပြမထားပါ |
| (၃) | SS မြေပဲဆီသန့် | ဖော်ပြမထားပါ |
| (၄) | Hi Plus မြေပဲဆီသန့် | ဖော်ပြမထားပါ |

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များဖြင့် မြေပဲဆီ၊ ပဲဆီဟုဖော်ပြပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အသွေးတို့နှင့် ကိုက်ညီမှုမရှိသော မြေပဲဆီအမည်ခံရောင်းချနေမှုများ၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည်နှင့်လိပ်စာ ဖြန့်ဖြူးသူအမည်မပါဘဲ ကုန်သွယ်မှု ပြုလုပ်နေခြင်းများကြောင့် စားသုံးသူပြည်သူများအနေဖြင့် အဘက်ဘက်မှများစွာထိခိုက်နစ်နာမှုများဖြစ်နေသည့်အပြင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များကို ချိုးဖောက်နေခြင်းဖြစ်ပါ၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် ထုတ်လုပ်သည့်ကုမ္ပဏီလုပ်ငန်း အမည်၊ လိပ်စာ၊ ရောင်းချ ဖြန့်ဖြူးသူအမည် ဖော်ပြထားခြင်းမရှိသော သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့်ကိုက်ညီမှုမရှိသော ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းမပြုရန်နှင့် ယင်းအချက်အလက်များ အပါအဝင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်ပါ တားမြစ်ချက်များကို ချိုးဖောက်သူများအား ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

ဒို့အပြင် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေး ခန်းမ (၃) တွင် ကျင်းပပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂) ရပ်တို့၏ ၃/၂၀၁၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံတော်မှ ပြဋ္ဌာန်းခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူ၏ ဆုံးရှုံးနစ်နာမှုသည် မိမိ၏ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုကြောင့်မဟုတ်ပါက နာမည်ကောင်းပြန်လည်ရရှိရေးဆောင်ရွက်နိုင်ခြင်းမှာ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးတစ်ရပ်ဖြစ်သည့်အတွက် အဆိုပါထုတ်ပြန်ကြေညာချက်၌ ဖော်ပြပါရှိသည့် အမှတ်တံဆိပ်(၁၀)မျိုးအနက် အမှတ်စဉ်(၆)ပါ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ်(၁၀၈)မှ ထုတ်လုပ်သော Golden Apple ( Special Cooking Oil ) သည် စတင်ထုတ်လုပ်ရောင်းချစဉ်ကပင် အမှတ်တံဆိပ်ပေါ်တွင် ပါဝင်ပစ္စည်းများ၌ Refined Palm Olein and Peanut Oil ဟု ထည့်သွင်း ဖော်ပြထားသဖြင့် မြေပဲဆီဟုဖော်ပြပြီး အမည်ခံရောင်းချခြင်းမဟုတ်သည့်အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအချက်များကို ဖောက်ဖျက်ခြင်းမရှိကြောင်းနှင့် စားသုံးသူများအနေဖြင့် Golden Apple အမှတ်တံဆိပ် (Special Cooking Oil) ကို ဆက်လက်ဝယ်ယူစားသုံးနိုင်ကြောင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာချက်ကို စားသုံးသူပြည်သူများသိရှိစေရန် စက်တင်ဘာ ၁၂ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများမှာ ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း Commerce Journal မှ တစ်ဆင့် အသိပေးတင်ပြလိုက်ရပါသည်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

# ပြည်တွင်းထုတ်သောက်ရေသန့်တံဆိပ် ဆယ်ဂဏန်းတွင် ဘက်တီးရီးယားပိုးများပါဝင်နေ

ဈေးကွက်အတွင်း ရောင်းချနေတဲ့ ပြည်တွင်းထုတ် သောက်ရေသန့်တံဆိပ် ၂၂ မျိုးမှာ ဘက်တီးရီးယားပိုးများ ပါဝင်လျက်ရှိပါတယ်။ ပြည်တွင်းသောက်ရေသန့်လုပ်ငန်း ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားမှုများမှာ ပိုးများတွေ့ရှိရတဲ့အတွက် ထုတ်လုပ်ခွင့်ပြုမထားတဲ့ လုပ်ငန်းပေါင်း ၄၀ ခန့်ရှိနေပြီးရေသန့်ဈေးကွက်မှာ မှတ်ပုံတင်လုပ်ထားခြင်းမရှိတဲ့ သောက်ရေသန့်၊ မသန့်ရှင်းတဲ့ သောက်ရေသန့်တွေ အများကြီးရှိနေတယ်လို့သိရပါတယ်။ Good Manufacturing Practice- GMP ကို လိုက်နာမှုမရှိတဲ့ လုပ်ငန်းများကိုလည်း WHO, ASEAN Guide Line များနဲ့ တိုက်ဆိုင်စစ်ဆေးတာဖြစ်ပြီး မကိုက်ညီလျှင် စံသတ်မှတ်ချက်နှင့် ကိုက်ညီအောင် ပြင်ဆင်လုပ်ကိုင်ဖို့ လုပ်ငန်းရှင်များကို လမ်း ညွှန်ပေးလျက်ရှိပါတယ်။ မူလအစစ်ဆေးခံစဉ်မှာ ၁၀၀ ရာခိုင်နှုန်းကိုက်ညီနိုင်ဖို့မလွယ်ကူပါကြောင်း၊ ဒုတိယအကြိမ် ထပ်မံ စစ်ဆေးခံပြီး တဲ့နောက် ထပ်မံကွင်းဆင်းပြီး ထပ်မံစစ်ဆေးမှုပြုလုပ်ကြောင်း၊ သုံးကြိမ်မြောက်စစ်ဆေးတဲ့ အခါမှာ ရေသန့်ဘူး များကိုစက်ရုံမှချိပ်ပိတ်ယူဆောင်လာပြီး ဓါတ်ခွဲခန်းမှာ စစ်ဆေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်ကိုယ်တိုင် ဓာတ်ခွဲစမ်းသပ်မှုကို ဝင်ရောက်ကြည့်ရှုနိုင်အောင် စီစဉ်ပေးမှာဖြစ်ပြီး Micro Biologist များက အသေးစိတ်ရှင်းပြပေးသွားမယ်လို့ သိရပါတယ်။

ရေအမှန်တကယ်သန့်ရင် တစ်ခါတည်း လုပ်ငန်းလုပ်ဆောင်ခွင့်ပေးသွားမှာဖြစ်ကြောင်း၊ စစ်ဆေးမှု မအောင်ရင်တော့ လုပ်ငန်းလုပ်ဆောင်ခွင့်မပေးတော့ဘဲ လုပ်ငန်းကို ဖျက်သိမ်းပေးရမှာ ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော်က အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲမှာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ပြောကြားခဲ့ပါတယ်။

အက်ဖ်ဒီအေကခွင့်ပြုထားတဲ့ ရေသန့်လုပ်ငန်းပေါင်း ၈၀၀ ကျော်ရှိနေပြီးဖြစ်ပါတယ်။ လက်ရှိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတဲ့ ရေသန့်များကိုလည်း သုံးလေးလတစ်ကြိမ်စစ်ဆေးမယ့်အပြင် ထုတ်လုပ်မှုအပိုင်းကိုလည်း ပြန်လည်စိစစ်မှုများ ပြုလုပ်သွားမယ်လို့ ဓာတ်ခွဲခန်းညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ချစ်က FDA ကပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ ပြောကြားခဲ့ပါတယ်။ ရေသန့်ထုတ်လုပ်သောလုပ်ငန်းရှင်များနဲ့ မကြာမီကာလအတွင်းမှာလည်း အက်ဖ်ဒီအေမှတာဝန်ရှိသူများ တွေ့ဆုံသွားမယ်လို့ သတင်းရရှိပါတယ်။ ရေသန့်နဲ့ စားဆီသန့် ရှင်းမှုရှိမရှိကိုလည်း အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးကွန်ရက်ဖွဲ့စည်းပြီး ကိုင်တွယ်သွားမယ်လို့သတင်းရရှိပါတယ်။

**မယ်စားသုံး**

# မြဝတီ-သယ်န်းညီနောင်-ကော့ကရိတ်လမ်းပိုင်းဖွင့်လှစ်လိုက်ခြင်းကြောင့် ကုန်သွယ်မှုတိုးတက်လာနိုင်

အိန္ဒိယ၊ မြန်မာနဲ့ထိုင်းနိုင်ငံတို့ကို ဆက်သွယ်မယ့် အာရှအဝေးပြေးလမ်းမကြီး (Asia High Way) ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တဲ့ မြဝတီ-သယ်န်းညီနောင်-ကော့ကရိတ်လမ်းပိုင်းကို ဩဂုတ်လ ၃၁ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ အာရှအဝေးပြေးလမ်းသစ် ဖွင့်လှစ်လိုက်ခြင်းအားဖြင့် မြန်မာ-ထိုင်း ကုန်သွယ်မှု တိုးတက်စေမှာဖြစ်ပါတယ်။

ယခင်လမ်းဟောင်းကို အသုံးပြုစဉ်က အတက်ရက်/အဆင်းရက် သီးခြားသတ်မှတ်အသုံးပြုခဲ့ရပြီး ယခုလမ်းသစ်ကတော့ ဘားအံကနေ မြဝတီကိုသာမက ရန်ကုန်အထိ နေ့ချင်းရောက်ရှိနိုင်ပြီဖြစ်တယ်။

ဒီလမ်းကို ဖောက်လုပ်ပေးခဲ့တဲ့အတွက် ဒေသခံတိုင်းရင်းသားတွေလည်း အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ရရှိသကဲ့သို့ ဒေသထွက်ကုန်ပစ္စည်းများကိုလည်း အနီးဝန်းကျင်မြို့များသို့ သယ်ယူရောင်းချနိုင် ပြီဖြစ်ပါတယ်။

ယခုအခါမြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှာ သွင်းကုန်ကုန်တင်ယာဉ်များ၊ ဒီဇယ်ဆီကားများ အများအပြားတွေ့နေရပြီဖြစ်ပါတယ်။ အဆိုပါ ကုန်စည်များကို မြဝတီရှိ ကုန်လှောင်ရုံများမှတစ်ဆင့် လိုင်စင်များပြုလုပ်၍ သယ်ယူနေတဲ့အတွက် အချိန်ကုန်သက်သာလျက်ရှိနေပြီဖြစ်ပါတယ်။ အရင်တုန်းကလို အတက်ရက်အဆင်းရက် စောင့်ဆိုင်းစရာမလိုတော့တဲ့အတွက် ကုန်စည်စီးဆင်းမှုမှာများစွာ အထောက်အကူပြုနေပြီဖြစ်ပါတယ်။

မြဝတီ-သယ်န်းညီနောင်လမ်းပိုင်းရဲ့အရှည်က ၁၈ ကီလိုမီတာရှိပြီး သယ်န်းညီနောင်-ကော့ကရိတ်လမ်းပိုင်းက ၂၇ ဒသမ ၄၅ ကီလိုမီတာရှိတဲ့အတွက် စုစုပေါင်း ၄၅ ဒသမ ၄၅ ကီလိုမီတာ ရှည်လျား ပါတယ်။

ထိုင်းနိုင်ငံမယ်ဆိုင်မြို့နဲ့ မြန်မာနိုင်ငံတာချီလိတ်မြို့ကို ဆက်သွယ်ပေးထားတဲ့ တံတားနှစ်စင်းရှိနေပြီဖြစ်ပြီး အဲဒီတံတားနှစ်စင်းကို ထိုင်းနိုင်ငံဘက်က တည်ဆောက်ပေးထားတာ ဖြစ်ပါတယ်။ ယခုအခါ မြဝတီ-မဲဆောက်ဘက်မှ တံတားတစ်စင်း ထပ်မံတည်ဆောက်ဖို့ စီစဉ်နေပြီး တံတားအရှည်မှာ ၂၇၀ ကီလိုမီတာရှိမယ်လို့သိရပါတယ်။ ဒီတံတားပြီးသွားလျှင်ပို့ကုန်သွင်းကုန်များမြဝတီမြို့ ကိုဖြတ်သန်းမှုမရှိဘဲ နယ်စပ်ကုန်သွယ်ရေးဇုန်ကို တိုက်ရိုက်ဝင်ရောက်လာနိုင်မှာဖြစ်တဲ့အတွက် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုကို ပိုမိုအဆင်ပြေ ချောမွေ့စေမှာဖြစ်ပါတယ်။

**MIRT**

## လျာထားချက်ပြည့်မီကျော်လွန်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကြရန်လို

လာမည့်စက်တင်ဘာလတွင် လုပ်ငန်းများပြန်လည် အစပျိုးလာချိန်ဖြစ်သဖြင့် ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းအနေဖြင့် လက်ရှိကာလထက် သွင်းကုန်ပိုင်းတွင် ယာဉ်၊ ယန္တရား၊ ဆိုင်ကယ် တင်သွင်းမှုများ ပိုမိုလာမည်ဖြစ်ပြီး ပို့ကုန်ပိုင်းတွင် တစ်သျှူးငှက်ပျော တင်ပို့မှုလည်း ပြန်လည်ပိုမိုတင်ပို့လာမည့် အနေအထားဖြစ်ကြောင်း၊ ကုန်သွယ်မှုပိုင်းဖွံ့ဖြိုးတိုးတက်စေရန် ဌာနဆိုင်ရာများအပိုင်းမှ သက်ဆိုင်ရာဌာနများရဲ့ လုပ်ထုံးလုပ်နည်း မူဘောင်အတွင်း ဝိုင်းဝန်းစည်းရုံးဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ကုန်သည်လုပ်ငန်းရှင်များအပိုင်းမှလည်း ပူးပေါင်းပါဝင်ပြီးအစဉ်တစိုက်ကြိုးပမ်းအားထုတ်ဆောင်ရွက်မှသာ ကုန်သွယ်မှု လျာထားချက်ပြည့်မီကျော်လွန်မှာဖြစ်ကြောင်း ဩဂုတ်လ ၃၀ ရက်နေ့တွင် ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ စခန်းတာဝန်ခံမှ ပြောကြားခဲ့ပါတယ်။ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းရဲ့ ဩဂုတ်လတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၁ ဒသမ ၅၈၂ သန်းနဲ့ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၆၁၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဩဂုတ်လရဲ့ ကုန်သွယ်မှုလျာထားချက်အပေါ် ပို့ကုန် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ သွင်းကုန် ၄၀ ရာခိုင်နှုန်းနဲ့ ကုန်သွယ်မှုပမာဏ ၃၃ ဒသမ ၅၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်တယ်လို့ ကန်ပိုက်တီးစခန်းမှသိရပါတယ်။

**ခင်မိုးသူ**

## ဩဂုတ်လအတွင်း မောင်တောမှ လဲမှို့ကီလိုလေးသောင်းကျော် တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဩဂုတ်လအတွင်း အမေရိကန်ဒေါ်လာ ၃၆၉၉၉ ဒေါ်လာတန်ဖိုးရှိ လဲမှို့(အစေ့ပါ) ၄၃၅၂၉ ကီလိုတင်ပို့နိုင်ခဲ့ပါတယ်။ လဲမှို့များကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှလဲမှို့အများဆုံးထွက်ရှိပြီး အပင်ကြီးထွားလာသည်နဲ့အမျှ အသီးနှုန်းပိုများလာပြီး ၅ တင်းမှ ၁၅ တင်းခန့်အထိထွက်ရှိပါတယ်။ အပုမျိုးနဲ့အရှည်မျိုးနှစ်မျိုးရှိပြီး အပုမျိုးက အထွက်နှုန်းကောင်းပြီး အသီးပိုများပါတယ်။ ပိုးထိုးပိုးကျပါက အပင်သေနိုင်ကြောင်း ပိုးကျပါက ပိုးကျနေတဲ့ပင်စည်အပေါက်များကို ပရုတ်လုံးထည့်ပေးခြင်းဖြင့်ကာကွယ်နိုင်ပြီး ပုံမှန်အားဖြင့်လဲမှို့ပင်များသည် သက်တမ်း ၁၀ နှစ်မှ ၁၅ နှစ်ထိရှင်သန်နိုင်တယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

## ဩဂုတ်လအတွင်း မောင်တောကုန်သွယ်ရေးစခန်းရဲ့ကုန်သွယ်မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းသည် ဒေသတွင်းကုန်ပစ္စည်းထွက်ရှိမှု နည်းပါးသော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဩဂုတ်လအတွင်း ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၃၈၁ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၃၈၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မောင်တော ကုန်သွယ်ရေးစခန်းရဲ့ အများဆုံးပို့ကုန်များမှာ ရေငန်ပုစွန် ၊ ငါးနီတူခြောက် ၊ငါးစုံလေးခြောက်၊ချင်း(အစို)၊ လဲမှို့(အစေ့ပါ)၊ကြက်သွန်နီနဲ့ သနပ်ခါးခဲ ၊ဆီးယိုထုပ်များ တင်ပို့ခဲ့ပါတယ်။ သွင်းကုန်များကတော့ ဒန်ရေတကောင်း၊ ပလတ်စတစ်ပုံး၊ တီရှပ်၊ဖိနပ်တို့ဖြစ်ကြပါတယ်။

ယခုဩဂုတ်လသည် ယခင်ဇူလိုင်လထက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်း လျော့နည်းဆောင်ရွက်ခဲ့ပါတယ်။ ဤသို့လျော့နည်းရခြင်းမှာ ဆန်တင်ပို့နိုင်မှုမရှိခြင်း ၊ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဘူးသီးတောင်-မောင်တောကားလမ်းမှာ မြေပြို၍ ကုန်ကားများသွားလာ၍မရခြင်း ၊ကုန်ပစ္စည်းဝင်ရောက်မှုနည်းပါးခြင်းနဲ့ ဒေသထွက် ရေငန်ပုစွန်များမှာလည်း မုန်တိုင်းဒဏ်ကြောင့် ပုစွန်ကန်များရေလွှမ်း၍ တာဘောင်များ ပျက်စီးခဲ့သဖြင့် ပုစွန်ထွက်နှုန်းနည်းပါးခြင်းတို့ကြောင့် ကုန်သွယ်မှု ပမာဏ လျော့နည်းရတာဖြစ်ပါတယ်။လာမယ့်လများတွင် ကုန်သွယ်မှုလျာထားချက်ပြည့်မီကျော်လွန်ရေးအတွက် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနဲ့ ပေါင်းစပ်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားမယ်လို့ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

## မူဆယ်နဲ့ စစ်တွေမှ ဆီးသီးခြောက် တန် ၁၀၀၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ၂၉ ရက်မှ စက်တင်ဘာလ ၄ ရက်ထိ ကာလအတွင်း ဆီးသီးခြောက်တန် ၉၀၀ ကန်ဒေါ်လာ ၈၁၀၀၀ ဖိုး တင်ပို့ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေ ကုန်သွယ်ရေးခန်းမှလည်း ကန်ဒေါ်လာ ၂၁၄၂၀ တန်ဖိုးရှိ ဆီးသီးခြောက် ၁၂၆ တန် တင်ပို့ နိုင်ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးသီးခြောက်တန် ၁၂၀၀ တင်ပို့နိုင်ခဲ့တာကြောင့် ယခုသီတင်းပတ်ရဲ့ ဆီးသီးခြောက်တင်ပို့မှုမှာ တန် ၃၀၀ လျော့နည်းခဲ့ပါတယ်။ ယခင် သီတင်းပတ်ကစစ်တွေ စခန်းမှ ဆီးသီးခြောက် တန် ၂၀ တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာတော့ ၁၀၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင် ဆီးသီးခြောက်အပြင် ကန်ဒေါ်လာ ၁၇၉၀၀၀ ဖိုးရှိဆီးဆံ ၄၅ တန်ကျော်လည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## ဩဂုတ်လအတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်အများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၇၇ သန်းတန်ဖိုးရှိလယ်ယာထွက်ကုန်ပစ္စည်းတန်ချိန် ၁၂၀၀ ကျော်အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။

အများဆုံးတင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းများမှာ မန်ကျည်းစေ့ တန် ၈၅၀၊ ချင်းအစို တန် ၅၀ တန်၊ ဆီးသီးခြောက်တန် တန် ၃၁၀ ၊ မန်ကျည်းဖတ် ၂ တန်၊ကွမ်းသီး ၂ တန်၊ နနွင်းတက် ၇ တန် ၊ မန်ကျည်းဖတ်(အစေ့ပါ) ၂ တန်နဲ့ ကြက်သွန်နီ (လတ်)၅၁ တန်တို့ ဖြစ်ကြပါတယ်။

ဒါ့အပြင် ဩဂုတ်လအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၂၃၂ သန်းတန်ဖိုးရှိ ရေချိုငါး (ငါးမြစ်ချင်း၊ငါးခေါင်းပွ) တန်ချိန် ၂၃၀ ကျော်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုးရှိ သစ်ခေါက်နဲ့ ကြိမ် ၈ တန်၊ ကန်ဒေါ်လာ သုည ဒသမ ၀၇၈ သန်းတန်ဖိုးရှိဆီးယိုထုပ် တန် ၁၅၀ တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ဩဂုတ်လ ၂၉ ရက်မှ စက်တင်ဘာလ ၄ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၈၁၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၄၃၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈၃၆ တန်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့မှုများမှာ- မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၆၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၇၂ တန်ကျော်၊ ကဏန်း ၂၈ တန်ကျော်၊ပုစွန် ၂ တန်ကျော်နဲ့ ငါးရှဉ့် ၅ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၅၀၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၉၄ တန်ကျော်၊ကင်းမွန် ၁၆ တန်ကျော်၊ ငါးလေးခြောက် တန် ၂၀ ကျော်၊ ပုစွန် ၅၀၀ ကီလိုဂရမ်နဲ့ ကဏန်း ၁၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၅၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၂ ဒသမ ၁၄၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃၅၁ တန်နီးပါး ၊ ပုစွန် ၅၉ တန်ကျော်၊ကဏန်းပျော့ ၄၃ တန်ကျော်၊ငါးမှုန့်တန် ၂၄၀ ၊ကင်းမွန် ၁ တန်ကျော်နဲ့ သဲကဏန်း ၄၃၀ ကီလိုဂရမ် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၇၆ တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ယာဉ်ငယ်များနဲ့ ခွဲသယ်ဆောင်ရန်လမ်းဘေး၌ စုပုံထားသော ဘီယာချန်းနဲ့စပိုင်ဘီယာများ သိမ်းဆည်းရမိ

သိမ်ဇရပ်-ဝေါ-ပဲခူးသို့ပြေးဆွဲလျက်ရှိတဲ့ဟိုင်းလပ်ယာဉ်များနဲ့ ခွဲ၍ သယ်ဆောင်ရန် ဆပ်သွားခြံရွာ အဝင်ထိပ်လမ်းဘေးခြံနားတွင် စုပုံထားသော ခန့်မှန်တန်ဖိုး ကျပ် ၇၁ သိန်း တန်ဖိုးရှိ ဘီယာချန်း ၇၁ ဖာ (၁ x ၃၃၀ မီလီမီတာ x၂၄ ဘူး) နဲ့ ကျပ် ၃၁၅၀၀၀ တန်ဖိုးရှိ Spy ဖာ ၉၀ (၁ x၂၇၅ မီလီလီတာ x ၂၄ ဘူး)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၃၈ ဒသမ ၆၀၀ သိန်းတန်ဖိုးကို လရ-၂ အဖွဲ့မှ စက်တင်ဘာလ ၃ ရက်နေ့က သိမ်းဆည်ရမိသဖြင့် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## အကောက်ခွန်ကြေညာထားခြင်းမရှိတဲ့ သကြားနဲ့ စားဆီများအား သိမ်းဆည်း

ဩဂုတ်လ ၃၀ ရက် ညဘက်ပိုင်းမှာ လရ-၂ အဖွဲ့သို့ ဝင်ရောက်စစ်ဆေးခံတဲ့ ၁၂ ဘီးယာဉ် နှစ်စီးပေါ်မှ အကောက်ခွန်ပေးဆောင်ကြေညာထားသော စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိတဲ့ ခန့်မှန်းတန်ဖိုး ကျပ် ၈ ဒသမ ၁၀၀ သိန်းတန်ဖိုးရှိ၅၀ ကီလိုပါသကြားအိတ် ၃၀ နဲ့ ခန့်မှန်းတန်ဖိုးကျပ် ၉ သိန်း တန်ဖိုးရှိ သန့်စင်ပြီး စားအုန်းဆီပုံး ၆၀ ကို လရ-၂ အဖွဲ့က သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ကျိုက်ထို-ဝေါ-ပဲခူးသို့ ပြေးဆွဲသည့် ယာဉ်ငယ်များပေါ်မှ အကောက်ခွန်မဲ့ သကြားအိတ်များဖမ်းမိ

စက်တင်ဘာလ ၂ ရက်နေ့တွင် လရ-၂ အဖွဲ့သို့ ဝင်ရောက်စစ်ဆေးခံသော ကျိုက်ထို-ဝေါ-ပဲခူးသို့ ပြေးဆွဲသော ယာဉ်ငယ်များလေးစီးပေါ်မှ သကြား ၅၀ ကီလိုဝင်အိတ် ၅၄ အိတ် ခန့်မှန်းတန်ဖိုး ကျပ် ၄၃ ဒသမ ၇၄၀ သိန်းဖိုးအား သိမ်ဆည်းရမိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူထားတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## တရားမဝင်တင်ဆောင်လာတဲ့ အသားခြောက်ထုပ်များကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အားဖြင့် လက်ထောက်ညွှန်ကြားရေးမှူးဦးစီးတဲ့ အဖွဲ့သည် ဩဂုတ်လ ၂၉ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်တောင်စုလမ်းမကြီးပေါ်တွင် အမြန်ယာဉ်အမှတ် (၈ည/xxxx) ပေါ်မှ တရားမဝင် တင်ဆောင်လာတဲ့ အသားခြောက် (အထုပ်သေး) ၃၃ ထုပ်ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ အသားခြောက်များကို အဖွဲ့စုံဖြင့် စည်ပင်သာယာရေး ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်သွားမယ်လို့ သိရပါတယ်။ **MIRT**

## ရှောင်ကွင်းလမ်းမှာစုပုံထားတဲ့ တရားမဝင် ကုန်ပစ္စည်းများအားစစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အားဖြင့် Mobile Team အဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးတဲ့အဖွဲ့က ဩဂုတ်လ ၃၁ ရက်နေ့မှာ ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်းလမ်းမှာ တရားမဝင် စုပုံထားတဲ့ အိုင်ကွန်အလုံး ၃၀၊ ကားဂတ်(စ်)စကက် ၁၀၀ လုံး၊ ပိုးသတ်ဆေး ၁၀ ဖာနဲ့ အေးခဲကြက်အူချောင်း ၁၈ ဖာကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ သိမ်းဆည်းရမိအိုင်ကွန်၊ ကားအပိုပစ္စည်းနဲ့ ပိုးသတ်ဆေးများကို မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး အေးခဲကြက်အူချောင်းများကို လုပ်ထုံးလုပ်နည်းနဲ့အညီ မီးရှို့ဖျက်ဆီးသွားမယ်လို့ သိရပါတယ်။ **MIRT**

## ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ မော်တော်ဆိုင်ကယ် အသစ်ခြောက်စီးအား မူဆယ်(၁၀၅)မိုင် Mobile Team က သိမ်းဆည်း

ဩဂုတ်လ ၃၀ရက် ၁၆း၃၀ ချိန်ခန့်က အေးရှားဝေါလ်တိုးဂိတ်အလွန် ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ တရားမဝင်တင်သွင်းထားသော ဆိုင်ကယ်အသစ် ခြောက်စီးကို မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team အဖွဲ့ကတွေ့ရှိတဲ့အတွက် သိမ်းဆည်းခဲ့ပါတယ်။ ထို့နောက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက် ခွန်အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန် ဦးစီးဌာနသို့ အပ်နှံခဲ့တယ်လို့သတင်းရရှိပါတယ်။ ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ ဆိုင်ကယ်အသစ်များကတော့ Shayan ၄ စီး၊ Yodanor ၁ စီးနဲ့ Xin Anbo ၁ စီးတို့ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၁ သိန်း ရှိတယ်လို့ သိရပါတယ်။

အလားတူဩဂုတ်လ ၃၁ ရက်နေ့ကလည်း ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး ရှောင်ကွင်းလမ်းမှ တရားမဝင်စုပုံထားတဲ့ ကျပ် ၇ သိန်းတန်ဖိုးရှိ ကားဂတ်စကက် ၁၀၀ ခုနဲ့ ကျပ် ၂ သိန်းတန်ဖိုးရှိ ပိုးသတ်ဆေး ၁၀ ဖာကိုလည်း Mobile Team အဖွဲ့က သိမ်းဆည်းရမိခဲ့တယ်လို့လည်း သိရှိရပါတယ်။ **MIRT**

## ခြောက်ဘီးယာဉ် ခရီးသည်တင်မှန်လုံယာဉ်နဲ့ Eigrand ယာဉ်များပေါ်မှ ကျွန်းတံခါး၊ ပါကေးနဲ့ တမလန်းသစ်ခါးရွှေတုံးများ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြု၍ မန္တလေး-မူဆယ်ကားလမ်းကြောင်း တစ်လျှောက် တရားမဝင်ကုန်ပစ္စည်းတားဆီးထိန်းချုပ်ရေးစစ်ဆေးရေး တာဝန်ဆောင်ရွက်နေသော Mobile Teamလရ-၁ အဖွဲ့မှ ညွှန်ကြားရေးမှူးဦးစီးသော ပူးပေါင်းအဖွဲ့ဟာ စက်တင်ဘာလ ၆ ရက်နဲ့ ၇ ရက်နေ့များမှာ ခြောက်ဘီးယာဉ် 8G/xxxx ပေါ်မှ ခွင့်ပြုချက်အထောက်အထားမဲ့ ကျွန်းတံခါးချပ်ကြီး ၁၀ ချပ်နဲ့ ပါကေးပြားထုပ်များ ၊ ရှောင်ကွင်းလမ်းပေါ်တွင် 5D/xxxx Eigrandယာဉ်ပေါ်မှ တမလန်းခါးရွှေတုံး ၃၀ ၊ မန္တလေးမှ လားရှိုးသို့ မောင်းနှင်လာတဲ့ ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ တမလန်းသစ်များ တရားမဝင်တင်ဆောင်လာတာကို တွေ့ရှိရတဲ့အတွက် သိမ်းဆည်းခဲ့ရတယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိတရားမဝင်သစ်များနဲ့ သယ်ဆောင်လာတဲ့ ယာဉ်များကို နိုင်ငံဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး သစ်များအား နောင်ချိုသစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံသွားမယ်လို့ သိရှိရပါတယ်။ **MIRT**

## ဩဂုတ်လအတွင်း လရ-၂ အဖွဲ့မှ ခန့်မှန်းတန်ဖိုး ကျပ် ၃၅၉၄ သိန်းကျော်တန်ဖိုးရှိ မော်တော်ယာဉ် အစီး ၉၀ ကျော် သိမ်းဆည်းရမိ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် အခြေစိုက် Mobile Team လရ-၂ အဖွဲ့က ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိကာလအတွင်းမှာ ဝင်ရောက်စစ်ဆေးခံသော ယာဉ်များအနက် ယာဉ်မှတ်ပုံတင်နဲ့ အထောက်အထား စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိတဲ့ ခန့်မှန်း ကျပ် ၃၅၉၄ ဒသမ ၇၆၀ သိန်း တန်ဖိုးရှိ ယာဉ်၉၁ စီးကို စစ်ဆေးတွေ့ရှိတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်သိမ်းဆည်းခဲ့တယ်လို့သတင်းရရှိပါတယ်။ သိမ်းဆည်းရမိယာဉ်များကတော့ တိုယိုတာ မတ်တူး ၁၂ စီး၊ Toyota Brevis ၁ စီး၊ Toyota Caldina ၈ စီး၊ Corolla ၂ စီး၊ Ipsum ၂ စီး၊ Wish ၃ စီး၊ Probox ၈ စီး၊ Land Cruser ၁ စီး ၊ Sprinter ၁ စီး၊ Gaia ၂ စီး၊ Crown ၆ စီး၊ Hi-ace Minibus ၃ စီး၊ Hilux Vigo ၁ စီး၊ Misubishi Fuso bus ၂ စီး၊ Pajero ၂ စီး၊Grandi ၁ စီး၊ Honda Airwave ၂ စီး၊ CRV ၃ စီး၊ Odyssey ၈ စီး၊ Honda Fit ၁၃ စီး၊ Alphard ၁ စီး၊Nissan Wingroad ၁စီး၊ Dihatsuu Hijet Pickup ၁ စီး၊ Mazada Familia ၁ စီး၊ Nissan Cedric ၂ စီးတို့ဖြစ်ပါတယ်။

ထို့အပြင် ခန့်မှန်းတန်ဖိုး ကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ H Zeomar Xbrand မော်တော်ဆိုင်ကယ် တစ်စီးကိုလည်း သိမ်းဆည်း ရမိခဲ့တယ်လို့ သိရပါတယ်။ **MIRT**

## ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ EVD Player များရှာဖွေတွေ့ရှိ

ဩဂုတ်လ ၂၈ ရက်က အေးရှားဝေါလ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၄၀ တန်ဖိုးရှိ EVD Player တာ ၄၀ ကိုမူဆယ်၁၀၅ မိုင် ထုတ်နုတ်အင်အား Mobile Team အဖွဲ့က ရှာဖွေတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## စစ်ဆေးစဉ် မောင်းနှင်ထွက်ပြေးယာဉ်နဲ့ ဘီယာချန်းများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း

စက်တင်ဘာလ ၂ ရက်နေ့ ၁၃း၀၀ ချိန်တွင် ညောင်ခါးရှည်မှ ဖြတ်သန်းတဲ့ ယာဉ်များအား စစ်ဆေးစဉ် ကျိုက်ထိုဘက်မှ ရန်ကုန်သို့ မောင်းနှင်သော ယာဉ် 9G/xxxx တိုယိုတာအိုင်အေ့စ် မီနီဘတ်စ်မှာ မောင်းနှင်ထွက်ပြေးသွားပါတယ်။ ၎င်းယာဉ်ပေါ်မှ ကန့်သတ်ကုန် ဘီယာချန်း ၂၃၂ ဖာနဲ့ ဘီယာ တင်မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ပါတယ်။ **MIRT**

## ခေါက်ဆွဲခြောက်များအား အကောက်ခွန် ပေးဆောင်ထားသည်ထက် ပိုမိုသယ်ဆောင်လာ

စက်တင်ဘာလ ၂ ရက်နေ့ညပိုင်းမှာ လရ-၂ အဖွဲ့သို့ ဝင်ရောက်စစ်ဆေးခံသော ၁၂ ဘီးယာဉ် (UD)ပေါ်မှ Duty ပေးဆောင်ထားသည်ထက် ပိုမိုသယ်ဆောင်လာသော ခန့်မှန်းတန်ဖိုးကျပ် ၁၃ ဒသမ ၄၀၀ သိန်းတန်ဖိုးရှိ Wai Wai အမှတ်တံဆိပ် ခေါက်ဆွဲခြောက် ၆၇ ဖာကို တွေ့ရှိသိမ်းဆည်းပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ထားတယ်လို့ သတင်းရရှိပါတယ်။

## အမြန်ကားပေါ်မှ ရေဒီယိုအသေးများအား စစ်ဆေးတွေ့ရှိသိမ်းဆည်း

စက်တင်ဘာလ ၃ ရက်နေ့ ၁၉း၂၀ ချိန်ခန့်က အေးရှားဝေါတိုးဂိတ်အနီး ဝင်ရောက်စစ်ဆေးခဲ့တဲ့ အမြန်ယာဉ် 6B/xxxx ပေါ်မှ ကျပ် ၁၆၀၅၀၀ တန်ဖိုးရှိ ရေဒီယို အသေး ၁၀၇ လုံးကို မူဆယ်(၁၀၅)မိုင် ထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

Vol: 15, No.35 Monday September 14 2015

# စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများနှင့် ကျွန်တော်

မြင့်ဦး-ပခုက္ကူ



ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကို ပေါင်းပြီး အတိုကောက်မြှင့်တင်စားသုံးဦးစီးဌာန၊ အရှည်အနေနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဆိုပြီး အင်ပြည့်အားပြည့်နဲ့ တက်ကုန်လွှင့်လို့ ရွက်စုံလွှင့်လို့ ဆောင်ရွက်လို့လာကြတာ ပြည်သူတွေကြားမှာ စားသုံးသူကာကွယ်ပေးရေးဆိုတဲ့ အသံတော်တော် ခေတ်ထလာနေပါပြီ။ တချို့ကနားထောင်ရလို့ အသိတရားရလာပြီ၊ တချို့ကကျတော့ နားထောင်ရတယ် သိလာတယ်၊ ကြောက်လာတယ်။ ဘယ်လိုစားသောက်နေထိုင်ရမလဲဆိုတာအထိ အဆင့်တက်ပြီး ဟောပြောပွဲအပြီး အပြန်အလှန် ဆွေးနွေးခန်းတွေမှာ မေးမြန်းစုံစမ်းလာတယ်။ ကောင်းပြီ။ ဒီလိုဝိသမလောဘတက်ပြီး စားသုံးသူကို ဂရုမစိုက်ဘဲ သူ့အမြတ်အစွန်းတစ်ခုကိုသာ လောဘဦးစီးရှာဖွေသူကို ဘယ်လိုပြစ်ဒဏ်ပေးမလဲ ဆိုတာတွေအထိ ပါလာပါပြီ။

ဒီနေရာမှာ ကျွန်တော်တို့ကလည်း ဥပဒေမှာပါတဲ့အတိုင်း ဘာလုပ်မယ် ညာလုပ်မယ်ပြီးတော့ ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် (သို့မဟုတ်) နှစ်ခုလုံး ဒီလိုရှိတယ် ရှင်းပြတယ်။ (ဒီနေရာမှာ တော်တော်ဂရုတစိုက် အကျိုးအကြောင်း အထောက်အထား ပြည့်ပြည့်စုံစုံနဲ့ ရှင်းပြပြောပြရပါတယ်။ ပြောရရင် အစွန်းနှစ်ဖက်လွတ်အောင်ပေါ့ဗျာ) ဒီနေရာမှာ အချို့ပြည်သူက ဘာပြန်ပြောလာသလဲဆိုရင် "ဟောဒီလိုလူတွေ တစ်ခါတည်း သေဒဏ်ပေးလိုက်" ဆိုတာတော်တော်များပါတယ်။ ဒါဟာ ဌာနရဲ့ လှုပ်ရှားမှု အကောင်အထည်ဖော်မှု ကြိုးစားအားထုတ်မှုဆိုတာတော့ ဘယ်လိုမှမငြင်းနိုင်တဲ့ မိခင်ဌာနရဲ့ အောင်မြင်မှုလို့ ဂုဏ်ယူဝင့်ကြွားစွာ ပြောရမှာပါ။ ကောင်းပြီ။ ဟောပြောတဲ့ နေရာဟာ ဘယ်နေရာလဲ။ ဘယ်သူ့ကို ဟောပြောရမှာလဲဆိုတာပါသလို ဟောပြောသူကလည်း နေရာဒေသ၊ နားထောင်သူစတာတွေကို ကြည့်ပြီး ဟောပြောရမယ်ဆိုတာကို တွေ့ကြုံရင်း စဉ်းစားမိရင်း ဒီစာစုကလေး ပေါ်လာတာပါ။

ကိုယ်ဟောပြောခဲ့တဲ့ နေရာတွေကို ပြန်ကြည့်ရင် စာသင်ကျောင်းတွေ၊ ဈေးတွေ၊ ကုန်စည်ဒိုင်တွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ကျင်းပပြုလုပ်တဲ့ ၁၅ ရက်တစ်ပတ် ရပ်/ကျေးအစည်းအဝေး၊ လကုန်ရက်တစ်ပတ် ရပ်/ကျေး အစည်းအဝေးတွေမှာ ဟောပြောခဲ့ကြရတာ ကျောင်းသားဆိုတာတောင် သူငယ်တန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ခွဲရသလို ဈေးဆိုရာမှာလည်း ကုန်စိမ်းလား၊ ကုန်ခြောက်လားဆိုတာ ထပ်မံခွဲခြမ်းစိတ်ဖြာရမှာဖြစ်ပါတယ်။

ကျောင်းသူကျောင်းသားကို အတန်းအလိုက်နားလည်အောင် ဘယ်လိုဟောပြောမယ်၊ ဈေးသူဈေးသား ကိုသိအောင် ဘယ်လိုဟောပြောမလဲ၊ ကုန်သည်ပွဲစားလုပ်ငန်းရှင် ချမ်းသာသူကိုသိအောင်၊ ကြောက်လာအောင် ကျန်းမာရေးဆိုးကျိုးကောင်းကျိုး အသက်ရှည်အောင်ဘယ်လိုရှောင်ကြဉ်စားသောက်မလဲ၊ ဟောပြောမလဲ ရပ်/ကျေးအစည်းအဝေးမှာ တက်ရောက်လာတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ စာရေးတွေ နားလည်ပြီး မိမိရပ်ရွာမှာ ဘယ်လိုအသိပညာပေးပြန်လည်ဟောပြောမလဲဆိုတာ သုံးသပ်ရမှာဖြစ်ပါတယ်။

ပွဲမဝင်ခင် အပြင်ကကျင်းပရသလို ကျွန်တော်တို့ ပခုက္ကူခရိုင်ဦးစီးရုံးမှာ ဝန်ထမ်းအားလုံး တစ်လ နှစ်ကြိမ် အနည်းဆုံး ဝန်ထမ်းအချင်းချင်း ဟောပြော၊ နားထောင်၊ ပြန်ပြီး ဆွေးနွေးပွဲလုပ် ဘာလိုတယ်၊ ဘာပိုတယ်၊ မိုက်ကရိုဖုန်းအနေအထား၊ စကားအသုံးအနှုန်း ဥပမာဥပမေယျ ကျောင်းမှာပြောရင်ဘယ်လို၊ ဈေးမှာပြောရင် ဘယ်နည်း၊ ကုန်စည်ဒိုင်မှာ ဟောပြောရင်ဘယ်ပုံ စသည်ဖြင့် သရုပ်သဏ္ဌာန်ခွဲကြ၊ ရီကြ၊ မောကြ၊ ရှက်ကြ၊ အားတင်းကြ၊ ပြင်ပမယ် ပြောကြနဲ့ အကြိမ်ပေါင်းဟာ မရေမတွက်နိုင်အောင် လေ့ကျင့်ကြပါတယ်။

ဝန်ထမ်းတွေပဲဗျာ။ မိုက်ကြောက်သူ၊ ဒူးတုန်သူ၊ စာရွက်ဖတ်ပြောသူ၊ လေသံအတက်အကျမမှန်သူ၊ ကိုယ့်ဝန်ထမ်းနဲ့ကိုယ် ဟောပြောတုန်းကအကိုက်၊ အခြားသူတစ်ပါးရှေ့ရောက်ကာမှ ရှေ့နောက်လွဲဆိုတာတွေ ဖြစ်ကြတယ်။ ဝန်ထမ်းပဲဗျာ၊ သရုပ်ဆောင်တွေမှ မဟုတ်ဘဲ၊ ဒီလောက်တော့ရှိကြမှာပေါ့။ ဒါပေသိ ကြိုးစားကြပါတယ်။ အားထုတ်ကြပါတယ်။ အားလုံးဟောပြောပွဲကို ခြုံငုံသုံးသပ်ကြတော့ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲမှာ များသောအားဖြင့် စားသုံးရန်မသင့်တဲ့ အစားအစာများအကြောင်း တော်တော်များများ ဟောပြောကြတယ်။ စားသုံးမှုဆိုတဲ့ သုံးစွဲတဲ့ပစ္စည်းတွေအကြောင်း ဟောပြောမှုနည်းကြပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေးမှာ အစားအစာအကြောင်း ဦးစားပေးပြောကြတယ်။

ဟင်းချိုမှုန့်၊ ကြက်သားမှုန့် အလွန်အကြူးမသုံးစွဲဖို့၊ ဆိုးဆေးတွေအကြောင်း ငါးပါးဟက်၊ ငါးပုဏ္ဏားကို ဆေးဆိုးတဲ့အကြောင်း၊ ငရုတ်သီးမှုန့် အရောင်တင်မှုန့်၊ မျှစ်တွေမှာ ဆိုးဆေးတွေပါကြောင်း၊ ဆိုးဆေးတွေဟာ ကာဆိုနိုဂျင်ဆိုတဲ့ ကင်ဆာဖြစ်စေသော ဓာတ်များဖြစ်ကြောင်း၊ ပုစွန်တွေကိုဆပ်ပြာမှုန့်နဲ့ဆေးတော့ ဆပ်ပြာမှုန့်ရဲ့ ပြောင်လက်မှုကြောင့် လတ်ဆတ်တယ်လို့ ထင်အောင်လုပ်ကြောင်း၊ လက်ဖက်တွေကို ဆေးဆိုး၊ ရည်ကျိုငါးပိမှာ ခါတ်မြေဩဇာပါတာ၊ ကလေးများ စားတဲ့မုန့်မှာဆိုးဆေးများပါတာ၊ ငပိ၊ ငါးခြောက်မှာ ယင်မလာအောင် ဖော်မလင်သုံးတာစသည်ဖြင့် စုံနေအောင် ပြောကြပါတယ်။ ပြီးတော့ စုပေါင်းညှိနှိုင်းကြတော့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ စားစရာသောက်စရာ ကျန်သေးရဲ့လားဆိုတဲ့ အဖြေသွားတွေ့တယ်။ အန္တရာယ်ရှိတာတွေပဲ ပြောရင်းပြောရင်းနဲ့ မိမိပတ်ဝန်းကျင်မှာ စားစရာမကျန်တော့လောက်အောင် မရှိတော့လောက်အောင်ဖြစ်နေတယ်။

ဥပမာ-ကျောင်းမှာ အစားအစာကို စားရင် ဘာနဲ့စားမလဲ သားတို့သမီးတို့ "ပါးစပ်နဲ့စားပါတယ်" "သေချာရဲ့လား" "သေချာပါတယ်" "မဟုတ်ဘူးကွ၊ လူတွေတော်တော်များများဟာ ပါးစပ်နဲ့တင်မကဘူးမျက်စိနဲ့ပါ စားကြတယ်" မဖြစ်နိုင်ပါဘူးခင်ဗျာ(ရီလျက်)" "ဟုတ်တယ် သားတို့သမီးတို့ ဦးတို့တစ်တွေဟာ အစားအသောက်ကို ပါးစပ်နဲ့ စားတာမှန်ပေမယ့် ဒီအရောင်လေးကလှတယ် စိမ်းမှ ဝါမှ နီမှ ရဲမှ ပြာပြာကလေးမှလှတာ။ ဒါက ပြည်တွင်းဖြစ် ဒါကနိုင်ငံခြားက လာတာဆိုပြီး မျက်စိက အရင်စားတာကွ ဟုတ်ဘူးလား ကွာ" (ရယ်လျက်) ဟုတ်ပါတယ်ဗျ" " ဒီလိုအရောင်ပါတဲ့ အစားအစာတွေဟာ ကင်ဆာရောဂါကို ဖြစ်စေတဲ့ ဓာတုဗေဒဓာတ် တွေပါတယ်ကွ" "ဟုတ်ကဲ့ဗျ/ရှင့်" "လှလှပပထုပ်ပိုးထားတဲ့ ဒီအထုပ်တွေဟာ ဘယ်နေ့က စထုတ်လာတာလဲမသိ၊ ကုန်ဆုံးရက်ကမပါ၊ ဘယ်နိုင်ငံက ဘယ်မြို့က ထုတ်လုပ်မှန်းမသိ၊ ဘာမှန်းမသိတဲ့ အစားအစာတွေကိုစားရင် အန္တရာယ်ရှိတယ် စားကြဦးမှာလားဟေ့" "မစားတော့ပါဘူး ခင်ဗျာ/ရှင့်"

များသောအားဖြင့် ဒီမှာပဲရပ်ကြတာများတယ်၊ ကလေးတွေ မဟုတ်လားဗျာ၊ လူကြီးသာဆိုရင် ကျွန်တော် တို့ ဘာတွေစားရမှာလဲလို့ မေးလာရင် ဘယ်လိုလုပ်ကြမှာလဲ၊ ဒီနေရာမှာ ဆက်ပြောသင့်တာက ကိုယ့်မြန်မာမှာ ဒေသထွက်တဲ့ မုန့်တွေရှိကြောင်း၊ ဥပမာ မုန့်ပြားသလက်၊ ရေမုန့်၊ ထိုးမုန့်၊ မုန့်ကျွဲသဲ၊ မုန့်ဦးနှောက်၊ မုန့်လက်ကောက်၊ မုန့်လက်ဆောင်း၊ ထန်းသီးမုန့်၊ မုန့်လုံးရေပေါ်၊ မုန့်ဩဇာ၊ မုန့်ပဲဆုပ်၊ မုန့်ပေါင်း၊ အကြော်စုံ စသည်ဖြင့်ရှိကြောင်း၊ ဒါတွေဟာ ဆန်မှုန့်၊ ဂျုံမှုန့်၊ ထန်းလျက်၊ သကြား၊ အုန်းသီးဆံ စတာတွေနဲ့ လုပ်လို့အရသာရှိ၊ အားရှိမှာဖြစ်ကြောင်း ပြောရမယ်။ ကျွန်တော်တို့ပေါက်မြို့နယ်က ပေါက် အထကနဲ့ ရေပြာအထကမှာ ပြောတုန်းက နောက်ပိုင်းက ကိုးတန်း၊ ဆယ်တန်း ကျောင်းသားကြီးတွေကိုမေးတယ်၊ တစ်ဖက်သတ်ခြစ်တဲ့ မုန့်ရှိတယ် သိလားလို့မေးတော့ မဖြေနိုင်ကြဘူး။ မုန့်ပြားသလက်ကို ခေါ်တာပါ။ အိုးကင်းပူပေါ်မှာ ထန်းလျက်နဲ့ မုန့်နှစ်ရောပြီး အဖုံးဖုံးအောက်က မီးအပူပေးရတဲ့ ကျက်ပြီဆိုကာမှ သံယောင်းမနဲ့တစ်ဖက်ပဲ (မုန့်အောက်ဘက်)ကို ထိုးခြစ်ကော်ရလို့ တစ်ဖက်သတ် (တစ်ဖက်ပဲ)ခြစ်ရလို့ တစ်ဖတ်သတ်ခြစ်တဲ့မုန့်လို့ပြောတော့ ကျောင်းသား၊ ကျောင်းသူများ ရယ်လည်းရယ်ကြ၊ ပျော်လည်းပျော်ကြ စိတ်လည်းဝင်စားကြပါတယ်။ (ကျောင်းသူ/သားတွေအရွယ်မှာ ဘယ်လောက်ပျော်ဖို့ ကောင်းတယ်၊ လွတ်လပ်တယ်၊ ပွင့်လင်းတယ်ဆိုတာ လူတိုင်းခံစားဖူးမှာပါ) သူတို့ဒေသက မုန့်ပြားသလက်တအားရောင်းတဲ့ ဒီကာလ ဒေသပရောဂနဲ့ ကိုက်ညီအောင်သူတို့စိတ်ဝင်စားစပြုနေတဲ့ "ချစ်"နဲ့"ခြစ်"ကိုတွဲပြီး ပြောတော့ သဘောကျတယ် ပေါ့ဗျာ။

မစားသင့်တာကို ပြောရင် စားသင့်တာကိုပြောရမယ်။ ထုတ်လုပ်ရောင်းချတဲ့ ဝိသမလောဘသမားကတော့ လူကြိုက်အောင်ဘာနဲ့ဆွဲဆောင်မလဲ၊ ဥပမာ အရောင်လား၊ ကံစမ်းမဲလား၊ လှပတဲ့ အရုပ်ပုံစံလား ပုံစံမျိုးစုံပေါ့ဗျာ။ ဒီဟာကို မျက်စိ၊ ပါးစပ်နဲ့တင် စားဖို့မဟုတ်ဘဲ၊ ဉာဏ်ဦးစီးပြီး စားဖို့ထုတ်လုပ်သူရဲ့ လှည့်စားမှုကို အသိသတိနဲ့ယှဉ်ဖို့၊ စားသုံးဖို့။

တစ်ခါသုံးစွဲမှုအပိုင်း တော်တော်နည်းကြပါတယ်။ စားသုံးသူကာကွယ်ပေးရေးအကြောင်းမှာ တော်တော်များများ အစားအသောက်အကြောင်းပဲပြောတယ်။ သုံးစွဲမှုအပိုင်းကိုမပြောတာ တော်တော်များပါတယ်။ တလောကပဲ ဆီဆိုင်တွေကိုစွဖတ်လိုက်ရတယ်။ အချိန်အတွယ်ပေါ် တစ်ဂါလန်ကို ၁၀၀ ကျပ်ပဲအမြတ်ယူ၊ တစ်နေ့မှာ တစ်နိုင်ငံလုံး ဂါလန်သိန်းချီရောင်းရရင် အမြတ်ငွေသိန်းတစ်ရာကျပ်ပါ။ အချိန်အတွယ်ပိုင်းမှာတော့ ဆန်ကိုပြည်နဲ့ရောင်းတယ်၊ တစ်ပြည် ရှစ်ဘူးပြည့်ရဲ့လား၊ ဆီကို ချင်ခွက်နဲ့ရောင်းတယ် ၅ ကျပ်သား၊ ၁၀ ကျပ်သားမှသည် ၅၀ ကျပ်သား၊ တစ်ပိဿာ၊ ငါးပိဿာ၊ ဆယ်ပိဿာ တစ်ကယ်ပြည့်ရဲ့လား။ စွမ်းအင်သုံးဓာတ်ဆီ၊ ဒီဇယ်၊ အောက်တိန်း၊ ပရီမီယမ်၊ လီတာ တစ်ကယ်ပြည့်ရဲ့လား၊ ရွှေ ၁၄ ပဲ၊ ၁၅ ပဲ၊ ၁၆ ပဲ၊ အခေါက်ရွှေ ဘာနဲ့ဆုံးဖြတ်သလဲ၊ ဘီလပ်မြေ ၅၀ ကီလို ဘာနဲ့ချိန်ဝယ်သလဲ၊ အိမ်မိုးသွပ်- သွပ်ရည်ဘာနဲ့ တိုင်းဝယ်သလဲ စသည်ဖြင့် အများကြီးပါပဲ၊ စာရေးသူကိုယ်တွေ့ မူဆယ်ဘက်ကိုဌာနကိစ္စနဲ့သွားတော့ အိမ်က ထိပ်ခေါင်မဟေသီက မှာတယ်။ TV တစ်လုံးဝယ်ခဲ့ပါ။ "အဲဒီတုန်းက TV တွေအခုလိုမပေါပါဘူး။ စီဒီစက်တောင်အခုလို ပြားပြားလေးတွေ မဟုတ်ပါဘူး၊ လေးတောင့်ရှည်ရှည်ကလေးပါ။ သတိရလို့ပြောရရင် မျောက်ဘုရင် စွမ်းဝူခုန်းဇာတ်ကား ခေတ်စားနေတုန်းပါ။ မှာလိုက်တယ် " ၂၁ လက်မ တိုရှီဘာ" ဒီကကောင်ကလည်း တိတိကျကျဝယ်တယ် ၂၁ လက်မ တိုရှီဘာ(ကြောက်ရတာကိုးဗျ) ဆိုင်ရှင်တရုတ်မနဲ့ သူ့အမျိုးသားက မေးတယ်။ "TV တွေ အများကြီး လက်မဘယ်လောက်လဲ" "(၂၁ လက်မတိုရှီဘာ)" "လက်မသာ ပြောပါ" "မဟုတ်ဘူး။ တိုရှီဘာ ၂၁ လက်မမှ" နောက်ဆုံးဘာဖြစ်တယ် ထင်ပါသလဲ စာရှုသူတို့။ ၂၁ လက်မတီဗွီတစ်ခုကိုထုတ်၊ ဓာတ်ခဲပုံးလို စက္ကူဘူးကလေးထဲက တံဆိပ်တစ်ခုကိုယူ သတ်မှတ်တဲ့နေရာမှာ တိုရှီဘာ တံဆိပ်ကို ကပ်ပေးလိုက်ပါတယ်။ ကဲမှတ်ကရော ရောင်းသူက ဘာ တံဆိပ်လိုချင်လဲပြော။ တိုရှီဘာ- ဆန်ညို-ဆမ်ဆောင်းမ်။ ဘာပဲပြောပြော ဒီစက္ကူဘူးထဲက ထုတ်၊ တပ်ပေးတာ ၂၁ လက်မဖြစ်ဖို့ပဲ အဓိက။ ကဲ . . . ကိုယ်တွေ့ခံခဲ့ရတဲ့ သုံးစွဲသူအပိုင်းက နစ်နာမှု။

စားသုံးသူ- ကျယ်ကျယ်ပြန့်ပြန့်ပြောရရင် စားသူ-သုံးစွဲသူ (စားသုံးသူ)အကြောင်း ဟောပြောကြရင် အစားအသောက်များဟာ အန္တရာယ်ရှိကြောင်းပြောရင် အားရှိတဲ့၊ အန္တရာယ်ကင်းတဲ့ ဒေသထွက် ရိုးရာမုန့်များ အကြောင်းလည်း ဟောပြောပါ။

စားတာကြီးတင်မဟုတ်ဘဲ သုံးစွဲမှုအဆင့်အထိကိုလည်း ထိရောက်စွာပြောကြပါလို့ အကြံပြုရင်း စားသုံးသူကိုယ်တိုင်ပဲလည်း ကြိုးစားနေရင်းပါလို့တင်ပြရင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများနှင့် ကျွန်တော်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၄) ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးပွဲကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်း လမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားရာတွင် ကုန်သည်စက်မှုအသင်းချုပ်သည် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေး ကဏ္ဍကိုကိုယ်စားပြုသော အသင်းအဖွဲ့တစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်မှုတိုးတက်ရေးအတွက် ပို့ကုန်တိုးမြှင့်တင်ပို့ရမည်ဖြစ်သလို သွင်းကုန်များကိုလည်း ပိုမိုတင်သွင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ နိုင်ငံတကာနှင့် ရင်ဘောင်တန်းလုပ်ကိုင်နိုင်စေရန် အသင်းချုပ်ကြီးမှ ဦးစီးဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ အရည်အသွေး ကောင်း တန်ဖိုးမြှင့်ပို့ကုန်များ တင်ပို့လာနိုင်ရေးတို့ကို ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို Mobile Team များဖွဲ့စည်း၍ တားဆီး ဆောင်ရွက်နေကြောင်း၊ အသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ၌ တက်ကြွစွာ ပူးပေါင်းသွားရန် တိုက်တွန်းပါကြောင်း အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ အသင်းသားများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

ထို့နောက် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များရရှိသော ပြည်ထောင်စု ဝန်ကြီးများနှင့် အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုရရှိသော ကုန်သည်စက်မှုအသင်းချုပ်နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့အား ထပ်ဆင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ASEAN Business Award နှင့် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆုများ ရရှိခဲ့သော စီးပွားရေးလုပ်ငန်းရှင်များနှင့် ညီနောင်အသင်းများအား ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ ထပ်ဆင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ဆုများကို ပေးအပ်ချီးမြှင့်ပြီးနောက် ကုန်သည်စက်မှုအသင်းချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က နှစ်ပတ်လည် အစီရင်ခံစာ အကျဉ်းချုပ်နှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြခဲ့ပါသည်။

ထို့နောက် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က တက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကာ အခမ်းအနားကို မွန်းလွဲ ၃ နာရီတွင် ရုပ်သိမ်းခဲ့သည်။

## WTO ၏ EIF လုပ်ငန်းစဉ်အောက်ရှိ (Tier 1 Project) အတွက် ကျွမ်းကျင်သူများ ခေါ်ယူခြင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် EIF လုပ်ငန်းစဉ်အောက်ရှိ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက် (Tier 1 Project) သည် ၂၀၁၅ ခုနှစ် တတိယလေးပတ်မှစ၍ (၃)နှစ်ကြာ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ဖြစ်ပါသည်။ Tier 1 Project ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ၎င်း Tier 1 Project ကို ထိရောက်စွာ ဆောင်ရွက် နိုင်ရန်အတွက် စီမံချက်လျာထားချက်ပါ အစီအစဉ်အရ Finance Expert (၁) ဦး၊ Procurement (၁)ဦးနှင့် Economic Expert(၁)ဦးတို့ကို ပြင်ပမှ ခေါ်ယူခန့်ထားသွားမည်ဖြစ်ပါသည်။

စီမံချက်ကာလအတွင်း စီမံချက်ပါလုပ်ငန်းများ စီမံခန့်ခွဲနိုင်ရန်အတွက် အရည်အချင်းပြည့်မီသော မြန်မာနိုင်ငံသား (သို့မဟုတ်) အခြားနိုင်ငံသားခံယူထားသော မြန်မာလူမျိုး Finance Expert (၁) ဦး၊ Procurement (၁)ဦး နှင့် Economic Expert(၁)ဦး လစ်လပ်လျက်ရှိပါသည်။ သတ်မှတ်အရည်အချင်း ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၁-၉-၂၀၁၅ ရက်နေ့အထိ နောက်ဆုံးထားပေးပို့လျှောက်ထားနိုင်ပါသည်။

(က) သတ်မှတ်အရည်အချင်း Finance Expert (၁) ဦး
- (၁) စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ မဟာဘွဲ့ ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၂) နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ကျွမ်းကျင်စွာ ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရမည်။
- (၄) ကွန်ပျူတာ ကျွမ်းကျင်ရမည်။
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၈) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူ ဖြစ်ရမည်။

(ခ) သတ်မှတ်အရည်အချင်း Procurement (၁) ဦး
- (၁) Facility Management ဆိုင်ရာ ဒီပလိုမာ (သို့) တက္ကသိုလ်မှ ဘွဲ့ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက် အနည်းဆုံး (၂) နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပါက ပိုမို ကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ကျွမ်းကျင်စွာ ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူဖြစ်ရမည်။
- (၄) ကွန်ပျူတာ ကျွမ်းကျင်ရမည်။
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၈) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူ ဖြစ်ရမည်။

(ဂ) သတ်မှတ်အရည်အချင်း Economic Expert (၁) ဦး
- (၁) Economic ဆိုင်ရာမဟာဘွဲ့ ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၂) နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ကျွမ်းကျင်စွာ ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူဖြစ်ရမည်။
- (၄) ကွန်ပျူတာ ကျွမ်းကျင်ရမည်။
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၈) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူ ဖြစ်ရမည်။

(ဃ) တာဝန်ထမ်းဆောင်ရမည့်နေရာ - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်

(င) တာဝန်ထမ်းဆောင်ရမည့်ကာလ - (၁)နှစ်မှ(၃)နှစ်

(စ) Finance Expert ၊ Procurement Expert နှင့် Economic Expert တို့၏ တာဝန်ဝတ္တရားများ (Terms of Reference) ကိုအောက်ဖော်ပြပါတာဝန်ခံများထံတွင် တောင်းယူနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ဦးကိုကိုလေး ၊ ညွှန်ကြားရေးမှူး၊
ကုန်သွယ်ရေးဦးစီးဌာန ရုံးအမှတ်(၃) ၊ နေပြည်တော်
ဖုန်း -၀၆၇-၄၀၈၃၁၅ /၀၆၇-၄၀၈၄၁၁၊
ဖက်စ် - ၀၆၇-၄၀၈၃၁၁

ဒေါ်သိန်းနုခိုင်၊ ဒုတိယညွှန်ကြားရေးမှူး
ကုန်သွယ်မှုသင်တန်းကျောင်း၊ ရန်ကုန်တိုင်း ဒေသကြီးရုံး၊
ကုန်သွယ်ရေးဦးစီးဌာန၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့
ဖုန်း- ၀၁-၃၇၁၂၀၄၊ ၀၉-၅၁၂၄၄၇၆
ဖက်စ်- ၀၁-၂၅၀၈၇၁

## ပြောင်း

### စခန်းစုံမှ ပြောင်းဖူးစေ့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ပထမပတ်တွင် ကန်ဒေါ်လာ ၂ ဒသမ ၃၅၃ သန်း တန်ဖိုးရှိ ပြောင်း ၇၈၄၂ တန်ခွဲကို လည်းကောင်း၊ လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၄၃၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၅၀၀ ကို လည်းကောင်း၊ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ ပြောင်း ၈ တန်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၇၈၂၀ တန်ကျော်နဲ့ လွယ်ဂျယ်မှ တန် ၂၀၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၃၇၇၆၁၅ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၈၂၈၅၄ ကျပ်သို့ ဈေးပြန်လည်မြင့်တက်လာတာတွေ့ရပါတယ်။

လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် မူဆယ်ဈေးကွက်မှာတော့ တရုတ်ဝယ်လိုအား ပုံမှန်ရှိနေတယ်လို့ ဆိုရပါမယ်။လက်ရှိတွင် တရုတ်ဝယ်လက်တွေက ပြောင်းစိုက်တောင်သူတွေထံမှာ ပြောင်းမပေါ်မီ ကြိုပွဲ့ငွေစနစ်နဲ့ ဈေးကောင်းပေးကာ ကြိုတင်ဝယ်ယူနေကြကြောင်း၊ ပြောင်းစိုက်တောင်သူတွေက ယခင်နှစ်များထက်ပိုမို စိုက်ပျိုးပေမယ့် တရုတ်မှ ဈေးကောင်းပေးပြီး ကိုယ်စားလှယ်များနဲ့ ဝယ်ယူနေတာကြောင့် ပြည်တွင်းမှာ ပြောင်းကုန် ရှားပါးလာပြီး ပြောင်းဈေးနှုန်းလည်း မြင့်တက်လာရခြင်းဖြစ်တယ်လို့ ပြောင်းကုန်သည်တစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

### ရွှေဘိုကုန်စည်ဒိုင်ရဲ့ အစေ့ထုတ်ပြောင်းဈေးကွက်

ရွှေဘိုကုန်စည်ဒိုင် ပြောင်းဈေးကွက်သို့ ရွှေဘိုခရိုင်တွင် ပြောင်း အများဆုံး စိုက်ပျိုးတဲ့ ကန့်ဘလူမြို့နယ် ဒေသထွက်ပြောင်းဖူးစေ့များ စက်တင်ဘာလ ပထမပတ်တွင် စတင်ဝင်ရောက်လာပြီဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ် ရွှေဘိုခရိုင် အစေ့ ထုတ်ပြောင်းစိုက်ရန် လျာထား ၁၃၃၃၅၀ ဧကတွင် ၁၃၂၀၇၉ ဧက စိုက်ပျိုးနိုင်သဖြင့် လျာထားချက်အပေါ် ၉၉ ဒသမ ၁၂ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ပြီး အစေ့ထုတ်ပြောင်း အများဆုံးစိုက်ပျိုးသည့် ကန့်ဘလူမြို့နယ်တွင် ၉၉၇၅၆ ဧက စိုက်နိုင်ခဲ့တဲ့အတွက် ခရိုင်စိုက်ပျိုးမှု လျာထားချက်အပေါ် ၇၄ ဒသမ ၈၀ ရာခိုင်နှုန်း စိုက်ပျိုးခဲ့ကြောင်း သိရပါတယ်။

ရွှေဘိုကုန်စည်ဒိုင်ရဲ့ ပြောင်းဈေးကွက်သို့ ပြောင်းစိုက်ပျိုးထွက်ရှိတဲ့ ဒေသများရဲ့ လမ်းပန်းဆက်သွယ်မှုအရ နေ့စဉ် အိတ် ၆၀၀၊ ၇၀၀ ခန့်ဝင်ရောက်လျက်ရှိပါတယ်။ ကုန်စည်ဒိုင်ပေါက်ဈေးက ပြောင်းဖူးစေ့ တစ်တင်းကို ၉၈၀၀ ကျပ်နဲ့ ၁၀၂၀၀ ကျပ်ကြားဈေးရှိပြီး မန္တလေးဈေးကွက်အတွက် အရောင်းအဝယ်ပြုလုပ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်း တင်းရေ ၆၀၀၀ ဝန်းကျင် စီးထွက်မှုရှိကြောင်း ပြောင်းဖူးစေ့ ဝယ်ယူတဲ့ ပွဲရုံကုန်သည်များထံမှ သိရပါတယ်။

**ညိုညို- ရွှေဘို**

| ၇-၉-၂၀၁၅ မှ ၁၁-၉-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 231 | 11,178,524.497 |
| 2 | Form D | 21 | 1,153,106.850 |
| 3 | Form E | 79 | 1,011,303.870 |
| 4 | Korea GSP | 5 | 161,669.450 |
| 5 | Form AK | 75 | 4,104,442.140 |
| 6 | Form AJ | 3 | 184,696.000 |
| 7 | Form AI | 37 | 1,075,744.830 |
| 8 | Form AANZ | 1 | 117,456.000 |
| 9 | Form DFTP | - | - |
| **Grand Total** | | **452** | **18,986,943.637** |

## ရော်ဘာ

### ယခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ မြန်မာ့ရော်ဘာတန် ၉၀၀ ကျော်တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ စက်တင်ဘာလ ပထမပတ်မှာ မြန်မာ့ရော်ဘာ MSR- 20 အမျိုးအစား ၂၉၄ တန် တန်ဖိုး ကန်ဒေါ်လာ ၃၂၃၄၀၀ ဖိုးကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံကို မြန်မာ့ရော်ဘာရောက်ရှိမှုကတော့ ၂၀၁၅ ခုနှစ် ဇန်နဝါရီပထမပတ်က MSR-20 ရော်ဘာအမျိုးအစား ၂ ဒသမ ၅၂ တန်၊ မေလအတွင်းမှာ ၃၈ တန်ခန့်၊ ဩဂုတ်လအတွင်းမှာ ၆၄၈ တန်ကျော် တင်ပို့ထားခဲ့ပြီးဖြစ်ပါတယ်။ ယခုစက်တင်ဘာ ပထမပတ်အထိ တင်ပို့နိုင်မှုမှာ စုစုပေါင်း ၉၈၂ တန်ခွဲရှိပြီဖြစ်ပါတယ်။ မြန်မာ့ ရော်ဘာအရည်အသွေးမြင့်လာပါက နိုင်ငံတကာဈေးကွက်မှာရရှိတဲ့ ဈေးအတိုင်းရရှိလာမှာဖြစ်ပါတယ်။ အရည်အသွေးမြင့်လာတာနဲ့အမျှ ဈေးကောင်းရပြီး ဈေးကွက်လည်းပိုမိုရရှိလာမှာဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးကတော့ ကျဆင်းနေကြောင်း သိရပါတယ်။ နိုင်ငံတကာ ရော်ဘာဈေးကျလာတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း ကျဆင်းလာပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀ - ၁၀၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀ - ၁၀၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၅၀ - ၉၅၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၀၀ - ၈၀၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

# ရော်ဘာတင်ပို့မှု လျော့ကျသော်လည်း ဈေးကောင်းရ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ပထမပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၄၄၈ သန်းဖိုးရှိရော်ဘာ ၃၆၉ တန်ခန့် တင်ပို့ခဲ့ပါတယ်။ RSS-3 ၃၀၉ တန်ခန့်နဲ့ MSR-20 တန် ၆၀ ခန့်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၆၅ တန်ခန့်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ချင်းရွှေဟော်စခန်းမှ တင်ပို့မှုမရှိခဲ့တာကြောင့်လည်း လျော့နည်းခဲ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးကတော့ ယခုတစ်ပတ်မှာ RSS-3 တစ်တန်ကို ၁၇၇၄၃၃၁ ကျပ် (၁၄၁၅ ဒေါ်လာ) ဖြစ်ပြီး ယခင်တစ်ပတ်က ၁၇၅၀၀၄၉ ကျပ် (၁၄၀၈ ဒေါ်လာ) ဖြစ်တဲ့အတွက် တစ်တန်ကို ကို၂၄၂၈၂ ကျပ်(၇ ဒေါ်လာ)ဈေးတက်လာတာဖြစ်ပါတယ်။ ယမန်နှစ်ကာလတူပေါက်ဈေးကတော့ ၁၅၇၃၈၅၇ ကျပ်(၁၆၂၈ ဒေါ်လာ)ဖြစ်ပါတယ်။

မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ရော်ဘာကဏ္ဍပို့ကုန်မဟာဗျူဟာ အကောင်အထည် ဖော်နိုင်ရေးလုပ်ငန်းစဉ်များကို သတ်မှတ်ရေးဆွဲနေပြီဖြစ်ပါတယ်။ယခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ဆောင်မယ့်လုပ်ငန်းစဉ်များကတော့ ရော်ဘာပျိုးခင်းများ မှတ်ပုံတင်ခြင်း၊ ရော်ဘာလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူများအားလုံး(စိုက်ပျိုးထုတ်လုပ်သူများ ၊ ပြုပြင်ထုတ်လုပ်သူများ၊ ကုန်သည်များနဲ့ ပို့ကုန်တင်ပို့သူများ) အား စိုက်ပျိုးထုတ်လုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ နိုင်ငံခြားတင်ပို့ ရောင်းချခြင်းအတွက်ပညာပေး သင်တန်းများ ဖွင့်လှစ်ပေးရန်၊ အရည်အသွေးစစ်ဆေးထောက်ခံချက် လက်မှတ်များ ထုတ်ပေးရန်နဲ့ ဓာတ်ခွဲခန်းများကို နိုင်ငံတကာအသိအမှတ်ပြုရရှိစေရန်၊ မြန်မာ့ရော်ဘာကုန်သွယ်မှုမြှင့်တင်ရေး ကော်မတီ (MRTPC) တည်ထောင်ရန်၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ(တည်ထောင်မည့်)နဲ့ စက်မှုသီးနှံဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှတစ်ဆင့် ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်များတွင် ဘွဲ့လွန်နဲ့ ဘွဲ့ကြိုသင်တန်းများသို့ ပညာသင်ဆုဖြင့် ပညာသင်များ စေလွှတ်သွားရန်၊ ရော်ဘာထွက်ကုန်ထုတ်လုပ်မှုဖြစ်စဉ်ရှိ အခြားသော နယ်ပယ်များတွင် ဆန်းသစ်ပြောင်းလဲခြင်းများကို လေ့လာသုတေသနပြုသွားရန်၊ ရော်ဘာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးရန်ပုံငွေ(တည်ထောင်မည့်)ရဲ့ ထောက်ပံ့မှုဖြင့် ငွေကြေးထောက်ပံ့မည့် အရင်းမြစ်များ (အစိုးရ/ ပုဂ္ဂလိက(သို့မဟုတ်)ငွေကြေးထောက်ပံ့သည့်အဖွဲ့များ/အဖွဲ့အစည်းများ)ကို ရှာဖွေခြင်းနဲ့ အပြည်ပြည်ဆိုင်ရာ သင်တန်းကျောင်းများ၊ သုတေသနအဖွဲ့အစည်းများနဲ့ ဆက်သွယ်ဆောင်ရွက်သွားရန်၊ ပြည်ပနိုင်ငံများရဲ့ အလေ့အကျင့်ကောင်းများရရှိစေရန် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ထောက်ပံ့မှုနဲ့ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများကို (စရိတ်မျှခံစနစ်)နဲ့ ကျင်းပပေးခြင်း၊ တက်ရောက်ခြင်းများ ပြုလုပ်သွားရန်ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

အဓိကအချက်မှာ ရော်ဘာကို အရည်အသွေးမီအောင် ထုတ်လုပ်ရမှာဖြစ်ကြောင်း၊ အရည်အသွေးကောင်းပါက ဈေးကောင်းရလာမှာဖြစ်ပြီး ဈေးကွက်လည်း ရရှိလာမှာ ဖြစ်ကြောင်း၊ မြန်မာ့ရော်ဘာ RSS-3 ကို အရည်အသွေးမီအောင် ထုတ်နိုင်ပါက တစ်ပေါင်လျှင် ကျပ်၆၀ မှ ကျပ်၁၀၀ကြားဈေး ပိုမိုရရှိလာနိုင်ကြောင်း၊ အဲဒီလို အရည်အသွေးကောင်း ရော်ဘာများရရှိပါက ရော်ဘာအသင်းမှလည်း ဈေးမြှင့်ပေးနိုင်သော ဝယ်လက်ကြီးများနဲ့ ချိတ်ဆက်ပေးနိုင်မှာ ဖြစ်ကြောင်း၊ ဈေးကွက်လည်း ချဲ့ထွင်နိုင်မှာဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာအသင်းမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ဝါး

### မောင်တောစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးကီလို တစ်သိန်းကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ်လ ၂၉ ရက်မှ စက်တင်ဘာလ ၄ ရက်တာကာလအတွင်းမှာ ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ ဝါး ၁၂၅၀၀၀ ကီလို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှု မရှိခဲ့ဘူးလို့သိရပါတယ်။ ဝါးဖောင်တစ်ခုလျှင် ဝါးလုံးရေ ၂သောင်းမှ ၅ သောင်းအထိ ဖောင်ဖွဲ့စုဆောင်းကြပါတယ်။ ဝါးများအား ဝါးထရံရက်လုပ်ခြင်းနဲ့ အိမ်ဆောက်ရာမှာ အသုံးပြုကြတယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

# လတ်ဆတ်သော သစ်သီးဝလံဟင်းသီးဟင်းရွက်များ ရောင်းချခြင်းလုပ်ငန်း (HORTICULTURAL MARKETING)

|ကျော်မြင့်|

လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် (Fresh fruits and vegetables) များ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းကို ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) မှ ( HOR-TICULTURAL MARKETING) အဖြစ်သတ်မှတ်ပြီး Marketing extension guide-5 စာစောင်တွင် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိ ရပါသည်။

Horticulture ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ကို အစားအစာအဖြစ်စိုက်ပျိုးခြင်း၊ ပန်းမာန်ကို အလှပြင်ဆင်မှုအတွက် စိုက်ပျိုးခြင်းလုပ်ငန်းကို Horticulture ဟုလည်းကောင်း၊ အချို့က Horticultural crop ကို ဥယျာဉ်ခြံသီးနှံဟုလည်းကောင်း ခေါ်ဝေါ်ပြောဆိုကြသည်။ ရောင်းဝယ်မှုစီးပွားရေးပညာရှင်များက လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ရောင်းဝယ်ခြင်း (Fresh produce {fruits and vegetables} marketing) လုပ်ငန်းဟုလည်း ခေါ်ဝေါ်ပြောဆိုကြသေးသည်။

ရောင်းဝယ်ခြင်း (Marketing)ကို အမျိုးမျိုးသော အဓိပ္ပာယ်များ ဖွင့်ဆိုကြပြီး စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) မှ HORTICULTURAL MARKETING ကို အဓိက ဆက်နွယ်သော အချက်နှစ်ချက်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

**ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ** သင့်ထံမှဝယ်ယူနေကြသော သူများသည် ဘာကိုလိုချင်ကြသနည်းဆိုသော အချက်ကို ရှာဖွေပါ။ ယင်းတို့လိုချင်တာကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် အမြတ်ရအောင် ဆောင်ရွက်ပါဆိုသည့်အချက်ဖြစ်ပါသည်။ ယင်းဖော်ပြချက်တွင် အဓိကအချက်နှစ်ချက်ပါဝင်ပါသည်။

(၁) ရောင်းဝယ်မှုလုပ်ငန်း ဆောင်ရွက်မှုတွင်ဝယ်ယူနေကြသောသူများ (Customer) ကိုဦးတည်ထားခြင်း၊

(၂) ရောင်းဝယ်မှုလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုဖြစ်ပြီး စိုက်ပျိုးသည့် လယ်သမား၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများ၊ ကုန်သည်များ၊ ပြုပြင်ကြိတ်ခွဲသူများပါဝင်ကြရာ ယင်းတို့သည် အမြတ်ရရှိမှ ရပ်တည်နိုင်ပါမည်။ အကယ်၍စီးပွားရေးလုပ်ငန်းတွင် အမြတ်မရရှိပါက ရောင်းဝယ်မှုစီးပွားရေးလုပ်ငန်း (Business) တွင် ဆက်လက်လုပ်ကိုင်ရန် မတတ်နိုင်သည့် အခြေအနေမျိုးဖြစ်သွားပါမည်။

**ရောင်းဝယ်ခြင်းဆိုပါက**

(၁) ဝယ်ယူမည့်သူများသည် မည်သူဖြစ်သည်ကို ခွဲခြားပါ။

(၂) ယင်းတို့သည် မည်သည့်ထွက်ကုန်များကို ဝယ်ယူလိုသည်။ ဝယ်ယူလိုသော ထွက်ကုန်များကိုမည်သို့ ဖြည့်ဆည်း (Supply) မည်လဲ။

(၃) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းကွင်းဆက် (Production-marketing chain) တွင် လိုအပ်သော ထွက်ကုန်များကို လိုအပ်ချိန်တွင် ရောက်ရှိစေရန် ဆောင်ရွက်ခြင်း။

(၄) လုပ်ငန်းဆောင်ရွက်မှုတွင် လုံလောက်သောအကျိုးအမြတ်ဆက် တိုက်ရရှိစေခြင်း အချက်များပါဝင်လာပါသည်။

**လတ်ဆတ်သောဟင်းသီးဟင်းရွက်။** သစ်သီးဝလံစိုက်ပျိုးထုတ် လုပ်သူ များ၏အကျိုးအမြတ်သည် ရောင်းချရသည့်ဈေးနှုန်းမြင့်မားစွာရရှိမှုအပေါ် မူတည်လျက်ရှိရာ ရောင်းရငွေ (Sale revenue) ကိုမြင့်မားစေပြီး အကျိုးအမြတ်များစေပါသည်။ လတ်ဆတ်သောဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်ရောင်းချရာတွင် ရောင်းချမှုစရိတ် (Marketing cost) ဥပမာအားဖြင့် ထုပ်ပိုးမှုစရိတ် (Packaging cost)၊ သယ်ယူပို့ဆောင်စရိတ် (Transport cost)၊ ရောင်းချပေးသူအားရောင်းရငွေပေါ်မှ ကော်မရှင် (Commission fees)ပေးရမှုများရှိသဖြင့် လတ်ဆတ်သောဟင်းသီးဟင်းရွက်သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သည့် ဥယျာဉ်ခြံသီးနှံ (Horticultural crop) များတွင် ရံဖန်ရံခါရောင်းချမှုစရိတ် (Marketing cost) သည် စိုက်ပျိုးထုတ်လုပ်မှုစရိတ် (Production cost) ထက်မြင့်မားတတ်ပါသည်။ ရောင်းချမှုစရိတ် (Marketing cost)ကိုလျှော့ချခြင်းဖြင့်လည်း အကျိုးအမြတ်များစေပါသည်။ ပုံ-၁ ကို ကြည့်ရှုလေ့လာရန်ဖြစ်ပါသည်။

ပုံ-၁။ရောင်းချရသည့်ဈေးနှုန်းနှင့် စိုက်ပျိုးထုတ်လုပ်သူအကျိုး အမြတ်ဆက်စပ်မှုအခြေပြပုံ




ပုံ-၂။ဈေးနှုန်းများသည်ရောင်းချမှုကွင်းဆက်တလျှောက်တွင်မြင့်မားလာမှု (Price increases along the marketing chain )




ဇာစ်မြစ်၊ Horticultural marketing, Marketing extension guide-5, FAO

ဈေးနှုန်းများသည် စိုက်ပျိုးသူလက်ဝယ်မှ စားသုံးသူထံရောက်ရှိသည်ထိ ဈေးနှုန်းများပြောင်းလဲမြင့်မားလာမှုကို ပုံ-၂ တွင် ဖော်ပြထားပါသည်။ ရောင်းဝယ်မှုစရိတ် (Marketing cost) ဖြစ်သော သယ်ယူစရိတ်၊ အခြား စရိတ်(Other costs)၊ ထုပ်ပိုးပစ္စည်းစရိတ် (ထုပ်ပိုးစရိတ်၊ ကော်မရှင်ပေး ရခြင်း) ပါဝင်ဆောင်ရွက်သူများဖြစ်သည့် စိုက်ပျိုးသူ၊ လက်ကားရောင်းသူ၊ လက်လီရောင်းသူများ၏ ကျန်ငွေ (Margin) များ ပါဝင်လာသောကြောင့် ဈေးနှုန်းများ ပြောင်းလဲမြင့်မားလာရခြင်းဖြစ်သည်။ ဥပမာအဖြစ်ဖော်ပြသော ပုံ-၂ ကို ကြည့်ရှုလေ့လာရန်ဖြစ်ပါသည်။

**ဇယား-၁။ ကြက်သွန်နီရောင်းချမှုကွင်းဆက်တစ်လျှောက် ဈေးပြောင်းလဲမှု**

| ကြက်သွန်နီရောင်းဈေး အဆင့်ဆင့် | ကြက်သွန်နီ (၁)ပိဿာဈေး |
|---|---|
| စိုက်ပျိုးသူမှ ကြက်သွန်နီ အသေးရွာတွင်ရောင်းရသည့်ဈေး ( Farm-gate price) | ၇၀၀ |
| မြင်းခြံတွင်လက်ကားရောင်းဈေး (Wholesale price) | ၈၂၅ |
| မြင်းခြံတွင်လက်လီရောင်းဈေး ( Retail price) | ၉၀၀ |
| စိုက်ပျိုးသူမှ ပါဝင်ရရှိမှု (၇၀၀) /(၉၀၀) | ၇၈% |
| လက်ကားရောင်းသူကျန်ငွေ- Wholesale Margin (၈၂၅-၇၀၀)/(၉၀၀) | ၁၄% |
| လက်လီရောင်းသူကျန်ငွေ- Retail Margin (၉၀၀-၈၂၅)/(၉၀၀) | ၈% |
| စုစုပေါင်းကျန်ငွေ- Total Margin | ၂၂% |

မြန်မာနိုင်ငံတွင် ကြက်သွန်နီကိုစားဖိုဆောင်သီးနှံဟု ခေါ်ဝေါ်ပြော ဆိုကြသော်လည်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)မှထုတ်ပြန်သည့် (Manual for the preparation and sale of fruits and vegetables, Bulletin151)တွင် ကြက်သွန်နီကို ဟင်းသီးဟင်းရွက်အုပ်စုတွင် ထည့်သွင်းဖော်ပြထားပါသည်။

လတ်ဆတ်သောသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် (Fresh fruits and vegetables) များ၏ ဝယ်လိုအားနှင့် ပတ်သက်၍ အရေးပါသောအချက်များမှာ ရောင်းချသည့်ဈေးနှုန်း၊ စားသုံးသူကြိုက်နှစ်သက်မှု၊ စားသုံးသူအရေအတွက်၊ စားသုံးသူများ၏ ဝင်ငွေ၊ ယှဉ်ပြိုင်သော ထွက်ကုန်များ၏ ဈေးနှုန်း၊ စားသုံးသူများဝယ်ယူရရှိနိုင်သည့် အမျိုးမျိုးသော လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များဖြစ်ပါသည်။ လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ပြီး ဈေးကွက်သို့ ဖြည့်ဆည်းရာတွင် အရေးပါသော အချက်များမှာ ဈေးကွက်တွင်ဖြစ်ပေါ်သည့်ဈေးနှုန်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်၊ နည်းပညာဆိုင်ရာအချက်များ၊ ရာသီဥတု၊ သိုလှောင်နိုင်သည့် ဖြစ်နိုင် မှုအခြေအနေတို့ ဖြစ်ပါသည်။

**အချိန်တိုကာလအတွင်း ဈေးပြောင်းလဲမှု (Short-term price fluctuation)။** လတ်ဆတ်သောသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းများသည် နေ့စဉ်ဈေးပြောင်းလဲမှုရှိပြီး ရက်တစ်ရက်အတွင်းမှာပင် ဈေးအတက်အကျ အပြောင်းအလဲဖြစ်ပေါ်သည်။

**ရာသီကာလအလိုက် ဈေးပြောင်းလဲခြင်း(Seasonal price change)။** ဥပမာ-သရက်သီး အဓိကအများအပြားစိုက်ပျိုးသောဒေသတွင် သရက်သီးရာသီ ကာလအစတွင်ဖြစ်ပေါ်သော သရက်သီး ဈေးမှာမြင့်လေ့ရှိပြီး သရက်သီးလှိုင်လှိုင်ပေါ်သည့် ရာသီကာလတွင် သရက်သီးဈေးကျသွားသည်။ သရက်သီး ရာသီကုန်ခါနီးတွင် သရက်သီးဈေးများ ပြန်လည်မြင့်လာသည်။ အကြောင်းရင်းမှာ သရက်သီးအထွက် နည်းသွားသောကြောင့်ဖြစ်သည်။

ပုံ-၃။ရေရှည်ကာလတွင် ဈေးနှုန်းများ နှင့်ထုတ်လုပ်ရောင်းချမှုအပြောင်းအလဲ ဖြစ်ပေါ်မှု




**ရေရှည်ကာလတွင် ဈေးပြောင်းလဲမှု (Long-term price fluctuation)။** ပုံ-၃ ကိုလေ့လာကြည့်ပါ။ ပထမနှစ်တွင် ဥပမာ-ခရမ်းချဉ်ဈေးမြင့်လာပြီး ဝယ်လိုအားသည် ထုတ်လုပ်ရောင်းချမှုထက်များလာခဲ့သည်။ ဈေးကောင်းလာသည်ကို အကြောင်းပြု၍ ဒုတိယနှစ်တွင် လယ်သမားများသည် ခရမ်းချဉ်တိုးချဲ့ စိုက်ပျိုးထုတ်လုပ်ရောင်းချကြသည်။ ခရမ်းချဉ်ဈေးကျလာသည်။ ဝယ်လိုအား သိသာစွာတိုးလာခြင်းမရှိသောကြောင့်ဖြစ်သည်။ ဈေးကျလာသည်ကို အကြောင်းပြု၍ တတိယနှစ်တွင် ခရမ်းချဉ်စိုက်ပျိုးသော လယ်သမားများ လျော့နည်းသွားခြင်း၊ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုလျှော့ချခြင်းများကြောင့် ဈေးကွက်သို့ ခရမ်းချဉ်အဝင်နည်းပြီး ဈေးပြန်မြင့်လာသည်။ စတုတ္ထနှစ်တွင် ခရမ်းချဉ်ဈေးမြင့်လာသည်ကို အကြောင်းပြု၍တိုးချဲ့ စိုက်ပျိုးထုတ်လုပ်ကြပြန်ရာ ဈေးကွက်သို့ ခရမ်းချဉ်အဝင်များလာပြီး ဝယ်လိုအားသိသာစွာမြင့်လာခြင်း မရှိသဖြင့် ခရမ်းချဉ်စိုက်ပျိုးသူများဈေးအကျနှင့် တွေ့ကြုံရပါတော့သည်။ခရမ်းချဉ် စိုက်ပျိုးသူများသည်ဝယ်လိုအား (Demand) နှင့် ပတ်သက်သော သတင်းအချက်အလက်ကို ပြည့်စုံစွာမသိရှိသောကြောင့်ဖြစ်သည်ဟု စိုက်ပျိုးရောင်းဝယ်မှုပညာရှင်များ (Agricultural marketing economist) က စိစစ်သုံးသပ်ကြသည်။

*Reference: Horticultural marketing, Marketing extension Guide5, FAO, Rome 2005.*

# USAID နှင့် ပူးပေါင်း၍စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့

မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ ကိစ္စရပ်များအတွက် USAID နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီး ဌာနတို့ပူးပေါင်း၍ ကျင်းပပြုလုပ်သော ပထမအကြိမ်နှင့် ဒုတိယအကြိမ်မြောက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ် မေလအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တောင်ကြီးဟိုတယ်၌ USAID နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ Protecting Consumer Rights in Myanmar: Effectively Implementing the New Law on Consumer Protection and International Perspectives ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဦးဟန်နှင့် အမေရိကန်နိုင်ငံ သံရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Mr. Daniel Swift တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့ များမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ USAID မှ တာဝန်ရှိသူများနှင့် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရဌာနများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စားသုံးသူနှင့် ထုတ်လုပ်သူကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကိုယ်စားလှယ်များက စာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ပြီး အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် မေးခွန်းများ အပြန်အလှန် ဆွေးနွေးပြောကြားကာ ဆွေးနွေးပွဲအား အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့အတူ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင်လည်း ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကုန်သွယ်မှုမြှင့်တင် ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံး၌ ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် USAID မှ တာဝန်ရှိသူများ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့၊ ရှမ်းပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် USAID မှ တာဝန်ရှိသူများ စုစုပေါင်း ၂၈ ဦးတက် ရောက်ခဲ့ကြကာ အစည်းအဝေးတွင် ရှမ်းပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဆောင်ရွက်နေသော လုပ်



ငန်းများနှင့် နည်းပညာအကူအညီပေးမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြပါသည်။

ဆက်လက်၍ စက်တင်ဘာလ ၃ ရက်နေ့တွင် နေပြည်တော်၊ Royal ACE Hotel ၌ USAID နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပပြုလုပ်သော စတုတ္ထအကြိမ်မြောက်ဆွေးနွေးပွဲဖြစ်သည့် -Protecting Consumer Rights in Myanmar: Effectively Implementing the New Law on Consumer Protection and International Perspectives - ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးနှင့် USAID-funded Private Sector Development Acti-vity မှ Chief of Party ဖြစ်သူ Mr. Steve Parker တို့က အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ USAID မှ တာဝန်ရှိသူများနှင့် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၉၄ ဦးတက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရဌာနများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်အသီးသီးကစာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ပြီး အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် မေးခွန်းများ အပြန်အလှန် ဆွေးနွေးပြောကြားကာ ဆွေးနွေးပွဲအား အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့ပြင် စက်တင်ဘာလ ၄ ရက်နေ့တွင် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အစည်း အဝေးခန်းမ၌ စားသုံးသူ အကာအကွယ်ပေးရေး နည်းဥပဒေမူကြမ်းရေးဆွဲရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေး နွေးပွဲသို့ အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ USAID မှ တာဝန်ရှိသူများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၃၅ ဦးတက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက နည်းဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးချက်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး တက်ရောက် လာသူများမှလည်း ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြပါသည်။

ဆက်လက်၍ အဆိုပါနေ့တွင်ပင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးခန်းတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များဆိုင်ရာ မဟာဗျူဟာချမှတ်နိုင်ရေးအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ USAID မှ တာဝန်ရှိသူများ စုစုပေါင်း ရှစ်ဦးတက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်း အဝေးတွင် အဓိကအားဖြင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲ ချမှတ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြပါသည်။

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာဌာနခွဲ**

# ဖျာပုံခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

ဖျာပုံမြို့နယ် အမှတ်(၁၄) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း အမှတ် (၁၇) ခမ္မသုခကျောင်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း ၁၂ ဦး ပါဝင်သော ပူးပေါင်းအဖွဲ့တို့ ကျောင်းသား ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနဲ့ ကျန်းမာရေးစစ်ဆေးမှုများကို စက်တင်ဘာလ ၈ ရက်နေ့က ပြုလုပ်ပေးခဲ့ကြတယ်လို့သိရပါတယ်။ အခမ်းအနားသို့ ကျောင်းဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းစေ့ သည် သုံးဦးနဲ့ ကျောင်းသား၊ ကျောင်းသူ ၂၈၄ ဦး၊ စုစုပေါင်း ၂၉၇ ဦးတက်ရောက်ခဲ့ပြီး စားသုံးရန်မသင့်သည့် အစားအစာများ၊ ဆောင်ရန်၊ ရှောင်ရန်နှင့် လိုက်နာရမည့် စည်းကမ်းချက်များ ပါဝင်သော လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြပါတယ်။



အခမ်းအနားတွင် ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ကျန်းမာရေးမှူး ဦးသိန်းနိုင်ထွန်းက သွေးလွန်တုပ်ကွေး ရောဂါအကြောင်းကိုလည်းကောင်း၊ သူနာပြုဆရာမ ဒေါ်ကြည်ပြာအောင်က တစ်ကိုယ်ရည် သန့်ရှင်းရေးအကြောင်းကို လည်းကောင်း၊ ကုန်သွယ်မှုမြှင့် တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက အစားအစာများ သန့်ရှင်းရေးအကြောင်းကို လည်းကောင်း၊ အသီးသီးဟောပြောကြပါတယ်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ဒေါက်တာ မောင်မောင်စန်းနှင့် အဖွဲ့က သွားကျန်းမာရေး စစ်ဆေးပေးခြင်း၊ ဒေါက်တာ မြသူဇာနှင့် အဖွဲ့က ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီး သန်ချ ဆေးများ တိုက်ကျွေးခြင်း၊ ဒေါက်တာရီရီတင်နှင့် အဖွဲ့က မျက်စိကျန်းမာရေး စစ်ဆေးကုသမှုများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြတယ် လို့သိရပါတယ်။

ဖျာပုံခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် အသိပညာပေးရေး လုပ်ငန်းများကို ဈေးရုံများ၊ စာသင်ကျောင်းများ၊ ကျောင်းမုန့်ဈေးတန်းများ၌ အများပြည်သူ လူထုအတွင်း အသိပညာ ဗဟုသုတများ ရရှိစေရန်နှင့် ဘေးဥပဒ် အန္တရာယ်ကင်းစင်စေရန် ရည်ရွယ်၍ ချပြဆွေးနွေးမှုများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်ရှိ ဈေးရုံကြီးများအတွင်း ကွင်းဆင်းလှေ့လာ အသိပညာပေးဆွေးနွေးခြင်း၊ ဇူလိုင်လတွင် စာသင်ကျောင်းများ၌ ဟောပြောပွဲများ ဖျာပုံမြို့နယ်တွင် လေးပွဲ၊ ဘိုကလေးမြို့နယ်တွင် တစ်ပွဲနှင့် ဒေးဒရဲမြို့နယ်တွင် တစ်ပွဲ စုစုပေါင်း ခြောက်ပွဲကျင်းပနိုင်ခဲ့ပြီး ဩဂုတ်လတွင် ဘိုကလေးမြို့နယ်တွင်နှစ်ပွဲ၊ ကျိုက်လတ်မြို့နယ်တွင်နှစ်ပွဲ စုစုပေါင်း လေးပွဲကျင်းပနိုင်ခဲ့ပါတယ်။ စက်တင်ဘာလ အတွင်း စာသင်ကျောင်းများ၌ ဟောပြောပွဲများကျင်းပခဲ့မည်ဖြစ်ရာ ဖျာပုံ မြို့နယ်တွင်နှစ်ပွဲနှင့် ဒေးဒရဲမြို့နယ်တွင် နှစ်ပွဲ စုစုပေါင်းလေးပွဲ ကျင်းပပြုလုပ်သွားမယ်လို့သိရပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

# ပြန်ကြော်ဆီတွေ ဖြန့်ဖြူးရောင်းချနေတဲ့ အရင်းအမြစ်များကို ဖော်ထုတ်သင့်

မြန်မာနိုင်ငံမှာ ဆီစက် ၂၀၀၀ ကျော်ရှိပြီး ၁၀ ရာခိုင်နှုန်းခန့်သာ လည်ပတ်နိုင်တော့ကြောင်း၊ ဆီထွက်သီးနှံမြေပဲ၊ နှမ်း၊ ပဲပုပ်စတာတွေကို ပြည်ပတင်ပို့မှုကြောင့် ကုန်ကြမ်းရရှိမှု အခက်အခဲဖြစ်နေရပြီး ပြည်တွင်းစားသုံးရန်ဖူလုံမှု မရှိတဲ့အတွက်မှ တစ်နှစ်ပျမ်းမျှ စားအုန်းဆီ ကန်ဒေါ်လာ သန်း ၆၀၀ ကျော်ကို ပြည်ပမှတင်သွင်းလျက်ရှိပါတယ်။

ပြည်တွင်းမှာ ဆီပိုမိုထုတ်လုပ်နိုင်ရေး အားပေးမယ်ဆိုရင် ပြည်တွင်းမှာ နိုင်ငံသားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်ထွက်လာမယ်၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ဆီတွေ စားသုံးခွင့်ရမယ်။ ဒါကြောင့် ပြည်တွင်းစားဆီထုတ်လုပ်သူများကို နိုင်ငံတော်ပိုင်းမှ ပံ့ပိုးပေးသင့်ပါတယ်။ ပြည်တွင်းမှာ စားသုံးဆီ ပိုမိုထွက်ရှိဖို့အတွက် ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်တွေ လိုအပ်တယ်။ နည်းပညာပံ့ပိုးပေးရမယ်။ စားဆီထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့တွေပေးဖို့လိုအပ်တယ်လို့ဆီကုန်သည် အသင်းမှ တာဝန်ရှိသူ တစ်ဦးကအက်ဖ်ဒီအေအလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ စားအုန်းဆီအစစ်ကို မြေပဲဆီအနံ့အသက်ထည့်ပြီး မြေပဲဆီသန့်ဆိုပြီး လေဘယ်ကပ် ရောင်းတယ်၊ စားသုံးသူကို လှည့်စားပြီး ရောင်းချနေတယ်။ ပဲဆီစစ်စစ်ပေါက်ဈေးရဲ့ ထက်ဝက်ဈေးလောက်နဲ့ ရောင်းချမှုလုပ်နေကြတယ်။ လုပ်ငန်းရှင်အချင်းချင်း မညာတမ်းဖော်ထုတ်ပေးကြဖို့လိုအပ်မယ်။ ဈေးကွက် ထောက်လှမ်းရေးတွေ ပိုမိုလိုအပ်နေပြီဖြစ်တယ်။ အက်ဖ်ဒီအေအနေနဲ့ မမှန်မကန်ရောင်းတဲ့ ဆီတွေကို ပြည်သူတွေ သိအောင်ထုတ်ပြန်ပေးသွားဖို့၊ အတုအပလုပ်သူတွေကို ဖော်ထုတ်ပြီး ပြင်းပြင်းထန်ထန် အရေးယူသွားဖို့ လိုအပ်နေပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နဲ့ ဆီလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌဦးအောင်ရွှေကအလုပ်ရုံဆွေးနွေးပွဲရဲ့အစုအဖွဲ့လိုက် ဆွေးနွေးမှုများမှာ ဆွေးနွေးတင်ပြခဲ့ တာဖြစ်ပါတယ်။

စားသုံးသူများအနေနဲ့ကလည်း မိမိတို့ဝယ်ယူသုံးစွဲတဲ့ ဆီပုံး/ဆီဘူး/ဆီပုလင်းတွေမှာ ထုတ်လုပ်တဲ့ ကုမ္ပဏီရဲ့ လိပ်စာ၊ သက်တမ်းကုန်ဆုံးရက်၊ ဖုန်းနံပါတ်၊ လုပ်ငန်းရှင်မှတ်ပုံတင်ပါရှိတဲ့ ဆီများကိုသာ ဝယ်ယူအသုံးပြုသင့်ကြောင်းနဲ့ မြေပဲဆန် ဈေးနှုန်းနဲ့ နှိုင်းယှဉ်ပြီး မြေပဲဆီဈေးကို စိစစ်ဝယ်ယူစားသုံးသင့်ကြောင်း အကြံပြုပြောကြားခဲ့ပါတယ်။

**မယ်စားသုံး**

## စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပ

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ မြို့ဟောင်းရပ်ကွက်၊ အ. မ. က ဖာဟွာရ်ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာလ ၉ရက်ကကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ ဦးဇော်မင်း(ဒုတိယဦးစီးမှူး)က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ရွေးချယ်စားသောက်သင့်သောအစားအစာများနှင့် စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းကို ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ ဒေါ်ဒေါ်ကြယ်မှ စားသုံးရန်မသင့်သည့် မုန့်မျိုးစုံ၏ ဘေးဥပဒ်အန္တရာယ်ဖြစ်ပွားမှုကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက်တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးထန်ဟေးလျန်းမှ ကျောင်းသားကျောင်းသူများအားစားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများကို နိဂုံးချုပ်အနေဖြင့် ထပ်မံရှင်းလင်းပြောကြားခဲ့ပါသည်။ ဟောပြောပွဲသို့ ကျောင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထန်နှင်းလျန်းနှင့် ဆရာမများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၃၂ ဦး တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

Dtp&Ca. Hakha

## ယင်းမာပင်ခရိုင်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေး

တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်မှုခံယူကာ ခရိုင်ဦးစီးမှူးဦး ဆောင်၍ ဝန်ထမ်းများသည် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ယခုအချိန်အထိ လုပ်ဆောင်လျက်ရှိရာ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲစသည့် လေးမြို့နယ်ရှိကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူ ၁၁၆၁၀ ဦး၊ ဆရာ၊ ဆရာမ ၅၆၄ ဦး၊ ကျေးလက်နေ ပြည်သူပြည်သား ၂၂၄ ဦးတို့အား ဟောပြောခဲ့ပြီးဖြစ်တယ်။

နောင်တွင်လည်း ခရိုင်အတွင်း ကျန်ရှိနေသေးသည့်ကျောင်းများနှင့် ကျေးရွာတို့အား ဆက်လက်ကွင်းဆင်းကာ ဟောပြောသွားမည် ဖြစ်ပြီး မူမမှန်သောစားသုံးဆီများ၊ အန္တရာယ်ရှိဟင်းချိုမှုန့်နှင့် စားသောက်ကုန်များ၊ စားသုံးရန်မသင့် သောမုန့်မျိုးစုံနှင့်အချိုရည်များ၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ ကွမ်းတို့၏ ဆိုးကျိုးများ၊ အန္တရာယ်ရှိနိုင်သည့် ဝန်ဆောင်မှုများနှင့် Entertainment များအကြောင်းကို အဓိကထားကာပညာပေး ဆွေးနွေးသွားမယ်လို့ သိရ ပါတယ်။

**တင်တင်မိုး - ယင်းမာပင်**

## မုံရွာမြို့နယ် သာစည်အထက(ခွဲ)ကျောင်းနှင့် အင်းတိုင်မူလွန်ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေး

နိုင်ငံတော်ရဲ့ အနာဂတ်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရေးအထောက်အပံ့အနေနဲ့ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနဲ့ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်းရဲ့ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လျက်ရှိရာ မုံရွာမြို့နယ် တာဝန်ခံရုံးအနေနဲ့ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများနဲ့ ပူးပေါင်းပြီး သာစည်ကျေးရွာ အထကခွဲကျောင်းနဲ့ အင်းတိုင်ကျေးရွာ မူလွန်ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို စက်တင်ဘာ ၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါတယ်။

ထိုသို့ကျင်းပပြုလုပ်ရာတွင် သာစည်အထကခွဲကျောင်းမှာ ဆရာ၊ ဆရာမ ၁၉ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၈၁ ဦး၊ ကျောင်းဈေးသည် ၃ ဦး၊ ကျောင်းသားမိဘ ၁ ဦး၊ စုစုပေါင်း ၄၀၄ ဦး တက်ရောက်ခဲ့ ကြသလို အင်းတိုင်မူလွန်ကျောင်းမှာ ဆရာ၊ ဆရာမ ၇ ဦး၊ ကျောင်းသား၊သူ ၅၁ ဦး၊ ကျောင်းသားမိဘ ၇၀ ဦး၊ စုစုပေါင်း ၁၂၈ ဦး တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ ပညာပေးဟောပြောပွဲများတွင် သက်ဆိုင်ရာကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက ကြိုဆိုနှုတ်ဆက်စကားပြောကြားခြင်း၊ မုံရွာမြို့နယ်တာဝန်ခံ ဦးထွန်းလှိုင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများကျင်းပခြင်းရဲ့ ရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသောင်းကြိုင်က စားသုံးသူရေးရာ သိကောင်းစရာများကိုလည်းကောင်း၊ ဒေါ်နှင်းနှင်းခိုင်(ဒုတိယဦးစီးမှူး)က အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာများရဲ့ ဆိုးကျိုးနဲ့ အန္တရာယ်များကိုလည်းကောင်း၊ အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ကြကာ တက်ရောက်ကြတဲ့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းသားမိဘများနဲ့ ကျောင်းဈေးသည်များက စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြတယ်လို့ သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## မုဒုံမြို့နယ်ရှိဈေးများတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော တားမြစ်ထားသည့် ကုန်စည်များရောင်းချခြင်း ရှိ/မရှိဌာနဆိုင်ရာများ ပူးပေါင်းကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနသည်စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယဦးစီးမှူး ဦးချိုဝင်းတို့သည် စက်တင်ဘာလ ၇ ရက်တွင်မွန်ပြည်နယ်၊ မုဒုံမြို့ရှိဈေးများတွင် ထုတ်ကုန်လုံခြုံစိတ်ချမှုမရှိသော တားမြစ်ထားသည့် စားသုံးရန် သုံးစွဲရန်မသင့်သော အလှကုန် အစားအသောက်နှင့် ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိအား ပြည်နယ်အစား အသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာစိုးနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစန်းလှိုင်၊ ကျန်းမာရေး HA(၁) ဦးမင်းဘာလီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်ဇင်မို့မို့အောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်အေးတို့ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့စစ်ဆေးရာတွင်တားမြစ်ထားသောစားသုံးရန်၊ သုံးစွဲရန် မသင့်သော အလှကုန်၌ Dr Japan ၃ ဘူး၊ Pollo အမျိုးအစား ၃၃ ဘူး၊ အစားအသောက်တွင် Miki-ko မုန့်ဘူးကြီး ၇ ဘူးနှင့် ဘူးသေး ၁၅ ဘူး ဆေးဝါးတွင် Lasix Inj ၃ လုံး၊ Quinine Inj ၁၃ လုံး တို့အား စစ်ဆေးတွေ့ရှိသဖြင့် အဆိုပါပစ္စည်းများအား ပူးပေါင်းဌာနများမှ သိမ်းဆည်း၍ပိုင်ရှင်များအား တားမြစ် ထားသည့်ပစ္စည်းများ၏ ဘေးဥပဒ်အန္တရာယ်ဆိုင်ရာ ဓာတုပစ္စည်းများ အကြောင်း ရှင်းလင်း ပြောကြားခဲ့ပြီး ဆက်လက် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်းတို့အား ဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိပါသည်။

**Cho Win (Mon)**

## သာယာဝတီခရိုင်၊ အုတ်ဖိုမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေး

သာယာဝတီခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး၏ လမ်းညွှန်ချက်အရ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိပါသည်။ အုတ်ဖိုမြို့နယ် ပန်းတင်အုပ်စု အ. မ. က (မူလွန်) ပန်းတင် (၁) ကျောင်းတွင် စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၃ ရက်နေ့ နံနက် ၀၉း၃၀ နာရီတွင် ကျင်းပပြုလုပ် ခဲ့ပါသည်။ ဆွေးနွေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးမင်းသူက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးခင်ဇော်က စားသုံးရန်မသင့်သော မုန့်များနှင့် ဓါတုဆိုးဆေးများ၏ ဘေးဥပဒ်အန္တရာယ် အကြောင်းအရာများကို လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ နားလည်သဘောပေါက်အောင် အသေးစိတ် ဆွေးနွေး ဟောပြောခဲ့ပါသည်။

အဆိုပါဆွေးနွေးဟောပြောပွဲကို အုတ်ဖိုမြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ မိဘဆရာအသင်းမှ ကျောင်းအကျိုးဆောင်များ၊ ကျေးလက်ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း အင်အား ၁၀၀ ခန့် တက်ရောက်ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ၊ စားသုံးသူ**




## ရေဘေးသင့်ပြန်လည်ထူထောင်ရေး အစီအစဉ်အတွက် အနုပညာရှင်များ၏ အမှတ်တရအသုံးအဆောင်ပစ္စည်းများကို လေလံစနစ်ဖြင့် Ads.com.mm တွင် ဝယ်ယူနိုင်

မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပေါ်လျက်ရှိသည့် ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်းအနုပညာရှင်များ၏ အမှတ်တရအသုံးအဆောင်ပစ္စည်းများ၊ ပွဲတက်ဝတ်စုံများကို Ads.com.mm တွင် လေလံစနစ်ဖြင့် ရောင်းချလျက်ရှိရာ မည်သူမဆို အဆိုပါဝက်ဘ်ဆိုက်သို့ဝင်ရောက်၍ လေလံဆွဲဝယ်ယူနိုင်ကြောင်း သိရသည်။ ယင်းဝက်ဘ်ဆိုက်တွင် အနုပညာရှင်များ၊ ထင်ရှားကျော်ကြားသော အနုပညာနယ်ပယ်မှစီစဉ်ဆောင်ရွက်သူများ၏ ဝတ်စုံများ၊အမှတ်တရပစ္စည်းအဟောင်းများသာမက အခြားပစ္စည်းအသစ်များကိုပါ လေလံစနစ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ မတင်မိုးလွင်ရဲ့ပိုးသားနဲ့ချုပ်ထားတဲ့ ဝတ်စုံကိုလေလံတင်ထားပါတယ်။ ကြမ်းခင်းဈေးက ကျပ်ရှစ်သောင်းကနေ စတင်မှာဖြစ်ပါတယ်။ နောက်တစ်ယောက်ကတော့ ဟာသအနုပညာရှင် ကိုဒိန်းဒေါင်ပါ။ ကိုဒိန်းဒေါင်က သူအောင်သမာဓိရွှေဆိုင်ကြော်ငြာရိုက်ကူးစဉ်က ဝတ်ဆင်ခဲ့တဲ့ တောင်ရှည်ဝတ်စုံနဲ့ ခေါင်းပေါင်းတို့ကို ဒီလေလံအစီအစဉ်ထဲမှာ ထည့်သွင်းထားပါတယ်။ အဲဒီဝတ်စုံကိုတော့ ကြမ်းခင်းဈေးကျပ်တစ်သိန်း သတ်မှတ်ထားပါတယ်။ လေလံစနစ်ကို စတင်နေပြီဖြစ်ပါတယ်။ လေလံအောင်တဲ့သူတွေကို ကျွန်တော်တို့ပွဲတစ်ပွဲကျင်းပပြီး ကြော်ငြာပေးမှာဖြစ်ပါတယ်။ ဒါ့ပြင် ဒီဝက်ဘ်ဆိုက်မှာ အနုပညာရှင်တွေရဲ့ပစ္စည်းမဟုတ်တဲ့ တခြားပစ္စည်းတွေကိုလည်း လေလံစနစ်နဲ့ ဝယ်ယူပြီး ရေဘေးသင့်ဒေသပြန်လည် ထူထောင်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်ပါတယ်" ဟု Ads.com.mm မှ ကိုနေဇော်ထွန်းက ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို Ads.com.mm ၏ Search Box တွင် #Save Myanmar ဟု ရိုက်ထည့်၍ မိမိလေလံဆွဲမည့်ပစ္စည်းများကို ရှာဖွေနိုင်ကြောင်း သိရသည်။ "အောင်သမာဓိရွှေဆိုင်ကြော်ငြာရိုက်တုန်းက ဝတ်ဆင်ခဲ့တဲ့ဝတ်စုံလေးကို ကျွန်တော့်ကို အားပေးချစ်ခင်တဲ့ ပရိသတ်တွေအနေနဲ့ အမှတ်တရသိမ်းဆည်းထားပြီး ရေဘေးသင့်ပြည်သူတွေကို ကူညီနိုင်ပါတယ်။ ကျွန်တော်တို့ကူညီနိုင်တဲ့ ကဏ္ဍတစ်ခုစီတိုင်းကနေကျွန်တော်တို့မြန်မာပြည်သူပြည်သားအချင်းချင်း ရေဘေးသင့်ပြည်သူတွေကို ပါဝင်ကူညီကြဖို့ ဖိတ်ခေါ်အပ်ပါတယ်"ဟု ဟာသပညာရှင် ကိုဒိန်းဒေါင်ကပြောကြားခဲ့သည်။ လေလံတင်ရောင်းချရငွေများအားလုံးကိုမြန်မာနိုင်ငံအတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ၊ ခရောင်း (၂၀၀၄) | 1H | ၁၆၅ သိန်း | 2 .4 ဓာတ်ဆီ |
| ၂။ | အယ်လ်ဖတ် (၂၀၀၃) | 5G | ၂၁၀ သိန်း | 1 .4 ဓာတ်ဆီ |
| ၃။ | ဟာရီယာ (၂၀၀၃) | ယာယီ | ၂၇၅ သိန်း | 2 .4 ဓာတ်ဆီ |
| ၄။ | အာအေဗီ (၄) (၂၀၀၄) | ယာယီ | ၂၁၅ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | ရက်တစ် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၆။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၃၀ သိန်း | 1 .3 ဓာတ်ဆီ |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၈။ | ဟိုက်ဂျက် (၂၀၀၄) | ယာယီ | ၆၈ သိန်း | |
| ၉။ | အပ်ကား (မီနီ) | | ၅၆ သိန်း | |

SN

## CommuniCast 2015 ပြပွဲနှင့် Myanmar International ICT Exhibition တို့ ပူးပေါင်းကျင်းပရန် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအဖွဲ့ချုပ်နှင့် BES တို့ သဘောတူ လက်မှတ်ရေးထိုး




CommuniCast 2015 ပြပွဲနှင့် Myanmar International ICT Exhibition တို့ ပူးပေါင်းကျင်းပရန်အတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံမှ (Bangkok Exhibition Services Ltd.-BES) တို့ သဘောတူညီချက်ဆိုင်ရာလက်မှတ်ရေး ထိုးချုပ်ဆိုပွဲကို စက်တင်ဘာလ ၈ရက်နေ့က ရန်ကုန်မြို့ရှိ MICT Park တွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ယခင်က ကျင်းပခဲ့သည့် ကွန်ပျူတာပြပွဲများသည်မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းချုပ်မှသာ ကြီးမှူးကျင်းပသည့်ပြပွဲများဖြစ်ပြီး ယခုကျင်းပသည့် ပြပွဲသည် ပြည်ပနိုင်ငံများမှပါ ပါဝင်ပြသကြမည့်ပြပွဲတစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ပြသနိုင်ရန် ထိုင်းနိုင်ငံမှ ပြပွဲစီစဉ်သည့် ကုမ္ပဏီဖြစ်သည့် Bangkok Exhibition Services Ltd. နှင့် သဘောတူညီချက်များ ကိုလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်က ကျင်းပခဲ့သည်မှာ ပြည်တွင်းအဆင့်သာဖြစ်ပြီး ယခုကျင်းပမည့် CommuniCast 2015 and Myanmar International ICT Exhibition ပြပွဲသည် နိုင်ငံတကာအဆင့် ပြပွဲကြီးဖြစ်ပါကြောင်းဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ပြောကြားခဲ့သည်။

အဆိုပါပြပွဲကို နိုဝင်ဘာလ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြပွဲသို့ နိုင်ငံပေါင်း ၂၂နိုင်ငံမှ ကုမ္ပဏီပေါင်း ၉၀ ကျော်နှင့် ICT ကျွမ်းကျင်သူပေါင်း ၂၀၈၆ ဦးတက်ရောက်ကြမည်ဖြစ်သည်။

CommuniCast Myanmar 2015 ပြပွဲသည် ဒုတိယအကြိမ်မြောက် ဆက်သွယ်ရေးနည်းပညာနှင့်လုပ်ငန်းဆိုင်ရာဖြေရှင်းနည်းများကို ပြသမည့် ပြပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဂြိုလ်တုနည်းပညာနှင့် Broadbandများမှ မိုဘိုင်းလ်နှင့် Enterprise Solution များအထိ ICT ကဏ္ဍအစုံကို တစ်နေရာတည်းတွင် ပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယင်းပြပွဲတွင် ထူးခြားသည့်အစီအစဉ်တစ်ရပ်အနေဖြင့် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဒုတိယအကြိမ်မြောက်Myanmar Satellite Forum ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်း ဆွေးနွေးဟောပြောပွဲတွင် နိုင်ငံတကာမှ Satellite ပညာရှင်များက နိုင်ငံတကာမှ ဂြိုလ်တုလွှတ်တင်မှုများနှင့်ပတ်သက်သည့်ဗဟုသုတများ၊ ကိုယ်ပိုင်ဂြိုလ်တုလွှတ်တင်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ဂြိုလ်တု ဆက်သွယ်ရေးကြောင့် ရရှိနိုင်သည့် ရလဒ်များကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးဟောပြောမည့်ပညာရှင်များအနေဖြင့် ၎င်းတို့ထံမှ အသိပညာဗဟုသုတများကို မြန်မာနိုင်ငံမှ ပညာရှင်များအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ယာဉ်ဟောင်းအပ်နှံစလစ်ဈေးနှုန်းကျဆင်းသော်လည်း စလစ်ကပ်ကားများအဝယ်နည်းနေ

စက်တင်ဘာလ၏ ဒုတိယရက်သတ္တပတ်အတွင်း ရန်ကုန်မြို့၏ကားဈေးကွက်အခြေအနေမှာ စလစ်ကပ်ကားများအရောင်းအဝယ်အေးနေပြီး ယာယီနံပါတ်ကားလေးများလည်း အရောင်းရနည်းကာ နံပါတ်ထွက်ပြီးကားလေးများသာ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့ ကားဈေးကွက်တွင် သာမက မန္တလေးမြို့ ကားဈေးကွက်တွင်ပါ ယာဉ်ဟောင်းအပ်နှံစလစ်ဈေးတန်းများ ပြန်လည်ကျဆင်းလာပြီး ရန်ကုန်တွင် စက်မှုဇုန်နှင့် နှစ် ၂၀ သက်တမ်းအပ်ကား ၆၅/၆၆ သိန်း မန္တလေးတွင် ၆၃/၆၄ သိန်းဖြစ်ပြီး ရန်ကုန် မီနီဝက်ဂွန်လေးများမှာသာ နံပါတ်အနီပြောင်းအငှားယာဉ်တက္ကစီပြောင်းလဲခွင့် ကန့်သတ်လာမည်ဟု သိရသဖြင့် ဈေးကျဆင်းခြင်းမရှိဘဲ ၆၁ သိန်းအထိဖြစ်ပေါ်လာကြောင်း၊ အပ်ကားသက်သက် ၅၆ သိန်း/၅၇ သိန်း ရောင်းချကြကြောင်း သိရသည်။

လတ်တလော ကားဈေးကွက်အနေဖြင့် ဇူလိုင်လနှောင်းပိုင်းမှစ၍ ရေဘေးအန္တရာယ် ကျရောက်ခဲ့သော ဩဂုတ်လလယ်ပိုင်းများအတွင်း ကားအရောင်းအဝယ် မရှိသလောက်အေးစက်ခဲ့သော်လည်း ယခုကာလအတွင်း နယ်အဝယ်အချို့လည်း ပြန်လည်ရောက်ရှိလာသဖြင့် ကားအရောင်းအဝယ်အနည်းငယ် ပြန်ဖြစ်လာကြောင်းသိရသည်။

သို့ရာတွင် လက်ရှိနိုင်ငံခြားငွေပေါက်ဈေးမှာကျလျှင် ခေတ္တအနည်းငယ်ကျဆင်းပြီး ၁၃၀၀ ကျပ်ဝန်းကျင်သို့ ပြန်လည်မြင့်တက်နေသဖြင့် အစစအရာရာ ဈေးလိုက်မြင့်ကာ အခွန်ဆောင်နှုန်းထားလည်း သိသာစွာမြင့်တက်မှုရှိသဖြင့် ဈေးကွက်ထဲတွင် အထူးသဖြင့်စလစ်ကပ်ကားနှင့်စတိနံပါတ်ကားများ၊ နောက်ဆုံးအကွာရာကားများ မှာ ဈေးချမရောင်းနိုင်သဖြင့် ဈေးကွက်အေးသွားကာလက်ရှိ အမြင့်ဈေးဖြင့်ဈေးငြိမ်နေကြောင်း နံပါတ်ထွက်ပြီးကားများနှင့် အကွာရာ ၁ တန်း၊ ၂ တန်း နိမ့်ကားများသာ လက်ရှိရောင်းလွယ်၊ ဝယ်လွယ်ဖြစ်သည့်အနေအထားရောက်ရှိနေကြောင်း လှိုင်မြို့နယ်မှ ဝါရင့်အကျိုးဆောင် ကိုမြင့်ကျော်မှ ရှင်းပြသည်။

ရန်ကုန်ဈေးကွက်ထဲတွင် နံပါတ်ထွက်ပြီး ပရိုဘောက်၊ ဟွန်ဒါဖစ်၊ အေဒီဗင်၊ ဗဇ် စသောကားလေးများ အဝယ်ရှိနေပြီး စလစ်ကပ်ကားများအဝယ်အေးနေကာ လတ်တလော စီးနင်းလိုသူများ လိုအပ်သဖြင့် လာရောက်ဝယ်ယူလျှင်လည်း ၀ှရှ်၊ ကလူဂျာ၊ ရက်ဖိုးစသောအကွာရာနိမ့်များသာဖြစ်ကြောင်း၊ ဒေါ်လာဈေး၊ လေလံဈေး၊ အခွန်သတ်မှတ်ကြေးမြင့်မားလာသဖြင့် ကားတစ်စီးပျမ်းမျှ ၁၀ သိန်းကျော် ဈေးမြင့်လာသော်လည်း အကွာရာ အနည်းငယ်ကွာခြားသည့် ကားလေးများမှာ သုံးလေးငါးသိန်းခန့်သာမြင့်တက်သဖြင့် လူအများအသုံးပြုကောင်းပြီး၊ စီးပြီးပြန်ရောင်းပါကလည်း အရှုံးသက်သာဖြင့် လူသုံးများကားငယ်လေးများမှာ ဈေးကွက်ထဲတွင်အဝယ်လိုက်ကြောင်း ၎င်းမှပြောသည်။

SN

သင့်ကျန်းမာရေး

# အသည်းခြောက်ခြင်း (Cirrhosis of Liver)

ဒေါက်တာလွင်သန့်

အသည်းခြောက်ခြင်းဆိုတာ အသည်းတစ်ခုလုံး အလုပ်မလုပ်တဲ့ ဖိုင်ဘာ (Fiber) တစ်ရှူးအဖြစ် ကူးပြောင်းသွားပြီး အဖုအကျိတ်ဖြစ်ပေါ်လာခြင်းဖြစ်တယ်။ အသက်အရွယ်မရွေး၊ ကျား၊ မမရွေးဖြစ်နိုင်တယ်။

**ဖြစ်ပွားရသည့်အကြောင်းရင်း။** အရက် အလွန်အကျွံသောက်ခြင်း၊ အသည်းရောင်ဘီပိုး၊ စီပိုး၊ အသည်းအဆီဖုံးခြင်း၊ သည်းခြေအိတ်နှင့်သည်းခြေလမ်းကြောင်းရောဂါကြောင့် အသည်းခြောက်ခြင်း၊ မျိုးရိုးကြောင့် ဖြစ်ခြင်း၊ နာတာရှည်အသည်းသွေးပြန်ကြောပိတ်ခြင်းတို့ကြောင့် အသည်းခြောက်ရောဂါဖြစ်တယ်။

**လက္ခဏာများ။** အချို့လူနာများက ရောဂါလက္ခဏာမပြဘဲ၊ တယ်လီဗေးရှင်းဓာတ်မှန် Ultrasound(သို့) ခွဲစိတ်ကုသမှုခံယူတဲ့အခါ အသည်းခြောက်ခြင်းတွေ့ရတယ်။ အသည်းကြီးခြင်း (တစ်ခါတစ်ရံအသည်းသေးခြင်း)၊ အသားဝါခြင်း၊ ရေဖျဉ်းစွဲခြင်း၊ လက်ဖဝါးနီရဲခြင်း၊ ရင်ဘတ်နဲ့ကျောပေါ် အနီစက်များ ပေါ်ခြင်း၊ အမွေးအမှင်ကျွတ်ခြင်း၊ ကာမဆန္ဒအားနည်းခြင်း၊ အမျိုးသားမှာ ရင်သားစူထွက်လာခြင်း၊ ဝှေးစေ့သေးခြင်း၊ ပန်းသေခြင်း၊ အမျိုးသမီးမှာ ရင်သားသေးသွားခြင်း၊ ရာသီမမှန်ခြင်း၊ ရာသီများခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးခြေဥလွယ်ခြင်း၊ အညိုအမည်းစွဲခြင်း၊ ဘေလုံးကြီးခြင်း၊ သွေးအန်ခြင်း၊ ဝမ်းအမည်းသွားခြင်း၊ ဦးနှောက်ရောင်၊ သတိလစ်ခြင်း၊ အစက်အပြောက်ဖြစ်ပေါ်ခြင်း၊ တင်းပုတ်သဏ္ဍာန်လက်သည်းထိပ်များပေါ်ခြင်း၊ လက်ချောင်းကောက်သွားခြင်း၊ အသားအရေမွဲခြောက်ခြောက်ဖြစ်ခြင်း၊ အရောင်ရင့်ခြင်းဖြစ်တယ်။

**ရောဂါရှာဖွေခြင်း။** တယ်လီဗွေးရှင်းဓာတ်မှန် (Ultrasound)သံလိုက်ဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန် (CT scan)၊ အသည်းလုပ်ငန်းဆောင်တာစစ်ဆေးခြင်း (Liver function Test)၊ သွေးခဲနှုန်းတိုင်းတာခြင်း၊ အယ်ဗျူမင်တိုင်းခြင်း၊ အသည်းခြောက်ရောဂါဖြစ်စေတဲ့ အကြောင်းစစ်ဆေးခြင်း၊ ဘီပိုး၊ စီပိုး စသည့် စစ်ဆေးခြင်း၊ ရေဖျဉ်းကိုဖောက်ထုတ်စစ်ဆေးခြင်း၊ အစာအိမ်သွေးကြော ထုံးခြင်းရှိ၊ မရှိ၊ အစာအိမ်ကြည့်မှန်ပြောင်းနဲ့ကြည့်ရှုစစ်ဆေးဖို့ လိုအပ်လှပါတယ်။ အသည်းကင်ဆာကူးပြောင်းသွား ခြင်းရှိ၊ မရှိ တီဗွီဓာတ်မှန် (Ultrasound) နဲ့စစ်ဆေးရပါမယ်။

**ရောဂါပျောက်ကင်းမှု။** အသည်းခြောက်ရောဂါသည်များ၏ ငါးနှစ်အသက်ရှင်နှုန်းဟာ ၂၅ ရာခိုင်နှုန်းရှိတယ်။ အသည်းလုပ်ငန်းဆောင်တာများကောင်းသူများဟာ ငါးနှစ်နဲ့အထက် အသက်ရှင်နှုန်း ၅၀ ရာခိုင်နှုန်းရှိပြီး၊ ၁၀ နှစ်အထက် ၂၅ ရာခိုင်နှုန်းရှိတယ်။

ဦးနှောက်ရောင်ရမ်းခြင်း၊ သွေးတွင်းအသားဝါဓာတ်များခြင်း၊ သွေးခဲနှုန်းရှည်ကြာခြင်း၊ အသည်းခြောက်ခြင်းက အသက်ရှင်နှုန်းကျဆင်းစေတယ်။

**ကုသခြင်း။** အရက်ဖြတ်ခြင်း၊ အာဟာရလုံလောက်မျှတအောင်စားခြင်း၊ အကိုက်အခဲပျောက်ဆေးသောက်ခြင်းမှ ရှောင်ကြဉ်ရမယ်။

**ရောဂါဖြစ်စေတဲ့အကြောင်းရင်းကို ရှာဖွေကုသခြင်း။** ဘီပိုး၊ စီးပိုးကြောင့်ဖြစ်တဲ့ အသည်းခြောက်ရောဂါအတွက် ဗိုင်းရပ်စ်သေဆေးကျွေးခြင်း၊ ဗိုင်းရပ်စ်ပိုး သေဆေးသောက်ခြင်း၊

**ရေဖျဉ်းစွဲခြင်း။** နားနေခြင်း၊ အရည်လျှော့သောက်ခြင်း၊ အငန်လျှော့စားခြင်း၊ ဆီးဆေးသောက်ခြင်း၊ အယ်လ်ဗျူမင် (Albumin)ဆေးသွင်းခြင်းပြုလုပ်နိုင်တယ်။

အသည်းခြောက်ရောဂါရှိသူများဟာ အစာမျိုပြွန်နဲ့ အစာအိမ်သွေးကြောထုံးခြင်းရှိမရှိသိဖို့ အစာအိမ်မှန်ပြောင်းကြည့်ခြင်း၊ အသည်းကင်ဆာအဖြစ် ကူးပြောင်းခြင်းရှိမရှိ (Ultrasound) ရိုက်ခြင်းပြုလုပ်နိုင်ပါတယ်။

**အသည်းအစားထိုးခြင်း။** အသည်းခြောက်ခြင်းကို အသည်းအစားထိုးခြင်းကုသမှုကထိရောက်တဲ့နည်းလမ်းဖြစ်တယ်။

**ရှောင်ရန်။** အငံများ၊ အဆိမ့်များတဲ့အစာရှောင်ဖို့ (ငပိ၊ ငံပြာရည်၊ ဆား၊ လျက်ဆား၊ ပဲကြီးလှော်၊ မြေပဲလှော်၊ ဆားငံစေ့) အရက်၊ ဘီယာ၊ အိပ် ဆေးများ(အသည်းထိခိုက်စေတဲ့ ဆေးများ၊ အကိုက်အခဲပျောက်ဆေးများ၊ ရှောင်ရှားပြီး သံဓာတ်ပါတဲ့အားဆေးများ၊ ဗီတာမင်စီများတဲ့စားဆေးများ၊ ဝမ်းပျော့ ဆေးများစားနိုင်တယ်။ အနင်းအနှိပ်မခံရပါ။

**အရေးပေါ်ကုသခြင်း။** ပိန်ခြင်း၊ ဆီးနည်းခြင်း၊ ဗိုက်နာခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ သွေးအန်ခြင်း၊ သွေးဝမ်းသွားခြင်းများဖြစ်ပေါ်လာပါက ကုသမှုခံယူရမယ်။

# ProPak Myanmar 2015 ပြပွဲတွင် အမျိုးသားအဆင့်အစားအစာနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကွန်ဖရင့်ကို ထည့်သွင်းကျင်းပမည်




ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Even Park တွင် စက်တင်ဘာလ ၂၄ရက်မှ ၂၆ရက်အထိ ကျင်းပမည့် ProPak Myanmar 2015 ပြပွဲတွင် အမျိုးသားအဆင့် အစားအသောက်နှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကွန်ဖရင့် (National Conference on Food Industries Development) ကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အစားအစာ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းများအတွက် နောက်ဆုံးလေ့လာတွေ့ရှိချက်များနှင့် နည်းပညာများကို တင်ပြဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် အစားအစာနှင့်ဖျော်ရည်တီထွင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်း နည်းပညာရပ်များကို ဦးစားပေး၍ ဆွေးနွေးဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ တက်ရောက်လိုပါက ဝင်ကြေးကျပ်တစ်သောင်းပေးသွင်းရမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအတွက်ကိုမူ ကျပ် ငါးထောင် သတ်မှတ်ထားကြောင်း သိရသည်။ သို့သော် အစားအစာသိပ္ပံနှင့် နည်းပညာအသင်း (FoSTA)မှ အသင်းဝင်များနှင့်FIFSTAမှ အသင်းဝင်များအနေဖြင့်မူ အခမဲ့ဝင်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။

အဆိုပါအမျိုးသားအဆင့်အစားအသောက်နှင့် နည်းပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကွန်ဖရင့်တွင် နိုင်ငံတကာမှ ပညာရှင်များနှင့်ပြည်တွင်းမှ ပညာရှင်များက အစားအသောက်ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲများကို စက်တင်ဘာလ ၂၄ရက်နှင့်၂၅ရက်နေ့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



# Vietjet လေကြောင်းလိုင်းမှ ရန်ကုန်-ဟိုချီမင်းခရီးစဉ်ကို အောက်တိုဘာလ ၂ ရက်မှ စတင်ပျံသန်းပြေးဆွဲမည်

## အထူးအစီအစဉ်အဖြစ် မြန်မြန်ဝယ်များများသက်သာအစီအစဉ်ကို ထည့်သွင်းထား

ဗီယက်နမ်နိုင်ငံ၏ လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့်Vietjet လေကြောင်းလိုင်းသည် ရန်ကုန်-ဟိုချီမင်း ခရီးစဉ်ကို လာမည့် အောက်တိုဘာလ ၂ ရက်နေ့မှ စတင်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း Vietjet လေကြောင်းလိုင်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ထို့ပြင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဗီယက်နမ်နိုင်ငံ၏ ဗီယက်နမ်နှစ်သစ်ကူးပွဲတော် အားလပ်ရက်(တဒ်) မကျင်းပမီကာလ၊ ကျင်းပနေသည့် ကာလနှင့်ကျင်းပပြီးကာလများတွင် မြင့်တက်လာမည့် လက်မှတ်ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် အရောင်းမြှင့်တင်ရေးအစီအစဉ်ကို "မြန်မြန်ဝယ် များများသက်သာ"ဟု အမည်ပေးကာ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လက်မှတ်ရောင်းချချိန်မှာ နေ့စဉ် နံနက်၁၁နာရီ ၃၀မိနစ်မှ နေ့လယ် ၁ နာရီ ၃၀မိနစ်အတွင်းဖြစ်ပြီး ထိုအချိန်အတွင်း လက်မှတ်များလာရောက်ဝယ်ယူပါက အထူးသက်သာသည့်ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်မှတ်များကိုVietjet ၏တရားဝင်အရောင်းဌာနများတွင် ဝယ်ယူနိုင်သကဲ့သို့ www.vietjetair.com နှင့် www.facebook.com/vietjet myanmar တွင် ဝင်ရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။ Vietjet လေကြောင်းလိုင်းအနေဖြင့် ရန်ကုန်-ဟိုချီမင်းခရီးစဉ်တွင် လေယာဉ်အသစ်တစ်စင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Vol: 15, No.35 Monday September 14 2015

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၄-၉-၂၀၁၅ မှ ၂၀-၉-၂၀၁၅ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ရည်ရွယ်ချက်များအောင်မြင်ရမည်ဟုဆုံးဖြတ်ထားသော်လည်း လက်ရှိကြိုးစားမှုတို့တွင် အခက်အခဲများနှင့် ရင်ဆိုင်နေရတတ်ပါသည်။ စီးပွားရေးတွင် စက်မှုလက်မှုလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများ အကျိုးပေးနေတတ်ပါသည်။ ဖျတ်လတ်သွက်လက်သော ဉာဏ်ရည်ရှိနေသည့်အတွက် ပညာရေးတွင်အောင်မြင်မှုရနေတတ်ပါသည်။ ကျန်းမာရေး ကောင်းနေမည်။ အချစ်ရေးတွင် မိမိစိတ်တိုင်းကျသော မိမိအားအကျိုးပြုသောချစ်သူ ကိုတွေ့ရတတ်ပါသည်။ အိမ်ထောင်ရှိပြီးသူဖြစ်လျှင် အိမ်ထောင်ဖက်နှင့် သားရေးသမီးရေးကို အဓိကထားနေရတတ်ပါသည်။ **ယတြာ။ အုန်းဆီလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင်လည်းကောင်း၊ လူမှုရေးတွင် လည်းကောင်း၊ အပေါင်းအသင်းမိတ်ဆွေဝင်ဆန့်နေလိမ့်မည်။ ငွေအား၊ လူအားဖြင့်အကူအညီပေးလာတတ်ပါသည်။ ဆန်စပါး၊ ပဲပြောင်း၊ နှမ်းတို့နှင့်ပတ်သက်သော လယ်ယာဉယျာဉ်ထွက်ပစ္စည်းများအကျိုးအမြတ်ရရှိနေတတ်ပါသည်။ တစ်ခါတစ်ရံမိမိ၏ကျန်းမာရေးညံ့ဖျင်း မှုကြောင့် စီးပွားရေးနှင့် ကျန်းမာရေးတွင် ကျန်းမာရေးအဓိကဆိုသလိုဖြစ်နေတတ်ပါသည်။ အချစ်ရေးတွင် အတ္တဆန်သော ဟန်ဆောင်မေတ္တာသမားများကိုတွေ့ရတတ်သည်။ အိမ်ထောင်ရှိသူဖြစ်လျှင် မေတ္တာတေးကိုမဆိုနိုင်ဘဲ ဘဝအရေးအတွက် ကြိုးစားနေရတတ်ပါသည်။ **ယတြာ။ နေကြာဆီလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် အောင်မြင်မှုအလားအလာကောင်းလာတတ်ပါသည်။ ရေရှည်မျှော်လင့်ချက်ဖြင့်ကြိုးစားလုပ်ဆောင်နေရတတ်ပါသည်။ ရော်ဘာပစ္စည်းများ၊ ကျောက်မျက်ရတနာများ အကျိုးပေးပါမည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မည်။ ပညာရေးနှင့် ကျန်းမာရေးရောထွေးမသွားရန် ဂရုစိုက်ပါ။ လူမှုရေးပတ်ဝန်းကျင်တွင် မိမိအားချစ်ခင်သူများ မိမိအကျိုးကိုလိုလားသူများ ရှိတတ်သလို၊ မိမိအား မနာလိုသူ အထင်မြင်လွဲနေသူတို့လည်း ရှိနေတတ်ပါသည်။ အချစ်ရေးတွင် ချစ်တမ်းကစားသူများကို သတိထားပါ။ ကျန်းမာရေးသင့်တင့်နေမည်။
**ယတြာ။ မြေပဲဆီလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးနှင့် လူမှုရေးတို့တွင် အောင်မြင်မှုများရနေတတ်ပါသည်။ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အကျိုးပေးနိုင်ပါသည်။ အချစ်ရေး၊ မေတ္တာရေးတို့တွင် မာယာတောမှာမျောပါသွားရတတ်သည်ကို သတိရှိသင့်ပါသည်။ ဟန်ဆောင် နှလုံးသားနှင့် ဥပေက္ခာသမားကို ခင်တွယ်မိတတ်သည်။ နောင်တရသည့်အခါ နောက်ကျသွားလိမ့်မည်။ ကျန်းမာရေး အခြေအနေကောင်းပါသည်။ ရောဂါသစ်များရောက်ခဲ့လျှင် အချိန်မီကြိုတင်၍ကုသရပါမည်။ **ယတြာ။ လိမ္မော်ရည်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** အခက်အခဲများကိုကျော်လွှား၍အောင်မြင်တိုးတက်မှုများ အမြတ်အစွန်းများရရှိအောင်အစွမ်းကုန်ကြိုးစားနေရတတ်ပါသည်။ ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်း များ အကျိုးပေးလိမ့်မည်။ ဝင်ငွေကောင်းများရရှိမည်။ စီးပွားရေးတောင့်တင်းမှုရှိလာမည်။ အချစ်ရေးတွင် ချစ်သူ၏သံသယစကားများ ပျံ့လွင့်နေတတ်ပါသည်။ အိမ်ထောင်ရှိသူဆိုလျှင် ဘဝအရေးအတွက်ကြိုးစားနေရတတ်ပါသည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ ရောဂါဆန်းများမဖြစ်နိုင်ပါ။ ဘာသာရေးအားနည်းချက် ရှိနေတတ်ပါသည်။ **ယတြာ။ သကြားလှူပါ။**



**သောကြာသားသမီးများအတွက်**ကြီးမားသော ရည်မှန်းချက်ကြောင့် အောင်မြင်မှုရလိမ့်မည်။ မိမိ၏လိုအပ်ချက်ကို စီးပွားရေးဝန်းကျင်အသိုင်းအဝိုင်းမှ ကူညီမှုပြုတတ်ပါသည်။ အဓိကစီးပွားရေးလုပ်ငန်းရွှေ၊ ငွေ၊ ဘော်၊ သွပ်၊ သံတို့နှင့် ပတ်သက်၍ စီးပွားဖြစ်ထွန်းပြီး အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေး၊ မေတ္တာရေးတွင် ဟန်ဆောင်မေတ္တာသမားကို တွေ့ရတတ်ပါသည်။ ကျန်းမာရေး ချူချာနေတတ်သည်။ အစားအသောက်ကြောင့် ဝမ်းဗိုက်ဥပဒ်ရှိသည်။ **ယတြာ။ နဂါးမောက်သီးလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေး အောင်မြင်နေချိန်ဖြစ်မည်။ ရေနံနှင့် ရေနံထွက်ပစ္စည်းများ အကျိုးပေးအားကောင်းနေသည်။ မိမိအပေါ် အခွင့်ကောင်းယူတတ်သလို မိမိကိုအခွင့်အရေးပေးသူများလည်းရှိတတ်ပါသည်။ ခေတ်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်နေသောကြောင့် နည်းသစ်စနစ်သစ်များကို အသုံးပြုရတတ်ပါသည်။ ကျန်းမာရေးတွင် ရောဂါကြီးမဖြစ်နိုင်သော်လည်း ရောဂါငယ်လေးများ မကြာခဏ ကျရောက်တတ်ပါသည်။ အချစ်ရေးတွင် အကျိုးတူဆောင်ရွက်နိုင်စွမ်းရှိသူ တွေ့ရတတ်သည်။ အိမ်ထောင်ရေး စဉ်းစားနေဦးမည်။ အခါအခွင့်မသင့်သေးပါ။ **ယတြာ။ သစ်သီးစုံလှူပါ။**

# ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာပြပွဲ (ProPak Myanmar 2015) ပြသမည်




ဒုတိယအကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာပြပွဲ (ProPak Myanmar 2015) ကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် စက်တင်ဘာလ ၂၄ ရက်မှ ၂၆ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ProPak Myanmar 2015 ပြပွဲတွင် နိုင်ငံပေါင်း ၁၈နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၁၇၀ကျော်တို့ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲတွင် တရုတ်၊ စင်ကာပူ၊ ပြင်သစ်၊ထိုင်းနှင့်တရုတ်(တိုင်ပေ)တို့မှ ပြခန်းတွဲပေါင်း ငါးခုဖြင့် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Pro Pak Myanmar 2015 ပြပွဲတွင် DrinkTech Myanmar 2015 ပြပွဲကို ထည့်သွင်းပြသသွားမည်ဖြစ်ပြီး အချိုရည်နှင့် အဖျော်ယမကာထုတ်လုပ်သည့် ခေတ်မီစက်ပစ္စည်းများ၊ နည်းပညာများ၊ ကုန်ကြမ်းနှင့် ဝန်ဆောင်မှုများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယင်းပြပွဲတွင် PlasPak Myanmar 2015 ပြပွဲကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြပွဲတွင်ပလတ်စတစ်ထုတ်ပိုးရေးစက်ပစ္စည်းများ၊ နည်းပညာများ၊ ကုန်ကြမ်းနှင့် ဝန်ဆောင်မှုများ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

"'ယခုကျင်းပသည့် ပြပွဲသည် ဒုတိယအကြိမ်မြောက် ပြသသည့်ပြပွဲတစ်ခုဖြစ်ကြောင်း၊ ပထမအကြိမ်ပြသခဲ့စဉ်က ထုပ်ပိုးမှုနည်းပညာများရရှိခဲ့သည့်အတွက် များစွာအကျိုးရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ဒုတိယအကြိမ်ကို ပြသခဲ့ခြင်းဖြစ်ပါတယ်။ ဒီပြပွဲမှာ ဟောပြောပွဲများကိုလည်း ထည့်သွင်းထားတဲ့အတွက် များစွာအကျိုးရှိမယ်လို့ထင်ပါတယ်"ဟု မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

# မကွေးမြသလွန် တန်ခိုးကြီးဘုရားတည်ရှိရာ ဖန်ခါးမြေသို့ အလည်တစ်ခေါက်ထပ်မံရောက်ရှိခြင်း



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ဆေးတက္ကသိုလ်မှ M.B.B.S ဘွဲ့ယူရန် သမီးဖြစ်သူ၏ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ လိုက်ပါခဲ့ရင်း မကွေးမြို့ရှိ တန်ခိုးကြီးမြသလွန်ဘုရားကို ထပ်မံဖူးမြော်ခွင့်ရ၍ ပီတိဖြစ်ခဲ့ပါတယ်။

မကွေးမြို့၊ မြို့မဈေးကြီးကိုလည်း ထပ်မံရောက်ခဲ့လို့ ကုန်သွယ်မှုဈေးကွက်ဈေးနှုန်းများကို လေ့လာခွင့် ရခဲ့ပါတယ်။ မကွေးမြို့မဈေးကြီးကား မြေလတ်ဒေသရှိဈေးများတွင် အစည်ကားဆုံးဈေးကြီးတစ်ဈေးဖြစ်ပါတယ်။ ဧရာဝတီမြစ်ကမ်းနဖူးဘေးမှာလည်း တည်ရှိပါတယ်။

ကမ်းနားလမ်းတစ်လျှောက် နံနက်ခင်း လေကောင်းလေသန့်ရှူ လမ်းလျှောက်ရင်း ဈေးဆိုင်များ၊ လက်ဘက်ရည်၊ အအေးဆိုင်များ၊ ပွဲရုံများကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ကမ်းနားလမ်းကတော့ ခရီးသွား ဧည့်သည်များကို ဆွဲဆောင်မှုအပြည့်ရှိပါတယ်။ မကွေးတံတား (ဧရာဝတီ) နှင့် ဧရာဝတီမြစ်ရေပြင်အလှ၊ တံငါလှေများ၊ မော်တော်၊ သင်္ဘောများ စုန်ဆန်ခုတ်မောင်းသွားလာနေမှုများ၊ မြစ်အနောက်ဘက်ကမ်းရှိ မင်းဘူးခရိုင်မှ ညို့မှိုင်းနေသော တောအုပ်များနှင့် တောင်စဉ်တောင်တန်းများ၊ ညနေ နေဝင်ခါနီး၊ မြစ်ရေပြင်မှ ငွေလှိုင်းကြက်ခွပ်နေပုံများကား ပန်းချီအကျော်အမော်တို့အတွက် စုပ်ချက်တင်စရာ ကုန်ကြမ်းများပါပဲ။

တဖန်မြို့မဈေးကြီးရဲ့ ကုန်သွယ်မှု၊ ကုန်ဈေးနှုန်းများကို ရောက်တုန်းရောက်ခိုက်ဝင်ရောက်လေ့လာခဲ့ရာ မြန်မာနိုင်ငံရဲ့ ဆီအိုးကြီးဟုတင်စားခံခဲ့ရသည့်မြို့ကြီးဖြစ်တဲ့ မကွေးမြို့ရဲ့ ဆီထွက်သီးနှံပွဲရုံများတွင် ရောင်းကြ ဝယ်ကြသည်မှာ စည်စည်ကားကား ရှိလှပါတယ်။ ဆီထွက်သီးနှံဈေးနှုန်းတွေကတော့ နှမ်းနီ၊ နှမ်းဖြူ၊ နှမ်းကြား တစ်တင်း ဈေးနှုန်းမှာ ၃၀၀၀၀ ကျပ်မှ ၃၈၀၀၀ ကျပ်ဈေးထိ ရှိကြောင်း၊ နှမ်းအနက်ခေါ် စမုံနက် တစ်တင်း ဈေး ၇၂၀၀၀ ကျပ်မှ ၈၀၀၀၀ ကျပ်ဈေးရှိကြောင်း သိရပါတယ်။ ပွင့်ဖြူမြို့နယ် မုံတောကြီးဒေသမှထွက်သော နှမ်းသည် အခြားဒေသထွက်နှမ်းများထက် မြေအနေအထားအရ အရည်အသွေးပိုကောင်းသဖြင့် ဈေးပိုရကြောင်း သိရပါတယ်။ ပွဲရုံတိုင်း၏ တစ်ရက်ချိန်တွယ်ရမှုမှာ တင်း ၅၀၀ မှ ၂၅၀၀ အထိ ရှိတတ်ကြောင်း၊ ဆီထွက်သီးနှံ သယ်ယူပို့ဆောင်ပေးနေသူ ကားသမားတစ်ဦးမှ ပြောပြပါတယ်။

အခြားသီးနှံဈေးနှုန်းများကို လေ့လာရာ- ဦးစံကြည်ပွဲရုံမှ ကြက်သွန်နီ ဥစားကိုပြသရာ တစ်ပိဿာကို ၉၅၀ ကျပ်၊ ၁၁၀၀ ကျပ်၊ ၁၂၀၀ ကျပ်ဈေးအသီးသီးရှိကြောင်း၊ နတ်မောက်မြို့နယ်မှ ထွက်တဲ့ပင်တန်း ငရုတ်သီးခြောက် ဈေးနှုန်းမှာ တစ်ပိဿာ ၄၀၀၀ ကျပ်မှ ၄၈၀၀ ကျပ် ဈေးရှိကြောင်း သိရပါတယ်။ ပဲတီစိမ်း (မျိုး) တစ်ပြည် ၂၆၀၀ ကျပ်၊ စီပီ ပြောင်းဆန် တစ်တင်း ၁၂၅၀၀ကျပ်၊ မကွေးဒေသထွက်(ဝကျော်ဆန်)တစ်ပြည် ၁၁၀၀ ကျပ်ဈေးရှိကြောင်း ဖွင်းဆန်သည် ကန့်ဘလူဒေသ ဧရာမင်းဆန်နှင့်တူနေတာ တွေ့ရပါတယ်။

အောင်တိုင်းကျော်ပွဲရုံမှာ နနွင်းတက် တစ်ပိဿာကို ၃၀၀၀ ကျပ်၊ ကြက်သွန်ဖြူ ငါးမျိုးငါးစားခွဲပြထားရာ တစ်ပိဿာ ၂၄၀၀ ကျပ်၊ ၂၆၀၀ ကျပ်၊ ၂၈၀၀ ကျပ်၊ ၃၀၀၀ ကျပ်၊ ၃၃၀၀ ကျပ် ဈေးအသီးသီးရှိကြောင်း သိရပါတယ်။ ကြက်ဥဈေးကတော့ ဖောက်သည်ဈေး ကြက်ဥတစ်လုံး ၁၀၈ ကျပ်၊ လက်လီဈေးကတော့ တစ်လုံး ၁၂၀ ကျပ်၊ အာလူး တစ်ပိဿာ ၈၀၀ ကျပ်မှ ၉၀၀ ကျပ်ဈေးရှိကြောင်း သိရပါတယ်။

ဈေးတောင်ဘက်တန်း သန့်သန့်လေးဆီဆိုင်မှ ပဲဆီသန့် တစ်ပိဿာ ၅၀၀၀ ကျပ်၊ နှမ်းဆီသန့် ၅၅၀၀ ကျပ်၊ ရောဆီများမှာ ၂၀၀၀ ကျပ်မှ ၄၀၀၀ ကျပ်အသီးသီးရှိပါတယ်။

သားငါးဈေးတန်းတွင် ဒေသခံ (ဗမာ) ကြက်သားဈေး တစ်ပိဿာ ၈၀၀၀ ကျပ်၊ စီပီကြက်သား (အရိုးထွင်ပြီး) ၈၀၀၀ ကျပ်၊ ဝက်သား ၇၀၀၀ ကျပ်၊ အမဲသား ၈၀၀၀ ကျပ်၊ ငါးဈေးများမှာ ၃၅၀၀ ကျပ်မှ ၆၀၀၀ ကျပ် ဈေးအသီးသီးရှိကြောင်း၊ ဆိတ်သား ၁၂၀၀၀ ကျပ်မှ ၁၆၀၀၀ ကျပ် ဈေးအသီးသီးရှိကြောင်း လေ့လာစုံစမ်းသိရှိခဲ့ရပါတယ်။

**စောမောင်(ကန့်ဘလူ)**

## မြို့ကြီးများ၏ ၁၄-၉-၂၀၁၅ မှ ၁၈-၉-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၄-၉-၂၀၁၅) | အင်္ဂါ(၁၅-၉-၂၀၁၅) | ဗုဒ္ဓဟူး(၁၆-၉-၂၀၁၅) | ကြာသပတေး(၁၇-၉-၂၀၁၅) | သောကြာ(၁၈-၉-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၂˚C/၉၀˚F | ၈၀% ၃၃˚C/၉၂˚F | ၅၀% ၃၄˚C/၉၄˚F | ၆၀% ၃၅˚C/၉၅˚F | ၈၀% ၃၄˚C/၉၄˚F |
| ရန်ကုန်မြို့ | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F |
| မန္တလေးမြို့ | ၅၀% ၃၅˚C/၉၆˚F | ၅၀% ၃၅˚C/၉၆˚F | ၈၀% ၃၆˚C/၉၇˚F | ၈၀% ၃၈˚C/၁၀၀˚F | တိမ်အသင့်အတင့် ၃၈˚C/၁၀၀˚F |
| မြစ်ကြီးနား | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၈˚F | ၇၀% ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၅˚C/၉၅˚F |
| လားရှိုး | ၉၀% ၂၉˚C/၈၄˚F | ၈၀% ၃၁˚C/၈၇˚F | ၇၀% ၃၂˚C/၈၉˚F | ၄၀% ၃၃˚C/၉၁˚F | ၄၀% ၃၃˚C/၉၁˚F |
| ကျိုင်းတုံ | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၂˚C/၉၀˚F | ၅၀% ၃၂˚C/၉၀˚F | ၅၀% ၃၂˚C/၈၉˚F |
| လွိုင်ကော် | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၆၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၂၉˚C/၈၄˚F |
| တောင်ကြီး | ၈၀% ၂၃˚C/၇၄˚F | ၈၀% ၂၄˚C/၇၅˚F | ၈၀% ၂၅˚C/၇၇˚F | ၈၀% ၂၆˚C/၇၈˚F | ၆၀% ၂၄˚C/၇၅˚F |
| မော်လမြိုင် | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၁˚C/၈၇˚F |
| ဘားအံ | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၁˚C/၈၇˚F |
| ထားဝယ် | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၃˚C/၉၁˚F | ၈၀% ၃၄˚C/၉၄˚F | ၈၀% ၃၅˚C/၉၅˚F | ၈၀% ၃၄˚C/၉၃˚F |
| မုံရွာ | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F | ၄၀% ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F | တိမ်အသင့်အတင့် ၃၆˚C/၉၇˚F |
| ပုသိမ် | ၉၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F |
| မြိတ် | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၄˚F |
| စစ်တွေ | ၉၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၅၀% ၃၁˚C/၈၈˚F | ၄၀% ၃၂˚C/၉၀˚F | ၈၀% ၃၂˚C/၉၀˚F |
| မကွေး | ၉၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၂˚F |
| ဖလမ်း | ၈၀% ၂၃˚C/၇၃˚F | ၈၀% ၂၃˚C/၇၄˚F | ၈၀% ၂၄˚C/၇၅˚F | ၅၀% ၂၅˚C/၇၇˚F | ၈၀% ၂၅˚C/၇၇˚F |

## အင်ဒိုနီးရှားနိုင်ငံမှ မီးခိုးငွေ့များ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ပေါ်သို့ ပျံ့နှံ့ရောက်ရှိနေ

အင်ဒိုနီးရှားနိုင်ငံတွင် လောင်ကျွမ်းလျက်ရှိသည့်တောမီးများမှ မီးခိုးငွေ့များသည် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏အပေါ်သို့ ပျံ့နှံ့ရောက်ရှိနေကြောင်း စင်ကာပူနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမီးခိုးငွေ့များ ကျရောက်မှုကြောင့် ပြီးခဲ့သည့်စက်တင်ဘာ ၁၀ ရက်နေ့က စင်ကာပူနိုင်ငံ၌ လေထုညစ်ညမ်းမှုအညွှန်းကိန်းသည် ၁၀၆ မှ ၁၁၆ အတွင်း ရောက်ရှိခဲ့ပြီး အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း အမျိုးသားပတ်ဝန်းကျင်ရေးရာအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းလေထုညစ်ညမ်းမှု အညွှန်းကိန်းသည် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ပမာဏပင်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ နောက် ၂၄နာရီအတွင်း လေထုညစ်ညမ်းမှု ပမာဏသည် ယခုထက်ပိုမိုမြင့်တက်လာနိုင်သည်ဟု မျှော်လင့်ထားသော်လည်း အနောက်ဘက်မှ လေပြင်းများ တိုက်ခတ်လာပါက အဆိုပါမီးခိုးငွေ့များ လွင့်စင်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်းဖြင့် စင်ကာပူနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ ပါလီမန်အဖွဲ့ဝင်တစ်ဦးဖြစ်သူ Mr. Hamdhani Mukhdar Said က "ဒီအချိန်ဟာ ကျွန်တော်တို့နိုင်ငံမှာ ပူပြင်းခြောက်သွေ့တဲ့ရာသီပါ။ ဒီလိုရာသီမျိုးရောက်ရင် ကျွန်တော်တို့ဆီမှာ အမြဲလိုလိုကြုံတွေ့ရတာက တောမီးလောင်ကျွမ်းမှုတွေပါ။ တောမီးလောင်ကျွမ်းမှုတွေကြောင့် ခုလိုမီးခိုးငွေ့တွေ ရောက်ရှိနေရတဲ့အတွက် စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံကို တောင်းပန်ပါတယ်"ဟု မလေးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အာဆီယံအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံရှိ စူမားတြားနှင့် ကာလီမန်တန်တွင် လောင်ကျွမ်းလျက်ရှိသည့် တောမီးများကြောင့်ထွက်ပေါ်လာသည့်မီးခိုးငွေ့များသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ပေါ်သို့ ကျရောက်နေသဖြင့် မြို့တော်နေပြည်သူများအား နေအိမ်အတွင်းတွင်သာနေထိုင်ကြရန်နှင့် နေအိမ်ပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်း(Mask)များကို တပ်ဆင်ပြီးမှသာ သွားလာကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **မယ်သီတာ**



## တိုင်ဖွန်းမုန်တိုင်းအီတူးကြောင့် ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်

ဂျပန်နိုင်ငံတွင်အင်အားပြင်းထန်သောတိုင်ဖွန်မုန်တိုင်းအီတူးသည် ဂျပန်နိုင်ငံ၏ မြို့တော်တိုကျိုမြို့၏ မြောက်ဘက် ၅၆ ကီလိုမီတာအကွာရှိ ဆိုဟိုမြို့ကိုဦးတည်၍ တိုက်ခတ်ခဲ့သဖြင့် ဆိုဟိုမြို့နှင့် အနီးတစ်ဝိုက်ရှိဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါမုန်တိုင်း အီတူးသည် တစ်နာရီလျှင် ၁၂၈ ကီလိုမီတာ (၇၈မိုင်) နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီးနောက် ဆိုဟိုမြို့နှင့် တိုချီဂီစီရင်စုတစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ စက်တင်ဘာလ ၇ရက်နေ့ကတည်းက ရွာသွန်းခဲ့သည့် မိုးရေချိန်သည် မီလီမီတာ ၅၀၀ အထိ ရှိခဲ့ပြီးရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရသည်။

မိုးရွာသွန်းမှုများနှင့် ရေလွှမ်းမိုးမှုများကြောင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ကာ နေအိမ်များရေထဲသို့မျောပါခဲ့ရကြောင်း။ ရေလွှမ်းမိုးမှုများကြောင့် အနည်းဆုံး လူရှစ်ဦးခန့် သေဆုံးခဲ့ရပြီး ပျောက်ဆုံးနေသူများလည်းရှိနေသေးကြောင်း၊ ဆိုဟိုမြို့နှင့် တိုချီဂီစီရင်စုဒေသခံ တစ်သိန်းကျော်တို့အား ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးများလုပ်ဆောင်လျက်ရှိပြီး ရဟတ်ယာဉ်များဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်ဟု တိုကျိုမြို့ရှိ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

တိုချီဂီစီရင်စုဒေသမှ ဒေသခံပြည်သူ ကိုးသောင်းကျော်တို့အား ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ကယ်ဆယ်ထားရှိပြီး ကျန်ရှိနေသည့် ဒေသခံပြည်သူ ရှစ်သောင်းကျော်တို့အားလည်း ရေလွှမ်းမိုးမှုများ ထပ်မံဖြစ်ပွားလာနိုင်သဖြင့် နေအိမ်များကို စွန့်ခွာ၍ ရေဘေးမှလွတ်ရာတွင် သွားရောက်နေထိုင်ကြရန် တိုချီဂီစီရင်စုအာဏာပိုင်များက အမိန့်ထုတ်ပြန်ထားကြောင်း NHK သတင်းဌာနက ရေးသားဖော်ပြထားသည်။

ထို့ပြင် တိုချီဂီစီရင်စုဒေသအနီးရှိ မြစ်ရေလျှံတက်ကာ တာကျိုးခဲ့မှုကြောင့်လည်း ယခုကဲ့သို့အခြေအနေများပိုမို ဆိုးရွားခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ ရေလွှမ်းမိုးမှုကြောင့် နေအိမ်များ၊ ကားများသည် ရေထဲသို့ မျောပါခဲ့ရကြောင်း၊ မြေပြိုမှုဖြစ်စဉ်များကြောင့် အဆိုပါဒေသရှိ ဟိုတယ်တစ်လုံးမှ အဆောက်အအုံသည် ရေထဲသို့ မျောပါခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ဆိုသည်။

ကျွန်တော်တို့ ဒီလိုမျိုး မိုးရွာတာကို အရင်တုန်းက တစ်ခါမှမမြင်ဖူးခဲ့ပါဘူး။ ဂူတွေနဲ့နေတဲ့သူတွေအတွက် တကယ်ကိုစိုးရိမ်ရပါတယ်။ ဂူတွေဟာအဲဒီအထဲကလူတွေကို တစ်ခါထဲနှစ်လိုက်သလို ဖြစ်သွားနိုင်ပါတယ်"ဟုမိုးလေဝသပညာရှင် တာကုရာဒီရှိမာယုက ပြောကြားခဲ့သည်။ **မယ်သီတာ**



## မြန်မာ ယူ-၁၉ ဖူဆယ်အသင်းအတွက် နိုင်ငံခြားသားနည်းပြခန့်အပ်ရန် စီစဉ်လျက်ရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယူ-၁၉ ဖူဆယ်အသင်းအတွက် နိုင်ငံခြားသားနည်းပြခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာရှ ယူ-၁၉ခြေစစ်ပွဲကို လာမည့်အောက်တိုဘာလအတွင်းကျင်းပရန် စီစဉ်လျက်ရှိပြီး အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ ဖူဆယ်အသင်းအတွက် နိုင်ငံခြားသားနည်းပြခန့်ထားရန် စီစဉ်နေရခြင်းဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာ ယူ-၁၉ ဖူဆယ်အသင်းအတွက် ပြည်တွင်းနည်းပြတွေကို အရင်ဆုံးကိုင်တွယ်စေမှာပါ။ ပြီးရင်တော့နိုင်ငံခြားသားနည်းပြကို ခန့်အပ်ဖို့စီစဉ်နေပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုအခါတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် MFF AYA Bank Open Cup ဖူဆယ်ပြိုင်ပွဲမှ အလားအလာရှိသည့် လူငယ်ကစားသမား ၅၀ ကျော်ကို ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။

## ယူ-၁၉ ဖူဆယ်ကစားသမားများ လက်ရွေးစင်အသင်းအတွက် အထောက်အကူအများကြီးရသည်ဟုဆို

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် AYA Bank အလွတ်တန်း ဖူဆယ်ပြိုင်ပွဲမှ ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ယူ-၁၉ ဖူဆယ်အသင်းသည် လက်ရွေးစင်အသင်း အတွက် အထောက်အကူအများကြီးရနိုင်မည်ဟု မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနည်းပြ အီရန်နိုင်ငံသား ဆာအိက ပြောကြားခဲ့သည်။

"ဒီပြိုင်ပွဲကနေ လူငယ်ကစားသမားတွေ အများကြီးရခဲ့တယ်။ သူတို့တွေက အနာဂတ်အတွက် အလားအလာရှိတဲ့ ကစားသမားတွေပါ။ သူတို့တွေကို လေ့ကျင့်ပေးမယ်၊ ပြင်ဆင်ပေးမယ်ဆိုရင် နောင်လာမယ့်ပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေ ရလာမှာပါ"ဟု ဆာအိက ပြော ကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် အာဆီယံချန်ပီယံရှစ် ယူ-၁၉ ဖူဆယ်ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ မြန်မာ ယူ-၁၉ ဖူဆယ်အသင်းအနေဖြင့် အဆိုပါပွဲတွင် အုပ်စုအဆင့်မှကျော်လွန်ခဲ့ပါက ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် အာရှ ယူ-၁၉ ချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ်အတွင်းကျင်းပမည့် အာရှယူ-၁၉ ချန်ပီယံရှစ်ဖူဆယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တက်ရောက်နိုင်ရေးအတွက် ကာလရှည်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ် ကြောင်း မြန်မာနိုင်ငံဖူဆယ်ကော်မတီဥက္ကဋ္ဌဦးကြည်မင်းသိန်းက ပြောကြားခဲ့သည်။

ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် အလွတ်တန်းဖူဆယ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနည်းပြချုပ် ဆာအိက ယူ-၁၉ အသင်းအတွက် ကစားသမား ၈၁ ဦး ရွေးချယ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ဖူဆယ်လောကတွင် သက် တမ်းအလိုက် လက်ရွေးစင်အသင်းများ ဖွဲ့စည်းနိုင်ခြင်း မရှိခဲ့သော်လည်း အီရန်နိုင်ငံသား ဖူဆယ်လက်ရွေးစင်အသင်းနည်းပြချုပ် ဆာအိလက်ထက် ကျင်းပခဲ့သည့် ၂၀၁၄ခုနှစ်အလွတ်တန်းဖူဆယ်ပြိုင်ပွဲတွင် အသက် ၁၉ နှစ်အောက်၊ အသက် ၂၃ နှစ်အောက်နှင့် လက်ရွေးစင်အသင်းကြီးဟူ၍ ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

## မန္တလေးမြို့တွင်ကျင်းပမည့် အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲစဉ်အား ရုပ်မြင်သံကြားအစီအစဉ်များမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်

မန္တလေးမြို့၊ မန္တလာသီရိအားကစားကွင်းတွင်ကျင်းပမည့် ၂၀၁၆အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲပြိုင်ပွဲ၏ မြန်မာအမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်သည့်ပွဲစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်၏ Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲများကို စက်တင်ဘာလ ၁၄ ရက်မှ ၂၂ ရက်နေ့အထိတစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ လက်မှတ်ခ နှုန်းထားများမှာ ရိုးရိုးတန်းတစ်စောင်လျှင် ကျပ် ၂၀၀၀၊ အထူးတန်းတစ်စောင်လျှင် ကျပ် ၃၀၀၀ သတ်မှတ်ထားပြီး လက်မှတ်တစ်စောင်လျှင် နှစ်ပွဲနှုန်း ကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုင်း၊ ဗီယက်နမ်၊ ဂျော်ဒန် တရုတ်(တိုင်ပေ)အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် အိန္ဒိယ၊ သီရိလင်္ကာ၊ ဘာရိန်းအသင်းတို့နှင့် အုပ်စုတစ်ခုတည်းတွင် ကျရောက်ခဲ့သော်လည်း ဘာရိန်းအသင်းမှာ ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သဖြင့် သီရိလင်္ကာနှင့် အိန္ဒိယနှစ်သင်းတည်းဖြင့်သာ ယှဉ်ပြိုင်ခဲ့ရသည်။ အဆိုပါပွဲတွင် မြန်မာအသင်းသည် နှစ်ပွဲကစားနှစ်ပွဲနိုင်၊ ပေးဂိုးမရှိ၊ ရဂိုး ၂၃ ဂိုး အုပ်စုပထမဖြင့် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် ပါဝင်သည့်အသင်းငါးသင်းအနက် တစ်သင်းသာလျှင် ခြေစစ်ပွဲနောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်ရာ ပြိုင်ဘက် အသင်းများအား အနိုင်ပိုင်းနိုင်မှသာလျှင် နောက်ဆုံးခြေစစ်ပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့်မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းအနေဖြင့် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးတွင်(ဂိုး)မြဖူးငုံ၊ ခင်သီတာအေး၊ သန္တာဦး၊ (နောက်) ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ ဇင်မာထွန်း၊ ဇာခြည်ဦး၊ လီလီလှိုင်၊ အေးအေးမိုး၊ (လယ်) စန်းစန်းမော်၊ သန်းသန်းထွေး၊ နော်အားလိုဝါးဖော၊ ခင်မိုးဝေ၊ အေးမျိုးမြတ်၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ (ရှေ့) ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ မေသူကျော်၊ လှယဉ်ဝင်း၊ နီလာဝင်းတို့ ဖြစ်ကြသည်။

**မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ယှဉ်ပြိုင်ရမည့် ပွဲစဉ်များ**

| | | | |
|---|---|---|---|
| ၁၂-၉ | တရုတ်(တိုင်ပေ) | - | ဗီယက်နမ် |
| | ဂျော်ဒန် | - | မြန်မာ |
| ၁၆-၉ | ဂျော်ဒန် | - | တရုတ်(တိုင်ပေ) |
| | မြန်မာ | - | ထိုင်း |
| ၁၈-၉ | ထိုင်း | - | ဂျော်ဒန် |
| | မြန်မာ | - | ဗီယက်နမ် |
| ၂၀-၉ | ဗီယက်နမ် | - | ဂျော်ဒန် |
| | ထိုင်း | - | တရုတ်(တိုင်ပေ) |
| ၂၂-၉ | ထိုင်း | - | ဗီယက်နမ် |
| | မြန်မာ | - | တရုတ်(တိုင်ပေ) |

**ပထမပွဲကို ညနေ ၃း၃၀တွင်လည်းကောင်း၊ ဒုတိယပွဲကို ည ၆ း ၃၀တွင်လည်းကောင်း စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

## ရှုံးပွဲမရှိစံချိန်ဖြင့် MNL-II ဖလားကိုဆောက်သမ်းမြန်မာအသင်း ရယူ



၂၀၁၅ မြန်မာနေရှင်နယ်လိဂ်-၂ Ooredoo MNL II 2015 ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးပြိုင်ပွဲကို စက်တင်ဘာလ ၆ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်းတွင် ကျင်းပခဲ့ရာ ဆောက်သမ်းမြန်မာအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဆောက်သမ်းမြန်မာအသင်းသည် ၁၈ပွဲယှဉ်ပြိုင်ကစားခဲ့ရာ ၁၄ ပွဲနိုင်၊ လေးပွဲသရေရလဒ်များရရှိခဲ့ပြီး ရှုံးပွဲမရှိစံချိန်ဖြင့်မြန်မာနေရှင်နယ်လိဂ်-၂Ooredoo MNL II 2015 ၏ဆုဖလားကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

ဆောက်သမ်းမြန်မာအသင်းသည် မြန်မာနေရှင်နယ်လိဂ်စတင်ဖွဲ့စည်းစဉ်ကပင်ပါဝင်ယှဉ်ပြိုင်ခဲ့သော အသင်းတစ်သင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၄ခုနှစ်ဘောလုံးရာသီက တန်းဆင်းခဲ့သည်။ သို့သော် ဆောက်သမ်းမြန်မာအသင်းသည် MNL II တွင် တစ်ရာသီသာ ကျင်လည်ခဲ့ရပြီး MNL I သို့ပြန် လည်တန်းတက်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

ယမန်နှစ်က MNL I မှ တန်းဆင်းသွားခဲ့ရသည့် GFAအသင်းမှာ ပြန်လည် တန်းတက်ခွင့် ရရှိရေးအတွက် တစ်ရာသီလုံး ကြိုးပမ်းခဲ့သော်လည်း နောက်ဆုံး နှစ်ပွဲတွင် အရေးနိမ့်ခဲ့မှုကြောင့် Horizon FC အသင်း၏ကျော်ဖြတ်ခြင်းကို ခံခဲ့ရသည်။

GFA အသင်းသည် ယခုပွဲတွင် ဆောက်သမ်းမြန်မာအသင်းအား အနိုင်ရရှိခဲ့ပါက တန်းတက်ခွင့်ရရှိမည်ဖြစ်သော်လည်း သရေရလဒ်သာရရှိခဲ့သဖြင့် တန်းတက်ခွင့်အခွင့်အရေးများ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

GFA အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်အသာ ရှိနေသည့် Horizon FC အသင်းသည် ထိုနေ့က ပဒုမ္မာကွင်းတွင် University FC အသင်းကို သုံးဂိုးနှစ်-ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ပထမဦးဆုံးအကြိမ် MNL I သို့တက်လှမ်းခွင့် ရရှိခဲ့သည်။

Horizon FC အသင်းအနေဖြင့် စတင်ဖွဲ့စည်းသည့် ၂၀၁၂ခုနှစ်ကပင် MNL II ပြိုင်ပွဲများ တွင်သာ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယခုနှစ် ဘောလုံးရာသီရောက်မှသာ ဒုတိယနေရာမှ တန်းတက်ကစားခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ Ooredoo MNL II 2015ပြိုင်ပွဲတွင် ချန်ပီယံဆောက်သမ်းမြန်မာအသင်းက ဆုကြေး ကျပ်သိန်း ၁၅၀၊ ဒုတိယရရှိခဲ့သည့် Horizon FC က ဆုကြေး ကျပ်သိန်း ၁၀၀နှင့်အတူ MNL I သို့ တက်လှမ်းခွင့်ရရှိခဲ့ပြီး တတိယရရှိသည့် GFA အသင်းမှာ ဆုကြေးကျပ်သိန်း ၅၀ရရှိပြီး MNL II တွင် ထပ်မံကြိုးစားရဦးမည်ဖြစ်သည်။




# ဘာလင် ချန်ပီယံရှစ် မီတာ ၈၀၀ တွင် လင်းဆေးရှပ် စံချိန်ကောင်း တင်နိုင်ခဲ့

စက်တင်ဘာ ၇ရက်နေ့က ဂျာမနီ နိုင်ငံ၊ ဘာလင်တွင် ကျင်းပခဲ့သည့် IAAF ကမ္ဘာ့ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင် ပွဲတွင် စကော့တလန် အပြေးမယ် လင်းဆေးရှပ်က ၎င်းကိုယ်တိုင်တင်ထားခဲ့သည့် စကော့တလန်မီတာ ၈၀၀စံချိန်ကို ပြန်လည်ရရှိခဲ့သည်။ အသက် ၂၅နှစ်ရှိပြီဖြစ်သည့် လင်ဆေးမှာ မကြာသေးခင်က ကျင်းပခဲ့သည့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းမရှိသော်လည်း ဘာလင် တွင်မူ ၁ နာရီ ၅၇မိနစ် ၇၁စက္ကန့် ဖြင့် စံချိန်ကောင်း ရရှိခဲ့ခြင်းဖြစ်သည်။

ပေကျင်းအိုလံပစ် ရွှေတံဆိပ်ဆုရှင် မာရီနာဘာဇာမာဆိုဗာမှာမူ တတိယနေရာမှသာ ပန်းဝင်နိုင်ခဲ့သည်။ အဆိုပါ စံချိန်ကြောင့် လင်ဆေးရှပ်မှာ ဗြိတိန် ပြေးခုန်ပစ်မယ်များအနက် ကယ်လီဟုမ်းနှင့် ကာစတီဝိတ်တို့ပြီးနောက် အကောင်းဆုံး တတိယနေရာသို့လည်း ရောက်ရှိလာခဲ့သည်။ ၎င်းက လာမည့် နွေရာသီအိုလံပစ်တွင် အောင်မြင်မှုရရန် ရည်မှန်းထားကြောင်း ဖွင့်ဟခဲ့သည်။

ပေကျင်းတွင် ကောင်းစွာယှဉ်ပြိုင်နိုင်ခဲ့ခြင်းမရှိသည့်အတွက် တစ်စုံတစ်ရာ လုပ်ပြနိုင်ရန် လိုအပ်သည်ကို သဘော ပေါက်ခဲ့ကြောင်းဘာလင်တွင် နောက်ဆုံးပြိုင်ပွဲဝင်ခဲ့သည်မှာ ၂၀၁၂ခုနှစ်ကဖြစ်ကြောင်း၊ ရာသီဥတုမှာ မိမိ၏ ဇာတိနှင့်တူညီသည့်အတွက် အကောင်းဆုံးပြင်ဆင်ခဲ့ကြောင်း လင်ဆေးရှပ်က ဆိုသည်။

ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေးရိုးမြို့ တွင်ကျင်းပမည့် ၂၀၁၆နွေရာသီ အိုလံပစ်ပွဲတော်အတွက် အကောင်းဆုံးဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်ရရှိရန် အာရုံစိုက်ကြိုးစားသွားမည်ဖြစ်ကြောင်းလည်း လင်ဆေးရှပ်က ဆိုခဲ့သည်။

# အင်ဒီကားမောင်းပြိုင်ပွဲတွင် ကိုးမားဝေဒနာခံစားခဲ့ရသည့် ဂျပ်စတင်ဝီလ်ဆင် လူခြောက်ယောက်၏အသက်ကို ကယ်တင်နိုင်ခဲ့

ပြီးခဲ့သည့်လအတွင်းက အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် Indy Car ကားမောင်းပြိုင်ပွဲတွင် ယာဉ်မတော်တဆမှုကြောင့် ဦးနှောက်သေဆုံးခဲ့ရသည့် အင်္ဂလန်နိုင်ငံသား ကားမောင်းပြိုင်ပွဲဝင် ဂျပ်စတင်ဝီလ်ဆင်၏ အသုဘအခမ်းအနားကို စက်တင်ဘာလ ၁၀ ရက်နေ့က ကျင်းပခဲ့သည်။




ဩဂုတ်လ ၂၃ ရက်နေ့က ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲတွင်ဝီလ်ဆင်၏ ပြိုင် ဘက်ဖြစ်သူ ကာရင်မောင်းနှင်လာသည့် ကားသည်အကွေ့တွင် မတော်တဆမှုဖြစ်ကာ ပြေးလမ်းနံရံနှင့် ဝင်တိုက်မိခဲ့သည်။ ထို့နောက် ၎င်း၏နောက်မှလိုက်ပါလာသည့် ဝီလ်ဆင်၏ ကားသည် ကာရင်၏ ကားမှပြုတ်ထွက်လာသည့်ဘီးနှင့်တိုက်မိကာ ပြေးလမ်းတစ်ဖက်မှ နံရံနှင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ကားမတော်တဆမှု စတင်ဖြစ်ပွားခဲ့သည့်ကာရင်မှာ နှာခေါင်းရိုးကျိုးသွားသည့်ဒဏ်ရာသာ ရရှိခဲ့သော်လည်း ဝီလ်ဆင်မှာမူ ကာရင်၏ကားမှ လွင့်စင်ထွက်လာသည့်ကားအစိတ်အပိုင်းများ ဦးခေါင်းတွင် ထိမှန်ခဲ့သည့်ဒဏ်ရာများကြောင့် ဦးနှောက်သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည့် ဝီလ်ဆင်အား လီဗယ်လီဆေးရုံသို့ ပို့ဆောင်ကုသခဲ့သော်လည်း ဩဂုတ်လ ၂၄ ရက်နေ့တွင် သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။

ဝီလ်ဆင်သည် ဦးနှောက်သေဆုံးခဲ့သော်လည်း ၎င်း၏ခန္ဓာကိုယ်မှရရှိသည့် ကိုယ်တွင်းအင်္ဂါများဖြင့် လူခြောက်ဦး၏ အသက်များကိုကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်း၏ညီဖြစ်သူ စတီဖင်က ပြောကြားခဲ့သည်။

ဝီလ်ဆင် သေဆုံးပြီဖြစ်ကြောင်း ဩဂုတ်လ ၂၄ ရက်နေ့က အတည်ပြုခဲ့သော်လည်း ၎င်း၏အသုဘအခမ်းအနားကိုမူ စက်တင်ဘာလ ၁၀ ရက်နေ့ရောက်မှ ပြုလုပ်နိုင်ခဲ့သည်။

၎င်း၏ ကိုယ်တွင်းမှ အကောင်းပကတိအတိုင်း ရှိနေသည့် အစိတ်အပိုင်းများအား ထုတ်ယူ နေရသည့်အတွက် ယခုကဲ့သို့ ကြာမြင့်နေရခြင်းဖြစ်သည်ဟု ဆိုသည်။

ဝီလ်ဆင်၏ နာရေးအခမ်းအနားသို့ ၎င်း၏သူငယ်ချင်း၁၀၀ခန့်အပါအဝင် ပရိသတ်ပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း ဒေးလီးမေးသတင်းတွင် ဖော်ပြထားသည်။

အသက် ၃၇နှစ်ရှိပြီဖြစ်သည့် ဝီလ်ဆင်သည် အင်ဒီကားမောင်းပြိုင်တွင် သက်တမ်းအရှည်ကြာဆုံး ကားမောင်းသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ထားသူတစ်ဦးဖြစ်သည်။

# မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ဆီမီးဖိုင်နယ်ပွဲစဉ်များ ရွှေ့ဆိုင်း

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ USTA Billie Jean King National Tennis Center တွင် ကျင်းပလျက်ရှိသည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းဆီမီးဖိုင်နယ်ပွဲစဉ်များအား မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲများကို ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၁၃ ရက်နေ့အထိ ကျင်းပမည်ဖြစ်သော်လည်း အမျိုးသမီးတစ်ဦးချင်း ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပမည့်အချိန်တွင် နယူးယောက်မြို့တော်၌ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး တင်းနစ်ကွင်းအတွင်း ရေများဝင်ရောက်လာသဖြင့် ပွဲစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

အဆိုပါဆီမီးဖိုင်နယ်တွင် လက်ရှိ ယူအက်စ်အိုးပင်းချန်ပီယံ ဆီရီနာဝီလျံနှင့် နိုင်ခြေအဆင့်သတ်မှတ်ခံထားရခြင်းမရှိသည့် အီတလီနိုင်ငံမှ ရိုဘတ်တာဗင်ချီ၊ နိုင်ခြေအဆင့်နှစ်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် စကော့တလန်မှ တင်းနစ်ချန်ပီယံ ဆီမိုနာဟာ့ပ်နှင့် အီတလီနိုင်ငံမှ ဖယ်လ်ဘီယာပန်နီတာတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ် ကျင်းပခဲ့စဉ်ကလည်း မိုးရွာသွန်းမှုများကြောင့် ပွဲကျင်းပချိန်ကို တစ်နာရီခန့် နောက်ဆုတ်၍ ကျင်းပခဲ့ရကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

အမျိုးသမီးတစ်ဦးချင်းပွဲစဉ် ကွာတားဖိုင်နယ်တွင် ဆီမိုနာဟာ့ပ်သည် ဗစ်တိုးရီးယားအဇာရန်ကာကို နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် အနိုင်ရရှိခဲ့ခြင်းမှာ မိုးရွာသွန်းခြင်းကြောင့်ဖြစ်ရသည်ဟု ဆီမိုနာက ပွဲအပြီးတွင် ပြောကြားခဲ့သည်။

အမျိုးသားတစ်ဦးချင်း ပွဲစဉ်၏ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ခြေအဆင့်နှစ်သတ်မှတ်ခြင်းခံထားရသည့် ဆွစ်ဇာလန်နိုင်ငံမှ ရော်ဂျာဖက်ဒဲရာနှင့် နိုင်ခြေအဆင့်ငါးအဖြစ် သတ်မှတ်ခြင်းခံထားရသည့် တစ်နိုင်ငံတည်းသား စတန်ဝရန်ကာတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့ပြင် နိုင်ခြေအဆင့်တစ်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် လက်ရှိချန်ပီယံ ဆားဘီးယားနိုင်ငံမှ နိုဗက်ဂျိုကိုဗစ်နှင့် ဘော့စနီးယားဟာဇီဂိုးဗီးနားနိုင်ငံမှ နိုင်ခြေအဆင့်ကိုးအဖြစ်သတ်မှတ်ခြင်းခံထားရသည့် မာရင်ဆီးလစ်တို့ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။



# ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲဝင်ရန် ဂျော်ဒန်မင်းသား အလီ အမည်စာရင်းတင်သွင်း



ဂျော်ဒန်မင်းသား အလီဘင်အယ်လ်ဟူစိန်က ကျင်းပမည့် ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းခဲ့ကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့က ထုတ်ဖော်ကြေညာခဲ့သည်။

အသက် ၃၉နှစ်သာရှိသေးသည့် မင်းသားအလီသည်ပြီးခဲ့သည့်ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ဆန္ဒမဲ ၇၃ မဲဖြင့် ဥက္ကဋ္ဌဆပ်ဘလတ္တာ၏နောက်တွင် ရပ်တည်ခဲ့သည်။ ဖီဖာအဖွဲ့အတွင်းခြစားမှုပြဿနာများ ပေါ်ပေါက်ခဲ့ပြီးနောက်ဥက္ကဋ္ဌအဖြစ်နှစ်ရှည်လများဆောင်ရွက်ခဲ့သည့် ဆပ်ဘလတ္တာမှာ ရာထူးမှနုတ်ထွက်သွားခဲ့သည်။ ၎င်း၏နေရာကို ပြန်လည်ရွေးချယ်ရန်အတွက် ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းရာတွင် ယူအီးအက်ဖ်အေဥက္ကဋ္ဌ မီချယ်ပလာတီနီတစ်ဦးတည်းသာရှိနေပြီး ယခုအခါတွင် ဂျော်ဒန်မင်းသား အလီပါဝင်လာခြင်းဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ ရွေးကောက်ပွဲကို၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ “ဒီရွေးကောက်ပွဲဟာ ဘောလုံးအတွက်ပဲဖြစ်သင့်ပါတယ်။ ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာတွေ မပါဝင်သင့်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ခရီးရှည်ကြီးကို လျှောက်လှမ်းကြရဦးမှာပဲဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ခြစားမှုတွေကို တိုက်ဖျက်ပစ်ရမယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ဖြစ်ရပ်တွေကိုတော့ အနာဂတ်ကာလတွေအထိ သယ်ဆောင်သွားမှာ မဟုတ်ပါဘူး”ဟု အလီက ပြောကြားခဲ့သည်။

Vol: 15, No.35 Monday September 14 2015

# နားထောင်တတ်ပါသလား

|ciarmifnk(dabm*aA')|



ကိုယ့်ဘဝမှာ ကြုံတွေ့ခဲ့ရသည့် အထက်လူကြီး တွေထဲက အကောင်းဆုံး လူကြီးတစ်ယောက်အကြောင်းကို ပြန်စဉ်းစားကြည့်ပါ။ ထိုလူကြီးအကောင်းဆုံး ဖြစ်ရခြင်းမှာ အဘယ့်ကြောင့်နည်း။ သူ့အရည်အချင်းတွေက ဘာတွေဖြစ်မည်နည်း? သူတို့ကို ယုံကြည်စိတ်ချရသလား? ဖြစ်နိုင်သည်။ သူတို့က ကိုယ့်ကို ဂရုစိုက်သလား? သိပ်ဖြစ် နိုင်တာပေ့ါ။ သူဟာ ကိုယ်ပြောတာကို သေသေချာချာ နားထောင်တတ်သလား? သေချာတာပေ့ါ။

ခေါင်းဆောင်မှု အရည်အသွေးတွေအကြောင်း ပြောကြသည့်အခါ နားထောင်မှုစွမ်းရည်ကို လျှော့တွက်ကြသည်။ တန်ဖိုးလည်း မထားကြ။ ခေါင်းဆောင် အတော်များများက လူအများ၏ ပြောစကားကို သေသေချာချာ၊ ရည်ရွယ်ချက်ရှိရှိ ကြိုးစားပမ်းစား နားမထောင်ကြ။ ဒီလိုပဲ ဖြစ်သွားတာဟု ထင်ကြသည်။ လွယ်လွယ်လေးပါဟု ထင်ကြသည်။ ကိုယ့်မှာ နားနှစ်ဖက်ပါတယ်။ တစ်ဖက်က လူက စကားပြောတယ်၊ ကိုယ်က နားထောင်နေလိုက်တယ်။ ပြီးတော့ ကိုယ်ပြောချင်တာကို ပြန်ပြောလိုက်တယ်။ ကိုယ် ပြောချင်တာက သူပြောချင်တာထက် အများအားဖြင့်၊ ပိုပြီးအရေးကြီးတယ် မဟုတ်လား။ ဟုတ်တယ်မဟုတ် လား? - မဟုတ်ပါဘူး။

တကယ်မှန်မှန်ကန်ကန် ထိထိရောက်ရောက် နားထောင်တတ်ခြင်းသည် အခြားသူများနှင့် ဆက်ဆံရာတွင် ယုံကြည်မှု တည်ဆောက်ရန် အမြန်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ လူတွေက သူတို့၏ အကြံဉာဏ်တွေကို အချိန်ပေးနားထောင်သော သူတို့ကို ကိုယ် ချင်းစာပေးသော ခေါင်းဆောင်တွေကို ယုံကြည်တတ်ကြသည်။ ထို့အပြင် အမှန်တကယ် နားထောင်ခြင်းသည် ကိုယ့်လုပ်ငန်းထဲမှာ ဘာတွေဖြစ်နေသည်ကို သိရှိနိုင်သော အကောင်းဆုံး အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။ ကိုယ့်အဖွဲ့သားတွေ၏ လုပ်ရပ်တွေကို ဩဇာလွှမ်းမိုးနိုင်သော အကောင်းဆုံးသော အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။ သူတို့ကို မေးခွန်းတွေ မမေးလျှင် သူတို့အဖြေတွေကို သေသေချာချာ နားမထောင်လျှင် ရှေ့တန်းမှာ ဘာတွေဖြစ်နေသည်ကို မသိနိုင်။

နားထောင်ကောင်းသူ တစ်ယောက်အဖြစ်၊ မတော်တဆ ဖြစ်မလာနိုင်။ သေသေချာချာ နားထောင် တတ်သူ တစ်ယောက်ဖြစ်လာစေရန်၊ ထိထိရောက်ရောက် နားထောင်တတ်ရန် အချိန်ပေးရသည့် ကြိုးစားရသည့် အခြေခံငါးချက်ကို လေ့ကျင့်ရန်လိုသည်။

## အခြေခံငါးချက်

### (၁) ကိုယ်လက်လှုပ်ရှားမှုတွေကို ဂရုစိုက်လုပ်ပါ။

မိမိ၏ ကိုယ်လက်လှုပ်ရှားမှုတွေက ပြောသူကို မိမိက စိတ်ဝင်စားမှုရှိကြောင်း ပြောဆိုနေသည်။ အကြောင်းအရာကို နားလည်ကြောင်း သို့မဟုတ် စိတ်မဝင်စားကြောင်း၊ အာရုံက တခြားရောက်နေကြောင်း ပြသနေသည်။ နားလည်ကာ ပြုံးပြ၊ ခေါင်းညိတ်နေခြင်း၊ သမ်းဝေနေခြင်း၊ စိုက်ကြည့်နေခြင်း၊ ဘာတွေလုပ်ပြနေသလဲ။ ခန္ဓာကိုယ်က ရှေ့ကိုကိုင်းပြီး လိုလိုလားလား နားထောင်နေသလား၊ ကျောမှီလက်ပိုက်ပြီး ဆန့်ကျင်ချေပရန် ပြင်ဆင်နေသလား? မိမိ၏ ကိုယ်အမူအရာတွေက "ဆက်ပြောပါ၊ ငါဂရုစိုက်တယ်၊ ငါနားထောင်နေပါတယ်" ဟူသော အဓိပ္ပါယ်ကို ဆောင်သင့်သည်။

(စိတ်မဝင်စားမှုကို အများအားဖြင့် ပြသသော လက္ခဏာ တစ်ရပ်မှာ တယ်လီဖုန်း ပြောနေခြင်း၊ အင်တာနက်သုံးနေခြင်း တို့ဖြစ်သည်။)

### (၂) မေးခွန်းများ မေးမြန်းခြင်း။

အတော်ဆုံး ခေါင်းဆောင်တွေက မေးခွန်းတွေ မေးမြန်းလေ့ရှိသည်။ မေးခွန်းတွေ အများကြီး မေးလေ့ ရှိသည်။ သို့သော် မေးခွန်းတစ်ခုနှင့် တစ်ခု မတူ။ ရည်ရွယ်ချက်ချင်း ကွဲပြားခြားနားသည်။ အချို့မေးခွန်းတွေက သတင်းအချက်အလက်တွေ ထပ်ပေးရန် နက်နက်ရှိုင်း ရှိုင်းပြောဆိုဆွေးနွေးရန် မေးမြန်းခြင်းဖြစ်သည်။ ရှင်းလင်းပြရန် မေးသည့်မေးခွန်းတွေက ပြောနေသည့် အကြောင်းအရာကို ပြည့်ပြည့်ဝဝ နားလည်သဘော ပေါက်စေရန် အထောက်အကူဖြစ်သည်။ အချို့မေးခွန်းတွေက ပြောသူ၏ အတွေးကို နက်နက်ရှိုင်းရှိုင်း ဆင်ခြင်မိ စေရန် အစဆွဲထုတ်ပေးရာ ရောက်သည်။ အချို့မေးခွန်း တွေက ဟုတ်တယ်၊ မဟုတ်ဘူးဖြေလျှင် ပြီးသည်။ စကားစဖြတ်ရန် တိတိကျကျ ပြောပြရန် မေးသော မေးခွန်းတွေ ဖြစ်သည်။ နိမိတ်ပြမေးခွန်းတွေက စကားဖြတ်ရန် အသုံး ပြုနိုင်သည်။

### (၃) ခံစားချက်များကို သုံးသပ်ပြခြင်း။

ပြောသူ၏ ခံစားချက်များကို အမိအရဖမ်းကာ အကောင်းအဆိုး သုံးသပ်ဆုံးဖြတ်သည့် သဘောမျိုး မဟုတ်ဘဲ ပြန်လည်ပြောတတ်သည့် စွမ်းရည်ရှိရန်လည်း လိုသည်။

တစ်ဖက်သား ပြောနေသည့် အကြောင်းအရာ၏ နောက်ကွယ်မှ စေတနာကို ကိုယ်က သတိထားမိကြောင်း၊ ပြသသည့်နည်းဖြစ်သည်။ "ခင်ဗျား- တကယ်စိတ်မကောင်း၊ စိတ်ဆိုး၊ သောကများနေပုံရတယ်"၊ "ခင်ဗျား- ဒေါသဖြစ်နေတယ်လို့ ကျွန်တော်ထင်တယ်" ဟူသော စကားမျိုးကို ပြောကာ သူ့ကို စာနာမှုရှိကြောင်းပြသနိုင်သည်။ ဤနည်းဖြင့် သူ၏ယုံကြည်မှုကိုရရှိကာ သတင်း အချက်အလက်တွေလည်း ထပ်မံထွက်ပေါ် လာနိုင်သည်။

### (၄) ကိုယ့်စကားနှင့် ပြန်ပြောပြခြင်း။

"ခင်ဗျား- ဆိုလိုချင်တာ ဒီလိုမဟုတ်လား" ဟု၊ သူ့ပြောစကားကို ကိုယ့်စကားနှင့် ဖလှယ်ကာ ပြန်ပြောခြင်း အားဖြင့် သူပြောတာတွေကို ကောင်းကောင်းကြားလိုက်ကြောင်း၊ နားလည်ကြောင်း ပြသနိုင်သည်။ ထိုသို့ပြန်ပြောရာတွင် ပြောသူ၏ အဓိက ဝေါဟာရများ၊ အပိုဒ်များ ပြန်လည်ပြောပြခြင်း၊ သူ့စကားစဉ်အတိုင်း ပြန်ပြောခြင်းပြုကာ နားလည်သဘောပေါက်ရန် နားထောင်ကြောင်း၊ စာနာမှုရှိကြောင်း ပြသနိုင်သည်။ တစ်ဖက်သား စကားကို အတိအကျ ပြန်ပြောစရာမလို။ သူအဖြူပြောတာကို အမဲဖြစ်အောင် မလုပ်ရ၊ အခြေအနေကို ကြိုတင် အကဲဖြတ်ခြင်း၊ ဆုံးဖြတ်ခြင်းလည်း မပြုရပေ။

### (၅) အကျဉ်းချုံးပြောပြခြင်း။

အချိန်အကြာကြီး ပြောသွားသမျှကို တိတိကျကျ လိုတိုရှင်း ပြောနိုင်သော စွမ်းရည်ရှိရမည်။ အဓိက သဘောတရားတွေ၊ ခံစားချက်တွေ၊ လုပ်ဆောင်မှု တွေကို ပြန်ပြောရာတွင် ဝေါဟာရ အတိအကျဖြစ်ရန်မလို။ ထိုသို့ ပြောနိုင်ရန် မှတ်စုလိုက်ခြင်း၊ စကားပြောနေစဉ် အကျဉ်းချုံးမှတ်သားခြင်း၊ သူပြောသည့်စကားရှေ့နောက် အဆက်အစပ်ကို မှတ်သားထားခြင်းများ ပြုလုပ်နိုင်သည်။ ကြက်တူရွေးရွတ်သလို တိတိကျကျ ပြောစရာမလို။ မိမိ၏ သုံးသပ်ချက်ကို ထည့်ပြောစရာမလို။

အချို့လူတွေက တစ်ဖက်သား ပြောစကားကိုကောင်းကောင်း သဘောမပေါက်သေးဟုထင်လျှင် ပြန်မပြောကြ။ သဘောမပေါက်ဘဲ ပြောတာလွဲသွားလျှင် စော်ကားသလို ဖြစ်သွားနိုင်သည်။ ကိုယ်ပြောတာကို သူများစိတ်ဝင်စားမှုရှိ မရှိ၊ သူ၏ကိုယ်ဟန်အမူအရာတွေကို ကြည့်လျှင် သိနိုင်သည်။ ထို့အပြင် အမှန်တကယ် ကျွမ်းကျင်သူတွေက ဘာမျှဖုံးကွယ်ထားစရာ မလိုသဖြင့် ဆက်ဆံရလွယ်ကူသည်။ တစ်ခုပြောစရာရှိသည်က ယဉ်ကျေးမှု ခြားနားလျှင် ကွဲပြားသော ကိုယ်ဟန်အမူ အရာတွေ ရှိတတ်သည်။ အရေးအကြီးဆုံးက မျက်နှာအမူအရာဖြစ်သည်။

အထက်ပါ အချက်ငါးချက်သည် အရေးကြီးသည်ဟု မထင်ရ။ သို့သော် ခေါင်းဆောင် အတော်များများ က မလုပ်ကြသလို ဂရုလည်း မစိုက်ကြ။ အားကစားသမား ကောင်းတစ်ယောက်ဖြစ်ရန်၊ စဉ်ဆက်မပြတ် လေ့ကျင့်နေ ရသကဲ့သို့ ခေါင်းဆောင်များအနေဖြင့်လည်း ဤအခြေခံ နားထောင်နည်း ငါးရပ်ကို စဉ်ဆက်မပြတ် လေ့ကျင့်အပ်ပါသည်။

(ညွှန်း - The 5 Fundamental of Effective Listening)

**စာမျက်နှာ ၈ – တရုတ်နိုင်ငံတွင် အသေးစားနှင့် . . . မှ အဆက်**

၃။ အသေးစားနှင့်အလတ်စားဖွဲ့စည်းမှုဆိုင်ရာချိန်ညှိမှုကို လွယ်ကူချောမောစေရန်။

၄။ SME ပြန်လည်ဖွဲ့စည်းမှုများကို ရေရှည်ထိန်းထားရန်။

၅။ SME သင်တန်းများကို ရှင်သန်အားကောင်းစေရန်။

၆။ ဆန်းသစ်ဖန်တီးသော စွမ်းရည်ကိုတိုးတက်စေရန်။

၇။ အသေးစားနှင့်အလတ်စားလုပ်ငန်းများကို သက်ရောက်မှု ရှိသော ငွေရေးကြေးရေးအခက်အခဲများကို ဖြေရှင်းရန်။

၈။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မက်လုံများပေးခြင်းမှ တစ်ဆင့် SME လုပ်ငန်းများတိုးချဲ့မှုကို အားပေးရန်။

၉။ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အလုံးစုံကြီးကြပ်ခြင်းအား မြှင့်တင်ပေးရန်။

စီးပွားရေးလုပ်ငန်းများအတွက် အရည်အသွေးမြင့်ဝန်ဆောင်မှု လုပ်ငန်းများ အားနည်းနေခြင်းကို မြှင့်တင်ရာတွင် SME လုပ်ငန်းများကို ပိုမိုအသက်မွေးဝမ်းကျောင်းဆန်သော၊ ပိုမိုအဆင်ပြေသော၊ ဝန်ဆောင်မှုလုပ်ငန်းများပံ့ပိုးခြင်းဖြင့် ယင်းတို့၏ယှဉ်ပြိုင်နိုင်သော စွမ်းရည်ကို မြှင့်တင်ရန်လိုအပ်သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် လူမှုရေးနှင့် စီးပွားရေးရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် အရေးပါသည်။ ယင်းရည် မှန်းချက်များ ရရှိအောင်မြင်ရေးသည် ဂလိုဘယ်စီးပွားရေးတွင် ပိုမိုယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ဆန်းသစ်ဖန်တီးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်သည်။ အလုပ်အကိုင်များ ဖန်တီးပေးရမည်ဖြစ်သည်။ ပိုမိုကျယ်ပြန့်သော ဝင်ငွေနှင့် လူမှုဖူလုံရေးကို ကြွယ်ဝစေရမည် ဖြစ်သည်။ သို့ဖြစ်ရာ SME လုပ်ငန်းများအတွက် အစိုးရဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရမည် ဖြစ်သည်။ ဒေသဆိုင်ရာအစိုးရများသည် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒများကို အထောက်အကူပေးရမည် ဖြစ်သည်။ အစိုးရအနေဖြင့် SME လုပ်ငန်းများအတွက် ငွေရေးကြေးရေးနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်ဖန်တီးခြင်းစနစ်အတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

(Ref: SME Development in China: Liu Xiangfeng)

# ကိုရီးယားသမ္မတနိုင်ငံတွင် (၃၂) ကြိမ်မြောက် Korea International Medical & Hospital Equipment Show (KIMES 2016) ပြပွဲ ပြသမည်

ကိုရီးယားသမ္မတနိုင်ငံ၊ Korea E & Ex Inc ကုမ္ပဏီမှ ကြီးမှူး၍ "(၃၂) ကြိမ်မြောက် Korea International Medical & Hospital Equipment Show KIMES 2016 ပြပွဲ" ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကိုရီး ယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ရှိCOEX တွင် ကျင်းပသွားမည် ဖြစ်ပါသည်။ KIMES 2015 ပြပွဲကို ၂၀၁၅ ခုနှစ်ဆန်းပိုင်းက ကျင်းပခဲ့ရာတွင် နိုင်ငံပေါင်း ၃၄ နိုင်ငံမှ ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများ ထုတ်လုပ်သည့်ကုမ္ပဏီပေါင်း ၁၁၄၅ ခုမှ ပါဝင် ပြသခဲ့ပြီး နိုင်ငံပေါင်း ၈၀ မှ ပြပွဲသို့ လာရောက်သူပေါင်း ၇၂,၀၃၆ ဦး ရှိခဲ့ပါသည်။ ယခုကျင်းပမည့် (၃၂ ) ကြိမ်မြောက် Korea International Medical & Hospital Equipment Show (KIMES 2016) ပြပွဲသည် အာဆီယံနိုင်ငံများအကြားတွင် အလွန်ကျော်ကြားသည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ ပြသမည့်ပြပွဲတစ်ပွဲဖြစ်ပြီး ထုတ်လုပ်သူများနှင့်စားသုံးသူများ အကြား တိုက်ရိုက်ဆက်သွယ်ပေးသည့် ပြပွဲတစ်ပွဲလည်း ဖြစ်ပါသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသလိုပါက (၃ မီတာ x ၃ မီတာ) ပြခန်းတစ်ခန်းလျှင် အမေရိကန်ဒေါ်လာ ၃၁၀၀ ဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်နေ့မတိုင်မီ စာရင်းပေးသွင်းပါက အမေရိကန်ဒေါ်လာ ၁၀၀ လျှော့ပေးသွားမည် ဖြစ်ပါသည်။ စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့်ကုန်သွယ်မှုဗဟိုဌာနများ ဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်း နိုင်ပါကြောင်း သတင်းရရှိ ပါသည်။

**ဉမ္မာကြူ (ကုန်စည်ပြပွဲ)**

# မြစ်ကြီးနားမြို့တွင် "သစ်သီးဝလံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း" ဖွင့်ပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနှင့် သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် "သစ်သီးဝလံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း" ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၇ ရက်က သမဝါယမဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းခန်းမမှာ ကျင်းပခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားမှာ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကိုယ်စား ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးညွန့်စိန်က နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ထုတ်ကုန်ကဏ္ဍတိုးတက်စေရန် အသေးစား၊ အလတ်စားစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် အခြေခံကျကြောင်း၊ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဟာ ရာသီအလိုက ထွက်ပေါ်သော သစ်သီးဝလံများကို တစ်နှစ်ပတ်လုံး စားသုံးနိုင်သည့် တာရှည်ခံစားသောက်ကုန်များ ထုတ်လုပ်စားသောက်၊ ရောင်းချခြင်းဖြင့် တစ်ဖက်နိုင်ငံမှဝင်ရောက်သည့် ကျန်းမာရေးနှင့်မညီညွတ်သော သီးနှံတာရှည်ခံ စားသောက်ကုန်များကို ဈေးကွက်တွင် ဟန့်တားနိုင်စေရန်၊ တစ်ပိုင်တစ်နိုင်မိသားစုလုပ်ငန်းမှတစ်ဆင့် စီးပွားဖြစ်လုပ်ငန်းအထိ တိုးချဲ့ဆောင်ရွက်ပြီး စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ ဈေးကွက်ဈေးနှုန်းပိုမိုရရှိပြီး စံချိန်မီအရည်အသွေးကောင်းမွန်သော သစ်သီးဝလံအခြေခံ တန်ဖိုးမြှင့် (Value Added) စားသောက်ကုန်ပစ္စည်းများ ပေါ်ထွက်လာစေရန်၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အသေးစား အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်စတဲ့ရည်ရွယ်ချက်များနဲ့ ယခုသင်တန်းကို ဖွင့်လှစ်ပို့ချပေးတာဖြစ်ကြောင်း၊ အခုဖွင့်လှစ်ပို့ချပေးမယ့်သင်တန်းမှာ သစ်သီးယို၊ သစ်သီးဖျော်ရည်၊ သစ်သီးဝိုင်၊ သစ်သီးဂျယ်လီ၊ သစ်သီးတော်ဖီ၊ သစ်သီး Jim ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးမယ့်အပြင် စားသောက်ကုန် လုပ်ငန်းသုံး ဓာတုပစ္စည်းများနဲ့ စားသုံးသူများရဲ့ ကျန်းမာရေးနဲ့ဆက်နွှယ်မှုများအကြောင်း၊ သဘာဝသစ်သီးဝလံများနဲ့ တာရှည်ခံပြုပြင်ထုတ်လုပ်ထားတဲ့ စားသောက်ကုန်များရဲ့ အာဟာရတန်ဖိုးနဲ့ ကျန်းမာရေး ဆက်နွှယ်မှုများအကြောင်းကိုပါ သင်ကြားပို့ချပေးသွားမှာဖြစ်ကြောင်း၊ အခုလို ရည်ရွယ်ချက်ကောင်းတွေနဲ့ လူအင်အား၊ ငွေကြေးနဲ့အချိန်တွေ ရင်းနှီးပြီး သင်တန်းဖွင့်လှစ်ပို့ချပေးတဲ့ ဌာနများရဲ့ သင်တန်းဆရာများရဲ့ စေတနာကို တန်ဖိုးထားနားလည်ပြီး သင်တန်းသားများမှ သင်တန်းကို အချိန်ပြည့်စိတ်ပါဝင်စားစွာ တက်ရောက်ကြရန် လိုကြောင်း၊ အသက်မွေးဝမ်းကြောင်း ပညာတစ်ခုကို နည်းစနစ် မှန်ကန်စွာဖြင့် သင်ကြားတတ်မြောက်ပြီး လက်တွေ့လုပ်ငန်းနယ်ပယ်မှာ အကျိုးရှိစွာအသုံးချပြီး လုပ်ကိုင်စားသောက်နိုင်သည့်အဆင့်မှ အောင်မြင်တဲ့စီးပွားရေး ကုန်ထုတ်လုပ်ငန်းရှင်ကြီးများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

သစ်သီးဝလံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကာလမှာ စက်တင်ဘာ၇ ရက်မှ ၁၃ ရက်နေ့ထိ ၇ ရက် ကြာမြင့်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ပါသည်။

**မောင်မောင်ခိုင်-မြစ်ကြီးနား**

# မြန်မာ-ဂျပန်စင်တာမှ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် One day Regional Seminar များ ကျင်းပ

မြန်မာ-ဂျပန်စင်တာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များပူးပေါင်း၍ "One day Regional Seminar on Change & Chance" အထူးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာလ ၇ ရက်နေ့က မွန်ပြည်နယ် မော်လမြိုင် မြို့ဈေးကြိုရပ် ကုန်စည်ဒိုင်ခန်းမမှာ ကျင်းပပြုလုပ်ခဲ့ ပါတယ်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ် အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ မင်းနွယ်စိုးက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနဲ့ မြန်မာ-ဂျပန်စင်တာရဲ့ Business Course Manager တို့က အသီးသီးအမှာစကားပြောကြားခဲ့ကာ MJC Lecturer Mr.Makoto Takei မှ "Change & Chance" ခေါင်းစဉ်နဲ့ ဟောပြောပို့ချခဲ့ပါတယ်။

ဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်သူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါတယ်။

အလားတူ စက်တင်ဘာ ၈ ရက်နေ့တွင် လည်း မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဘိုကုန်းရုံးတွင် One day Regional Seminar on "Creative Thinking for Policy Making" အထူးဟောပြောပွဲအခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသည့် ဌာနဆိုင်များမှ အမှုထမ်း/ အရာထမ်းများ၊ မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားမှာ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး MJC Lecture Mr.Makoto Takei မှ "Creative Thinking for Policy Maing" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရပါတယ်။

**အောင်လွင်-မော်လမြိုင်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး
၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်)
ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့)
အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး
ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ်
စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး
အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း)
အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း)
ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း)
အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ်
ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး
ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ်
အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ်
(၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ်
အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး
သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

Organizations News
Vol: 15, No.35 Monday September 14 2015

# အိုပက်အဖွဲ့မှာ ပြန်လည်ပါဝင်ဖို့ အင်ဒိုနီးရှားနိုင်ငံက ကြိုးပမ်း

ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (အိုပက်)ရဲ့အဖွဲ့ဝင်အဖြစ် ပြန်လည်ပါဝင်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံအကြောင်းကြားခဲ့ကြောင်း အိုပက်အဖွဲ့ရဲ့ စက်တင်ဘာ လ ၈ ရက်နေ့က ကြေညာချက်ကို ယာဟူးသတင်းမှာ ဖော်ပြပါတယ်။

အိုပက်အဖွဲ့မှာ ပြန်လည်ပါဝင်နိုင်ဖို့အတွက် အင်ဒိုနီးရှားနိုင်ငံက ဇွန်လအတွင်းက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အဲဒီဆောင်ရွက်ချက်ကို အိုပက်အဖွဲ့က ကြိုဆိုခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံက နှစ်ပေါင်း ၅၀ ကြာ အိုပက်အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်နေခဲ့ရာမှာ ရေနံတင်ပို့တဲ့နိုင်ငံအဖြစ်မှ ရေနံတင်သွင်းတဲ့နိုင်ငံအဖြစ်သို့ ရောက်ရှိလာပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ်မှာ အိုပက် အဖွဲ့ဝင် နိုင်ငံအဖြစ်မှ နုတ်ထွက်ခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ပြည်တွင်းရေနံထုတ်လုပ်မှု ကျဆင်းနေချိန်မှာ ပြည်တွင်းရေနံဝယ်လိုအားမြင့်တက်လာတဲ့အတွက် ရေနံကို ဈေးနှုန်းချိုသာစွာရရှိဖို့ အိုပက်အဖွဲ့ဝင်ဖြစ်လာအောင် ကြိုးပမ်းလာတာဖြစ်မယ်လို့ ယူဆကြပါတယ်။

အိုပက်အဖွဲ့မှာ အရှေ့အလယ်ပိုင်း၊ အာဖရိကနဲ့ လက်တင်အမေရိကတို့မှ စုစုပေါင်းအဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်ပြီး ကမ္ဘာ့ရေနံထုတ်လုပ်မှုရဲ့ သုံးပုံတစ်ပုံကို ထုတ်လုပ်လျက်ရှိပါတယ်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့မှာ ဒီဇင်ဘာ ၄ ရက်မှာ ကျင်းပမယ့် အိုပက်ရဲ့ အစည်းအဝေးကို တက်ရောက်ဖို့ အင်ဒိုနီးရှားစွမ်းအင်ဝန်ကြီးကိုဖိတ်ကြားထားပါတယ်။

အိုပက်အဖွဲ့ရဲ့ စည်းမျဉ်းအရ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရန် ပြည်ပမှ တင်သွင်းမှုမရှိဘဲ ရေနံတင်ပို့တဲ့နိုင်ငံသာဖြစ်ဖို့ လိုအပ်ပါတယ်။ ဒီလိုသတ်မှတ်ချက်နဲ့ မပြည့်မီရင် တွဲဖက်အဖွဲ့ဝင်နိုင်ငံ (Associate Member) အဖြစ် ရရှိ နိုင်ပါတယ်။ အိုပက်အဖွဲ့အနေနဲ့လည်း ရေနံဈေးနှုန်းကျဆင်းမှုနဲ့ ရင်ဆိုင်နေရတဲ့အတွက် အာရှဒေသအတွက် ပထဝီနိုင်ငံရေးအခြေစိုက်အဖြစ် အင်ဒိုနီးရှားနိုင်ငံကို အိုပက်အဖွဲ့က ထားလိုဟန်ရှိကြောင်း အကဲခတ်လေ့လာသူတို့က သုံးသပ်ပါတယ်။

# အာဆီယံဘဏ်များက ဗီယက်နမ်မှာ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်မည်




အာဆီယံဒေသတွင်းပေါင်းစည်းမှုကို အကောင်အထည်ဖော်ပြီးနောက်ပိုင်း ဗီယက်နမ်ပြည်တွင်းဘဏ်လုပ်ငန်းဈေးကွက်ကို ဖွင့်ပေးတော့မှာဖြစ်တဲ့အတွက် လာမယ့်နှစ် တွေမှာ ဗီယက်နမ်နိုင်ငံအတွင်းသို့ အာဆီယံနိုင်ငံတွေရဲ့ ဘဏ်များ လာရောက်ဖွင့်လှစ်တော့မှာဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံအတွင်းမှာ ဘဏ်ခွဲများဖွင့်လှစ်ရေးအတွက် ထိုင်း၊ မလေးရှားနဲ့ စင်ကာပူဘဏ်များက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဒေါ်တူး (ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှု ရီဗျူးဂျာနယ်) မှာ ဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံမှာ ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ဖို့အတွက် ဗီယက်နမ်ဗဟိုဘဏ်၏ (State Bank of Viet Nam-SBV) ရဲ့ အတည်ပြုချက်ကို ထိုင်းနိုင်ငံရဲ့ Siam Commercial Bank က စောင့်နေပါတယ်။

မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၇၅ သန်းနဲ့ ယခု နှစ်အကုန်မှစပြီး ဘဏ်ခွဲလုပ်ငန်းများကို စတင်တော့မှာဖြစ်ကြောင်း Siam Commercial Bank ရဲ့ လုပ်ငန်းများကို စတင်တော့မှာဖြစ်ကြောင်း ဘဏ်ရဲ့အမှုဆောင်ချုပ် အားသစ်နမ်ဝိသာယာက ပြောပါတယ်။

အခြားငွေချေးဘဏ်တစ်ခုဖြစ်တဲ့ ကာစီကွန်ဘဏ်က ဟန္နိုင်းနဲ့ ဟိုချီမင်းစီးတီးမြို့တွေမှာ ယခုနှစ်နှစ်ဦးပိုင်းက ကိုယ်စားလှယ်ရုံးခွဲနှစ်ခုကို ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

မလေးရှားနိုင်ငံ Public Bank Berhad ကလည်း ဗီယက်နမ်နိုင်ငံမှာ မလေးရှားရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုနဲ့ ဗီယက်နမ်နိုင်ငံမှာ ဘဏ်သစ်တစ်ခုဖွင့်ဖို့ SBV က မူအားဖြင့် သဘောတူထားပြီးဖြစ်ပါတယ်။ Maybank ကလည်း ဟန္နိုင်း နဲ့ ဟိုချီမင်းစီးတီးတို့မှာ ဘဏ်နှစ်ခုဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံလျက်ရှိတဲ့ အာဆီယံဘဏ်များက ပြည်ပမှာဘဏ်လုပ်ငန်းဆောင်ရွက်တဲ့ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိတဲ့ ဘဏ်တွေဖြစ်ပြီး ဒေသတွင်း ဈေးကွက်များမှာ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။

# ၂၀၁၅ ခုနှစ်မှာ စွမ်းအင်အသုံးပြုမှုကို ၄၅ ရာခိုင်နှုန်း လျှော့ချဖို့ အေပက်အဖွဲ့ဝင်နိုင်ငံတို့ ကြိုးပမ်း

၂၀၀၅ ခုနှစ်က စွမ်းအင်အသုံးပြုမှုနဲ့ နှိုင်းယှဉ်ရင် ၂၀၃၅ ခုနှစ်မှာစွမ်းအင် စုစုပေါင်းအသုံးပြုမှုကို ၄၅ ရာခိုင်နှုန်း လျှော့ချနိုင်ရေးအတွက် ဆက်လက်ပြီး တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားမယ့် ဆုံးဖြတ်ချက်ကို အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင် ၂၁ နိုင်ငံက ထပ်မံအတည်ပြုခဲ့ကြောင်း မနီလာသတင်းလွှာမှာ ဖော်ပြထားပါတယ်။

ယခုဆုံးဖြတ်ချက်ကို (၄၆)ကြိမ်မြောက် အေပက်အဖွဲ့ရဲ့ စွမ်းအင်ချွေတာရေးနဲ့ ထိန်းသိမ်းရေးကျွမ်းကျင်သူများအဖွဲ့ရဲ့ အစည်းအဝေးမှာ ချမှတ်ခဲ့တာဖြစ်ပါတယ်။ ဒီအစည်းအဝေးက ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့မှာ ကျင်းပလျက်ရှိတဲ့ တတိယအကြိမ်မြောက် အေပက်အဖွဲ့ရဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOM 3) နဲ့ ဆက်စပ်အစည်းအဝေးများရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ်ကျင်းပတဲ့ အစည်းအဝေးဖြစ်ပါတယ်။

စွမ်းအင်ချွေတာရေးလုပ်ငန်း များကို အဓိပ္ပာယ်ရှိရှိထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အကြောင်းတရားအမျိုးမျိုးနှင့် အသေးစိတ်ဆောင်ရွက်ရမယ့် အချက်အလက် အများအပြားရှိရာ စိတ်ကူးအကြံအစည်များနဲ့ အကောင်းဆုံးလုပ်ငန်း အလေ့အကျင့်တွေကို စုစည်းပေးနိုင်မယ့် လက်နက်ကိရိယာတစ်ခုအဖြစ် ခေတ်မီတိုးတက်တဲ့ စွမ်းအင်အသိုက်အဝန်း ထူထောင်ရေးအစီအစဉ်လက်အောက်ရှိ အသိပညာဖလှယ်ရေး ပလက်ဖောင်းတစ်ခုကို အေပက်အဖွဲ့ ကထူထောင်သွားမှာဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ခေတ်မီတိုးတက်တဲ့ သယ်ယူပို့ဆောင်ရေး၊ ခေတ်မီတိုးတက်တဲ့ အဆောက်အအုံ၊ ခေတ်မီတိုးတက်တဲ့ လျှပ်စစ်စွမ်းအင်ကွန်ရက်နဲ့ ခေတ်မီတိုးတက်တဲ့ အလုပ်အကိုင်တွေကိုဖန်တီးပေးမှာ ဖြစ်ပါတယ်။

စွမ်းအင်အသုံးပြုမှုချွေတာရေးက စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ် မှု (ဂျီဒီပီ) တစ်ယူနစ်မှာ စွမ်းအင်အသုံးပြုမှုကို နှိုင်းယှဉ်တိုင်းတာပေးတဲ့ အတိုင်းအတာတစ်ခု ဖြစ်ပါတယ်။

# အေအိုင်အိုင်ဘီဘဏ်ရဲ့ နည်းဥပဒေများ ချေးငွေစည်းမျဉ်းများ ရေးဆွဲရာတွင် ဖိလစ်ပိုင်နိုင်ငံ ပါဝင်မည်

ယခုလအတွင်း အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) အတွက် နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနဲ့ ငွေချေးစည်းကမ်းမူကြမ်းများကို ရေးဆွဲရာမှာဖိလစ်ပိုင်နိုင်ငံကလည်း ပါဝင်မှာဖြစ်ကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။

“ဆွေးနွေးပွဲမှာ နည်းဥပဒေတွေ၊ လုပ်ငန်းလည်ပတ်မှု လုပ်ထုံးလုပ်နည်း၊ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုတဲ့ အချက်တွေ ပါဝင်မယ်လို့ ခန့်မှန်းထားပါတယ်။ နောက်ပြီးတော့ ကနဦးဘတ်ဂျက်လည်းပါကောင်းပါလိမ့်မယ်လို့ ထင်ပါတယ်”လို့ လွန်ခဲ့တဲ့ရက် သတ္တပတ်က ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီး ဆီဇာပူရီဆီးမားက The STAR သတင်းကို ပြောပါတယ်။

ဒါပေမယ့် တရုတ်နိုင်ငံက ဦးစီးဦးဆောင်ပြုလုပ်လျက်ရှိတဲ့ အေအိုင်အိုင်ဘီဘဏ်ရဲ့ တရားဝင်အဖွဲ့ဝင်အဖြစ် လျှောက်ထားရာမှာ အချိန်ယူစဉ်းစားပြီးဆောင်ရွက်မှာဖြစ်ကြောင်း ပူရီဆီမား ကပြောပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ ကိုယ်စားလှယ်အဖွဲ့ကို ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့ ညွှန်ကြားရေးမှူး ရွှမ်းမဲဟာရာရာနဲ့ အမျိုးသားဘဏ္ဍာရေးမှူး ရောဘတ်တိုတန်တို့က ဦးဆောင်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးကို ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှာ စက်တင်ဘာတတိယပတ်မှာကျင်းပမှာ ဖြစ်ပါတယ်။

နားလည်မှုစာချွန်ကို လက်မှတ်ရေးထိုးခဲ့ကြတဲ့ နိုင်ငံပေါင်း ၅၇ နိုင်ငံကို စတင်ထူထောင်သူ နိုင်ငံများအဖြစ် သတ်မှတ်ထားပါတယ်။ ဒါပေမယ့် တင်းပြည့် အဖွဲ့ဝင်နိုင်ငံများအဖြစ် Articles of Agreement ကို လက်မှတ်ရေးထိုးတဲ့ နိုင်ငံပေါင်းက ၅၀ သာရှိပါသေးတယ်။ ဖိလစ်ပိုင်နိုင်ငံက သဘောတူစာချုပ်ကို လက်မှတ်မရေးထိုးရသေးတဲ့နိုင်ငံဖြစ်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ပြည်ပမှ ဂယက်ရိုက်ခတ်မှုများကို ဖိလစ်ပိုင်နိုင်ငံက ကြံ့ကြံ့ခံနိုင်ဖွယ်ရှိ

ဖိလစ်ပိုင်အစိုးရက ငွေကြေးနဲ့ ဘဏ္ဍာရေးပြုပြင်ဆောင်ရွက်မှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းလို့ ဖြစ်ရတဲ့ အပြည်ပြည်ဆိုင်ရာဂယက်ရိုက်ခတ်မှု အခြေအနေတွေကို တောင့်ခံထားနိုင်မယ့် အခြေအနေရှိတယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က ယုံကြည်ကြောင်း ဖီးလ်စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဖိလစ်ပိုင် အာဏာပိုင်တွေရဲ့ အမျိုးသားအဆင့် မေခရိုစီမံခန့်ခွဲမှုတွေကြောင့်ဖြစ်ပေါ်လာတဲ့ ရလဒ်တွေက ကောင်းမွန်ပြီး အပြည်ပြည်ဆိုင်ရာ စီးပွားရေးမှာ အခက်အခဲတွေရှိနေပေမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေးအခြေအနေက အခွင့်သာကောင်းမွန်တဲ့ အခြေအနေမှာ ရှိနေကြောင်း အိုင်အမ်အက်ဖ် အမှုဆောင်ဘုတ်အဖွဲ့က သုံးသပ်ပါတယ်။

“အနာဂတ်ကိုမျှော်ကြည့်မယ်ဆိုရင် ဆုံးရှုံးနိုင်ခြေရှိတဲ့ စွန့်စားမှုတွေကိုစီမံခန့်ခွဲမှုတွေကဆက်လက်ကောင်းမွန်နေပြီး အာဏာပိုင်တွေက ဆောင်ရွက်လျက်ရှိတဲ့ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ကို အထောက်အကူဖြစ်စေပါတယ်။ တိုင်းပြည်တွင်းရှိ လူနေမှုအခြေအနေတွေ တိုးတက်ကောင်းမွန်စေပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်ပါတယ်”လို့ အိုင်အမ်အက်ဖ်ရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အခြေခံ အဆောက်အအုံရင်းနှီးမြှုပ်နှံမှုနဲ့ လူမှုအသုံးစရိတ်တွေကြောင့် ကာလလတ်ဘဏ္ဍာရေးလိုငွေပြမှုက ဂျီဒီပီရဲ့ နှစ်ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။

၂၀၁၅ ခုနှစ်အတွက် စီမံကိန်းချမှတ်ထားတဲ့ အစိုးရအသုံးစရိတ်က ဖွံ့ဖြိုးတိုးတက်ရေး ရှုထောင့်ကကြည့်မယ်ဆိုရင် သင့်တင့်မျှတမှုရှိတယ်လို့ အိုင်အမ်အက်ဖ် ကပြောပါတယ်။

ငွေကြေးဖောင်းပွမှုနှုန်း နိမ့်ကျခြင်း၊ ကြွေးမြီဖွံ့ဖြိုးမှုက အနည်းငယ်သာရှိပြီး ချိန်သားကိုက်ညီမှုရှိခြင်းနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ဆောင်ရွက်ချက်တွေ ကောင်းမွန်မှုတို့ကြောင့် ဖိလစ်ပိုင်ဗဟိုဘဏ်က ချမှတ်ခဲ့တဲ့ ငွေကြေးမူဝါဒ ရပ်တည်ချက်က သင့်တင့်မျှတမှုရှိကြောင်း အိုင်အမ်အက်ဖ်က ယုံကြည်ထားပါတယ်။

# ထိုင်းစီးပွားရေးလုပ်ငန်းများက ကြွေးမြီသစ်ရရှိဖို့ ကြိုးပမ်း

ထိုင်းနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ စီးပွားရေး အခြေအနေများကြောင့် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး) အတွက် လက်ရှိမြီရှင်ဘဏ်များထံမှ ချေးငွေထပ်မံမရနိုင်တော့သဖြင့် အတိုးနှုန်းပိုမိုမြင့်မားနေပေမယ့် ချေးငွေများထပ်မံရရှိအောင် ဆောင်ရွက်ရမယ့် အခြေအနေရှိနေကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ထိုင်းနိုင်ငံ စီးပွားရေးကျဆင်းမှုကြောင့် ဘဏ်တွေက ငွေထုတ်ချေးရာမှာစည်းကမ်းတွေ တင်းကျပ်ပေးရတဲ့ အခြေအနေမျိုးကိုရောက်ရှိခဲ့ကြောင်း အဲဒီလို ဆောင်ရွက်ရတဲ့အတွက် အက်စ်အမ်အီးလုပ်ငန်းတွေရဲ့ ငွေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်အောင် ငွေထပ်ချေးလို့ရမယ့်နေရာကို ရှာဖွေခဲ့ရတဲ့အခြေအနေမျိုးအထိ ရောက်ရှိခဲ့ကြောင်း Siam Commercial Bank (SCB) စီးပွားရေးဘဏ်လုပ်ငန်း အုပ်စုရဲ့ ဒုတိယဥက္ကဋ္ဌ ဗီပွန်ဗိုရာဆောင် ဟာရစ်ကပြောပါတယ်။

“ချေးငွေထပ်ရဖို့ ရှာရတဲ့အခါမှာ ပေးရတဲ့အတိုးက ဘဏ်တိုးထက်မနည်းပေမယ့် ချေးငွေရဖို့ ဘယ်လို စည်းကမ်းသတ်မှတ်ချက်တွေပဲ ထားထား လက်ခံရမယ့် အခြေအနေမျိုးရောက်မှာကို စိုးရိမ်မိပါတယ်။ ချေးငွေထပ်ရဖို့ အခက်အခဲဖြစ်နေတာကို ကြည့်ခြင်းအားဖြင့်နောင်တစ်ချိန်မှာ ကြွေးမဆပ်နိုင်တဲ့ အခြေအနေမျိုးတွေဖြစ်လာမယ်လို့ခန့်မှန်းနိုင်ပါတယ်။ ဒါကြောင့်ဘဏ်တွေ အားလုံးက သူတို့ ရဲ့ အက်စ်အမ်အီးဖောက်သည်တွေကို ထောက်ပံ့မှုအပြည့်အဝ ပေးသင့်ပါတယ်” လို့ သူကပြောပါတယ်။

အက်စ်အမ်အီးဖောက်သည်တွေကို အကူအညီပေးတဲ့အနေနဲ့ ချေးငွေထုတ်ချေးတဲ့အခါ သတ်မှတ်တဲ့ ကန့်သတ်ချက်တွေကို ယခုနှစ်အတွင်းမှာ SCB ကလျှော့ချပေးခဲ့ကြောင်း ဗီပွန်ကပြောပါတယ်။

တခြားဘဏ်တွေမှာ ငွေချေးယူထားတဲ့ အက်စ်အမ်အီးဖောက်သည်တွေကချေးငွေချေးဖို့လျှောက်လွှာတွေ လက်ခံထားပေမယ့် ချေးငွေတွေကို ထုတ်ချေးတဲ့အခါ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီရဲ့ ဆုံးရှုံးနိုင်ခြေရှိမှုအခြေအနေပေါ်မှာမူတည်ပြီး ထုတ်ချေးသွားမှာဖြစ်ကြောင်း ခရမ်ထိုင်းဘဏ် (KTB) ရဲ့ ဒုတိယဥက္ကဋ္ဌ ယူဒွန်ဆပ်ရော့ဗီဘွန်ချိုင်းက ပြောပါတယ်။

သူတို့ချေးငွေတွေကို ပြန်ဆပ်ဖို့ ငွေထပ်ရှာရတဲ့ ငွေချေးယူသူတွေအဖို့ အကြီးစားဘဏ်ကြီးတွေကိုသာ ဦးစားပေးအဖြစ်ရွေးချယ်ကြပါတယ်။

နှစ်စဉ်ဝင်ငွေဘတ်သန်း ၂၀ နဲ့ အထက်ရှိတဲ့ အလတ်စားအက်စ်အမ်အီးတွေက တခြားအက်စ်အမ်အီးတွေနဲ့ နှိုင်းယှဉ်ရင်ကြွေးဆပ်ဖို့ ချေးငွေပိုမိုလိုအပ်တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။

# ဗီယက်နမ်ကျေးလက်ဒေသများတွင် 4G နည်းပညာကို အောက်တိုဘာလတွင် စမ်းသပ်ဆောင်ရွက်မည်



ဗီယက်နမ် ဆက်သွယ်ရေး ကုမ္ပဏီဖြစ်တဲ့ ဗီယက်တဲလ်ဂရု(ပ်) (Viettel Group) က 4 G နည်းပညာကို အောက်တိုဘာမှစ၍ ရွေ့ပြေးစမ်းသပ်ဆောင်ရွက်သွားတော့မှာဖြစ်ကြောင်း ဗီယက်တဲလ်ဂရု(ပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒိုမင်းဖောင်ရဲ့ ပြောကြားချက်ကိုကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

လာမယ့်နှစ် ပထမသုံးလပတ်ထက်နောက်မကျစေဘဲ အခြေစိုက်ထပ်ဆင့်ထုတ်လွှင့်ရေးစခန်းပေါင်း ၁၂၀၀၀ ကိုစိုက်ထူသွားမှာဖြစ်ကြောင်း သူကပြောပါတယ်။ 4G ကွန်ရက်ကို ကျေးရွာ (Communes) အတွက် ဆောင်ရွက်ပေးပြီးမှ ခရိုင်၊ ပြည်နယ်နဲ့ မြို့တော်ကြီးများမှာ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ 4G နည်းပညာကို အသုံးပြုမယ်ဆိုရင် ဗီယက်တဲလ်အသုံးပြုသူတွေကဆင်းမ်ကတ်များကို အသစ်လဲရမှာဖြစ်ပေမယ့် ဖုန်းနံပါတ်က အပြောင်းအလဲရှိမှာ မဟုတ်ပါဘူး။

4G နည်းပညာကို ၂၀၁၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် လိုင်စင်ချပေးနိုင်ရန် ဗီယက်တဲလ် ဒုတိယအကြီးအကဲ လေဒန်ဖွန်းက ပြန်ကြားရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနကို အဆိုပြုချက်တင်ပြထားပါတယ်။

4G နည်းပညာကိုအသုံးပြုရာမှာ ဗီယက်နမ်နိုင်ငံက အခြားအာဆီယံနိုင်ငံများထက် နောက်ကျနေတဲ့အတွက် ဗီယက်တဲလ်က ယခုလိုအဆိုပြုချက်တင်သွင်းခဲ့တာဖြစ်ပြီး စမ်းသပ်အသုံးပြုချိန်ကာလ နှောင့်နှေးကြန့်ကြာနေရင် ဗီယက်နမ်နိုင်ငံမှာ 4G ဝန်ဆောင်မှုတွေပေးတာ နောက်ကျနိုင်ပါတယ်။ ဗီယက်တဲလ်က 4G နည်းပညာကိုလာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာလည်း စမ်းသပ်အသုံးပြုမှာ ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံမှာ 4G ဝန်ဆောင်မှုတွေ စတင်ဆောင်ရွက်တာနောက်ကျနေရင် စီးပွားရေးလုပ်ငန်းတွေက 2G နဲ့ 3G နည်းပညာတွေအတွက် ဆက်လက်ရင်းနှီးမြှုပ်နှံနေရမှာဖြစ်ပါတယ်။ ဒီလိုအဖြစ်မျိုးကိုရှောင်ရှားလိုတဲ့အတွက် ယခုလိုဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ 4G အတွက် လိုင်စင်တွေချပေးနိုင်မယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေက 3G အစား 4G နည်းပညာအတွက် ရင်းနှီးမြှုပ်နှံနိုင်မှာဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေက 4G နည်းပညာအတွက် ရင်းနှီးနိုင်မယ်ဆိုရင်အရင်းအမြစ်တွေကိုအလဟဿဖြစ်မယ့် အခြေအနေကနေ ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။

# စင်ကာပူစီးပွားရေးလုပ်ငန်းများရဲ့ စီးပွားရေးအပေါ် ယုံကြည်မှုကျဆင်း

စင်ကာပူရှိ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး) က စီးပွားရေးလုပ်ငန်းအပေါ် ယုံကြည်မှုက သုံးနှစ်အတွင်းအနိမ့်ဆုံးသို့ ကျရောက်ခဲ့ကြောင်း စင်ကာပူစီးပွားရေး လုပ်ငန်းအသင်းချုပ် (Singapore Business Federation-SBF) နဲ့ DP Information Group (DP) တို့ပူးတွဲပြီးကောက်ယူထားတဲ့ စစ်တမ်းရဲ့ အညွှန်းကိန်းကို ကိုးကားပြီး စီအင်အေသတင်းမှာ ဖော်ပြ ပါတယ်။

အက်စ်အမ်အီးများရဲ့ ယုံကြည်မှုကို တိုင်းတာဖော်ပြတဲ့ အညွှန်းကိန်းဖြစ်တဲ့ SBF -DP Index က ယခုနှစ်အတွင်း သုံးလ ပတ်တိုင်းလိုလိုမှာ ကျဆင်းနေခဲ့ပြီး ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်နဲ့ ၂၀၁၆ ခုနှစ် ပထမသုံးလပတ်တို့မှာ အညွှန်းကိန်းအမှတ်က ၅၁ ဒသမ ၉ ဝန်းကျင်သာရှိမယ်လို့ ခန့်မှန်းထားပါတယ်။ အညွှန်းကိန်း အနိမ့်ဆုံးအထိ ကျဆင်းတာက ၂၀၁၃ ခုနှစ် ပထမသုံးလပတ်ကဖြစ်ပြီး အညွှန်းကိန်းက ၅၁ ဒသမ ၆ အထိကျဆင်းခဲ့ပါတယ်။ ယခုနှစ် ကျဆင်းမှုကလည်း စံချိန်တင်ကျဆင်းခဲ့တာဖြစ်ကြောင်း စက်တင်ဘာ ၉ ရက်က ကျင်းပတဲ့သတင်းစာရှင်းလင်းပွဲမှာ ထုတ်ပြန်ပါတယ်။

ဒီအညွှန်းကိန်းကို ၂၀၁၀ ခုနှစ်ကတည်းက စတင်ကောက်ယူခဲ့တာဖြစ်ပြီး နောင်လာမယ့်ခြောက်လအတွက် စီးပွားရေးလုပ်ငန်းများ ရဲ့ လုပ်ငန်းအပေါ် ယုံကြည်မှုကို တိုင်းတာတဲ့ အညွှန်းကိန်းဖြစ်ပါ တယ်။

စင်ကာပူမှာ အဓိကနေရာကိုယူထားတဲ့ စီးပွားရေးကဏ္ဍကြီး သုံးခုရဲ့ အလားအလာက ထူးထူးခြားခြား ကျဆင်းနေကြောင်း SBF နဲ့ DP နှစ်ခုစလုံးက သုံးသပ်ပါတယ်။ အဲဒီစီးပွားရေးလုပ်ငန်း အမျိုးအစားက ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေး၊ ဆောက်လုပ်ရေး၊ အင်ဂျင်နီယာလုပ်ငန်းနဲ့ ကုန်ထုတ်လုပ်မှုစတဲ့ ကဏ္ဍတွေ ဖြစ်ပါတယ်။

အဓိကကုန်သွယ်ဖက်နိုင်ငံ နှစ်နိုင်ငံဖြစ်တဲ့ တရုတ်နဲ့ မလေးရှားတို့ကလည်း စီးပွားရေးကျဆင်းနေတဲ့အတွက် စင်ကာပူရဲ့ စီးပွားရေး က စီးပွားရေးဆုတ်ကပ်ဖြစ်လုနီးပါး ရှိနေပါတယ်။ စင်ကာပူစီးပွားရေးလုပ်ငန်းတွေ အထူးသဖြင့် အက်စ်အမ်အီးတွေကို ထိခိုက်မှုဖြစ်စေနိုင်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**စင်ကာပူ**

စင်ကာပူငွေကြေးကုမ္ပဏီများမှာ ဝယ်လိုအားနှေးကွေးပြီး ယှဉ်ပြိုင်မှု ပြင်းထန်လျက်ရှိနေသဖြင့် ဆက်လက်ရပ်တည်ရေးအတွက် အပြင်းအထန်ကြိုးပမ်းလျက်ရှိရာ အချို့ငွေကြေးကုမ္ပဏီကြီးများမှာ အသေးစားနဲ့အလတ်စား စီးပွားလုပ်ငန်းများ(အက်စ်အမ်အီး)နဲ့ ကိုက်ညီတဲ့ ချေးငွေအစီအစဉ်တွေရေးဆွဲဆောင်ရွက်နေရကြောင်း စီအင်န်အေ သတင်းမှာ ဖော်ပြပါတယ်။

**ဟနွိုင်း**

ယခုလအတွင်း ခါတ်ဆီ၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့အပါအဝင် ဗီယက်နမ်နိုင်ငံရဲ့ အခြေခံလူသုံးကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေ ဆက်လက်ကျဆင်းပြီး အမျိုးသားစားသုံးသူ အညွှန်းကိန်း (စီပီအိုင်)က ယခင်လနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ဝ၇ ရာခိုင်နှုန်း ကျဆင်းကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဈေးနှုန်းကြီးကြပ်ရေးဌာနရဲ့ ထုတ်ပြန်ချက်ကိုကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

**တိုကျို**

ဂျပန်နိုင်ငံ ကိုဘာယာရှိဆေးဝါးကုမ္ပဏီက "ဆိုက်ကီ" လို့ခေါ်တဲ့ အသားအရေစိုပြေစေတဲ့ ဆေးတစ်မျိုးကိုစက်တင်ဘာ ၁၀ ရက်နေ့က စတင်ဖြန့်ဖြူးခဲ့ရာ ဒီလိမ်းဆေးက အသားအရေခြောက်ခန်းတတ်သူတွေအသုံးတည့်ပြီး အထူးသဖြင့် မျက်နှာပြင်ပေါ်ရှိ အရေးအကြောင်းများကိုပပျောက်စေရန် ပိုမိုထိရောက်စွာသုံးစွဲနိုင်ကြောင်း အဆာဟိ သတင်းမှာ ဖော်ပြပါတယ်။

**ဂျကာတာ**

ကမ္ဘာ့စီးပွားရေး နှေးကွေးကျဆင်းမှုကြောင့် ကမ္ဘာ့စားအုန်းဆီဝယ်လိုအား ကျဆင်းနေတဲ့အတွက် ပြည်တွင်းစားသုံးမှု ပိုမိုမြင့်တင်နိုင်အောင် အစိုးရက စည်းမျဉ်းဥပဒေများကို ထုတ်ပြန်ဖို့ လိုကြောင်း အင်ဒိုနီးရှားစားအုန်းဆီ ဘုတ်အဖွဲ့ (DMSI) က စက်တင်ဘာ ၁၁ ရက်ကပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

## MIDDLE EAST

# အိုပက်အဖွဲ့ရဲ့ အရေးပေါ်ထိပ်သီးအစည်းအဝေး ကျင်းပရန် ဗင်နီဇွဲလားရဲ့အဆိုပြုချက်ကို ပင်လယ်ကွေ့နိုင်ငံများကပယ်ချ

ကမ္ဘာ့ရေနံ ဈေးကွက်များမှာ ရေနံစိမ်းများ အလျှံပယ်ဖြစ်နေပြီး ဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းနေတဲ့အတွက် အိုပက်အဖွဲ့အနေနဲ့ အရေးပေါ်အစည်းအဝေးကို ကျင်းပပြီး ဈေးနှုန်းများတည်ငြိမ်အောင် ဆောင်ရွက်ဖို့ဗင်နီဇွဲလားနိုင်ငံက တောင်းဆိုခဲ့ပေမယ့် အဲဒီတောင်းဆိုချက်ကို ဆော်ဒီအာရေးဘီးယားနဲ့ ကာတာနိုင်ငံတို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အစည်းအဝေးကို အိုပက်အဖွဲ့ဝင်နိုင်ငံများနဲ့ ရုရှားနိုင်ငံအပါအဝင် အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေကို ပါတက်ရောက်စေရန်ရည်ရွယ်ထားပြီး အစည်းအဝေးမှာ ရေနံဈေးနှုန်းကျဆင်းနေတာကိုကာကွယ်ဖို့အတွက် ဆွေးနွေးညှိနှိုင်းကာ အစီအမံများ ရေးဆွဲဖို့ ရည်မှန်းထားပါတယ်။

ဗင်နီဇွဲလားနိုင်ငံက အိုပက်အဖွဲ့ကို စတင်တည်ထောင်ခဲ့စဉ်က ပါဝင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံအတွက်လိုအပ်တဲ့ အစားအစာနဲ့ ဆေးဝါးတင်သွင်းရာမှာ ရေနံတင်ပို့ရောင်းချခြင်းမှ ရရှိတဲ့ဝင်ငွေအပေါ် ဗင်နီဇွဲလားနိုင်ငံက အကြီးအကျယ်မှီခိုနေရပါတယ်။ နိုင်ငံအတွက် လိုအပ်တဲ့ငွေကြေးရရှိဖို့အတွက် ရေနံဈေးနှုန်းတွေမြင့် တက်လာစေလိုတဲ့ ဆန္ဒရှိပါတယ်။ ရေနံဈေးနှုန်းတွေ မကျဆင်းမီကာလကပင် ဗင်နီဇွဲလားနိုင်ငံက ငွေကြေးဖောင်းပွမှုနဲ့ ရင်ဆိုင်နေရပြီး အခြေခံစားကုန်တွေ ကာလရှည်ပြတ်လပ်လျက်ရှိပါတယ်။

ယခင်ရက် သတ္တပတ်ကဒိုဟာမှာ ကျင်းပတဲ့ အိုပက်အစည်းအဝေးတက်ရောက်စဉ် ဗင်နီဇွဲလားသမ္မတက ဆော်ဒီအာရေးဘီးယား၊ ယူအေအီးနဲ့ ကာတာနိုင်ငံတို့မှ ထိပ်တန်းအရာရှိများနဲ့ တွေ့ဆုံစဉ် ဒီအဆိုပြုချက်ကိုတောင်းဆိုခဲ့တာ ဖြစ်ပါတယ်။

ဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်တဲ့အခါ အကောင်းထက်အဆိုးနဲ့ ကြုံနိုင်တဲ့ အခြေအနေ ပိုရှိနိုင်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရေနံတင်ပို့တဲ့ ပင်လယ်ကွေ့နိုင်ငံတွေက အဆိုပြုချက်ကို ပယ်ချခဲ့တာဖြစ်ပါတယ်။

## EU

# လုပ်ငန်းပြန်စမယ့် ဂရိဘဏ်တွေကို ကြွေးဆုံးတွေက ခြောက်လှန့်နေ




ကြွေးဆုံးတွေ များပြားလာတဲ့အတွက် ဂရိဘဏ်တွေက ထောင်သောင်းချီပြီးရှိနေတဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေကို ရှောင်ကြဉ်လာကြကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။ ဘဏ်လုပ်ငန်းစနစ်မှာ ကြုံတွေ့နေရတဲ့ ဒုက္ခမျိုးစုံအတွက် မတည်မငြိမ်ဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေကို အသေးစားစီးပွားရေးလုပ်ငန်းတွေက အပြစ်တင်လျက်ရှိပါတယ်။

ဒီအခြေအနေတွေကြောင့် ဂရိနိုင်ငံအနေနဲ့ရွေးကောက်ပွဲကို စက်တင်ဘာ ၂၀ ရက်နေ့မှာ ကျင်းပရတော့မယ့် အခြေအနေမျိုးကို ဆိုက်ရောက်စေခဲ့ပါတယ်။ ဒီရွေးကောက်ပွဲက ၂၀၀၉ ခုနှစ်နောက် ပိုင်းပဉ္စမအကြိမ်မြောက်ကျင်းပတဲ့ ရွေးကောက်ပွဲ ဖြစ်ပါတယ်။ ဂရိနိုင်ငံအတွက်ကယ်တင်မှုချေးငွေယူရို ၈၆ ဘီလီယံကိုသဘောတူ လက်ခံခဲ့တဲ့အတွက် ညွန့်ပေါင်းအစိုးရ အဖွဲ့ရဲ့ ဝန်ကြီးချုပ် အလက်ဇစ် ဆီးပရပ်က ရာထူးမှနုတ်ထွက်ပေးခဲ့ရပါတယ်။

မြီရှင်များနဲ့ ခြောက်လကြာပြင်းပြင်းထန်ထန် ဆွေးနွေးနေခဲ့တဲ့ အချိန်အတွင်း ဘဏ်တွေမှာရှိတဲ့အပ်နှံငွေယူရို ဘီလီယံ ၄၀ ဆုံးရှုံးခဲ့ရတဲ့အတွက် ဂရိဘဏ်တွေပိတ်ပေးခဲ့ရကာ ဇူလိုင်လအကုန်မှာ ငွေကြေးထိန်းချုပ်မှုတွေပြုလုပ်ခဲ့ရပါတယ်။ ဂရိဘဏ်တွေက အကြီးအကျယ်ထိခိုက်ခံရပြီး ထုတ်ချေးငွေတွေကိုလည်း ထပ်မံကန့်သတ်ခဲ့ရပါတယ်။ ချေးယူထားပြီး ပြန်မဆပ်နိုင်တဲ့ ကြွေးမြီတွေအတွက် ထိတ်လန့်ကြောက်ရွံ့မှုတွေဖြစ်ခဲ့ရပါတယ်။

ဘဏ်တွေပြန်ဖွင့်ပြီး ငွေကြေးထိန်းချုပ်မှုတွေ အထိုက်အလျောက်သက်သာခဲ့တယ်ဆိုပေမယ့် ပုဂ္ဂလိကကဏ္ဍရဲ့ ၇၅ ရာခိုင်နှုန်းကို အလုပ်အကိုင်ဖန်တီးပေးနေတဲ့ အသေးစားလုပ်ငန်းတွေအတွက် ချေးငွေတွေပြတ်လပ်ခဲ့ရပါတယ်။

## EAST ASIA

# ဂျပန်သွားတုလုပ်ငန်းများအတွက် ဈေးကွက်သစ်ပေါ်လာ

ဇာကိုနီးယာနဲ့ပြုလုပ်တဲ့ သွားတုတွေကိုလူကြိုက်များလာတဲ့အတွက် ဒီသွားတုတွေက ရွှေသွား သို့မဟုတ် ငွေသွားတွေရဲ့နေရာကို အစားထိုးဝင်ရောက်လာပါတယ်။

သဘာဝသွားနဲ့ ပုံပန်းသဏ္ဌာန်အားဖြင့် တူညီတဲ့အတွက် ဈေးကြီးပေမယ့် ကြွေသွားတွေကိုကြိုက်နှစ်သက်သူတွေများပြားလာပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြောင့် ဓာတုဗေဒကုမ္ပဏီတွေက သဘာဝနဲ့သဏ္ဌာန်တူတဲ့ သွားအတုတွေကိုထုတ်လုပ်ဖို့ အားသွန်ကြိုးပမ်းလာကြပါတယ်။ ဂျပန်နိုင်ငံမှာ သက်ကြီးရွယ်အိုလူဦးရေ မြင့်မားလာတာနဲ့ အမျှ ဇာကိုနီးယာတွေကို ဝယ်လိုအား မြင့်မားလာလိမ့်မယ်လို့ ကုမ္ပဏီတွေက မျှော်လင့်ထားကြပါတယ်။

၂၀၁၇ ခုနှစ်မှာ ယာမာဂုချိနဲ့ မီအဲစီရင်စုတွေမှာရှိတဲ့ စက်ရုံတွေက ဇာကိုနီးယာထုတ်လုပ်မှုကို ၃၀ ရာခိုင်နှုန်းတိုးမြှင့်ထုတ်လုပ်မယ့် စီမံကိန်းတွေကို ဩဂုတ်လ ၃ ရက်နေ့က ကြေညာခဲ့ပါတယ်။ ဒီကုမ္ပဏီက ကမ္ဘာမှာ ပထမဆုံး ဇာကိုနီးယာထုတ်လုပ်တဲ့ကုမ္ပဏီအဖြစ် ရပ်တည်ခဲ့ပြီး ၁၉၈၃ ခုနှစ်မှာ စီးပွားဖြစ် ထုတ်လုပ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီဇာကိုနီးယာကို ဖန်နန်းမျှင်ဆက်တဲ့နေရာမှာသာ အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒီကုန်ကြမ်းပစ္စည်းကို သွားတုအဖြစ် ဥရောပမှာ ၂၀၀၀ ပြည့်နှစ်ကစတင်အသုံးပြုခဲ့ပြီး ဂျပန် နိုင်ငံမှာ ၂၀၀၅ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့ပါတယ်။

ဇာကိုနီးယာက ရွှေနဲ့ငွေလိုခိုင်မာတဲ့ စွမ်းအင်ရှိတဲ့အပြင် သူရဲ့ ပုံပန်းက သဘာဝသွားနဲ့ တူညီနေပါတယ်။ သွားတုတစ်ချောင်းရဲ့ ဈေးနှုန်းက ယန်း ၁,၀၀၀,၀၀၀ မှ ယန်း ၁၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၈၀၀ မှ ၁၂၀၀) အတွင်းရှိလာတဲ့အတွက် ရွှေသွား သို့မဟုတ် ငွေသွားဈေးထက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းပိုမိုဈေးကြီးပါတယ်။ ဈေးကြီးတယ်ဆိုပေမယ့်လူတွေက ဇာကိုနီးယာကို ပိုပြီးသဘောကျကြောင်း တိုဆိုကုမ္ပဏီရဲ့ ပြည်သူ့ဆက်ဆံရေးအရာရှိက ပြောပါတယ်။

သွားဆေးခန်းတွေ အတွက် သွားတုတွေပုံဖော်ပေးနေတဲ့ ကူရာရေးကုမ္ပဏီက ဇာကိုနီးယာသွားတုတွေကို ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုဈေးကွက်အတွင်းမှာ ဇူလိုင်လကစတင်ရောင်းချခဲ့ပါတယ်။ ဂျပန်ဈေးကွက်မှာတော့ယခုနှစ်ဆောင်းဦးရာသီမှစတင်ရောင်းချမှာ ဖြစ်ပါတယ်။

## SOUTH ASIA

# ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်အားကောင်းတဲ့ နယ်မြေအဖြစ် အိန္ဒိယနိုင်ငံက တည်ရှိနေ

ကမ္ဘာ့ဘဏ္ဍာရေး လုပ်ငန်းများ ကသောင်းကနင်း ဖြစ်လျက်ရှိနေပေမယ့် အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက အမြင့်ဆုံးနှုန်းနဲ့ တိုးတက်နေပြီး အိန္ဒိယနိုင်ငံကလည်း ရင်းနှီးမြှုပ်နှံသူတို့ ဦးတည်ချက်ထားရာ ဒေသအဖြစ် ဆွဲဆောင်နိုင်အား ကောင်းမွန်လျက်ရှိနေကြောင်း စက်တင်ဘာ ၈ ရက်နေ့က ဝန်ကြီးချုပ် နရိန္ဒရာမိုဒီ သဘာပတိအဖြစ်ဆောင်ရွက်တဲ့ အစည်းအဝေးမှာ စီးပွားရေးအကြံပေးအကြီးအကဲ အာဗင်းဆူဘရာမန်နီယံရဲ့ တင်ပြချက်ကို ကိုးကားပြီး ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။

အဲဒီအစည်းအဝေးမှာ ကမ္ဘာ့စီးပွားရေး ကသောင်းကနင်းဖြစ်မှုကိုဖြစ်ပွားစေတဲ့ စိန်ခေါ်မှုများကို အိန္ဒိယနိုင်ငံ တိုးတက်ရေးအတွက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်မယ့် နည်းလမ်းတွေဖြစ်တယ်လို့ တင်ပြရှင်းလင်းခဲ့ကြောင်း သူက သတင်းထောက်တွေကို ပြောပါတယ်။

အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံသို့ တင်ပို့မှုကို ဂျီဒီပီတွင်ပါဝင်တဲ့ အချိုးအစားနဲ့နှိုင်းယှဉ်ကြည့်ပါက လွန်စွာနည်းပါးတဲ့အတွက် တရုတ်နိုင်ငံစီးပွားရေးနှေးကွေးကျဆင်းမှု ဂယက်ကကြီးကြီးမားမား ရိုက်ခတ်မှုမရှိကြောင်း ဒါပေမယ့် တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးများတဲ့ သံမဏိလုပ်ငန်းလို လုပ်ငန်းကဏ္ဍမျိုးမှာတော့ ထိခိုက်မှု ပိုမိုများပြားကြောင်း သူက ပြောပါတယ်။

တရုတ်နိုင်ငံက စီးပွားရေးနှေးကွေးမှုနဲ့ ရင်ဆိုင်နေရပြီး မကြာမီက ယွမ်တန်ဖိုးချခဲ့မှုကြောင့် ကမ္ဘာ့စတော့နဲ့ ငွေကြေးဈေးကွက်တွေမှာ ကသောင်းကနင်းဖြစ်မှုတွေပြန့်ပွားခဲ့ပါတယ်။

အမေရိကန်ဗဟိုဘဏ်ရဲ့ မူဝါဒမရေရာမှု၊ အမေရိကန်-အီရန်စာချုပ်ကြောင့်ဖြစ်ပေါ်လာတဲ့ ပထဝီဝင်နိုင်ငံရေး အခြေအနေများ၊ နှုန်းကျောက်ရေနံတော်လှန်ရေး၊ ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းမှုနဲ့ ရေနံဈေးနှုန်းကျဆင်းမှုဂယက်စတဲ့ အခြေအနေများကိုလည်း သူ့ရဲ့ရှင်းလင်းတင်ပြချက်မှာ ထည့်သွင်းပြောကြားခဲ့ကြောင်း ဆူဘရာမန်နီယန်က ပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

တရုတ်နိုင်ငံရဲ့စီးပွားရေး နှေးကွေးကျဆင်းမှုအပေါ် စိုးရိမ်ပူပန်မှုများကြောင့် သီတင်းပတ်အလိုက်နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဒေသတွင်းငွေကြေးအများစုက တန်ဖိုးကျဆင်းမယ့် အလားအလာတွေရှိနေပေမယ့် တရုတ်ယွမ်ငွေတန်ဖိုး ပြန်လည်ဦးမော့လာတာကို အကြောင်းပြုပြီး ထွန်းသစ်စငွေကြေးအများစုက စက်တင်ဘာ ၁၁ ရက်နေ့မှာတန်ဖိုးမြင့်တက်လာကြတာကို တွေ့ရပါတယ်။

တရုတ်နိုင်ငံက စီးပွားရေးကိန်းဂဏန်းတွေမထုတ်ပြန်မီမှာ ရင်းနှီးမြှုပ်နှံသူတွေကသတိထားပြီး အရောင်းအဝယ်ပြုလုပ်နေကြတဲ့အတွက် မြင့်တက်နေတဲ့ဒေသတွင်းငွေကြေးအချို့ရဲ့တန်ဖိုးတွေ စက်တင်ဘာ ၁၀ ရက်နေ့က ပြန်လည်ကျဆင်းခဲ့ပါတယ်။ စက်တင်ဘာ ၁၆ ရက်နဲ့ ၁၇ ရက်မှာကျင်းပမယ့် အမေရိကန်ပြည်ထောင်စု လွတ်လပ်တဲ့ ဈေးကွက်ကော်မတီ (အက်ဖ်အိုအမ်စီ) အစည်းအဝေးမှာ ဗဟိုဘဏ်အတိုးနှုန်းကို မြင့်တင်ပေးမပေးမရေရာမှုက ရင်းနှီးမြှုပ်နှံသူတွေကို ပိုပြီးသတိထားရောင်းဝယ်လာအောင် အထောက်အကူဖြစ်စေပါတယ်။

အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းတွေမြင့်တင်ပေးလိုက်တဲ့အခါ ချေးယူငွေအပေါ် အတိုးနှုန်းတွေမြင့်တက်လာမှာဖြစ်တဲ့အတွက် ထွန်းသစ်စဈေး ကွက်တွေမှာ ရင်းနှီးမြှုပ်နှံမှုအလား အလာတွေကို အဟန့်အတားဖြစ်စေပြီး အကျိုးအမြတ်ပိုရမယ့် အမေရိကန် ပြည်ထောင်စုဈေးကွက်ဘက်ကို ငွေကြေးတွေပြန်လည်စီးထွက်သွားစေနိုင်ပါတယ်။

**တရုတ်ယွမ်**

အာရှဈေးကွက်မှာ ယွမ်ငွေကြေးကိုဒေါ်လာနဲ့ ဝယ်ယူမှုမြင့်မားလာတဲ့အတွက် စက်တင်ဘာ ၁၁ ရက်နေ့မှာ ဒေါ်လာတန်ဖိုးကျဆင်းပြီး ယွမ်ငွေကြေးတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ယွမ်ငွေကြေးတန်ဖိုး ကျဆင်းမှာကို ကာကွယ်ဖို့အတွက် အပြည်ပြည်ဆိုင်ရာဈေးကွက်မှာရှိတဲ့တရုတ်ဘဏ်တွေက ဝင်ရောက်စွက်ဖက်တာကလည်း ယွမ်ငွေတန်ဖိုး မြင့်တက်ရတဲ့အကြောင်း တစ်ခုဖြစ်ပါတယ်။

ဒေါ်လာ/ယွမ် ဖလှယ်နှုန်းက စက်တင်ဘာ ၁၀ ရက်မှာ အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၃၇၇၂ ယွမ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မှာ သုည ဒသမ ၀၆ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၇၃၂ ယွမ်နှုန်းဖြစ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အပြည်ပြည်ဆိုင်ရာဈေးကွက်မှာ ဒေါ်လာတန်ဖိုးမြင့်တက်နေချိန်လည်းဖြစ်၊ အိန္ဒိယဘဏ်တွေနဲ့ သွင်းကုန်လုပ်ငန်းရှင်တွေက ဒေါ်လာပိုမိုဝယ်ယူလာတဲ့အတွက် စက်တင်ဘာ ၁၁ ရက်နေ့က ရူပီးတန်ဖိုးက ဒုတိယနေ့ အဖြစ်ဆက်လက်ကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၅၄ ယွမ် နှုန်းဖြစ်ခဲ့ကာ တစ်ဒေါ်လာကို သုည ဒသမ ၁၁ ရူပီး နှုန်းဖြင့် ရူပီးတန်ဖိုး ကျဆင်းပါတယ်။

မတည်ငွေရင်းတွေစီးထွက်မှုကြောင့်လည်း ရူပီးငွေကြေးအပေါ် ယုံကြည်မှုကို ကျဆင်းစေခဲ့ပါတယ်။

**ဂျပန်ယန်း**

လာမယ့် ရက်သတ္တပတ်မှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတိုးမြှင့်တော့မယ့်ကိစ္စကို ကုန်သည်တွေခေါင်းခဲနေကြတယ်လို့ လေ့လာဆန်း စစ်သူတွေကပြောပေမယ့် အာရှငွေကြေးတွေအပေါ် ယုံကြည်မှုမြင့်တက် နေတဲ့အတွက် စက်တင်ဘာ ၁၁ ရက်နေ့က အာရှငွေကြေးတွေနဲ့အတူ ယန်းငွေတန်ဖိုးလည်း မြင့်တက်ခဲ့ပါတယ်။

စက်တင်ဘာ ၁၀ ရက်နေ့ ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ အမေရိကန် တစ်ဒေါ်လာကို ၁၂၀ ဒသမ ၅၆ ယန်းနဲ့ တိုကျိုမှာ ၁၂၀ ဒသမ ၈၇ ယန်းနှုန်းထိရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၂၀ ဒသမ ၆၆ ယန်းနှုန်းထိ ရှိခဲ့ပါတယ်။ ယူရိုနဲ့ ဖလှယ်ရာမှာ စက်တင်ဘာ ၁၀ ရက်နေ့ ကနယူးယောက်မှာ တစ်ယူရိုကို ၁၃၆ ဒသမ ၀၂ ယန်းနဲ့ တိုကျိုမှာ ၁၃၅ ဒသမ ၂၆ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁၃၆ ဒသမ ၁၂ ယန်းနှုန်း ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

စတော့အိပ်ချိန်းတွေက ရရှိတဲ့ ကိန်းဂဏန်းတွေအရ အပြောင်းအလဲတွေ ဖြစ်ပေါ်လာတာကို တွေ့ရတဲ့အတွက် စက်တင်ဘာ ၁၁ ရက်နေ့က အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ငွေကြေးတို့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

ငွေကြေးဖလှယ်နှုန်းက စက်တင်ဘာ ၁၀ ရက်ကတစ်ဒေါ်လာကို ၄ ဒသမ ၃၃၄၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၁၅ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၉၁၀ နှုန်းဖြင့် ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

စက်တင်ဘာ ၁၁ ရက်နေ့က ဒေသတွင်း ငွေကြေးများနည်းတူ တောင်ကိုရီးယား ဝမ်ငွေကြေးနဲ့ အမေရိကန်ဒေါ်လာရဲ့ ဖလှယ်နှုန်းကလည်း တန်ဖိုးမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ဗဟိုဘဏ် အတိုးနှုန်းကို ပုံမှန်အတိုင်းထိန်းထားဖို့ ကိုရီးယားဗဟိုဘဏ်က ဆုံးဖြတ်ပြီးတဲ့နောက်ပိုင်း ဈေးကွက်တုံ့ပြန်မှုက တည်ငြိမ်သွားခဲ့ပါတယ်။ စက်တင်ဘာ ၁၁ ရက်နေ့မှာ ဝမ်ငွေကြေးတန်ဖိုးက သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၈၄ ဒသမ ၅ ယွမ်နှုန်း ရှိခဲ့ပါတယ်။ ရက်သတ္တပတ်အခြေခံနဲ့တွက်ရင် သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းစတော့အိပ်ချိန်းရဲ့ အညွှန်းကိန်းက စက်တင်ဘာ ၁၀ ရက်နေ့မှာ သုည ဒသမ ၀၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ထိုင်းဘတ်ငွေတန်ဖိုး ရက်သတ္တပတ်အလိုက် ခြုံကြည့်မယ်ဆိုရင် သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် တစ်နေ့ချင်းနှိုင်းယှဉ်ကြည့်မယ်ဆိုရင် စက်တင်ဘာ ၁၁ ရက်နေ့မှာ ယခင်နေ့ကထက် သုည ဒသမ ၁၆ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၃၆ ဒသမ ၀၇ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## စီးပွားရေးလှုံ့ဆော်တွန်းအားပေးမှုအဖြစ် အင်ဒိုနီးရှား နိုင်ငံက စည်းမျဉ်းဥပဒေများကို လျှော့ချပေးမည်

နိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာရေးနဲ့ ၁၇ နှစ်အတွင်း အနိမ့်ဆုံးအဖြစ်ကျဆင်းခဲ့တဲ့ ငွေကြေးတန်ဖိုးကို မြှင့်တင်ပေးနိုင်ဖို့အတွက် အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုက စည်းမျဉ်းစည်းကမ်းလျှော့ချရေး အစီအစဉ်အမြောက်အမြားကို စက်တင်ဘာ ၉ ရက်နေ့က ကြေညာခဲ့ပါတယ်။

ယခုကြေညာခဲ့တဲ့ အစီအစဉ်များက အင်ဒိုနီးရှားနိုင်ငံစီးပွားရေးအတွက် တိုးတက်မှုများကို ဆောင်ကြဉ်းပေးသွားမှာဖြစ်ကြောင်း ဝီဒိုဒိုက ဩဂုတ် ၉ ရက်နေ့မှာ သူရဲ့တွစ်တာလူမှုကွန်ရက်မှတစ်ဆင့် ပြောပါတယ်။

အာရှငွေကြေးအကျပ်အတည်းဖြစ်ပွားခဲ့တဲ့ ၁၉၉၈ ခုနှစ်နောက်ပိုင်း ရူပြားငွေကြေးတန်ဖိုး အနိမ့်ဆုံးကိုကျရောက်ခဲ့ရပြီးနောက်ပိုင်း ယခုနှစ်မတ်လမှာ ဝီဒိုဒိုကပထမဆုံးမူဝါဒအစီအစဉ်တစ်ခုကို ချမှတ်ပေးခဲ့ပြီး ဒီအစီအစဉ်မှာ သွင်းကုန်ခွန်များအပေါ် တန်ပြန်စုပုံခွန်ယာယီသတ်မှတ်ခြင်းနဲ့ နိုင်ငံအများအပြားအတွက် ဗီဇာကင်းလွတ်ခွင့်စတဲ့အချက်တွေ ပါဝင်ပါတယ်။

အရှေ့တောင်အာရှမှာ ဒေသရဲ့စီးပွားရေးအကြီးမားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့စီးပွားရေး နှေးကွေးကျဆင်းခြင်းနဲ့ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ့် အလားအလာကြောင့် ဒေါ်လာတန်ဖိုးမြင့်တက်ပြီး အာရှဈေးကွက်များရှိငွေကြေး တန်ဖိုးများအပေါ် အကျိုးသက်ရောက်မှုများရှိခြင်းစသည့် အချက်များကြောင့် အင်ဒိုနီးရှားနိုင်ငံသုံးငွေကြေး ရူပြားတန်ဖိုးကတရိပ်ရိပ်ကျဆင်းခဲ့ပါတယ်။

ယခုချမှတ်ထားတဲ့ မူဝါဒအစီအစဉ်ထဲမှာ နိုင်ငံအတွင်းမတည်ရင်းနှီးငွေ တွေဝင်ရောက်လာအောင်တိုက်ရိုက်သာမက သွယ်ဝိုက်ပြီးတော့ပါ ဆွဲဆောင်ပေးမယ့်အစီအမံတွေပါဝင်ကြောင်း စီးပွားရေးပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး ဒါမင်နာဆုရှင်က ပြောပါတယ်။

## အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မှုကိစ္စကို ရွှေ့ဆိုင်းဖွယ်ရှိ

စတော့ဈေးကွက်များ မတည်ငြိမ်မှုနဲ့ တရုတ်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးမှုတွေက အမေရိကန်ဗဟိုဘဏ်ကို အခက်အခဲတွေ့စေခဲ့ကြောင်း ဖော်ကျွန်းဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

အမေရိကန်ဗဟိုဘဏ်က စက်တင်ဘာလမှာ ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးဖို့ စောစောပိုင်းကရည်မှန်းထားပေမယ့် အရာရှိတွေက မူလရည်မှန်းချက်ကို ရွှေ့ဆိုင်းပေးမယ့်လက္ခဏာကို တွေ့မြင်နေရပါတယ်။ ယခုစက်တင်ဘာလအတွင်းမှာ အတိုးနှုန်းတွေတိုးမြှင့်ပေးမယ့်ကိစ္စကို ဗဟိုဘဏ်ရှိ အရာရှိများအချင်းချင်း သဘောထားညီညွတ်မှုမရှိသေးကြောင်း ဝေါစထရိဂျာနယ်ရဲ့သတင်းမှာ ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ရဲ့ နောက်တစ်ကြိမ် အစည်းအဝေးက စက်တင်ဘာ ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ ကျင်းပဖို့ရှိပါတယ်။

အလုပ်သမားဈေးကွက် တိုးတက်ကောင်းမွန်နေပြီဖြစ်တဲ့အတွက် တချို့ဗဟိုဘဏ်အရာရှိတွေက အတိုးနှုန်းတွေကို မြှင့်တင်ပေးလိုတဲ့ဆန္ဒရှိနေပါတယ်။ အတိုးနှုန်းတွေကို သုည ရာခိုင်နှုန်းဝန်းကျင်မှာ ကာလရှည်ကြာစွာထားမယ်ဆိုရင် ငွေကြေးပူပေါင်းဖြစ်လာမှာကို အရာရှိတွေက စိုးရိမ်နေကြပါတယ်။ ဒါပေမယ့် ငွေကြေးဖောင်းပွမှုနှုန်းက ဆက်လက်ကျဆင်းနေပြီး ဒေါ်လာတန်ဖိုးမြင့်တက်နေတဲ့အတွက် တချို့အရာရှိတွေက အတိုးနှုန်းကို မြှင့်တင်မပေးသေးဘဲထားဖို့ဆန္ဒရှိနေပါတယ်။ အတိုးနှုန်းကို မြှင့်တင်ပေးမယ်ဆိုရင် ဒေါ်လာတန်ဖိုးကိုအများကြီးမြင့်တက်စေမှာဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ ပို့ကုန်နဲ့ စီးပွားရေးကို ထိခိုက်မှာကိုစိုးရိမ်မှုတွေရှိနေပါတယ်။

# အဖေ့လို အဓိပ္ပာယ်ရှိတဲ့ တက်တူးတွေ ခန္ဓာကိုယ်အနှံ့မှာ ထိုးချင်တယ်လို့ ပြောလိုက်တဲ့ ဘရွတ်ကလင်း



ကမ္ဘာကျော် ဘောလုံးသမားတစ်ဦးဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းရဲ့သားကြီး ဩရသဖြစ်တဲ့ ဘရွတ်ကလင်းဘက်ခမ်းက သူ့အဖေဒေးဗစ်ဘက်ခမ်လိုမျိုး အဓိပ္ပာယ်ရှိတဲ့တက်တူးတွေ ခန္ဓာကိုယ်အနှံ့မှာ ထိုးချင်တယ်လို့ ဖွင့်ဟပြောကြားခဲ့ပါတယ်။

အသက်၁၆နှစ်အရွယ်သာရှိသေးတဲ့ ဘရွတ်ကလင်းဟာ မော်ဒယ်လောကကို စတင်ဝင်ရောက်နေပြီး မဂ္ဂဇင်းမျက်နှာဖုံးထက်မှာ ဝင်ရောက်နေရာယူနေပြီ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း သူဟာ မဂ္ဂဇင်းတွေမှာ မော်ဒယ်တစ်ဦးအနေနဲ့ မျက်နှာဖုံးရှင်အဖြစ် ပါဝင်သရုပ်ဆောင်နေရပေမယ့်လည်း ဘောလုံးကစားတာကို ပိုပြီးနှစ်သက်တယ်လို့လည်း သူ့ရဲ့ပထမဆုံး မျက်နှာဖုံးရှင်နဲ့ အင်တာဗျူးဆိုတဲ့ ကဏ္ဍမှာ ပြောကြားခဲ့ပါတယ်။

ခုတစ်ခါမှာတော့ သူဟာ အမေရိကန်ရဲ့အဆိုတော်မင်းသမီးချော ဆယ်လီနာဂိုမက်ဇ်နဲ့ နယူးယောက်ဖက်ရှင် ရက်သတ္တပတ်ကဏ္ဍမှာ တွဲဖက်သရုပ်ဆောင်ခဲ့တာကို တွေ့ရပါတယ်။အဲဒီဖက်ရှင် ရက်သတ္တပတ်မှာ ဘရွတ်ကလင်းက သူ တက်တူးထိုးတဲ့အခါမှာ သူ့အဖေလိုမျိုး အဓိပ္ပာယ်ရှိတဲ့ တက်တူးတွေ ထိုးမယ်လို့ မီဒီယာတွေကို ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒေးဗစ်ဘက်ခမ်းဟာ သူ့ရဲ့ ခန္ဓာကိုယ်အနှံ့မှာ တက်တူးတွေ ထိုးထားပြီး အဲဒီ တက်တူးတိုင်းဟာ အဓိပ္ပာယ် အပြည့်အဝရှိတဲ့ တက်တူး တွေဖြစ်တယ်လို့ သားဖြစ်သူက ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဘက်ခမ်းထိုးခဲ့တဲ့ တက်တူးတွေမှာ သားသုံးယောက်နဲ့ သမီးဖြစ်သူရဲ့နာမည်တွေအပြင် သူ့ရဲ့ချစ်ဇနီးရဲ့ နာမည်ကိုလည်း အမှတ်တရအနေနဲ့ သူ့ရဲ့ခန္ဓာကိုယ်မှာ တက်တူးနဲ့ မှတ်တမ်းတင်ထားခဲ့ပါတယ်။

ဒါ့အပြင် သူဟာ I am My Beloved ဆိုတဲ့စကားကိုလည်း ဟီဘရူးဘာသာစကားနဲ့ သူ့ရဲ့ခန္ဓာကိုယ်မှာ တက်တူးနဲ့ ပုံဖော်ထားသလို သမ္မာကျမ်းစာထဲက ထုတ်နုတ်ထားတဲ့စာသားတွေကိုလည်း သူ့ရဲ့ခန္ဓာကိုယ်မှာ တက်တူးနဲ့ မှတ်တမ်းတင်ထားပါသေးတယ်။

ဒေးဗစ်ဘက်ခမ်းရဲ့ ခန္ဓာကိုယ်မှာ တက်တူးပေါင်း ၃၂ ခုအထိရှိပြီး အဲဒီတက်တူးပုံရိပ်တိုင်းဟာ အဓိပ္ပာယ်ပြည့်ဝနေတဲ့တက်တူးပုံများဖြစ်တယ်လို့ ဆိုပါတယ်။

## လိင်တူလက်ထပ်တာကို ဆန့်ကျင်တဲ့ အရေးအသားကို ရေးသားခဲ့တဲ့အတွက် ပြန်လည်တောင်းပန်ခဲ့ရတဲ့ စီဝမ်



စူပါဂျူနီယာ အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ စီဝမ်ဟာ သူ့ရဲ့တွစ်တာလူမှုကွန်ရက်ပေါ်မှာလိင်တူလက်ထပ်တာကို ဆန့်ကျင်တဲ့စာသားတွေကို ရေးသားခဲ့တဲ့အတွက် လိင်တူချစ်သူတွေကို တောင်းပန်ပါကြောင်း ပြောကြားခဲ့ပါတယ်။

စီဝမ်ကလည်း သူရေးသားခဲ့တဲ့ တွစ်တာပေါ်က စာသားတွေဟာ သူ့ရဲ့ကိုယ်ပိုင်စကားလုံးတွေမဟုတ်ဘဲ တွစ်တာပေါ်က သူ့ရဲ့မိတ်ဆွေဖြစ်တဲ့ ဂျွန်ပီပါရဲ့စကားလုံးတွေသာဖြစ်ပါကြောင်း၊ အဲဒီစကားတွေကို သူက ပြန်လည်ကူးယူပြီး ဖော်ပြခဲ့တာဖြစ်ပါကြောင်း ရှင်းလင်းဖော်ပြခဲ့ပါတယ်။

စီဝမ်ဟာ လိင်တူချစ်သူတွေကို ဆန့်ကျင်တဲ့အရေးအသားတွေကြောင့် ကိုရီးယားနိုင်ငံက လိင်တူချစ်သူတွေအားလုံးရဲ့ အပြင်းအထန် ဝေဖန်မှုနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ကိုရီးယားနိုင်ငံတစ်ဝန်းမှာရှိတဲ့ လိင်တူချစ်သူတွေကို ပြန်လည်တောင်းပန်စကားဆိုခဲ့ရတာဖြစ်ပါတယ်။

စီဝမ်က သူ့အနေနဲ့ လိင်တူချစ်သူတွေကို စော်ကားလိုတဲ့စိတ်မရှိဘဲ သာမန် သမားရိုးကျလက်ထပ်ချင်းသာလျှင် ကောင်းမွန်မှန်ကန်တဲ့စနစ်ဖြစ်တယ်လို့ စီဝမ်က ထပ်မံရှင်းလင်းပြောကြားခဲ့ပါတယ်။

“ကျွန်တော့်ရဲ့ တွစ်တာပေါ်က အရေးအသားတွေဟာတစ်စုံတစ်ယောက်ကို ထိခိုက်သွားမယ်ဆိုရင် ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ရေးသားထားတဲ့ စာသားလည်း မဟုတ်ပါဘူး။ ကျွန်တော် ကော်ပီကူးပြီး ရေးတင်လိုက်တဲ့စာသားဟာ အနာဂတ်အတွက် ဖြစ်လာနိုင်တဲ့အကြောင်းအရာတွေကို မှန်းဆပြီး ရေးသင့်တယ်ထင်လို့ ခုလိုမျိုးကော်ပီကူးပြီး ထပ်ဆင့်ဝေမျှလိုက်တာပါ။ အဲဒီအတွက် ထိခိုက်ရသူ အားလုံးကို ကျွန်တော်တောင်းပန်ပါတယ်”လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။



## Miss Universe Organisation ကို ရာနှုန်းပြည့်ပိုင်ဆိုင်ခွင့်ရရှိသွားတဲ့ ဒေါ်နယ်လ်ထရမ့်ပ်

အမေရိကန်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်တဲ့ ဒေါ်နယ်လ်ထရမ့်ပါဟာ မယ်စကြာဝဠာပြိုင်ပွဲကို ဦးစီးကျင်းပတဲ့ Miss Universe Organisation အဖွဲ့ကို ရာနှုန်းပြည့် ပိုင်ဆိုင်ခွင့်ရရှိသွားပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက Miss Universe Organisation ရဲ့ပိုင်ဆိုင်မှုရှယ်ယာအားလုံးကိုဝယ်ယူဖို့ ညှိနှိုင်းနေပေမယ့် အောင်မြင်မှုမရရှိသေးတာကြောင့်ထုတ်ဖော်ကြေညာခြင်းမပြုခဲ့ပါဘူး။

ဒေါ်နယ်လ်ထရမ့်ပါဟာ Miss Universe Organisation ရဲ့ ရှယ်ယာတစ်ဝက်ကို ပိုင်ဆိုင်ထားတဲ့ NBC ထံကနေ ပြန်လည်ဝယ်ယူခဲ့တာဖြစ်ပါတယ်။

NBC ရုပ်သံလွှင့်ဌာနကပိုင်ဆိုင်တဲ့ ရှယ်ယာတွေကို ဝယ်ယူဖို့အတွက် ပြီးခဲ့တဲ့ဇွန်လ ၁၅ ရက်နေ့က NBC ရုပ်သံလွှင့်ဌာနရဲ့အမှုဆောင်အရာရှိချုပ်နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံခဲ့ရာမှာ သဘောတူညီချက်တစ်စုံတစ်ရာမရ ရှိခဲ့ပေမယ့် စက်တင်ဘာ ၁၅ ရက်နေ့မှာ သတင်းအတိအကျကို ထုတ်ပြန်ပေးမယ်လို့ ဒေါ်နယ်လ်ထရမ့်ပါက ပြောကြားခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဒေါ်နယ်လ်ထရမ့်ပ်ဟာ သူ့ရဲ့တွစ်တာလူမှုကွန်ရက်ကနေတစ်ဆင့် NBC ရဲ့ရှယ်ယာတွေအားလုံးကိုဝယ်ယူခဲ့ပြီး Miss Universe Organisation ရဲ့ရှယ်ယာအားလုံးကို ပိုင်ဆိုင်သူတစ်ဦးဖြစ်လာပြီလို့ ထုတ်ဖော်ကြေညာခဲ့တာဖြစ်ပါတယ်။

ဒေါ်နယ်လ်ထရမ့်ပ်ဟာ ယခင်က Miss Universe Organisation ရဲ့ ရှယ်ယာတွေကိုပိုင်ဆိုင်ထားခဲ့ပေမယ့် အဲဒီအချိန်က ထရမ့်ပ်ဟာ မက္ကဆီကို နိုင်ငံသားတွေ အမေရိကန်နိုင်ငံကို ဝင်ရောက်လာမှုနဲ့ပတ်သက်ပြီး NBCရုပ်သံကနေ ဝေဖန်ပြောကြားခဲ့တာကြောင့် အမေရိကန်အစိုးရက အမေရိကန်ဒေါ်လာသန်းပေါင်း ၅၀၀ ဒဏ်တပ်ရိုက်ခဲ့ပါတယ်။ အဲဒီကိစ္စကြောင့် ထရမ့်ပ်ဟာ သူပိုင်ဆိုင်တဲ့ရှယ်ယာတစ်ဝက်ကို ရောင်းချခဲ့ရတာဖြစ်ပါတယ်။

## သမီးဖြစ်သူကို ပူးတွဲထိန်းသိမ်းစောင့်ရှောက်ခွင့်ရသွားတဲ့ ခရစ္စဘရောင်း



အမေရိကန်နိုင်ငံရဲ့ R&B အဆိုတော် ခရစ္စဘရောင်းက သမီးလေး ရွိုင်ရယ်လတီကို ပူးတွဲထိန်းသိမ်းစောင့်ရှောက်ခွင့်ရဖို့ ဟူစတန်တရားရုံးတော်မှာ လျှောက်ထားခဲ့ပါတယ်။

အဲဒီလျှောက်ထားချက်ကို မတ်လကတည်းကပြုလုပ်ခဲ့ပေမယ့် တရားရုံးက စက်တင်ဘာ ၁၁ ရက်ကမှ အမိန့်ချမှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီထိန်းသိမ်းစောင့်ရှောက်ခွင့်အတွက် ခရစ္စဘရောင်းက တရားရုံးတော်မှာ အာမခံနဲ့လျှောက်လဲခဲ့တဲ့အတွက် ရုံးတော်က ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။

အသက် တစ်နှစ်ခွဲသာရှိသေးတဲ့ သမီးကလေး ရွိုင်ရယ်လတီဟာ မိခင်ဖြစ်သူ နီယာဂူဇ်မန်နဲ့ နေထိုင်နေတာဖြစ်ပါတယ်။ ခရစ္စဘရောင်းဟာ ရီဟားနားနဲ့ ချစ်ကြိုက်နေစဉ်မှာပဲ နီယာဂူဇ်မန်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြပြီး သမီးလေး ရွိုင်ရယ်လတီကို မွေးဖွားခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီကိစ္စကြောင့် သူနဲ့ ရီဟားနားတို့ လမ်းခွဲခဲ့ကြသလို ရီဟားနားနဲ့တွေ့တိုင်း ပေါက်ကွဲတတ်တဲ့ သူ့ရဲ့စိတ်ကိုလည်း နားမလည်နိုင်အောင်ဖြစ်ရတယ်လို့ ခရစ္စဘရောင်းက ပြောကြားခဲ့ပါတယ်။

နောက်ပိုင်းမှာ ခရစ္စဘရောင်းက ရီဟားနားကို ပြန်လည်ချဉ်းကပ်ဖို့ ကြိုးစားခဲ့ပေမယ့် ရီဟားနားကလက်မခံဘဲနေခဲ့ပါတယ်။

ခရစ္စဘရောင်းဟာ ရွိုင်ရယ်လတီကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရဖို့ ကြိုးစားခဲ့ပေမယ့်လည်း မကြာခဏဆိုသလို ပြုပြင် ထိန်းသိမ်းရေးစခန်းတွေကိုရောက်နေရတဲ့အတွက် သမီးဖြစ်သူကို ထိန်းသိမ်းစောင့်ရှောက်ခွင့်မရခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါပေမယ့်လည်း ဝန်ခံကတိ အကြိမ်ကြိမ် ပေးခဲ့တာကြောင့် ရွိုင်ရယ်လတီလေးကို ပူးတွဲ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိခဲ့ပါတယ်။ အဲဒီလိုစောင့်ရှောက်ခွင့်ရရှိခဲ့တဲ့အတွက်ရီဟားနားကလည်း ခရစ္စဘရောင်းရဲ့ တွစ်တာပေါ်မှာ #Congratulations Daddy လို့ ရေးသားဖော်ပြခဲ့ပါတယ်။

မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

BGK 6012421

# မော်တော်ယာဉ်တင်သွင်းသူတို့အတွက် သတင်းကောင်း

မြန်မာကုန်ပစ္စည်း စစ်ဆေးရေး နှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (**MITS**) သည် မြန်မာနိုင်ငံသို့ တင်သွင်းလာသည့်မည်သည့် မော်တော်ယာဉ်အမျိုးအစားကိုမဆို စနစ်တကျ စစ်ဆေးပေးလျက်ရှိပါကြောင်း သတင်းကောင်းပေးလိုက်ပါတယ်။

ပြည်ပနိုင်ငံများမှတင်ပို့သော မော်တော်ယာဉ်များကိုသင်္ဘောမတင်မီ စစ်ဆေးခြင်း (Pre shipment Inspection - PSI) နှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ဆိုက်ရောက်ချိန်တွင်ဆိပ်ကမ်းရောက်စစ်ဆေးခြင်း(DestinationSurvey) လုပ်ငန်းများကိုMITSစစ်ဆေးရေးမှူးများမှ တိကျစွာ စစ်ဆေးပေးလျက်ရှိပါတယ်။

**MITS** ရုံးခွဲများကို စိတ်ချယုံကြည်ရသည့် စစ်ဆေးရေးအဖွဲ့များဖြင့် ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတွင် တည်ထောင်ဖွင့်လှစ်ထားပြီး သင်္ဘောမတင်မီစစ်ဆေးခြင်း (**PSI**) လုပ်ငန်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် Pre shipment Inspection – PSI နှင့် Destination Survey များကိုစနစ်တကျ စစ်ဆေးခြင်းဖြင့် -





- နိုင်ငံတော်မှ သတ်မှတ်ထားသည့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒနှင့် ကိုက်ညီသည့် မော်တော်ယာဉ်များကို တင်သွင်းနိုင်ခြင်း။
- တိုက်ကြေကားများ၊ တင်ပို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဒဏ်ခံထားရသော ကားများ၊ ရေ (ပင်လယ်ရေ)နစ်မြုပ်ထားသောကားများ၊ ခိုးရာပါကားများ တင်သွင်းလာခြင်းများ တွေ့ရှိပါက တင်ပို့သူအား အသိပေးခြင်းဖြင့် ကြိုတင်ဖြေရှင်းနိုင်ခြင်း။
- မှန်ကန်သော စာရွက်စာတမ်း စစ်ဆေးချက်များဖြင့် ဆိပ်ကမ်းရှင်းလင်းရေး (Custom Clearance) လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း။
- စစ်ဆေးရရှိထားတဲ့ မော်တော်ယာဉ်ဆိုင်ရာအချက်အလက်အပြည့်အစုံကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ **Data Processing** အမှားအယွင်းမရှိ ထည့်သွင်းနိုင်ခြင်း။
- မိမိပေးချေရတဲ့ တန်ဖိုးငွေကြေးနဲ့ ထိုက်တန်သည့် အရည်အသွေးမှန်ကန်သော၊ လုံခြုံစိတ်ချရသော၊ ပတ်ဝန်းကျင်ထိခိုက်မှုကင်းရှင်းသော ကိုက်ညီမှန်ကန်ခြင်းများအား သင်္ဘောမတင်မီ စစ်ဆေးသိရှိနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံမှ မော်တော်ယာဉ်တင်သွင်းလိုတဲ့လူကြီး မင်းများအားလုံး **MITS** မှာ လုပ်ငန်း အပ်နှံပါက သင့်တင့်မျှတတဲ့ ဝန်ဆောင်ခနှုန်းထားဖြင့် လူကြီးမင်းတို့ စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမှာဖြစ်ကြောင်း သတင်းပေးအပ်ပါတယ်။

မော်တော်ကားအရောင်းပြခန်းများ၊ မော်တော်ယာဉ်တင်သွင်းသူများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများအား လေးစားစွာကြိုဆိုလျက်

**MYANMAR INSPECTION & TESTING SERVICES LTD. (MITS)**
No. 124/128 Bo Aung Kyaw Street,Bohtataung Township, Yangon, Union of Myanmar
**Tel** - 95 1 380201, 95 1 380202, 95 1 380203, **Fax** - 95 1 380206



- ရောင်းမှား/ဝယ်မှားဖြစ်လို့ ဈေးနှုန်းတန်ဖိုးနှင့် ထိုက်တန်တဲ့ မော်တော်ယာဉ်ကိုမရရှိခြင်း။
- စာရွက်စာတမ်းများ အလွဲအမှားကြောင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများ ကြန့်ကြာခြင်း။
- Mileage မှန်ကန်မှုမရှိသည့် မော်တော်ကားများကို တင်သွင်းမိ၍ ကား Accident ဖြစ်ခြင်း။
- မလိုအပ်ပဲကုန်ကျစရိတ်ပိုမိုကုန် ကျခြင်း။
- ဒဏ်တပ်ခံရခြင်း၊ အသိမ်းခံရခြင်း။

စသည့်ဆိုးကျိုးများ ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချမှုရရှိစေဖို့ **MITS** မှာ လုပ်ငန်းအပ်နှံကြပါစို့။

# COMMERCE INTERNATIONAL

## အေအိုင်အိုင်ဘီ အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၇၀ အထိရှိလာမည်ဟုခန့်မှန်း




အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) ရဲ့ အဖွဲ့ဝင်နိုင်ငံအရေအတွက်က မကြာမီကာလအတွင်း ငါးပုံတစ်ပုံပိုမိုတိုးတက်ကာ နိုင်ငံပေါင်း ၇၀ အထိ တိုးတက်လာနိုင်ကြောင်း ဘဏ်ရဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံထားရသူ ဂျင်လီကွမ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီးဘိဇနက်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

"အဖွဲ့ဝင်အဖြစ်ပါဝင်ဖို့ မျှော်လင့်နေတဲ့ နိုင်ငံတွေ အများအပြားရှိနေပါတယ်။ မကြာမီကာလအတွင်း နိုင်ငံပေါင်း ၇၀ အထိ ရောက်ရှိလာပါလိမ့်မယ်"လို့ ဘဏ်ရဲ့ဥက္ကဋ္ဌအဖြစ် လျာထားခံရပြီးနောက်ပိုင်း ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ဆိုးလ်မြို့သို့ရောက်ရှိစဉ် ဂျင်က ပြောပါတယ်။

ဒါပေမယ့် စတင်တည်ထောင်ခဲ့တဲ့အချိန်ကတည်းက ပါဝင်ခဲ့တဲ့ နိုင်ငံ ၅၇ နိုင်ငံအပြင် နောက်ထပ်ဝင်ရောက်လာမယ့်နိုင်ငံတွေနဲ့ ပတ်သက်ပြီး အသေးစိတ် ထုတ်ဖော်ပြောကြားခြင်း မရှိပါဘူး။

အခြေခံအဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများမှာ ငွေကြေးထောက်ပံ့ဖို့အတွက် ပထမဆုံးသော နိုင်ငံစုံ ရင်းနှီးမြှုပ်နှံမှုဘဏ်ကို တရုတ်နိုင်ငံက တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ဘဏ်လုပ်ငန်း လည်ပတ်ရာမှာ ပွင့်လင်းမြင်သာမှု၊ စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး စိုးရိမ်မှုရှိတဲ့အတွက် အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့က အေအိုင်အိုင်ဘီဖွဲ့စည်းရေးမှာပါဝင်ခြင်းမရှိပေမယ့် ယူကေ၊ ဂျာမနီနဲ့ ဩစတြေးလျနိုင်ငံတို့ကတော့ ပါဝင်ခဲ့ကြပါတယ်။

"အေအိုင်အိုင်ဘီရဲ့ အဖွဲ့ဝင်နိုင်ငံများအဖြစ် အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့ပါဝင်လာရေးအတွက် တံခါးဖွင့်ထားဆဲ ဖြစ်ပါတယ်"လို့ သူက ပြောပါတယ်။ အေအိုင်အိုင်ဘီမှာ တရုတ်နိုင်ငံရဲ့ ကနဦး ထည့်ဝင်ငွေက အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၈ ဘီလီယံရှိတဲ့အတွက် မဲပေးပိုင်ခွင့် ၂၆ ဒသမ ၀၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါတယ်။ အိန္ဒိယ၊ ရုရှား၊ ဂျာမနီနဲ့ တောင်ကိုရီးယားတို့က မဲပေးပိုင်ခွင့်များတဲ့ ထိပ်ဆုံးငါးနိုင်ငံထဲမှာ ပါဝင်နေပါတယ်။ **UNT**


စိုက်ပျိုးရေးသမားများအားထားရာ ..........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၁၂၊ ၀၉-၇၃၀၇၃၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၆၈၃၂၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE: 14th September 2015

<< August And September Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | | | S/O CUT | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 18.8.2015 | 22.8.2015 | 30.8.2015 |
| | | | S/O CUT | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | | | S/O CUT | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | | | S/O CUT | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | | | S/O CUT | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | | | S/O CUT | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : glelt d.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။